
www.burmeseclassic.com

# လရောင်ကျေးရှင်

## ဤကဲ့သို့ ဤကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် ကိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

# ညိုကဲ့သို့ ညိုကဲ့သို့

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၁၄၁၀၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၃၄၁၀၄၁၁ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဧမေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ညိုကဲ့သို့ ညိုကဲ့သို့ / လရောင်ကျူးရင့်၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၃၁၀– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

( ၁ ) ညိုကဲ့သို့ ညိုကဲ့သို့




## အခန်း [ ၁ ]

"ခြေထောက်တွေကိုတော့ ခြေသည်းတွေ ဒီလောက်ရှည်အောင် ထားပါနဲ့ ကောင်း ရယ်..၊ ရှည်လွန်းတော့လဲ မလှပါဘူး၊ သွားလာတဲ့ အခါလဲ အန္တရာယ်ရှိကယ်"

ပုံကျအောင် သေချာချွန်ထားသည့် ခြေသည်းရှည်တွေက ဖြူဝင်းနီမြန်းနေသည့် ခြေချောင်းလေးတွေမှာ လှတော့လှပါသည်။ ခြေသည်းနီ ဆိုးပေးစမ်းပါဆိုပြီး လက်သည်းနီဘူးတွေနှင့် ရောက်လာတိုင်းလည်း သူ့ခြေထောက်တွေရှေ့မှာ ကျကျနနထိုင်ပြီး ခုလိုပဲ စိတ်ရှည်လက်ရှည် ဆိုးပေးနေကျ..။

ဒါပေမယ့် ညွန်း က ဆေးကျောင်းသူပီပီ ခြေသည်းလက်သည်း ရှည်တွေကိုမြင်တိုင်း လှတာကိုဖယ်၍ ဒီလိုပဲ ညည်းညူသလိုလို နားချသလိုလို ပြောမိတတ်မြဲ..။

ကောင်း ကလည်း ညွန်း ကို တစ်ခါတစ်ခါ စိတ်မရှည်တာ ဒါတွေပဲ ဖြစ်သည်။

"လုပ်မှာသာ လုပ်စမ်းပါ ညွန်း ရာ၊ ပြီးရင် ဒီမှာ ငါ ဒီဗိုင်းမှာ အရောင်ထည့်ထားတာကို ကြည့်ပေးဦး၊ မြန်မြန်လုပ်..၊ ဒယ်ဒီတို့ ထွက်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ညွှန့် က ပခုံးလောက်ပဲရှိသည့် တဖျောဖျော ဝဲကျလာတတ်သော ဆံပင်တွေကိုကျလာတိုင်း နားနောက်မှာ ညှပ်၊ မျက်မှန်ကို ပြန်ပင့်ကြည့်...

ထိုပြင် သုံးမျိုး၊ သုံးဘူးကိုင်နေရသော လက်သည်းနီဘူးတွေက် မှားကိုင်မိလို့ ဟိုဘူးပြန်ချ၊ နောက်တစ်ဘူးကိုင်..။

ကိုယ့်ကျောင်းစာနှင့်ကိုယ်တောင် ထမင်းစားချိန်လေး လုစားနေ တာ၊ ကောင်း နှင့်ကျမှပဲ ခြင်ကိုက်နေတာတောင် မကုတ်အားတဲ့ အဖြစ်..။

မင်းသားကတော့ သူများအိမ်ကိုရောက်လာပြီး ဆိုဖာပေါ်မှာ အခန့်သားထိုင်ကာ သူထုတ်လာသည့်ဒီဇိုင်းပုံကို စိတ်ဝင်တစား ရေး လို့..။

"အံမာကွာ..၊ သူများသားသမီး စာကျက်နေတာကို မင်းက နိုင်း စရာလား.."

"ဟာ!..."

ဒယ်ဒီဆိုသည့်ခေါ်သံက မထွက်တော့ဘဲ ကောင်း ခြေထောက် တွေကို ညွှန့် နှင့် ကွယ်ပစ်လိုက်သည်။

ညွှန့် ကလည်း ဖြန်းခနဲ လန့်ဖျပ်ကာ လက်သည်းနီဘူးတွေကို ယောင်ရမ်းကိုင်လိုက်သေးသည်။ ပြီးမှ ဖုံးဖိမလွယ်တော့တာကို သိ လိုက်ပြီး ဒီဘက်လှည့်၍ မျက်မှန်လေး ပင့်ပြုံးကာ...

"ဟို... အရောင်လေးတွေ သိချင်လို့..၊ သမီးက ဆိုးကြည့်နေ တာပါ"

တင်းနေသည့် ဦးအောင်ကောင်း ၏မျက်နှာ သိသာစွာ လျော့ကျ ၏။ ပြောလိုက်တာကို ယုံကြည်သွားလို့ မဟုတ်ပေ။ သူ့သားအတွက် ဒီမိန်းကလေး အမြဲတမ်း ကာကွယ်လာခဲ့တာကို နားလည်လို့သာ..။

"ဟွန်း..၊ မင်း လုပ်ပုံတွေကို ဒယ်ဒီ မကြိုက်ဘူးနော် ကောင်း"

ပြန်မပြောပေမယ့် ကောင်း က အသံမထွက်သည့် 'ကျွတ်'သံကို





သွားကြားထဲမှာပဲ ဖြစ်မြောက်အောင်လုပ်သည်။ ဘေးမှာပါလာသည့် အမြတ်ကောင်း က ဦးအောင်ကောင်း လက်ကို ကိုင်လိုက်ရင်း...

"ဒယ်ဒီကလဲ အိမ်လည်လာတာ ဆူညံဆူညံတွေ မလုပ်ပါနဲ့တော့၊ အန်တီ စိတ်မကောင်းဘဲနေနေဦးမယ်"

ဟု ကပ်ပြောသည်။ ဒီ့စဉ် နောက်ကပါလာသည့် ဒေါ်ရည်သန့် အနားရောက်လာ၏။ သူ့သမီး ကြမ်းပေါ်မှာ ပုံ့ပုံ့လေးထိုင်နေတာကို မြင်လိုက်သည်။

ခုတော့ ကောင်း ရဲ့ဘေးမှာပါ။

ကြည့်လိုက်တော့ ကောင်း ရဲ့ခြေထောက်မှာ ခြေသည်းနီတွေနှင့်..၊ တာလုပ်ထားကြလို့ ဘာဖြစ်နေကြတယ်ဆိုတာကို နားလည်သွားကာ..

"သားက စာကြိုးစားသားပဲ.."

ပထမကြည့်လိုက်မိသည့် ခြေထောက်ကနေ လက်အောက်က စာအုပ်ကိုရည်ရွယ်၍ ပြောသည်။ ဦးအောင်ကောင်း မျက်နှာမဲ့သွား၏။

ဒီသားတစ်ယောက်ကြောင့် ရှက်မိပါသည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိထားလို့ ပြည့်စုံပြီလား ထင်ခဲ့သည်။

သမီးက လက်ထပ်တော့မည်။ သားက ယောကျ်ားလိုလို..၊ မိန်းမ လိုလို..။

"ကဲ... ပြန်မယ်၊ ထ..."

သိသာသိစေ မမြင်စေနှင့် တဲ့..။ ခုလို လူကြီးစုံရာရှေ့မှာ ခြေ သည်းနီ၊ လက်သည်းနီတွေဆိုးဖို့ မိန်းကလေးတစ်ယောက် ပြုစုတာကို အမ်နှံ့သား ခံယူနေတာ ကောင်းသလား..။

ကားထဲ ဝင်ထိုင်လိုက်ကြတဲ့အထိ ဦးအောင်ကောင်း မျက်နှာကြီး ညှို့ကုတ်နေဆဲ..။

"ကိုယ်တို့ ပြန်မယ် သန့်..."

"အန်တီ တာ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သမီးရယ်..၊ အေးပါ..."

ကားထွက်ပြီဆိုမှ နှုတ်ဆက်ဖြစ်သည်။ မှန်ထဲကနေ လှမ်းကြည့်လိုက်တော့ ညွှန့် က လက်သည်းနီဘူးလေးတွေကို ခိုးကြောင်ခိုးဝှက် လှမ်းထောင်ပြလို့..။

ဘာဖြစ်မယ့်လောင်းလျာမှန်း မသိသော သားတော်မောင်က ရှုံ့မဲ့လက်ခါ၏။ အစ်မဖြစ်ရှာသူခမျာ ဖအေမြင်မှာစိုးလို့ မောင်ကို ပခုံးပုတ်တာရော၊ ဆွဲဆိတ်တာရော စုံလို့ပင်..။

ဦးအောင်ကောင်း ကားမောင်းရင်း အံတကြိတ်ကြိတ်..။

ဒီလိုနှင့် မမြင်သလို နေလိုက်ရတာတွေ၊ မသိချင်ယောင်ဆောင်လိုက်ခဲ့တာတွေ ဘယ်နှစ်ခါလဲ..။

ငယ်ငယ်ကတည်းက ကျောင်းအတူတက်ခဲ့ကြပြီး ညွှန့် က ဆေးကျောင်းတက်ခွင့်ရပြီး သူ့ကျမှ စီးပွားစီမံ တဲ့..။

'မင်းက စီးပွား ဘာတွေလုပ်စားမှာလဲ'ဆိုတော့ 'တတ်ထားရင်ပြီးတာပဲ'လို့ မကြားတကြား ပြောသည်။

'မိန်းမယူပြီး ရှာကျွေးဖို့လား'ဆိုတော့ 'မိန်းမယူစရာလား'လို့ ဖြေသည်။ သူများတကာရဲ့သားတွေ ဒီလိုပြောလျှင် အိမ်ထောင်မပြုချင်တာလို့ပဲတွေးပြီး ဖြေနိုင်သေး၏။ ဆိုယ့်သားကျတော့ သူ့မှာ့ မျက်လုံးပြူးခဲ့ရသည်။

မိန်းကလေးအကျီအဝတ်အစား မဝတ်၊ ကန့်ကလျမနေတာ တစ်ခုသာ ကူကယ်ရာရှိပြီး မျက်နှာဖောင်းဒေးရှင်းဆိုတာတွေ၊ လိုရှင်းဆိုတာတွေ..၊ ပြီးတော့ လက်သည်းနီရောင်စုံအမျိုးမျိုး၊ ကောင်း ရဲ့အခန်းထဲမှာ လိမ်းတဲ့..၊ ဆိုးတဲ့ အလှပြင်ပစ္စည်းတွေမှ အပြည့်..။

သူ့ကိုဆူပြီဆို ပြောသေးသည်။

"ကိုရီးယားမင်းသားတွေကျတော့ မိန်းမမျက်နှာလို့ မပြောကြဘူး၊ မိတ်ကပ်တွေ မျက်နှာမှာ ခြစ်ချလို့ရတယ်၊ သား မိတ်ကပ်မလိမ်းဘူး"





တဲ့..။

'ရုပ်ရှင်မင်းသားတွေ မျက်တောင်ကော့ထားသလား'လို့ မေး..၊ 'ကော့စရာရှိမှ ကော့လို့ရတာ၊ သူတို့မှ မျက်တောင်မရှည်ဘဲ'လို့ ကွယ်ရာမှာ သူ့အစ်မကို ပြန်ပြောပြီး ရန်လုပ်သေးသည်။

ယောက်ျားလေးဖြစ်ပြီး မျက်တောင်တွေ တရားလွန် ရှည်ကော့နေတော့ ဒေါသဖြစ်ရခက်..၊ ဆွဲညှပ်ပစ်ရခက်..။

မျက်ခုံးက ထူပေမယ့် တုတ်ခဲခဲကြီးမဟုတ်ဘဲ စိမ်းညို့မှောင်လှဲ့နေသည်။ နှာတံပေါ်တာ၊ နှုတ်ခမ်းပါးတာကစ မိန်းကလေးတစ်ယောက်နှင့် တူပြန်သည်။

ငယ်ငယ်တုန်းက ဒီကောင်က မိန်းမချောချောတာပဲလို့ မိတ်ဆွေတွေကပြောလျှင် ဦးအောင်ကောင်း သဘောကျခဲ့၏။

ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ချောဖို့ လှဖို့ကတော့ လိုသည်ပဲ။ ဒါပေမယ့် ခုကျတော့...

"ကောင်း..."

"ဗျာ..."

တော်သေးသည်။ 'ဗျာ'တစ်လုံးတော့ ချန်ရစ်ရှာလို့..။

"မင်း ကျောင်းပြီးနေပြီ၊ ဘာလုပ်ဖို့ စိတ်ကူးသလဲ၊ ငါ့ကိုပြော..."

ဆူတော့မှာကိုသိလို့ မောင်နှမနှစ်ယောက် အထဲကို ခပ်သုတ်သုတ် လှမ်းဝင်ကာမှ ဦးအောင်ကောင်း ခေါ်လိုက်တော့ နှစ်ယောက်စလုံး တုံ့ခနဲ ဖြစ်၏။

ကောင်း က မျက်နှာခပ်ငုံ့ငုံ့ပေမယ့် ရှုပုတ်ပုတ်၊ မှုန်ကုပ်ကုပ်နှင့် ပြန်လှည့်လာသည်။ ပြီးတော့ ကျွန်းဆက်တီကြီးမှာ မညာမတာ အိခနဲထိုင်၏။

သူများအိမ်မှာသွားပြီး စားကောင်းသောက်ဖွယ်တွေ မျိုချလာတဲ့တာတောင် အဆီမြိန်မြိန် အရသာခံမနေနိုင်..။



www.burmeseclassic.com

www.burmeseclassic.com



အဖေတစ်ယောက်တည်းရှိတော့လို့ ဆက်သေးသည်။ သူများတွေလိုသာ မိဘနှစ်ပါးဆိုလျှင် ကောင်း တို့ နားထဲမှာ မီးလောင်ဖို့ နီးစပ်၏။

"ညွန့် က ဆရာဝန်ဖြစ်တော့မယ်၊ မင်းက မကူညီတဲ့အပြင် အားနေတိုင်း သွားသွားပြီး ဟိုနိုင်း..ဒီနိုင်း..."

"မနိုင်းပါဘူး၊ သူ့ဘာသာ လုပ်တာ.."

"ဟော့!..."

ညွန့် ပြောလိုက်တဲ့စကားကို နှင်းပြောပြီး ကောင်း မျက်နှာက မလိမ်ပိုးမလိမ်မာပုံနှင့်...

"အိမ်ပြန်ရောက်နေပြီ..၊ ရောယောင်ဖြီးတာတွေ ထားခဲ့လိုက်"

ဦးအောင်ကောင်း ဒေါသဖြစ်ပြီဆို စကားများများ သိပ်မပြောတတ်။ စိန်တိုက်ပိုင်ရှင် သူဌေးကြီးဆိုပြီး ထင်ပေါ်ကျော်ကြားမှုများနှင့် လူရှိသေ၊ ရှင်ရိုသေနေလာခဲ့တဲ့သူရဲ့ ဂုဏ်ထူး၊ ဘွဲ့ထူးတွေ..။

ဒီလို သားတစ်ယောက်ကို မွေးလိုက်မိကာမှ ဘယ်မြောင်းထဲရောက်ပြီး ဘယ်လိုကောက်ရမှန်းမသိအောင် တစ်စစီ..။

"အခု မင်းရဲ့သင်တန်း ပြီးပြီလား..."

"မပြီးသေးဘူး"

"ဘယ်တော့ ပြီးမလဲ.."

ကောင်း မျက်လုံးတစ်ချက် လှန်ကြည့်သည်။ ပြီးမှ...

"ပြီးလဲ ဆက်တက်ဦးမှာ..."

"ဘာကွ!.."

ကျောင်းပြီးတာနှင့် ဒိုင်ဗင်ထိုးတတ်လိုက်တာ ဒီဇိုင်နာသင်တန်း၊ ပြီးတော့ ကွန်ပျူတာ၊ ပန်းချီ၊ ဓာတ်ပုံ၊ ဘာသာစကားတွေလည်း ဘယ်နှစ်မျိုးတောင် ရှိနေပြီလည်း မသိ..။

တစ်ခုပြီးတစ်ခုတော့ ပြီးသွားသည်။ သင်တန်းကာလ ပြီးသွားတာလား၊ တကယ်တတ်လို့ ပြီးတာလား၊ အဲဒါလည်း ဘာမှန်းမသိ..။





အခု အားလုံး တဖ်ပဟ်လည်ပြီး နောက်ထပ် အလုပ်ကျတာက ဒီဇိုင်နာသင်တန်းပဲ ဖြစ်၏။

"သား ဒါကို နိုင်မာအောင် လုပ်တော့မှာ ဒယ်ဒီ"

ဦးအောင်ကောင်း စိတ်ထဲမှာ ရှိနေတာတွေကို သိလိုက်သလိုမျိုး ကောင်း က နောက်ထပ် အနိုင်အမာ တင်သွင်း၏။ ဦးအောင်ကောင်း က မဆိုင်းမတွ ပယ်ချသည်။

"မလုပ်ရဘူး..၊ မင်းမို့လို့ အဲဒီအလုပ်ကို လုပ်ခွင့်မပြုနိုင်တာ..၊ လုံးဝ မလုပ်ရဘူး"

"သားက ဘာဖြစ်နေလို့လဲ ဒယ်ဒီ.."

"မင်းကိုယ်မင်း ပြန်ကြည့်လိုက်.."

"ဒယ်ဒီ..၊ ဟိုလေ..."

အနားမှာရှိနေသည့် မေမြတ် က ကောင်း ဘေးမှာ ဝင်ထိုင်လိုက်ကာ...

"သူ လုပ်ချင်တာလေးကို ပေးလုပ်ခိုင်းလိုက်ပါလား ဒယ်ဒီရယ်နော်..၊ ခုခေတ်မှာ ဒီအလုပ်တွေက လူငယ်တွေရဲ့အင်အားကို ဆွဲဆောင်နိုင်ဆုံးပဲ၊ ဒီဇိုင်နာတွေဆိုရင် ယောကျ်ားတွေပဲများတာ ဒယ်ဒီရဲ့..."

"တော်စမ်း သမီး..၊ သမီး အဲဒီလို ဖေးဖေးမမတွေ ဝင်ပြောပြီး လိုက်လျောပေးလိုက်ပါဆိုတာတွေ ဒယ်ဒီ အများကြီး လိုက်လျောခဲ့ပြီးပြီ၊ ဒီအလုပ်ကို ဘယ်ယောကျ်ားတွေလုပ်နေနေ သူလုပ်ဖို့ကို ဒယ်ဒီ ခွင့်မပြုဘူး၊ ဘာဖြစ်လို့လဲ သိချင်သေးလား..."

ကောင်း ဖျတ်ခနဲ မျက်နှာလွှဲ၏။ မေမြတ် လည်း မမေးရဲတော့ပါ။ ဦးအောင်ကောင်း က မောင်နှမနှစ်ယောက်စလုံး တိတ်ကျသွားတာကို ကြည့်ပြီး မဲ့လိုက်၏။

"အေး... ဒယ်ဒီကလဲ လိုရာဆွဲပြီး အတိုက်အခံတွေ ဖွတ်မပြောချင်ဘူး၊ အဲဒီတော့ မင်းကို နောက်ဆုံး သတိပေးမယ်၊ ခြေသည်းလက်



www.burmeseclassic.com

www.burmeseclassic.com



သည်းရှည်တွေ ဖြတ်..၊ မျက်နှာမှာ လိမ်းတာခြယ်တာတွေ ရပ်..၊ သုံးလ ဒယ်ဒီ စောင့်ကြည့်မယ်၊ အလှအပကြိုက်တာတွေ တစ်စခန်းရပ်ပြီဆိုမှ မင်း လုပ်ချင်တာ လုပ်ခွင့်ပြုဖို့ စဉ်းစားမယ်၊ ဒီလိုမှမဟုတ်ဘဲ အလုပ် မလုပ်ရလဲ ဖြစ်တယ်ဆိုပြီး ပုံစံမပြောင်းခဲ့ရင် ချက်ချင်း မိန်းမပေးစားပစ် မယ်မှတ်..."

"ဟာ!... အဓိပ္ပာယ်မရှိတာ..."

ကောင်း ကြောက်ရလန့်ရမှန်းမသိဘဲ ခါးခါးသီးသီး ထ,ဖြစ် သည်။ ဦးအောင်ကောင်း ဖြစ်သင့်တာထက် ပိုမိုသောဒေါသတွေနှင့် မျက်လုံးပြူးသွားတာ အဆမတန်..။

သိတယ်..၊ ဒီကောင်လေး ဒီပုံစံဖြစ်နေပြီဆိုတာ...

"မင်း..မင်းက မိဘပြောတဲ့စကားကို အဓိပ္ပာယ်မရှိ..၊ ဟုတ်လား.."

"ဒယ်ဒီပြောတာ အဓိပ္ပာယ်ရှိချင်ရှိမှာပေါ့၊ သားအတွက် မရှိဘူး"

"ဘာပြောတယ်.."

"မိန်းမပေးစားပစ်ရအောင် ဒယ်ဒီက သား ရင်ခွင်ထဲ ပစ်ထည့်၊ သားက မလိုချင်ပါဘူးဆိုပြီး ဗီရိုထဲ ခဏသွားထားလိုက်လို့ ရသလား"

"မရဘူးလေ..၊ မိန်းမပေးစားတာ ပေါင်းဖို့ပဲ၊ မင်း ပေါင်းရမှာပေါ့"

"ဘာလုပ်ဖို့လဲ..၊ မိန်းမဆို ရှော့ပင်းစင်တာက အင်္ကျီ၊ စကက်တွေ ဆင်ပြထားတဲ့ ကော်ရုပ်တွေပဲ စိတ်ဝင်စားတယ်"

"ခွေးသူခိုးလေး... မင်း..."

"အို!... ဒယ်ဒီ.. ဒယ်ဒီ ကလေးကို မလုပ်ပါနဲ့.."

ဦးအောင်ကောင်း လက်သီးဆုပ်ကြီးနှင့် ရှေ့တိုးလိုက်သည်နှင့် မေမြတ် က ကောင်း ရှေ့က ကာကွယ်ပြီးသားဖြစ်ကာ...

"ကလေးကို သမီး ပြောပါ့မယ် ဒယ်ဒီရယ်..၊ ရိုက်တာပုတ်တာ တွေ မလုပ်ပါနဲ့.."

"ဘာ ကလေးလဲ..၊ ငါ တယ်... ပြောလိုက်ရရင်..."





ဦးအောင်ကောင်း နောက်ပြန်ဆုတ်ပေမယ့် လက်သီးဆုပ်မပြေ..။

"မင်း ငါပြောတာကို စဉ်းစား..၊ ဒီတစ်ခါ လုံးဝ ခွင့်မလွှတ်ဘူး"

တက်ခေါက်ပြီး ဦးအောင်ကောင်း ထွက်သွားတော့ ကောင်း က ဆက်တီလက်တင်ကို ဒုန်းခနဲ ထုပစ်သည်။

ထစ်ခနဲရှိ မိတ်ကပ်လိမ်းတယ်၊ အလှပြင်တယ်၊ ဒါပဲအပြစ်..။ သူ ဘယ်မှာ မိတ်ကပ်လိမ်းသလဲ..၊ အလှပြင်ကော့ရော ဘာဖြစ်လဲ..၊ ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အလှအပမမက်မောတဲ့လူ ရှိသလား..။

အလုပ်လုပ်ဖို့ စိတ်ကူးထားတာကိုက အလှအပတွေ ဖန်တီးဖို့ လား..။ အဲဒါ လုပ်ချင်တာနှင့်ပဲ မိန်းမလျာဖြစ်သွားပြီလား..။

"မောင်လေးရယ် မိဘကို အံကြိတ် ဒေါသမဖြစ်ကောင်းဘူး၊ ဒယ်ဒီ က မောင်လေးကို ယောက်ျားကောင်းတစ်ယောက် ဖြစ်နေစေချင် လွန်းလို့ပါ"

"ကောင်း က ဘာဖြစ်နေလို့လဲ မမ"

"မဖြစ်ပါဘူး၊ ဒါပေမယ့်လေ.. ဟို..."

နည်းနည်းလေးတော့ တိမ်းစောင်းနေတာကို ပြောပြချင်သည်။ ကောင်း နားဝင်ချိုအောင် ဘယ်လိုပြောရမှန်းမသိ..၊ ဘယ်လိုမှ မသိသာ မထင်ရှားဘဲ ဘဝပြောင်းနေတဲ့ယောက်ျားတွေရှိနေလို့ ကိုယ့်မောင်လေး ကို သူမကိုယ်တိုင်လည်း စိတ်ပူမိတာပင်..။

ဒါပေမယ့် ကောင်း မျက်နှာပျက်သွားလျှင် သူမ မနေတတ်ပါ။ တိုးတိုးကြိတ်ကြိတ် ပြောပြမယ်ကြံတိုင်းလည်း စကားစ,လိုက်တာနှင့် ကောင်း က အသံကျယ်နှင့် ထ,ဖြစ်သည်။ ဒီအခါ ဒယ်ဒီ ပါလာတော့ အကြီးအကျယ်တွေ ဖြစ်..။

"ပြောလေ..၊ ဟိုဆိုတာ ဘာလဲ..၊ မမလဲ ဒယ်ဒီ့လိုပဲ ကောင်း ကို ပြောချင်တာမို့လား"

"မဟုတ်ပါဘူး မောင်လေးရယ်..၊ ဒယ်ဒီပြောတဲ့သဘောမျိုး သက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားမှာစိုးလို့ ဟောဟိုး ရွေးနေတာပါ၊ မောင်လေး စိတ်ဓာတ် မပြောင်းလဲဘူးဆိုတာ မမက ယုံတယ်၊ ဒါပေမယ့် ဘယ်သူမှ မယုံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်လေးက အရမ်းချောနေတာ၊ ပိုချောအောင် ပြင်ထားတော့ ပြင်လို့ချောတာမျိုး ဖြစ်သွားတယ်၊ အလှအပကြိုက် တယ်ဆိုတာ ယောကျ်ားလေးက မိန်းကလေးတွေထက်တော့ မပိုသင့် ဘူးလေ၊ အဲဒီတော့ မောင်လေးကို ထင်စရာတွေ ဖြစ်ကုန်တာပေါ့၊ ဒယ်ဒီ ပြောသလို မျက်နှာမှာ မောင်ဒေးရှင်းခံတာတွေ၊ ကိုယ်မှာ လိုးရှင်း လူးတာတွေ ဖျောက်လိုက်ပါ ကလေးရယ်..နော်..၊ လက်သည်းရှည်တွေ ထားတာ ပိုဆိုးတယ်"

"တစ်ခုမှ ဖျောက်ဖို့ မလွယ်ဘူး"

ကောင်း က အစ်မကိုကျတော့ ကြောက်ရမှန်းမသိဘွာ ကောက်ခနဲ ပြော၏။

"မျက်နှာမှာ ဝက်ခြံဖုတွေ ထွက်လာရင် အလှပျက်မယ်၊ အရေပြား ပေါ်မှာ လေတိုးလို့ တင်းနေတာမျိုးလဲ မကြိုက်ဘူး"

"ကောင်း ရယ်..၊ မောင်လေးမျက်နှာမှာ နမ္မတ်သန့်စင်နေတာ၊ ဒါတွေလိမ်းနေလို့ မဟုတ်ပါဘူး၊ အလှအပကို အရမ်း ဂရုစိုက်ကြတဲ့ မင်းသမီးတွေ...မောင်မှုံ လိမ်းနေ၊ ဖြီးနေတဲ့ကြားက အဖုအဖိမ့်ကင်းကြ တာ မဟုတ်ဘူး၊ နဂိုကတည်းက အသားအရေသန့်လို့ ချောနေတာပါ၊ မယုံရင် မလိမ်းဘဲ နေကြည့်လိုက်ပါလား..."

"မကြည့်နိုင်ဘူး..၊ အဖုကြီးပြူးပြဲထွက်လာမှ ဓားနဲ့ ကလော်ထုတ် နေလဲ အပိုပဲ"

မေမြတ် ဒုက္ခရောက်သွားသည်။ မောင်လေးဟာ အရပ်မြင့်ပြီး ကိုယ်လုံးသွယ်သည်။ အကယ်၍သာ ကာယဗလ ကစားတာတွေနှင့် အချိန်ယူလေ့ကျင့်လိုက်လျှင် မြင့်မားကြံ့ခိုင်တဲ့ပုံစံ ဖြစ်လာမှာ သေချာ သည်။





ခက်တာက ယောကျ်ားပီသတဲ့ပုံ ဖြစ်ချင်ဟာမဟုတ်ဘဲ အမြဲတမ်း ချောမွေ့လှပနေဖို့ကိုပဲ ကောင်း က အာရုံစိုက်၏။

ပေါင်းသင်းပုံကိုတော့ ယောကျ်ားလေးအပေါင်းအသင်းဆိုတာ မရှိ..။

သူ့ဘေးမှာ ညွှန်း တစ်ယောက်သာ အမြဲတမ်း ရှိနေတတ်ကာ ညွှန်း နှင့်ကျောင်းကွဲသွားတော့လည်း တစ်ယောက်ရှိတဲ့နေရာကို တစ် ယောက်က သွား..။

ကျောင်းသာကွဲပေမယ့် လူချင်းတော့ မကွဲပေ..။

"မောင်လေးက အခု ဒီနိုင်နာအလုပ်ကိုပဲ တကယ်လုပ်တော့ မှာပေါ့"

"လုပ်မှာ..."

ပြောလိုက်ပြီးတော့ ပြုံးသေးသည်။

"တိုးတက်အောင်မြင်လာရင် သင်တန်းပြန်ဖွင့်ပြီး ထပ်ပြီး တိုးချဲ့ မယ်"

မေမြတ် စိတ်မသက်မသာ ဖြစ်သွားသည်။ ဒယ်ဒီ စိတ်ပူနေတာ ကို သူမ သိသည်၊ သူမလည်း စိတ်ပူတာပဲ ဖြစ်၏။ ဒါပေမယ့်...

"လုပ်တော့မယ် ဆုံးဖြတ်ပြီးရင်လဲ အောင်မြင်အောင်လုပ်ပေါ့ မောင်လေးရယ်..၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် မောင်လေးကို ဗျက်စီးသွားမှာတော့ စိုးတယ်"

သိသားပဲဆိုသည့်အကြည့် ရောက်လာပြီး ကောင်း က ပြုံးသည်။

"မမရော ကိုထွဋ် နဲ့ ဘယ်တော့ လက်ထပ်မှာလဲ"

"သူ ဒီတစ်ခေါက် သင်္ဘောပြန်မထွက်ခင်တော့ လုပ်ဖြစ်မှာပါ၊ ဒယ်ဒီက သိပ်သဘောမကျတော့ မမလဲ စိတ်ထင့်နေတယ်"

ဦးအောင်ကောင်း က ဆေ့စပ်သေချာသလောက် စည်းကမ်း...ကြီးသည်။ သမီးရှင်မို့ ဘယ်လိုအိမ်ထောင်ဖက်မျိုးနှင့်မှ လက်ထပ်စေရ



www.burmeseclassic.com

www.burmeseclassic.com



မည် ဘာညာ ရွေးချယ်ဘာမျိုးမဟုတ်ဘဲ သဘော်သား‌တစ်ယောက် ဖြစ်နေသည့်အချက်ကို လက်မခံချင်တာ ဖြစ်၏။

သဘော်သားတစ်ယောက်ဟာ ဘယ်ရာထူး၊ ဘယ်အဆင့်အတန်း ဖြစ်နေပါစေ မိသားစုအတွက် ထာဝရ ပြည့်စုံနွေးထွေးမှုကို မပေးနိုင်ဟု မြင်ထားသည်။

ပိုဆိုးတာက ရေမျောကမ်းတင်ဟု သတ်မှတ်ထားသည်အထိ ဦးအောင်ကောင်း က အထင်တကြီး မရှိခဲ့တာ ဖြစ်သည်။

သမီးဖြစ်သူကိုတော့ ခွဲလည်းမခွဲရက်၊ စိတ်ဟိုင်းလည်း မကျပါဘဲ နှင့် လက်ထပ်ခွင့်ပေးခဲ့ရသည်အထိ လိုက်လျောထားခဲ့၏။ ဒါကို မေမြတ် နားလည်နေသည်မို့ စိတ်မဖြောင့်နိုင်ပါ..။

"ဘာဖြစ်လဲ မမရာ..၊ ကိုယ်ချစ်တာကို စွန့်လွှတ်ပြီး မိဘနဲ့နေတော့လဲ မမ စိတ်ချမ်းသာမှာမှ မဟုတ်တာ"

မေမြတ် က ကောင်း ပြောနေတာကို အမိပွာယ်ပေါက်သွားပြီး သေချာကြည့်ကာ...

"မင်းကျရင်ရော ဒယ်ဒီ သဘောတူတူ၊မတူတူ ယူမှာပဲလား"

"ဟား... နိုး..ပါ...၊ မိန်းမယူဖို့များ..."

ကောင်းမျက်နှာ ရှုံ့မဲ့သွားတာကို ဝမ်းသာရမည့်အစား မေမြတ် စိတ်မချမ်းသာ ဖြစ်သွား၏။ မိန်းမတွေကို စိတ်မဝင်စားပါဘူးဆိုတာ ကိုပဲ သူမမှာ ရတက်မအေးနိုင်..။

စိတ်ထဲမှာ လန့်လန့်ဖျပ်ဖျပ် တွေးနေမိသည်။

အရှင်လတ်လတ်ကြီးနှင့် ဘဝကူးမသွားပါစေနှင့်..။





## အခန်း [၂]

ရှိုးပွဲတစ်ခုကနေ ပြန်ထွက်လာကြတော့ ညွှန်း လက်က နာရီလေးကို ငုံ့ကြည့်မိသည်။ မနက်ဖြန် စာမေးပွဲ နောက်ဆုံးနေ့..။

စာတွေလည်း ကျက်ရဦးမည်..၊ ဗိုက်လည်း ဆာနေပြီ..၊ စားချင်တာစား၊ သွားချင်တာသွားရဖို့က ကိုယ့်ခြေထောက်တွေကို ကိုယ် ဦးမဆောင်နိုင်သေး..။

"လာ...၊ ငါနဲ့ ဆိုင်ခဏလိုက်ခဲ့ဦး"

"ကောင်း..."

လက်ကိုဆွဲလိုက်တော့ ညွှန်း က ပြန်ရုန်းကာ မျက်မှန်လေးကို ပင့်၏။

"ငါ မနက်ဖြန် စာမေးပွဲ ရှိသေးတယ်"

"သိတယ်..၊ ဘာဖြစ်လို့လဲ ခဏလေးပါဆို..."

"ဆိုင်မှာ အကိုကျိုတိုင်းဖို့ မိန်းကလေးတွေနဲ့ ချိန်းထားတယ်မို့လား၊ သွားတော့ဟာ..၊ ငါ ပြန်တော့မယ်"

"တစ်ယောက်တည်းပြန်မယ်၊ ဟုတ်လား"

"ဘာဖြစ်လဲ..၊ ငါ ပြန်နေကျဥစ္စာ..."

"အခု ငါက ခေါ်လာတာလေ..၊ မပြန်ရဘူး၊ လိုက်ခဲ့..."



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တစ်ကြိမ် လက်ကိုဆွဲပစ်လိုက်တော့ ညွန့် မျက်နှာလေး မဲ့သွား၏။

"ငါ ဗိုက်လဲ ဆာနေလို့ပါ၊ ပြန်ပါရစေ ကောင်း ရယ်..၊ နှင်ဟိုမှာ ကြာဦးမှာ..."

"ကြာလဲ ခဏပဲ၊ နှင် ဆာရင် ခေါက်ဆွဲ မှာကျွေးမယ်"

ကောင်း က ကားဆီကို ဖွတ်ဆွဲခေါ်သည်။ ကားထဲကို ညွန့်ရောက်သွားပြီး သူ့ ဟိုဘက်ကို ကူးသွားစဉ်တွင်...

"ဟေး... ယူက ကောင်း ဆိုတာလားဟင်.."

မော်ဒယ်သရုပ်ဆောင် တော်ဝင်သူ ဆိုသည့် ကောင်မလေးနှင့်ချောချောလှလှလေးတွေအားလုံး ခြောက်ယောက်တောင် ကောင်းဘေးမှာ ဝိုင်းသွား၏။

မသိလျှင် အဆိုတော် ရုပ်ရှင်မင်းသားမို့ လက်မှတ်ထိုး၊ ဓာတ်ပုံရေး လုပ်နိုင်းနေကြသလို ရယ်နေတာတွေ၊ ပုတ်ခတ်ပြောဆိုနေကြတာတွေ မပြီးနိုင်..။

"ဘိုင့်ဘိုင်..."

"လာမယ် သိလား၊ လုံးဝ အတိအကျ"

"ကောင်း နော်၊ ယူ့ ရှိနေမှ..."

ကောင်း က ကားထဲရောက်နေကာမှ ခေါင်းညိတ်၊ ရယ်မော၍နှုတ်ဆက်နေရသေးသည်။

"သူတို့နဲ့ ခုမှ သိတာလား..."

"အင်း.."

"သိပြီးသားတွေလိုပဲ"

"ဘာဖြစ်လို့လဲ"

"ပုတ်ခတ်စကားပြောနေတာ၊ ရင်းနှီးလွန်းလို့"

ကောင်း က ရယ်လိုက်ကာ ဖူးက်လုံးပေါ်ထိထောက်အောင် ရှည်





ကျနေသည့်ဆံပင်တွေကို မျက်နှာခါထုတ် ဖယ်လိုက်ပြီး...

"ရင်းနှီးကြည့်ကြတာ နေမှာပေါ့..၊ ငါ့ကို နင်တို့လိုပဲ ထင်လို့..."

ညွန့် က ကားမောင်းနေသည့် ကောင်း ကို လှည့်ကြည့်သည်။ ဆံပင်က နီမြန်းမြန်း၊ နှုတ်ခမ်းနီမဆိုးဘဲ နှုတ်ခမ်းသားတွေက ရဲနေသည်။ ကော့ချွန်နေသည့်နှာတံက တစ်စက်ကလေးမှ အပြစ်အနာအဆာ မရှိ..။

သေချာပြုပြင်ထားခဲ့သော ဆံပင်ရှည်က ကုတ်ပေါ်မှာ ရွှေရောင်ရင့်ရင့်နှင့် တချို့တလေက ခွေဆင်းနေကြသည်။

ဆွယ်တာလက်ရှည် လည်ကပ်တွေပဲ အဝတ်များသည့် ကောင်းက တစ်မျိုးထင်စရာဖြစ်အောင် ချောလွန်းနေကာ မဟုတ်ဘူးလို့သည်း တွေးလို့ရသေးသည်။

"ဘာကြည့်တာလဲ..."

ကောင်း က ညွန့် ကြည့်နေတာကို လှည့်မကြည့်ဘဲ ဝေါက်ဆတ်ဆတ် မေး၏။ ဟန်မဆောင်တတ်သည့် ညွန့် က ကမန်းကတန်းမျက်နှာလွှဲလိုက်ကာ...

"နင် ပြောလိုက်တဲ့ နင်တို့လိုပဲထင်လို့ ဆိုတာကို တွေးမိလို့ပါ၊ နင့်စိတ်ထဲမှာ အဲဒီလိုကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာကို ဘယ်လို ခံစားရလဲဟင်.."

"ဘာကို ခံစားရမှာလဲ..၊ ဝိုင်းရင် ဝိုင်းတယ်လို့မှတ်ပေါ့၊ ဒါပဲ..."

ညွန့် သက်ပြင်းချလိုက်မှ ကောင်း က လှည့်ကြည့်ကာ...

"နင်လဲ မမနဲ့ တော်တော်တူလာပြီ"

"ဘာဖြစ်လို့လဲ..."

"မမက ငါ့ကို သူ့ ထင်နေတာတွေ မပြောရက်ဘူးလေ၊ အဲဒါတွေကို မျိုသိပ်ပြီး သက်ပြင်းတချချနဲ့..."

"ငါကတော့ ပြောရက်ပါတယ်၊ မပြောချင်တော့တာ..."



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်၊ မပြောလေ ကောင်းလေပဲ"

အကျွိုင်ရာ အမည်နှင့် အပ်ထည်ဆိုင်ကြီးမှာ မော်ဒယ်တွေ လက်
ထားသလောက် တခြား ဘယ်ဆိုင်နှင့်မှ မတူအောင် စည်ကားနေတ
ဟာ ကောင်း ရှိနေလို့ ဖြစ်သည်။

ရှိုးပွဲတစ်ခုကို ကောင်း ပါသွားတာနှင့် အပြန်မှာ မိတ်သစ်မိတ်
ဟောင်းတွေနှင့် ဝင်လာမစဲ ဈေးသို့ဖြစ်နေတတ်၏။

"ဟယ်... ကောင်း က သင်တန်းဆင်းလက်မှတ်တွေအပြင် ရ
တွေပါ ရထားသေးတာပဲ"

"အေးနော်..၊ ပါရမီရှင်လေးပဲ"

ဒီတိုင်း ငုတ်တုတ်ထိုင်စောင့်ရင်း ကောင်း ရဲ့ပစ္စည်းတွေကို
ညွန်း ဒီတိုင်း သေးမဲ့ပေးထားလိုက်ရ၏။ အထပ်လိုက် ချပြထားတော့
လည်း မိန်းကလေးတွေက အစုလိုက်အပြုံလိုက် ဝိုင်းအုံကြည့်ကြက
ထင်ရာတွေပြော..၊ ပြီးတော့ ပါးစပ်ပိတ်ပြီး ရယ်..။

"ဟဲ့... နင် သူ့ကို ဘယ်လိုထင်လဲ"

"အရမ်းချောပြီး ကော်တဲ့လူလို့ ထင်တယ်"

"မဟုတ်ဘူးလေ..၊ ငါပြောတာက သူ့ကို ဟိုဥစ္စာလို့ ပြောနေကြ
တဲ့ကိစ္စ..."

"ဘာပြောပြော ဘာဖြစ်နေနေဟာ..၊ သူ့မျက်နှာလေး ထိုင်ကြည့်
နေရတာနဲ့ အမောပြေပါတယ်၊ ငါဆိုရင် သူ ဒီမှာရှိတဲ့ရက်ကို ဖုန်းဆက်
မေးရလွန်းလို့ ဆိုင်ရှင် အပျိုကြီးတွေကတောင် သိနေပြီ"

"ဘာသိတာလဲ"

"ဟဲ... ဟဲ..."

ပြောနေကြတာတွေကို ညွန်း ကြားနေရသည်။ ကောင်း ဝယ်ကျွေ
ထားသည့် ခရုခေါက်ဆွဲကိုစားရင်း အသံရှင်ကို လိုက်ကြည့်မိတိုင်
ခေါက်ဆွဲတွေ လမ်းကြောင်းလွဲတတ်လွန်းလို့ မကြည့်တော့ဘဲ မြန်မြ





ဆန်ဆန် မျိုချလိုက်ရသည်။

စားပြီးမှ အအေးဘူးကို ဖြည်းဖြည်းစုပ်သောက်ရင်း ထိုသူမတို့ကို
သေချာကြည့်ခွင့်ရ၏။ မော်ဒယ်တွေပါပဲ၊ တီဗွီကြော်ငြာမှာ တွေ့ဖူးတဲ့
သူတွေရော..၊ မကြည့်ဘူးတဲ့သူတွေရော..။

"ယူ့အသားအရေက သိပ်လှတာပဲ၊ ပါးလေး ကိုင်ကြည့်လို့ရ
လား"

ဘုရားရေ..၊ ဒီဘက်ကိုကြည့်နေတုန်း ဟိုဘက်ကအသံကြောင့်
ညွန်း လည်ချောင်းထဲမှာ အအေးလုံးကြီး မချိမဆံ့ နင်သွား၏။

ကြည့်လိုက်တော့ ကောင်း လိုဆံပင်မျိုးနှင့်ပဲဖြစ်ကာ သူမကတော့
ဆံပင်တွေ တုန်နေအောင် ဖြည့်ဆည်းထားသလို လှလည်း တော်တော်
လှသည်။

ကောင်း ကလည်း ပြုံးလို့..။

"ကိုင်ကြည့်ရုံပဲလား၊ လုပ်လေ.."တဲ့..။

ပြောပြီး ပါးထိုးပေးနေသည်။ ခိုးခိုးခစ်ခစ် ရယ်သံလေးတွေ မြိုင်
သွား၏။

အကျီအတိုင်းခံနေကြတာလည်း ကောင်း ရဲ့ ပခုံးနှစ်ဖက်ပေါ်မှာ
လက်တွေ ဆန့်တင်၍ ခါးလေးကော့ပေးထားတာတွေ၊ ဒီလို ဒီလို
လျှောက်သွားတဲ့အခါ အကျီပုံလေးပါက ချိုးညီသွားအောင်ဆိုပြီး ရှိုးပွဲ
လမ်းလျှောက်သလို မိမိမိုက်မိုက်လေး လျှောက်နေ၏။

ကောင်း က နောက်ကနေ ခါးတွေ၊ တင်တွေကို လိုက်တိုင်းရ
သည်။ ညွန်း ပါးစပ်လေးပွင့်သွားလိုက်၊ မျက်မှန်ဝလေး ပင့်ကြည့်လိုက်
နှင့် မျက်လုံးပြူးသွားခဲ့တာတွေ..။ တကယ်ပါ..၊ ဒီနေ့မှ ထိထိမိမိ မြင်ဖူး
တော့သည်။ ကောင်း ကို မိန်းမလျာတစ်ယောက်လို သဘောထားပြီး
လွတ်လွတ်လပ်လပ် ဆက်ဆံနေကြတာမျိုးလား၊ ဒါမှမဟုတ်...

"ယူက ကောင်း ရဲ့အစ်မလား.."



www.burmeseclassic.com

www.burmeseclassic.com



"အင်!..."

အနားမှာ ဆံပင်ရှည်လေးနှင့်တစ်ယောက် လာထိုင်သည်။ သူများကို ပြုံးပြလိုက်ကြည့်နေမိသဖြင့် ညွန်း ကိုယ်လေး ခွေခွေခေါက်ခေါက် ပြန်ဖြစ်သွားကာ မချိသွားဖြဲရယ်လျက်...

"သူငယ်ချင်းပါ"

"သူငယ်ချင်း..."

လို့ ထပ်မေးပြီး ညွန်း ကို သေချာကြည့်၏။ ဆံပင်ပခုံးလောက်နှင့် မျက်မှန်လေးတပ်ထားသည့် ညွန်း ပုံစံက စပို့ရှပ်ခပ်ဖျော့ဖျော့၊ ထဘီမှန်း ဘောင်းဘီမှန်း မသိလောက်အောင် ပွယောင်းသော ဘောင်းဘီရှည်နှင့် ဖြစ်သည်။

မျက်နှာမှာတော့ ဘာမှမရှိပေမယ့် ခပ်ဖုံးတုံးပုံစံ ပေါက်နေတာတော့ မဖြစ်နိုင်ပါ။ ဒီလောက် သေချာကြီးကြည့်တော့ ကိုယ့်ကိုယ်ကိုယ် မလုံမလဲတွေးမိသည်။ ကောင်မလေးက ဘာကိုသဘောပေါက်သွားမှန်း မသိဘဲ ပြုံးလိုက်ကာ...

"သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဆိုတဲ့ စကားအတိုင်းဆို မထင်စရာပဲနော်"

"ဟင်!..."

"သြော်... ကောင်း ရဲ့သူငယ်ချင်းဆိုတာလေ..."

"အဟွန်း.."

ရင်ထဲမှာ အောင့်သက်သက်တော့ ဖြစ်သွား၏။ ကောင်း ကတော့ ပြောသား..။ 'ဆံပင်တွေကို နည်းနည်းလောက် ပြင်လိုက်ပါလား၊ မိန်းကလေးဖြစ်ပြီးတော့ လုချင်စိတ်ကလဲ နည်းလိုက်တာ'တဲ့..။

ကိုယ့်ဆံပင်လုပ်ဖို့ မပြောနှင့် သူ့ဆံပင် သွားလုပ်တိုင်း လိုက်ထိုင်စောင့်ရတာတွေ၊ အိမ်မှာလုပ်တော့လည်း 'လာပါဦး၊ လုပ်ပေးပါဦး'ဆို သူမပဲ..။





လက်တွေ အပူလောင်ရ၊ အကြောတင်ရနှင့် ကျောင်းမှာ စာကောင်းကောင်းမရေးနိုင်အောင် ဖြစ်ရတဲ့အထိ..။

ဆံပင်နှင့်ပတ်သက်သော ပြုပြင်မွမ်းမံခြင်းကို ကောင်း နှင့်တင် ဆလံသခဲ့မိသည်။ မျက်နှာဆိုလည်း သနပ်ခါးမကြိုက်ပေမယ့် အပြင်သွားခါနီး တို့ပတ်လေးနှင့် ဖုန်အောင်မှုန်အောင် ရိုက်လိုက်ဖို့တော့ မမေ့ခဲ့ပါ..။

ကောင်း နှင့် ဘယ်လောက်တောင် ကွာနေလို့လဲ..၊ ကွာတယ်ပဲ ထားပါဦး ကောင်း နှင့် သူငယ်ချင်း မဖြစ်ထိုက်လောက်တဲ့အထိ သူမ အ စုတ်ပြတ်နေလို့လား..။

"အဟာမ်း.."

နည်းနည်းတော့ တင်းသွားတာမို့ မျက်မှန်လေး ပင့်လိုက်ရင်း ညွန်း ခါးလေး ခပ်မတ်မတ်ပြင်သည်။ စကား မပြောချင်တော့သလိုမျိုး ဘောင်း တို့ဆီကိုပဲ ငေးကြည့်နေလိုက်တော့ သူမလေး အနားကနေ ပြန်ထွက်သွားသည်။

ညွန်း ကတော့ ခါးလေး မတ်နေလိုက်၊ ပြန်ကုန်းသွားလိုက်နှင့် ပွဲပေါ် မျက်နှာအပ်ကာ အိပ်ပျော်ခြင်းသို့ ရောက်လေသည်။

ပြန်ဖို့ လာနှိုးဖော်ရသည့် ကောင်း က မဲ့ရွဲ့ကဲ့ရဲ့၏။

'သွားရည်ကျအောင်တောင် အိပ်တယ်၊ ရွံလိုက်တာ'တဲ့..။

ရွံပေါ့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၄ |

"ဖြေနိုင်ရဲ့လား သမီး.."

"ဟုတ်.."

ညှော်ခန်းကနေ ဆီးကြိုမေးရင်း မေမေက ညွန့်း အခန်းထဲထိ ပါလာသည်။ လွယ်အိတ်ကို စားပွဲပေါ်တင်၍ သက်ပြင်းချရင်း အိပ်ရာဘေးမှာ ထိုင်ချလိုက်တော့ မေမေက စားပွဲဘေးမှာ ထိုင်လိုက်ပြီး...

"ဘာလဲ..၊ အားမရခဲ့ဘူးလား"

"အားရပါတယ် မေမေရယ်၊ ဒီနေ့ နောက်ဆုံးနေ့ဆိုပြီး စိတ်လျှော့ထားလို့လား မသိဘူး၊ အရမ်း ပင်ပန်းနေသလိုပဲ၊ အိပ်ချင်တာ ထင်တယ်၊ သမီး အိပ်လိုက်ဦးမယ် မေမေ နော်၊ မေမေ ထမင်းစားနှင့်လိုက်တော့.."

"အေး.. အေး... ဒါဆို မေမေ သမီးဖုန်း ယူသွားမယ်"

"ဟင်!... ထားလိုက်ပါ မေမေရဲ့၊ ဘာဖြစ်လို့လဲ..."

ဒေါ်ရည်သန့် က လွယ်အိတ်ဆီကို လက်လှမ်းလိုက်ပြီးမှ ပြန်ကြည့်ကာ...

"တော်ကြာ သမီး အိပ်နေတုန်း ကောင်း ဖုန်းဆက်နေဦးမယ်၊ သူက သမီး ကျောင်းကပြန်ရောက်မယ့်အချိန်၊ ထမင်းစားချိန်၊ ရေချိုး





ချိန် အားလုံးကို အလွတ်ရနေတာ..၊ အားပြီထင်တာနဲ့ တစ်နေရာကို လိုက်ခဲ့ပါဦးဆိုတာမျိုး ရောက်လာမှာပဲ"

ပြောပြပြီး ဒေါ်ရည်သန့် က လွယ်အိတ်ကို ကိုင်လိုက်လျှင်...

"ထားလိုက်ပါ မေမေရာ..၊ ဒီနေ့ စာမေးပွဲ ပြီးတဲ့နေ့..၊ သမီး နားမယ်ဆိုတာ သူ သိပါတယ်၊ မေမေလဲ ထမင်းစားပြီးရင် ဘုရားရှိခိုး၊ ပုတီးစိပ်ဦးမှာဆိုတော့ အနှောင့်အယှက်ဖြစ်မှာပဲ၊ သူဆက်လဲ သမီးပဲ ကိုင်ပါ့မယ်"

ဒေါ်ရည်သန့် လက်ပြန်ရုတ်ရင်း သက်ပြင်းချသည်။

"သမီးနဲ့ ကောင်း တို့က ငယ်သံယောဇဉ်ဆိုတော့လဲ မေမေ မပြောချင်ပါဘူး၊ ဒါပေမယ့် ကောင်း ထင်သလိုသွားလာနေတိုင်း သမီး ဒီလိုတကောက်ကောက် လိုက်ပေးနေတာ မကောင်းဘူး"

ညွန့်း က အိပ်ရာထဲမှာ လဲလိုက်ပြီးမှ ဒေါ်ရည်သန့် ကို လှမ်းပြုံးပြကာ...

"တကောက်ကောက် မဟုတ်ပါဘူး မေမေရဲ့၊ ကောင်း က သူ့အိမ်ကိုခေါ်ပြီး ပြင်ပေးပါ၊ ကူပေးပါနဲ့ ခိုင်းတာပဲ ရှိတာပါ၊ အပြင်သွားတိုင်းတော့ သမီးကို မခေါ်ပါဘူး"

"လိုက်ခဲ့ပါဆိုရင် သမီး ပါသွားတာပဲ မဟုတ်ဘူးလား"

"ဒါကတော့ သူက သမီးနဲ့ပဲ သွားလာနေကျမို့ပါ"

"အဲဒါကြောင့်လဲ ယောကျ်ားလေးအပေါင်းအသင်းမရှိ ဖြစ်နေတော့ သူ့ကို သူများက ဟိုပြောဒီပြော ပြောလာတာပေါ့..၊ တော်ကြာ သမီးက အနီးကပ်နေပြီး ကောင်းရာကောင်းကြောင်း မတိုက်တွန်းဘဲ သူလုပ်သမျှကို မြှောက်ပင့်ပေးနေတယ်လို့ မေမြတ် တို့က ထင်နိုင်တယ်"

ညွန့်း က စဉ်းစားသလိုလေး ခဏငြိမ်နေပြီးမှ...

"မမေ က အဲဒီလိုထင်တဲ့ပုံ မရှိပါဘူး၊ ဦးကလဲ သမီးအတွက် ဘန်းဆက်အသစ်တစ်လုံးတောင် ဝယ်ပေးခဲ့သေးတယ်၊ မေမေက ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ အဲဒီလို ထင်တာလဲ..."

ဒေါ်ရည်သန့် မဖြေဘဲ ငြိမ်သက်နေမိသည်။

သူဌေး ဦးအောင်ကောင်း ဟာ တကယ်တော့ သူမရဲ့ငယ်ရည်းစား တစ်ယောက် ဖြစ်သည်။ ဟိုအရင် ခြံချင်းကပ်လျက်နေဖြစ်ကြကတည်း က သူ့မှာ ဇနီးမရှိတော့ပေမယ့် ဒေါ်ရည်သန့် မှာ သမီးရဲ့အဖေ ရှိသေးသည်။

ခင်ပွန်းဆုံးသွားကာမှ ပြောင်းရွှေ့ထွက်ခဲ့တာလည်း သူမပဲ ဖြစ်၏။ တစ်နေ့နေ့ ဦးအောင်ကောင်း ထံမှ လက်ထပ်ခွင့်တောင်းလာမှာကို သိနေတာကြောင့် ခပ်ကင်းကင်းပဲ နေချင်မိသည်။

ထို့ပြင် အခြေအနေ အဆင့်အတန်းချင်းက ကြာလာလေ ကွာခြားလာလေ..။

သူမမှာ ရွှေဆိုင်ငယ်လေးတစ်ဆိုင်သာ ပိုင်ဆိုင်မှုရှိပေမယ့် ဦးအောင်ကောင်း ကတော့ စိန်တိုက်တွေ တစ်တိုက်ပြီးတစ်တိုက် ဆင့်ပွား ပိုင်ဆိုင်ထားတဲ့သူ..၊ အသက်အရွယ်တွေလည်း ရနေပြီ။ ကလေးတွေလည်း အရွယ်ရောက်နေကာမှ ပေါင်းစည်းဖို့တွေ၊ သာယာဖို့တွေကို မစဉ်းစားချင်တော့ပါ..။

ဒါပေမယ့် ကလေးချင်းက ခွဲထုတ်လို့မရခဲ့ပေ။ ဦးအောင်ကောင်း ကလည်း အိမ်မှာ ဝင်ထွက်မပြတ်..။

မေမြတ် ကဆို တစ်ခါတလေ ပါးစပ်ကတောင် ဖွင့်ပြောခဲ့သည်။

"ဒယ်ဒီနဲ့ အန်တီက ရေ့သွားနောက်လိုက် ညီပါသေးတယ်၊ အစ ကတည်းကလဲ သံယောဇဉ်ရှိခဲ့ကြပြီးသားကို..."

ဒီစကားတွေကြောင့် ဦးအောင်ကောင်း ကို ဒေါ်ရည်သန့် ပြန်မေးဖူး၏။

"ဟုတ်တယ် သန့်..၊ သမီးက ကလေးမှမဟုတ်တော့တာ၊ ကိုယ့် မျက်လုံးတွေကို သူ အကဲခတ်နိုင်တယ်၊ ပွင့်ပွင့်လင်းလင်း ဖွင့်မေးလို့





ကိုယ် ဝန်ခံခဲ့တယ်၊ ကိုယ်တို့နှစ်ယောက်..၊ မင်း အထင်လွဲပြီး တလွဲတွေ လုပ်ပစ်လို့ မဆုံစည်းခဲ့တဲ့အကြောင်းတွေပေါ့"တဲ့..။ နောက်ထပ် ပြော သေးသည်။

"ပြောထားလိုက်တော့ ကိုယ် ဒီလို ဝင်ထွက်နေရတာ ပိုလွတ်လပ် တာပေါ့"ဆိုသည့်စကားတွေ..၊ ဟိုတုန်းကတည်းက ဦးအောင်ကောင်း က တစ်ဖွတ်ထိုး တခေါက်ကန်း လုပ်တတ်သည်။ ဒေါ်ရည်သန့် က စကားနည်း သည်းခံတတ်ပေမယ့် ဆုံးဖြတ်ပြီးရင် နောင်တမရတတ်။ မဆုံစည်းခဲ့ကြသောအကြောင်းတွေကို ပြောမိတိုင်း ဦးအောင်ကောင်း က အံတကြိတ်ကြိတ်..။

"မင်းကြောင့် ငါလဲ ပြန်ရှု့တာလေ..၊ မိန်းမရ၊ ကလေးတွေမွေး ခဲ့ပေမယ့် အချစ်ကတခြား၊ လူက တခြားပါ၊ မင်းကို တစ်နေ့မှ မေ့ခဲ့တာ မဟုတ်ဘူး"ဆိုတာတွေကို တားနေတဲ့ကြားက ပြောဖြစ်အောင်ပြောသည်။

ခြောကြွကြွေးဆို ကောင်း ကမှ တကယ့်ကို ဖအေတူသား ဖြစ် သည်။ ဂျစ်ကန်ကန် ထင်ရာလုပ်တတ်ပြီး ဘာနှင့်ခြိမ်းခြောက်လို့မှ လည်း မကြောက်တတ်..။

"မိန်းမစိတ်ဝင်နေပြီလားလို့ ခိုင်လုံနေတာတွေကြောင့် တွေးမိပေ မယ့် ကိုယ့်သားက စိတ်မပျော့ဘူး သန့် ရယ်..၊ ကန့်ကလျ ဖြစ်နေတာ မျိုးမဟုတ်ဘဲ မိန်းကလေးလိုကို လှချင်နေတာ၊ လှဖို့အတွက်ပဲ ဝါသနာ ပါတာ၊ ကိုယ် ဘာလုပ်ရမှန်းကို မသိတော့ဘူး"ဟု ဦးအောင်ကောင်း ခဏခဏ ညည်းသည်။

"သမီးလေး ညွှန်း ကို ကိုယ်ချစ်တယ်၊ အရမ်းလိမ္မာတဲ့ မိန်း ကလေး၊ ဒီလိုမိန်းကလေးမျိုးကို ကိုယ့်သားက နိုင်းစေနိုင်နင်းနေတာလဲ သန့် ကို အားနာပါတယ်၊ ဘာပဲဖြစ်ဖြစ် ကောင်း က သမီးလေးကို ခင်တွယ်နေတယ်၊ သမီးကပြောရင် နားထောင်တာမျိုးတွေလဲရှိတော့ သမီးကိုတော့ သားနဲ့ ခင်မင်ခွင့်ပေးပေးပါနော်၊ မတားဆီးပါနဲ့..."



www.burmeseclassic.com

www.burmeseclassic.com



လို့ တောင်းပန်ဖူးသည်။ ဟိုအရင် ခြံချင်းကပ်လျက်ကနေ ဒေါ်ရည်သန့် ပြောင်းရွှေ့သွားတာကို ရည်ရွယ်ပြောတာမှန်း သိပါသည်။

သူမက ခင်ပွန်းဆုံးသွားပြီဆိုတော့ ဇနီးမရှိသူနှင့် ခင်ပွန်းမရှိတဲ့ မုဆိုးဖို၊ မုဆိုးမချင်း ပတ်ဝန်းကျင်အမြင်မှာ မတင့်တယ်သလို တစ်နေ့နေ့မှာ ဦးအောင်ကောင်း ဘက်က အခွင့်အရေးတွေ တောင်းဆိုလာနိုင်တာကို မလိုချင်..။

ဒါကို ရိပ်မိခဲ့သဖြင့် ကလေးတွေကို ခွဲလိုတဲ့သဘောနှင့် နောက်ထပ် ပြောင်းရွှေ့မသွားဖို့ တောင်းပန်တာ ဖြစ်သည်။

ပြီးခဲ့တာတွေကို တွေးမိသွားကာ ဒေါ်ရည်သန့် မျက်နှာခပ်ငေးငေး ဖြစ်သွား၏။

ညွှန်း ကလည်း မျက်စိခိုင်တဲ့သူ မဟုတ်..။

မိခင်မျက်နှာကို ငေးနေရင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီဖြစ်သည်။ ဖုန်းကို လွယ်အိတ်ထဲက ထုတ်ယူပြီး ညွှန်း ရဲ့ခေါင်းအုံးဘေးမှာ ထားကာ ဒေါ်ရည်သန့် အပြင်ကို ထွက်လာခဲ့သည်။

နောက်ထပ် သိပ်မကြာလိုက်ပါ။ ဖုန်းက ထ,မြည်လာ၏။ ဒါကျတော့ ညွှန်း ချက်ချင်းနိုးသည်။

စာကျက်ရင်း ခဏအိပ်ချင်ပြီဆို ဖုန်းနှင့်ပဲ [illegible]ပေးထားနေကျမို့ ဒီလိုဆင်ဆင်တူသော ဘယ်လိုအသံမျိုး ကြားကြား မနိုးဘူးဆိုတာ မရှိ..။ ရုတ်တရက် ထ,ဖို့ပြင်လိုက်သေးသည်။

ပြီးကျမှ ဖုန်းလာသည့် အသံမှန်း သိလိုက်သဖြင့် နောက်ထပ်စိတ်ကူးက ဝိတ်ပစ်လိုက်ဖို့ ဖြစ်၏။

ကောင်း ဆိုတဲ့ ခွေးစုတ်..၊ ဒီနေ့ လုံးဝ နားပါမယ်လို့ ပြောထားခဲ့တာတောင်..၊ စိတ်ကတိုသွားပေမယ့် မကိုင်ဘဲလည်းမနေနိုင်။ အိပ်ပျော်ကာစမို့ လေးလံကျိန်းစပ်နေသည့် မျက်လုံးတွေကို မြင်သာထင်





သူ့ရဲ့ ခပ်မှေးမှေး ပြူးပြဲထားရကာ...

"ဟလို..."

"ဟလို... ဘယ်သူလဲ..၊ ကောင်း မဟုတ်ဘူးလား.."

"ဟင် ဘယ်သူလဲ..၊ ကောင်း မဟုတ်ဘူး"

"ကောင်း မဟုတ်ရင် ဘယ်သူလဲ..၊ ပြောစရာရှိလို့ ခဏ ခေါ်ပေးပါလား"

"မရှိဘူး..၊ ကောင်း က သူ့အိမ်မှာ..."

"ဟာ ဘယ်လိုဖြစ်တာလဲ..၊ ဒါ ကောင်း ရဲ့ဖုန်း မဟုတ်ဘူးလား၊ သူပဲ ပေးလိုက်တာ.."

"မဟုတ်ဘူး.. မှားနေပြီ၊ ဒါပဲနော်"

ဖုန်းကို ချပစ်လိုက်ပြီး မခြုံဖြစ်သေးသည့်စောင်ကိုပါ ခါးထိ ဆွဲတင်လိုက်သေးသည်။ အိပ်တော့မလို့ ကျကျနန အဆင်ပြေသွားကာမှ...

"ဟာ!... ဒုက္ခပါပဲ"

ဖုန်းမြည်သံကြောင့် ညွှန်း မျက်လုံးမဖွင့်ဘဲ ရှုံ့မဲ့သွား၏။ ဒီတိုင်း ပေကပ်နေလိုက်ဖို့ဟာ မမေ ဝင်လာမှာစိုးတာနှင့်ပဲ ကိုင်လိုက်ရပြန်သည်။

"ဟလို..."

"ယူက ဘယ်သူလဲဟင်၊ ကောင်း နဲ့ပါလာတဲ့ တစ်ယောက်လား"

ဒီတစ်ခါ ဖုန်းချလိုက်မှာစိုးလို့ မေးလာသည့်ပုံက အသည်းအသန်၊ ကောင်း ကိုပဲ ဖုန်းဆက်ပြီး အော်ဆဲပစ်ချင်စိတ်တွေ ပေါက်လာမိသည်။

မိန်းကလေးတွေနှင့်ပတ်သက်တဲ့အလုပ်ကို လုပ်တော့လုပ်နေပြီး ဖုန်းနံပါတ်ပေးပြီဆို ညွှန်း ရဲ့ဖုန်းကိုပဲ.. ဒီကောင်စုတ်..။

"ဟလို..၊ ယူ ဖုန်းမချလိုက်နဲ့ဦးနော်..၊ အိပ်နေတာလား၊ ဆောရီးပဲ၊ ကောင်း ရဲ့ဖုန်းနံပါတ်လေး ပြောပြပါလားဟင်"

www.burmeseclassic.com



"ပြောပြမယ်၊ သချာမှတ်နော်..."

မပြောချင်တဲ့ကောင်.. မှတ်ထား..၊ သချာပြောပေးလိုက်ပြီး အိပ်ရာထဲ ပြန်ခွေရင်း ကျေနပ်သွား၏။

ဘာဖြစ်လဲ..၊ ခင်ခင်မင်မင် ဖြစ်သွားကြပြီဆိုရင် ပြောရဆိုရ လွယ်ကူအောင် ဆက်သွယ်ဖို့ ဖုန်းနံပါတ်တော့ ပေးကြယူကြတာပဲ။ မပေးချင်ရင်တောင် ကိုယ့်နည်းနှင့်ကိုယ် ရှင်းပေါ့..။

ခုတော့ ကောင်းတယ်..။ အိပ်ရေးပျက်အောင်လုပ်နေတာကို ဒေါသဖြစ်ဖြစ်နှင့် ကျေနပ်နေတုန်း ရှိသေးသည်။ ဖုန်းမြည်သံ..။

"ဟာ!... သေပြီ"

နားနှစ်ဖက်ကို ပိတ်လိုက်တိုင်း ညွှန်း အိပ်ရာပေါ်မှာ အိပ်နေရင်းကနေ ဘယ်နှစ်ချက်လောက် မြောက်ခုန်သွားမိသည်မသိ။ ဖုန်းကို ကိုင်ပေါက်ပစ်ချင်စိတ်နှင့် လှမ်းယူလိုက်ပေမယ့်...

"ဟလို..၊ အဲဒီက ဘယ်တစ်ယောက်လဲ မသိဘူး၊ ခေါ်လို့မရရင် မနက်ကျမှပဲ မေးကြမြန်းကြပါနော်..၊ ကျွန်မ အရမ်းကို အိပ်ချင်နေလို့၊ ဆောရီးပါ၊ တောင်းပန်ပါတယ်"

နောက်ထပ် တရုတ်လို၊ ဂျပန်လို ဘယ်လို ထပ်ဆင့်တောင်းပန်ရမလဲ..၊ ညွှန်း တကယ်ကို တောင်းတောင်းပန်ပန် ပြောမိတာပါ..။

"ဒီလောက်အိပ်ချင်နေရင် မီးသဂြိုဟ်စက်ထဲ သွားအိပ်ပါလား၊ ပြန်ထဖို့ မလိုတော့အောင်လေ..."

"ဟင်!... ကောင်း..."

"ဟုတ်တယ်..၊ နင့်ဘိုးအေ ကောင်း..၊ အိပ်ရာထဲမှာ စန့်စန့်ကြီးဆိုရင် ခုချက်ချင်း ထထိုင်လိုက်.."

"ကောင်း ရယ်..၊ နင့်ကို ငါ သချာပြောထားသားနဲ့၊ စာမေးပွဲရက်မှာ နင့်ကြောင့် စာတွေ မနိုင်မနင်းဖြစ်ပြီး ငါ ဘယ်လောက် ပင်ပန်းခဲ့သလဲ သိလား..၊ ဒီတစ်ရက်လေး နားပါရစေ..၊ လုံးဝ မဆက်ပါနဲ့.."





"နားပါရစေ..၊ ဟုတ်လား..."

"အင်း..၊ ဒါပဲနော်၊ ဗွတ်ဒ်နိုက်"

ညွှန်း နှုတ်ဆက်ပြီး ဖုန်းချလိုက်သည်။

ဖုန်းပိတ်ထားတတ်တဲ့ အကျင့်မရှိတော့ နောက်ထပ် ဖုန်းလာလျှင် ကြားမိအောင် တစ်ခါတည်း ပိုက်ဆံအိတ်လေးထဲထည့်ပိတ်ပြီး မွေ့ရာအောက်ကို ထည့်၏။ မကိုင်ဖြစ်အောင် ဖုန်းရဲ့ဟိုဘက်အစပ်ကိုတိုးကာ ကျာနိုင်း နေရာယူသည်။

စိတ်ကူးထဲမှာ အေးချမ်းစွာ အိပ်စက်ခဲ့သော်လည်း အိပ်မက်တွေဘ မကောင်း..။ ဒေါသမောဟတွေနှင့် ကောင်း ရောက်လာပြီး သူမကို အတင်းနှိုးနေသည်။

နှိုးလို့မရတော့ နားနားမှာ ပါးစပ်ကြီးကပ်ပြီး တအားပဲ အာခေါင်ခြစ် အော်၏။

"ညွှန်း..."

"ဒုန်း.. ဒုန်း.."

နားထဲမှာ စူးစူးရှရှကြီး ဝင်လာ၏။ ညွှန်း မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားသည်။ တံခါးထုသံရော တအားခေါ်နေတဲ့ ကောင်း အသံကြီး ရော..။

"ကောင်း..၊ နင် ရောက်နေတာလား..."

"ဟုတ်တယ်..၊ မြန်မြန်ထလာခဲ့၊ အရေးကြီးလို့၊ မြန်မြန်နော်"

အိပ်မက်မှမဟုတ်ဘဲ၊ ညွှန်း လန့်ဖျပ်ပြီး မျက်လုံးတွေပါ ကျယ်ကျန်သည်။

ကျောင်းကပြန်လာလာချင်း လွယ်အိတ်ချပြီး အိပ်တာမို့ ညဝတ်အင်္ကျီမဟုတ်တော့ အင်္ကျီက လဲဖို့မလို..။

ဆောင်ကို ကမန်းကတန်း ချချကာ မျက်မှန်လေး ကောက်တပ်၍ ထွက်လာခဲ့သည်။ အဖြူရောင်ခွယ်တာလက်ရှည်နှင့် ဆောင်းဘီးညို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားသည့် ကောင်း က ဖြူနုသော အသားရောင်နှင့် ဝင်းမွတ် သန့်စင်နေ၏။

သူက ခါးထောက်လျက်နှင့် ညွန်း ရဲ့ အိပ်ရာကထလာတဲ့ပုံကို ခြေဆုံးခေါင်းဆုံး ကြည့်သေးသည်။

“ဘယ့်နှယ်လဲ..၊ ဖုန်းချပစ်လိုက်တော့ အိပ်လို့ကောင်းရဲ့လား”

မေးလိုက်ပြီး မျက်နှာကအချိုမချဉ်..၊ ညွန်း မေမေ့ကိုသတိရကာ ဟိုဒီလှမ်းကြည့်၍...

“နင် ဒီလောက် အသံပြဲနဲ့အော်နေတာ မေမေ ဘုရားရှိခိုးနေတာ အနှောင့်အယှက် ဖြစ်တော့မှာပဲ”

“မသိဘူး..၊ အန်တီကိုယ်တိုင် ဆင်းလာပြီး တံခါးဖွင့်ပေးတာ”

“ကောင်း ရယ်..၊ နင် တကယ်ပဲ”

“လာစမ်းပါ...”

လက်ကို လှမ်းဆွဲပြီး ဧည့်ခန်းကို တောက်လျှောက်သွား၏။ ပြီးတော့ ညွန်း ကို ထိုင်ခိုင်းကာ သူက ဘေးမှာ ဝင်ထိုင်၍...

“နင် ဘာဖြစ်လို့ အိန္ဒြာဇင် ဆိုတဲ့တစ်ယောက်ကို ငါ့ဖုန်းနံပါတ် ပေးလိုက်တာလဲ..”

“ဟင်!...”

ခုမှ ကောင်း ဖုန်းဆက်တာတွေ၊ ဒီထိ ရောက်ချလာတာတွေကို တွေးမိသွားသည်။

“ဟဲ့... ငါက အိန္ဒြာဇင် မှန်း.. ဘာမှန်း သိမလား..၊ နင့်ကို ဒီလိုပဲ ဆိတ်ဆက်နေကြတာ အများကြီးပဲဟာ..”

“အဲဒီ အများကြီးကဆက်တိုင်း ငါက ဒိုင်ခံ ပြောနေရမှာလား။ နင် လုပ်ချလိုက်တာ ဒယ်ဒီ ငါ့ကို ဘယ်လိုမျက်လုံးနဲ့ ကြည့်သွားလဲ သိလား”

ညွန်း မသိပါ။ ဖုန်းနံပါတ် လျှိုထားတဲ့အလုပ်ကို ကောင်း ဒီ





...ာက်ထိ အကျယ်တဝင့် ခင်းကျင်းထားခဲ့မှန်း တကယ် မသိ..။

“နင် ငါ့သူငယ်ချင်း လုပ်နေပြီးတော့ ငါ ဒီလို အကွက်ထွင်လိုက် ...င် ဘယ်လို ရှေ့ရမယ်ဆိုတာလောက်တော့ သိသင့်တယ်”

“ကောင်း ရယ်..၊ ငါ တကယ်ကို မသိလို့ပါ၊ နင်က ပေးချင်တဲ့ ...ကိုတော့ ပေးမှာပဲလို့တွက်ပြီး ငါ အိပ်ရေးပျက်တာနဲ့ တမင် ပေး ...လိုက်တာ...”

ကြည့်..၊ ညွန်း တို့က အဲဒီလိုလည်း ဝန်ခံတတ်သေးသည်။ ...ောင်း မျက်နှာ မအီမလည်ကြီးနှင့် ညွန်း ကို စိုက်ကြည့်၏။

“နင် ဒေါသထွက်ရုံလောက်ပဲဆိုပြီး လုပ်လိုက်တာ..၊ အခု ဘာ ...ွေဖြစ်ကုန်လို့လဲဟင်..”

ကောင်း မှာ ဒီလိုပြဿနာတွေ ရှိနေတတ်တာကိုသိလျက်နှင့် သူမ ...လျော့သွားခဲ့တာကို စိတ်မကောင်းနိုင်..။

ကောင်း ကလည်း နောက်ကဆံပင်ကို တစ်ချက်သပ်ပြီး ဆိုဖာမှာ ...လိုက်၏။ ညွန်း တမင် ချောက်တွန်းလိုတဲ့စိတ်နှင့်မဟုတ်မှန်း ဒီထိ ...ိုက်မမေးဘဲလည်း သူ သိပါသည်။

အိမ်သားတွေအားလုံးထက် ပတ်ဝန်းကျင်တချို့လူတွေထက် ပိုပြီး ...ွန်း က သူ့ကို နားလည်တဲ့သူ..။ ဒါပေမယ့်...

ဒီလိုမခံချင်တဲ့စကားတွေပဲ ကြားနေရတော့ ဒေါသက သူမကိုပဲ ...ားဦးလှည့်ပေးနေ၏။

“မိန်းကလေးတွေ တရုန်းရုန်းနဲ့ ပျော်နေတယ် ဟုတ်လား”တဲ့..။

ဖုန်းလာတော့ သူက ကွန်ပျူတာရှေ့မှာမို့ မကြားလိုက်..။ ဒယ်ဒီ ...က ကိုင်လိုက်တော့ ပိုဆိုး၏။ သူ ဖုန်းကိုင်ပြီး ဒေါပွနေတော့ မမက ...တစ်မျိုး..။

“မောင်လေးကို မွှေတယ်၊ ရှုပ်တယ်လို့ ပြောတာ မဟုတ်ပါဘူး၊ အဲဒီလို ရည်းစားတွေ ထားနေတယ်ဆိုရင်တောင် ဒယ်ဒီက ခွင့်လွှတ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ”တဲ့..။

သူ့ကို မိန်းမတွေနှင့်ပဲ ပေါင်းသင်းသည်၊ မိန်းမလျာဖြစ်ေ
ေသည့် မျက်လုံးကြီးတဝင်းဝင်းနှင့် ဒယ်ဒီက အချိန်ပြည့် ကြည့်
တာ ဖြစ်၏။

မိဘဆိုပြီးတော့ ပြောပါစေလို့ ထားခဲ့လိုက်တာတွေလည်း မှ

“ပြောလေ ကောင်း..၊ ဦးက ဘာတွေ ဆူလိုက်လို့လဲ...”

“ပြောနေကျ စကားတွေပါပဲ..”

ကောင်း က ဒါပဲပြောပြီး စားပွဲပေါ်မှာ အဆင်သင့်ရှိနေသ
လက်ဖက်အစ်လေးကို လှမ်းယူ၏။

“နေဦး..၊ ပဲကြော် မရှိဘူး၊ ငါ သွားထည့်ပေးမယ်”

“နေပါစေ..”

ကောင်း က ဒီတိုင်းပဲ နှစ်ဖွန်း ခပ်စား၏။ ပြီးမှ ပြန်ထားလို
ကာ...

“ဗိုက်မဆာဘူးလား..၊ တစ်ခုခု သွားစားရအောင်”

“ဟင်!... နင်က ဆာတယ်”

ညွှန်း အံ့သြရပြန်ပြီ..၊ ထမင်းဆို ဘယ်အချိန်မှာ ဘယ်လော
စားသင့်တာ၊ ဘယ်အစားက အဆီတက်လို့..၊ ဘာစားရင် မျက်နှာ
အဖု ထွက်တယ်၊ သူပဲ သိ၊ သူပဲ ရှောင်ခဲ့တာ..။

ကောင်း လောက် အစားကြေးများတာလည်း မရှိပါ..။

“ကဲ... ဘယ်လိုလဲ..”

“ငါက မိုးချုပ်ရင် သိပ်မထွက်ချင်ဘူး၊ ကားမီးရောင်တွေ မျက်
စူးတာလဲ မခံနိုင်ဘူး၊ နင် ဗိုက်ဆာရင် တစ်ခုခု လုပ်ပေးမယ်ေ
ဘာစားချင်လဲ..၊ အသုပ်လေးဘာလေးလား၊ အပူ့အအေး တစ်ခုခု–

“ဘာမှ မစားတော့ဘူး”

“ငါ့ကို စိတ်ဆိုးသွားတာလား”





“မဟုတ်ပါဘူး..၊ အစကတည်းက နင် အိပ်ရာထဲကာစဆိုတော့
ဘာမှာပဲလို့တွေးမိလို့၊ အခု နင် ပြန်အိပ်ချင်ပြီလား၊ ငါ စကားပြောနေ
ချင်လို့...”

“မအိပ်တော့ပါဘူး၊ မနက်ဖြန်လဲ ကျောင်းပိတ်တယ်၊ ပြောလေ...”

“ခြံထဲ သွားရအောင်...”

ပြောပြီး ချက်ချင်းထရပ်လိုက်တာ ညွှန်း ရဲ့လက်တစ်ဖက်ကိုပါ
ဆွဲပြီးသား။ ဒီအိမ်မှာ ကောင်း အချိန်မရွေး ဝင်ထွက်နေကျ။ ဘာဖြစ်ဖြစ်
စားချင်တာ လှုပ်နိုင်းတတ်တာလည်း မေမေ့ကိုပါ ချန်မထားပေ..။

“အန်တီ ဒီမနက် သား ဒီမှာ စားမှာ..၊ ငါးချက်ထားရင် ကွိုင်ရှာ
မှာနော်..၊ လုံးဝ မကြိုက်ဘူး”

လို့ ပြောပြီဆို စီစဉ်ပြီးသားမှာ မပါလည်း မေမေ ထပ်ချက်ရ
သည်။ ညပိုင်း ညဥ့်နက်မှ ရောက်လာတာတွေလည်း ရှိသည်။ မေမေက
ဘာမှမပြောပါ..။

ကောင်း ကိုဆို ပတ်ဝန်းကျင်က ယောကျ်ားလေးတစ်ယောက်လို့
တောင် ထည့်တွက်ကြတာ မဟုတ်တော့ ဘယ်သူကမှ ဆိုးဆိုးရွားရွား
ဝေဖန်ခဲ့ဖူးတာလည်း မရှိ..။

“ညွှန်း...”

“ဟင်!...”

“နင် ငါ့ကို ဘယ်လိုထင်လဲ...”

“ဘာကိုလဲ...”

ဒန်းပေါ်မှာ အတူတူထိုင်လိုက်ကြပြီး ကောင်း က ဘာစိတ်ကူး
တွေနှင့် ထမေးမှန်းမသိ..။ ညွှန်း ရဲ့ပခုံးတစ်ဖက်နှင့် သူ့ပခုံးကို ကပ်
တွန်းလိုက်ကာ...

“ငါ ဒီအလုပ်နဲ့ အရမ်းအောင်မြင်တယ်၊ ဘာမှ ကိုယ်ပိုင်ခြေလှမ်း
မစရသေးဘဲနဲ့ ငါ့နာမည်က ဟိုးလေးတကြော်ကြော် ဖြစ်နေပြီ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ငါ့အရည်အချင်းကြောင့်လို့ ထင်လား..၊ ဒယ်ဒီ ပြောနေသလို ငါ
ဟိုမရောက် ဒီမရောက်ကောင် ဖြစ်နေလို့လား.."

ညွန်း က ချက်ချင်းမဖြေဘဲ အမှောင်မှာဖြစ်ဖြစ်၊ အလင်း
ရောက်ရောက် ပြောင်းလဲမသွားဘဲ ချောမွေ့နေတတ်သည့် ကော
မျက်နှာကို မျက်မှန်လေး ပင့်ကြည့်၏။

"နင်က အရမ်းချောနေလို့ပါ ကောင်း ရယ်..၊ ချောတဲ့အပြ
ထပ်ပြင်ထားတော့ တစ်မျိုး ထင်ကုန်ကြတာပေါ့၊ ဒါပေမယ့် ယောက်
ဖြစ်ဖြစ်၊ မိန်းမလျာဖြစ်ဖြစ် ပညာရေး၊ ပါရမီရေး ပြည့်စုံမှ အောင်မြ
တာပါ၊ တကယ်ချောပြီး ယောကျ်ားပီသတဲ့လူတွေလဲ ဒါလုပ်နေကြတ
ပဲဟာ..၊ နင့်လို ပေါ်ပြူလာ မဖြစ်ဘူးလေ"

"ငါ့ မိန်းကလေးရဲ့ အလှအပကို စိတ်ဝင်စားပေမယ့် သူတို့
ရင်နှီးဖို့ လုံးဝ ဖီးလ် မဖြစ်ဘူး၊ အဲဒါရော..."

ညွန်း ဆွံ့အသွားသည်။ ဒါကိုတော့ သူမ ထောက်မပြနိုင်တော့
ပေ။ ကောင်း ကို ရိတိတိ ချိတ်တိတ်တိတ်တွေ လုပ်တတ်ကြတဲ့အထဲမှာ
တက်သစ်စကြော်ငြာနှင့် ဗီဒီယိုသရုပ်ဆောင် ကောင်မလေးတွေ ပါဝ
သည်။

ပြီးတော့ ကြော်ငြာ၊ ဗီဒီယိုကဏ္ဍာတွေနှင့် လုံးဝ မသက်ဆိုင်ပေ
မယ့် ငေးယူရလောက်အောင် လှတဲ့မိန်းကလေးတွေလည်း ကောင်
ဘေးမှာ ရှိနေတတ်ခဲ့၏။

တော်ရုံယောကျ်ားလေးတွေ ဘယ်လိုမှ စိတ်မခိုင်နိုင်လောက်
အောင် ရက်ရက်ရောရော ရင်းနှီးလိုကြသည့် မိန်းမလှလေးတွေကို
ကောင်း က ဘာဖြစ်လို့ ဂရုမစိုက်ဘဲ နေနိုင်ခဲ့တာလဲ..။

ဦးအောင်ကောင်း ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေတတ်တာ
လည်း ဒါပဲ ဖြစ်လိမ့်မည်။

"ဒီကောင် မိန်းကလေးတွေကို သူငယ်ချင်းလုပ်ဖို့ထက် ပိုပြီးတော့





စိတ်မဝင်စားတာ သန့် ရဲ့..၊ ဘယ်လိုလုပ်မလဲ"

အိမ်ရောက်လာတဲ့အခါ မေမေ့ကို ရင်ဖွင့်ပြောပြနေတာတွေ ကြား
သည်။

ကောင်း မေးလာသည့်မေးခွန်းကို ဖြေဖို့ ဟိုဒီအကြောင်းတွေပါ
င် စဉ်းစားပေမယ့်လည်း ညွန်း မဖြေတတ်ဘဲ ရှိနေခဲ့သည်။

တကယ့်ဆန္ဒအမှန်ကတော့ ကောင်း ကို ဒီလိုမဟုတ်ဘဲ ယောကျ်ား
သ ကျားကျားလျားလျား ဖြစ်သွားစေချင်တာ..။

"ညွန်း..."

"ဟင်!..."

သူ့အကြောင်း ရင်ထဲမှာ တိတ်တိတ်ပြောနေတုန်းမို့ ခေါ်လိုက်
တော့ လန့်သွားသည်။

"ဘာတွေ ပြောရခက်နေလို့လဲ..၊ လုပ်ပါ နင် မညာတတ်ဘူးဆို
ငါ သိတယ်၊ နင့်စိတ်ထဲမှာ ငါ မကြိုက်တဲ့စကားတစ်ခုခု ပြော
ဖို့ ရှိနေတယ်မို့လား..."

ညွန်း မလုံမလဲ လှည့်ကြည့်မိတော့ ကောင်း က ပြုံးလိုက်သည်။
ဒန်းရဲ့ရှေ့ ဝါးတစ်ရိုက်လောက်မှာ မီးတိုင်လေး ထောင်ထား
ဖြင့် ကောင်း ပြုံးလိုက်တဲ့ မဲ့ပြုံးကို ညွန်း သေချာမြင်နေရ၏။

"ဒါဆို ထပ်မေးမယ်..၊ ရည်းစားမထားတဲ့ ယောကျ်ားတွေဆို
လုံး မိန်းမလျာချည်းပဲလား"

"အဲဒါတွေက ဟုတ်တယ်လေ၊ ဒါပေမယ့်..."

ညွန်း စကားမဆက်နိုင်ခင် ဖုန်းသံ မြည်လာ၏။

ကောင်း က ဘောင်းဘီအိတ်ထဲက နှိုက်ယူပြီး ညွန်း လက်ထဲ
ည့်ပေးလိုက်ကာ...

"ကိုင်လိုက်.."

ကြည့်လိုက်တော့ ကောင်း တို့အိမ်က ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟလို..."

"ဟင်!... ညွှန်း လား..."

"ဟုတ်ကဲ့ မမ..."

"ခေါင်း ညွှန်း ဆီ ရောက်နေတယ် ဟုတ်လား"

"ရောက်နေတယ် မမ..၊ ပြန်လာဖို့ ပြောလိုက်ရမလားဟင်"

"နေပါစေ.. နေပါစေ...၊ ဒယ်ဒီ ဆူလိုက်လို့ KTV ထဲ ရောက်နေသလားလို့၊ ညီမလေးရော စာမေးပွဲ ဖြေနိုင်ရဲ့လား.."

"ဟုတ်ကဲ့ မမ၊ ဒီနေ့ ပြီးသွားပါပြီ"

"ညီမလေးက တော်ပါတယ်..၊ မောင်လေး ရောက်ရောက်သွားပြီး ညီမလေးကို ဒုက္ခပေးနေလို့ ဒယ်ဒီက တပြောပြောနဲ့..၊ မောင်လေးကို သည်းခံပါ ညီမလေးရယ် နော်..၊ ခုလဲ အဲဒီကပြန်ရင် အိမ်ကို တန်းပြန်ဖို့ ပြောပေးနော်"

"ဟုတ်ကဲ့ပါ မမ.."

"ကျွတ်!..."

ဖုန်းပြောနေတာကို တကျွတ်ကျွတ်နှင့်ရိုကာ စကားမဆုံးသေးဘဲ ယူပိတ်ပစ်လိုက်၏။

"ခေါင်း ရယ်..၊ မမက ငါ့ကို တစ်မျိုးထင်သွားတော့မှာပဲ"

"ထင်ပါစေ၊ နားညည်းတယ်"

ဖုန်းကို ဆောင်းဘီအိတ်ထဲ ပြန်ထည့်ရင်း ညွှန်း ကိုကြည့်ကာ...

"ဆက်ပြော..."

"ဟင်!... ဘာလဲ.."

"ကျွတ်!... အဲဒါပဲ၊ စကားတစ်ခွန်းပြောရင် လိုရင်းကို မရောက်နိုင်ဘူး၊ တစ်ခါတစ်ခါ ငါ နင့်ကို စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်ချင်တယ်သိလား"

"ပေါက်ချင်လဲ ပေါက်ပေါ့၊ ငါက မေ့တတ်လွန်းလို့ စာတစ်ပုဒ်





ပြီဆို သူများထက်ပိုပြီး အပင်ပန်းခံရတယ်၊ နင် ပြောတာတွေပဲ း မေ့နေတာ မဟုတ်ဘူး"

"အဲဒီလောက် မေ့တတ်နေသားနဲ့ ဘာဖြစ်လို့ ဆေးတက္ကသိုလ်ကို က်ချင်ရတာလဲ..၊ အန်တီ့ကိုလဲ အံ့သြတယ်.."

"မေမေက ငါ ဝါသနာပါတာကို လုပ်ခွင့်ပြုထားတာပါ"

"ဝါသနာပါစရာ မဟုတ်တာကို ပါနေတာကိုက မမိုက်ဘာ၊ န်ဖြစ်ရုံ တော်ပြီဆိုပြီးတော့လား၊ ကိုယ်ပိုင်ဆေးရုံတွေမှာထိုင်ပြီး ာအောင် လုပ်ချင်တာလား၊ ဘာလဲ..၊ ဘယ်အထိလဲ..."

"ခေါင်း ရယ်..၊ နင်ကလဲ ငါ့ကို လာဆူနေပြန်ပြီ"

"နင် ဒါကို စတက်မယ်ဆိုတတည်းက နင်နဲ့ငါ ရန်ဖြစ်ပြီး တစ် လောက် အဆက်ပြတ်သွားသေးတယ်လေ၊ မကြိုက်ခဲ့တာက ဟို ာတည်းက..."

ခေါင်း က ညွှန်း မျက်မှန်တပ်ရပြီဆိုကတည်းက လက်ဖျား ါဖြစ်ခဲ့တာ..။

"သွားပြီ..၊ နှာခေါင်းရိုးမှာ ရေတွင်းနှစ်တွင်း သေချာပြီ၊ ပုလင်း ကြီးဖြစ်သွားရင် မျက်ခွံကြီးတွေပါ ကြွလိုက်လာမယ်၊ ဆေးတက္က တက်နိုင်အောင် အဲဒီလောက်ထိ ကြိုးစားလိုက်တာ၊ ငါကတော့ သနားမှာ မဟုတ်ဘူး"

ညွှန်း ဆယ်တန်းပြီးကတည်းက မျက်မှန်တပ်လိုက်ရသည်။ အစ ာ စာကြည့်ချိန်လေးပဲ တပ်ထားရင်ရပေမယ့် ခုဆို အမြဲ တပ်နေ ဖြစ်၏။

ခေါင်း က မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေတော့ ညွှန်း ိုက်ပြီး သူ့လက်မောင်းကို တံတောင်နှင့်တိုက်ပစ်ကာ...

"ခေါင်း ရယ်..၊ နင်သာ ငါ့အမေဆိုရင် ဒုက္ခပဲ၊ ငါ တဖတ်ဖတ် ာကို သူ့ အနှောင့်အယှက်ဖြစ်တိုင်း ဒေါသတွေ ဖွက်ထွက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ပြေရာပြေကြောင်း ပြောကာမှ ကောင်း ၏ ဘာ...သံကြီး ဟိန်းထွက်လာ၏။

"ခင်ဗျား ငယ်ငယ်ရွယ်ရွယ်နဲ့ စာအုပ်နဲ့မျက်နှာကပ်ပြီး လူဖြစ် နေတာကို ကြည့်မကောင်းလို့ ပြောနေတာ၊ နောက်ထပ် ဆက်တ ဆက်ပြေရဦးမယ့် စာမေးပွဲတွေ၊ ဘွဲ့တွေ..၊ နင် ဘယ်လိုလုပ်မလဲ သူများကို ဆေးမကုနိုင်သေးခင် ကိုယ် ဘယ်ဘဝရောက်သွားမလဲ မိလား"

"ဒီလိုပဲ ဆရာဝန်ကြီးတွေဖြစ်အောင် ကြိုးစားသွားကြတာ ကောင်း ရယ်..၊ မလွယ်ကူတဲ့အလုပ်မို့လို့လဲ လူအများစု မဖြစ်နိုင်တာ ပေါ့"

"တော်ပြီ..၊ မပြောတော့ဘူး"

ပြောပြီး ထိုင်ရာကနေ ထရပ်လိုက်သဖြင့် ညွန်း ကမန်းကတ လိုက်ထကာ...

"တွေ့လား..၊ သူပဲပြောပြီး သူပဲစိတ်ဆိုး..."

"မဆိုးပါဘူး၊ ပြန်တော့မလို့..."

"ဟုတ်လို့လား ကောင်း ရယ်..၊ ငါ့ကို စိတ်ဆိုးပြီး အိမ် မပြန်ချင်ဘဲ ဟိုဝင်ဒီဝင်တော့ မလုပ်ပါနဲ့.."

ကောင်း က ဘာမှမပြောဘဲ လျှောက်ထွက်သွားတော့ ညွန်း နောက်ကနေလိုက်ကာ လက်မောင်းကို ပြန်ဆွဲထား၍...

"ကောင်း...၊ ပြန်မှာလား၊ ဘယ်သွားမှာလဲ.."

"ပြန်မှာပါဆိုမှ..၊ ဘယ်လိုဖြစ်နေတာလဲ..."

လက်ကို ဖယ်ချလိုက်ပြီး ကားထဲ ဝင်ထိုင်လိုက်သည်။

"ကောင်း..၊ နင် ဘာပြောတာလဲဆိုတာ ငါ ရအောင် စဉ်းစားပြီး ဖုန်းနဲ့ ပြန်ဖြေမယ်၊ စိတ်မဆိုးနဲ့..."





စက်နှိုးဖို့ သော့ကို ကိုင်လိုက်ပြီးမှ ကောင်း က ပြုံးချင်နေသည့် မျက်နှာနှင့်ကြည့်၏။

"ငါ ဘယ်သွားသွား၊ ဘာဖြစ်လို့ ဒီလောက် ပူနေတာလဲ၊ ဘာလဲ စောစောက မမ ဖုန်းဆက်ပြီး မှာလိုက်လို့လား.."

လျှင်လိုက်သည့်နေရာမှာလည်း သူ့အပြင် မရှိ။ ညွန်း က မျက် စောင်းထိုးလိုက်ကာ...

"မမကလဲ နင့်အစ်မမို့ ပူတာပဲ၊ ငါ နင့်အတွက် စိုးရိမ်ခဲ့တာတွေ ရော လူကြီးတွေ ခိုင်းထားခဲ့လို့လား"

"အဟွန်း... မယ်တော်ညွန်း..၊ ဒါကျတော့ စကားတတ်တယ်"

ကောင်း မျက်နှာ ပြုံးပြုံးရယ်ရယ် ဖြစ်သွားမှ ညွန်း စိတ်ချမ်းသာ သွား၏။

"ကောင်း..."

မျက်နှာရှေ့ လှည့်သွားတော့ ကားမောင်းထွက်သွားမှာစိုးလို့ ညွန်း ကပျာကယာခေါ်ကာ..

"နင့်ရဲ့ ဘယ်သူ..၊ ဩော်... အိန္ဒြာဇင်.. သူက.. ဖုန်းဆက်ပြီး ဘာတွေ ပြောလို့လဲဟင်.."

ကောင်း မျက်နှာက အေးစက်စက် ခပ်မှဲ့မှဲ့..။

ညွန်း ကို ငုံ့ကြည့်ပြီးမှ ရှေ့ပြန်လှည့်ရင်း စက်နှိုးလိုက်ပြီး...

"ပြောရင် အသေသတ်.."

"ကောင်း ကလဲ ငါ သိချင်လို့ဟာကို..."

"နောက်ကျသွားပြီ..၊ ပြောချင်တဲ့စိတ်တွေ လေတိုက်တဲ့ထဲ ပါ သွားလို့"

ကားက သိမ့်ခနဲ ရွေ့သွားတော့ ညွန်း နောက်ဆုတ်လိုက်ရကာ...

"အိမ်ကို တန်းတန်းမတ်မတ် ပြန်..."

လို့ ထပ်မှာလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်း က ရှေ့ကို ဘီးလှိမ့်နေပြီးမှ နောက်ကို သာသာလေးပြန်ဆုတ်လာကာ ညွန်း မျက်နှာလေးကို ငုံ့ကြည့်၍...

"မပြန်ဘူး...၊ ဒီတစ်ခါ ငါ ဖုန်းပိတ်ထားတော့ မမ နှင့်ဆီ ဖုန်းဆက်လိမ့်မယ်၊ ပြန်ပြောပြလိုက်...၊ ယောကျ်ားပီသအောင် လှေ့ကျင့်မလို့ နိုက်ကလပ်ထဲ ဝင်သွားတယ်လို့..."

"ဘာ!... ကောင်း...၊ ကောင်း...နော်...၊ နင်..."

မောင်းထွက်လာခဲ့ရင်း ကောင်း ရယ်မိသည်။ သေချာသည်။ ဒီည ညွန်း ကောင်းကောင်း အိပ်နိုင်တော့မှာမဟုတ်...။

ပျော်စရာကြီးပါလား...။





အခန်း [၅]

ရှိုးပွဲမှာ သူ ချူပ်ပေးတဲ့ဝတ်စုံနှင့် မိန်းကလေး ဆုရသွားသည်။ ဆောင်း က ဓာတ်ပုံကို အိမ်ယူလာပြီးပြတော့ ကောင်း နှင့်အတူပါလာသည့် ညွန်း လည်း အားမှာရှိသည်။

"ဟုတ်သားပဲ ကြည့်စမ်း...၊ မောင်လေးရဲ့ဒီဇိုင်းက အရမ်းကိုသန်းတာပဲ၊ ခရစ်စတယ်တွေနဲ့ ဆီးကွင့်တွေထည့်ထားတာ ဆန်းပြီးကိုယ်လုံးလေးကို ပိုပေါ်အောင် ပြထားသလိုပဲ"

မေမြတ် က သတင်းစာဖတ်နေသည့် ဦးအောင်ကောင်း ကြားအောင် တမင်ပြောနေကာ အမှတ်တမဲ့ မျက်လုံးဝေ့ကြည့်လိုက်၍ မြင်အောင် ဓာတ်ပုံတွေကို စားပွဲပေါ်မှာ မြင်သာအောင် ဖြန့်ချထားလိုက်၏။

"ဒယ်ဒီ...၊ ဒီမှာ တွေ့လား၊ မော်ဒယ် ချိုချိုယုအောင် လေ...၊ မြတ်တို့ စိန်တိုက်ကြော်ငြာတုန်းက သူ့ကို နေရာကောင်းမပေးလို့ဆိုပြီး မာနကြီးသွားတဲ့ ကောင်မလေး၊ သူ ဆုရသွားတာ..."

ဒီတစ်ခါ တိုက်ရိုက်လှမ်းပြောလိုက်တော့ ဦးအောင်ကောင်း တစ်ချက်လှည့်ကြည့်သည်။

"ဒီမှာလေ...၊ မောင်ဆောေရဲ့ဝတ်စုံနဲ့..."

မေမြတ် က ဓာတ်ပုံကို သေချာရွှေ့ပြတော့...



www.burmeseclassic.com

www.burmeseclassic.com



"လက်စည်းလေးတွေရော..၊ လည်စည်းရော အရမ်းလှတာပဲ၊ ခုန က ဖုန်းဆက်တယ် သိလား၊ မောင်လေးနဲ့ကျတော့ ပြေလို့၊ ချောလို့..."

ဟုတ်မှာပေါ့ဆိုသည့် နှုတ်ခမ်းက မပြောပေမယ့် ခပ်ဖိဖိ ဝိတ်ကျသွားပြီး သတင်းစာကို မျက်လုံးတွေ ပြန်ရောက်သွားသည်။ ကောင်း မျက်နှာ ရှုတင်းသွားတော့ ညွှန်း မနေသာတော့ဘဲ...

"ကောင်း က အရမ်းကို အောင်မြင်နေတာ ဦးရဲ့..၊ မေမေတောင်မှ ဒီနေ့ မချီးကျူးဘဲ မနေနိုင်ခဲ့ဘူး"

ဦးအောင်ကောင်း မျက်နှာ ဒီဘက် နည်းနည်း ငဲ့စောင်းလာသည်။ မျက်လုံးတွေ မပါသေး...။

"လူငယ်တွေဆိုတာ သူတို့ အားသန်တဲ့ဘက်မှာပဲ ထူးချွန်သွားတတ်ကြတာတဲ့၊ သား က ဒါတွေကို ဝါသနာပါခဲ့တော့ သူများထက်ပိုထူးချွန်တာပေါ့တဲ့၊ ဖြစ်မြောက်အောင် ကြိုးစား..၊ ရည်ရွယ်ချက်တစ်ခုကို ဇောက်ချပြီး စိတ်မများရင် အောင်မြင်တာပဲတဲ့.."

မေ့တတ်လှပါသည်ဆိုပြီး ခုကျတော့ မအေ ပြောလိုက်သမျှ တစ်ခုမှမကျန် ရွတ်ပြနေလိုက်တာ ချောချောမောမောပါလား..။

မကျေနပ်သည့်စိတ်တောင် ဘယ်ရောက်သွားမှန်းမသိဘဲ ကောင်း က ပြန်၍ထရပ်လိုက်သည်။

သူ ဒီနေရာကနေ မြန်မြန်မထမိလျှင် ကျထားသည့်မီးပွားက လောင်တော့မှာမို့ ထွက်ခွာခဲ့ရခြင်း ဖြစ်၏။

ညွှန်း က ကောင်း ထွက်သွားတာကို လှည့်ကြည့်ပြီးမှ...

"ဦးကလဲ ကောင်း ကို သနားပါတယ်၊ ညွှန်း ငယ်ငယ်တုန်းကဆိုရင် ရောင်စုံစက္ကူတွေဝယ်ပြီး ကြယ်လေးတွေ ခေါက်..၊ ငှက်ရုပ်လေးတွေ ချိုးနဲ့ တစ်ယောက်တည်း ထင်သလိုဆော့တာ၊ မေမေက လုံးဝ မကြိုက်ပေမယ့် အရုပ်လေးတစ်ခုခုပုံ ပေါ်သွားလို့ ပြေးပြီးပြရင် ဘယ်တော့မှ မဆူမငေါက်ဘူး၊ ခေါင်းလေးဖြစ်ဖြစ် ညိတ်ပြီးမှ တစ်ဖက်





လှည့်သွားတယ်၊ အောင်မြင်မှုတစ်ခုရဖို့ ကြိုးစားလာတဲ့ ကလေးရဲ့ တက်ကြွနေတဲ့စိတ်လေးကို ညှိုးနွမ်းမသွားစေချင်လို့တဲ့..၊ မကြိုက်ရင် မကြိုက်တဲ့အကြောင်း၊ ဘာလုပ်တာထက် ဘာလုပ်ဖို့သင့်တဲ့အကြောင်း အေးဆေးကျမှ ရှင်းပြပြီး စည်းရုံးတာ..."

ဦးအောင်ကောင်း က သတင်းစာတိုပိတ်လိုက်ပြီး ပြုံးနေသည့် မျက်နှာနှင့် ညွှန်း ဘက်ကို လှည့်ထားသည်။

"အဲဒီလို သည်းရုံးနိုင်တဲ့အရည်အချင်းမျိုး ဦးမှာ ပြည့်ဝချင်မှ ပြည့်ဝမယ်၊ ဒါပေမယ့် နားလည်နေရက်နဲ့ မလည်သလို ရွဲ့တာ၊ မကောင်းတာကို မကောင်းမှန်းသိသားနဲ့ ဖွတ်တိုးနေတာ၊ ဒါတွေက သန္ဓေစိတ်နဲ့ပဲ ဆိုင်တာ မဟုတ်ဘူးလား၊ သမီးသူငယ်ချင်းက အဲဒီလိုလူမျိုး..."

"ကောင်း က ရွဲ့တတ်ပေမယ့် ညာဉ်ဆိုးတော့ မရှိပါဘူး ဦးရယ်..၊ ပြီးတော့လေ သူ ဒီအလုပ်ကို အရမ်းကို ဝါသနာပါနေတာ၊ အဲဒါကို တားနေလေ၊ သူ့စိတ်က မကောင်းတဲ့ဘက်ကို ယိုင်လေ ဖြစ်နေမှာ၊ နည်းနည်းလေး လျှော့ပေးလိုက်ပြီး သူ လုပ်ချင်တာလုပ်ဖို့ ခွင့်ပြုပေးလိုက်ပါ ဦးရယ်..နော်..."

ဦးအောင်ကောင်း က သက်ပြင်းချလိုက်တာဖြစ်ကာ မေမြတ် အားတက်သွားကာ...၃၊

"ဟုတ်ပါတယ် ဒယ်ဒီရယ်..၊ မောင်လေးက ဒီလောက် မဆိုးပါဘူး၊ သူ ဒါကို လုပ်မှာမို့လို့ အလှအပတွေ အရမ်းလိုက်စားနေတာလဲ ဖြစ်နိုင်ပါတယ်၊ ပြင်ပြင်ဆင်ဆင်တွေ နေတတ်တာကလွဲလို့ ပုံဆိုးခန့်ဆိုးဖြစ်အောင် ပျက်စီးနေတာလဲ မရှိဘဲနဲ့.."

"အဲဒါ ဒယ်ဒီတို့က ရှက်လောက်အောင် ပုတ်ခတ်ပြောနေကြလို့ ရှေ့ဆက်မတိုးသေးတာဆိုရင် သူ့ကို တွန်းအားပေးလိုက်တာနဲ့ လမ်းဆုံးရောက်သွားမှာပဲ၊ ဒယ်ဒီ အဲဒါကိုစိုးရိမ်လို့ တားဆီးနေတာ၊ ဒါကို မကြိုက်ပါဘူးဆိုမှ ဒါတွေပဲ လုပ်..၊ ဒီထဲက မထွက်နိုင်..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး...၊ အဲဒါ လုံးဝ မဖြစ်စေရပါဘူး၊ ကောင်း ရဲ့သားမှာ ညွှန်း ရှိနေပါတယ်၊ သူ ပြောင်းလဲတာ,မပြောင်းလဲတာ အားလုံး ညွှန်း မပြတ် အကဲခတ်နေမှာပါ၊ ဦး စိုးရိမ်တာတွေ ဖြစ်သွားတဲ့အထိ မဆိုးရွား စေရပါဘူးဆိုတာ ယုံပါ.."

ညွှန်း မျက်နှာလေးကိုကြည့်ပြီး ဦးအောင်ကောင်း စကားလုံးတွေ ရှားပါးနေသည်။ ကျောင်းကတစ်ဖက်၊ သားက တစ်မျိုးဆိုးနှင့် ညွှန်း ဘယ်လောက် ပင်ပန်းရှာသလဲဆိုတာ သူ သိနေလို့ ခက်သည်။

ဒီကြားထဲကနေ ကောင်း မျက်နှာပျက်နေတာကို မကြည့်ရက်ဘဲ အာမတွေခံနေသေးသည်။ ကောင်း ရဲ့ဆိုးခြင်းကောင်းခြင်းမှာ ကောင်း တာမရှိခဲ့ဘဲ ဆိုးသမျှကို ခံနေရတာ သူတို့သားအဖတင်မကတော့ပါ..။

ညွှန်းတို့သားအမိပါ အဆစ်ပါနေခဲ့ပြီဖြစ်၏။ သန့် ဘယ်ရောက် နေနေ နီးနီးကပ်ကပ် ရှိနေနိုင်ဖို့ သူ ကြိုးစားခဲ့တာက ညွှန်း ရောက်လေ ရာနောက်လိုက်ပြီး ကောင်း ကြိုက်သလို မိုလ်ကျဖို့ဖြစ်နေသည်။

ဒီလောက်တော်ကောင် ရှိလှတာဆိုပြီး 'ညွှန်း ကိုပဲ မင်းယူရမယ်' လို့ တစ်ချက်လွှတ်အမိန့်နှင့် လက်ထပ်ပေးလိုက်ချင်သည်။

ဒီလိုလုပ်ဖို့ မဖြစ်နိုင်သော အဆိုးရွားဆုံးအကြောင်းက ကိုယ့်သား ကပဲ ခါးခါးသီးသီး ထဖြစ်မှာ သေချာနေခြင်းပင်..။

သန့် တို့ကိုလည်း သူ ဒီလို ဖွင့်ဟ မတောင်းဆိုရဲပေ။ ညွှန်း က ဆရာဝန်လောင်းတစ်ယောက်..၊ ပြီးတော့ ရိုးသားအေးချမ်းသူလေးဖြစ် သည်။ ကိုယ့်သားလိုကောင်အတွက် သမီးတောင်းဖို့က ဘယ်လိုမှမဖြစ် နိုင်..။ ဦးအောင်ကောင်း ပြောချင်တာတွေရော..၊ မပြောနိုင်တာတွေရော ပေါင်းကာ သမီးနှင့် ညွှန်း ကိုကြည့်နေမိပြီး ဘာမှလည်း မပြောဖြစ်ခဲ့ ပေ..။ မနာခံတတ်တဲ့သားမျိုးကို မွေးမိတဲ့ ဒုက္ခပါလား..။





## အခန်း [၅]

"ကောင်း နော်..၊ ငါ တော်ပြီလို့ဆိုနေ..."

"မရဘူး၊ လာဆိုလာ..."

"ဟင့်အင်း... ဟင့်အင်း..၊ အဲဒါတွေ ငါ ဝါသနာမပါဘူး"

ဆွဲတဲ့လူက တရွတ်တိုက်မတတ် ဆွဲခေါ်သည်။ ရုန်းတဲ့လူက လည်း ခြေကန်ရုန်းနေတာ ခါးကုန်းနေတဲ့အထိ..။

"အို... မောင်လေး..၊ ဖွတ်မလုပ်နဲ့လေ..၊ ဘာဖြစ်နေကြတာလဲ"

မေမြတ် အပြေးတစ်ပိုင်းဝင်လာတော့ ကောင်း ရဲ့အိပ်ခန်းထဲကို ရောက်နေပြီး...

ညွှန်း က လက်ကို အတင်းရုန်းနေရင်း မေမြတ် ကို ငိုမဲ့မဲ့လေး လှည့်ကြည့်ကာ...

"မမ... မမ လုပ်ပါဦး၊ ညွှန်း ကို မိတ်ကပ်တွေ အတင်းလိမ်းခိုင်း နေတယ်၊ ဒီမှာ ပြင်ထားပြီးသားကို..."

"ဟင်!..."

"ဘာပြင်လာတာလဲ..၊ နှုတ်ခမ်းနီတွေ ထူပျစ်ပျစ်ကြီးဆိုးပြီး မျက်ခုံးမွေးတွေဆွဲလာတာ သရဲက ပြန်လန့်ပြေးဦးမယ်၊ လာ... ပြင်ပေးမယ်.."

"မောင်လေး..."



www.burmeseclassic.com

www.burmeseclassic.com



မေမြတ် က ဘယ်သူ့ဘက်က လိုက်ပေးရမှန်းမသိဖြစ်ကာ ကောင်း ရဲ့ရေချိုးခန်းထဲထိ လိုက်ခဲ့မိပြီး...

"ခဏ နေပါဦး...၊ သူ ပြင်ထားတာ မမ ကြည့်ပါဦးမယ်"

ဘေစင်မှာ အတင်းဆွဲကပ်ပစ်ပြီးမှ ကောင်း က နည်းနည်း ပြန်လျှော့လိုက်၏။ မျက်ရည်တွေ ဝေ့နေသည့် ညွန်း မျက်နှာလေးကို မေမြတ် ကြည့်မိတော့ စိတ်မကောင်းဖြစ်ကာ သနားလည်း သနားမိပါ၏။

ညွန်း တကယ်ကို ဘာမှ မဖြီးလိမ်းတတ်တာဖြစ်သည်။ ပြောရမှာလည်း ကောင်း က စေတနာနှင့်ပေမယ့် သူ မလုပ်ချင်တာကို အနိုင်ကျင့်သလိုကြီးဖြစ်နေတော့ ဘက်လိုက်တယ်လို့ထင်သွားနိုင်၏။ ဒါပေမယ့်...

"ညီမလေးရယ်...၊ ဟို မွေးနေ့ပွဲသွားမှာဆိုတော့ လှလှလေး ပြင်ရမှာလေ..၊ ညီမလေးတို့ ဟိုရောက်သွားရင် မိုးချုပ်သွားပြီ၊ မီးရောင်အောက်မှာ မျက်နှာက တစ်မျိုးပြောင်းသွားမှာ..."

ညွန်း စိတ်ဝင်စားသွားတာကို ကြည့်ကာ မေမြတ် က ပြုံး၍...

"အဲဒါမျိုးမှာ ကိုယ့်သူငယ်ချင်းက ကျွမ်းကျင်တယ်လေ"

ကောင်း ကို မေးထိုးပြပြီး သေချာ ရှင်းပြရသည်။

"သူ့ကို လှအောင် ပြင်ခိုင်းလိုက်ပါ၊ မော်ဒယ်ကောင်မလေးတွေ၊ အမျိုးသမီးကြီးတွေ အများကြီးပဲ ရှိနေကြမှာဆိုတော့ သူများထက် မလှရင်တောင် ကိုယ်က ကျန်နေခဲ့လို့ ဘယ်ဖြစ်မလဲ"

ဒီပွဲက မွေးနေ့ပွဲလည်းဖြစ်ကာ မော်ဒယ်တွေချည်းပဲ အလှချင်းပြိုင်၊ အနိုင်ချကြမည့်အနေအထားလည်း ရှိ၏။ ထို့ပြင် ကောင်း ကိုဖိတ်ထားတာက မွေးနေ့ရှင်သာမက ထိုပွဲကို လာရောက်ကြမည့် မိန်းမလှလေးတွေအားလုံးလိုလိုပဲ ဖြစ်သည်။ ညွန်း ကိုယ့်မျက်နှာကို ပြန်စမ်းကြည့်ကာ...

"ညွန်း ပြင်ထားတာ လုံးဝ ကြည့်မကောင်းဘူးလားဟင်"

စိတ်မရှည်သည့် ကောင်း က ကျွတ်ခနဲ ဟိုဘက်လှည့်သွားကာ





မေမြတ် က ချစ်စနိုးမျက်ဝန်းများနှင့် ညွန်း ရဲ့ပါးလေးကို တို့ထိ၍...

"ကြည့်လို့တော့ ကောင်းပါတယ်၊ ဒါပေမယ့် ခုခေတ်မှာ အရမ်းရွေးအုနေအောင် မပြင်ကြတော့ဘူးလေ..၊ နှုတ်ခမ်းနီဆိုးတာလဲ ပညာသား လိုတယ်၊ ကဲပါ... ကောင်း ပြန်ပြင်ပေးမယ်ဆိုတာကို လက်ခံလိုက်ပါ၊ ပိုလှသွားအောင်လို့..နော်..၊ သွား..."

မေမြတ် စကားဆုံးသည်နှင့် ကောင်း က ညွန်း ဖြေမှာကို မစောင့်ဘဲ ဘေစင်ဘက်ကို မျက်နှာလှည့်သွားအောင် ဆွဲယူလိုက်ကာ မျက်နှာသစ်ဆပ်ပြာ ချပေး၏။

"လုပ်..၊ မြန်မြန်..."

"ဒါ ဘာလဲ..."

"ဟာ..."

မျက်နှာသစ်ဆပ်ပြာကို ဘယ်လိုညှစ်ရမှန်းမသိလောက်အောင် တုံးရလား။ ကောင်း နာရီတစ်ချက်မြှောက်ကြည့်ကာ ညွန်း ကို မျက်နှာသစ်ခြင်းကအစပြု၍ ညွှန်ကြားရတော့သည်။

ကိုယ်တိုင် လုပ်မပေးခဲ့ပေမယ့် ဟိုနေရာလေး ပုံနေလို့ ဆွဲပေးရ၊ ညှိတာတွေ ဝင်ဖျက်ရနှင့် သူ့လက်ချည်းပဲ ဖြစ်သွားခဲ့၏။

ပြင်ဆင်ထားပြီးသည့် သူ့မျက်နှာမှာ ချွေးပြန်ချင်လာတော့ ဒေါသအ အလိပ်လိုက်တက်လာသည်။

"မျက်နှာမှာ အမွေးတွေအမှင်တွေနဲ့ ဘယ်လိုလုပ်လုပ် လှမှာကို မဟုတ်ဘူး၊ တော်ပြီ..၊ သွားမယ်.."

ပြီးပြီဆိုတော့ မေမြတ် က ပြေးလာကြည့်သည်။

"ဟယ်... အရမ်းလှသွားတာပဲ၊ တော်ပြီပေါ့ မောင်လေးရယ်..၊ ကြည့်ပါဦး ချစ်စရာလေး..၊ မျက်ခုံးက လှပြီးသားကို ခုနက ညီမလေး ဆွဲလာတာ၊ အရမ်းထင်းပြီး ကြည့်မကောင်းဘူး၊ အခု လှသွားပြီ၊ ဝတ်ထားတာလေး နည်းနည်းရိုးနေတာတစ်ခုပဲ၊ နေဦး..."



www.burmeseclassic.com

www.burmeseclassic.com



မေမြတ် က ညွန်း ဝတ်ထားသည့် ဇေဒါရောင်ပျော့အိနေသော ပါဆက်ဝတ်စုံလေး၏ ဘယ်ဘက်ရင်အုံပေါ်မှာ အသည်းပုံ ရင်ထိုးလေး ထပ်ပေးလိုက်သည်။

"ဟွန်း..."

ကောင်း က မဲ့လိုက်ပြီး...

"မသိတဲ့လူက ရည်းစားကပေးထားတယ် ထင်ဦးမယ်၊ ဘယ်လိုမှ စွဲမယ့်ပုံမရှိတဲ့ရုပ်ကို..."

ဟုတ်သည်..၊ ဒီရင်ထိုးလေးက မေမြတ် နှင့်လက်ထပ်မယ့် ကိုထွတ် ပေးထားသော ဟိုးအရင် ချစ်သူဘဝက မွေးနေ့လက်ဆောင် လေး ဖြစ်သည်။ ညွန်း ကတော့ မသိပါ။ ရင်ထိုးလေးလှလို့ ကိုင်ကြည့် နေရင်း ကောင်း ပြောတာကို ဒေါသဖြစ်ရမှန်း သတိရသွားကာ...

"ရည်းစားက ပေးတယ်လို့ အထင်ခံရရင် ငါတောင် နစ်နာသေး တယ်၊ ရည်းစားထားတာ ဝဋ်ယူစရာလား"

"မရှိတဲ့လူတွေ ဒီလိုပဲ ပြောတတ်ကြတာပဲ"

ကားပေါ်ရောက်လာကြတဲ့အထိ ညွန်း ကလည်း မကျေနပ်၊ ကောင်း ကလည်း ပြောနေသမျှစကား တစ်ခွန်းမှအကောင်းမပါ။ ပြော လို့အားရမှ...

"နှုတ်ခမ်းက တစ်လံလောက် စူထွက်နေပြီ၊ နဂိုကမှ မလှရတဲ့ အထဲ..."

ညွန်း သူ့ဘက်ကို ဖျတ်ခနဲ လှည့်ကြည့်ကာ...

"ကောင်း.."

"ပြော..."

"နောက်ကို ပြင်ဆင်သွားရမယ့် နင့်ရဲ့လမ်းတွေ ငါ့ကို မခေါ်နဲ့.."

"ခေါ်တော့ ဘာဖြစ်လဲ..."

"နောက် မလိုက်ဘူး"





"အဟွန်း..."

ကောင်း က လှည့်ကြည့်ပြီး မဲ့လိုက်သည်။ ပြီးမှ ရှေ့ပြန်လှည့် ကာ...

"မရတာ သိရက်သားနဲ့၊ အပိုတွေ ပြောမနေနဲ့.."

"မရအောင် နင်ပဲ ဖွတ်လာ..၊ ဖွတ်ခေါ်..၊ ငါ နင့်အတွက်ချည်းပဲ လိုက်နေရပြီးတော့ တစ်ခွန်းမှလဲ အကောင်းပြောမခံရဘူး"

ပြောရင်း ငိုချလိုက်တော့မလိုလေး အသံတိမ်သွားတော့ ကောင်း လှည့်ကြည့်သည်။ အဖြူလိုလို ဇေဒါရောင်လေး လက်နေသည့် နှုတ်ခမ်းသားလေးတွေ စုလုံးသွားလိုက်၊ မဲ့ရွဲ့သွားလိုက်နှင့် ညွန်း မျက်နှာလေးက ကလေးဆန်ကာ သနားစဖွယ်လေး ဖြစ်နေ၏။

ပြောချင်တာ ပြောနေသမျှမှာ သူမ ဝမ်းနည်းရတဲ့အကြောင်းတွေပဲ ဆိုကာ ဝမ်းနည်းအောင် လုပ်နေခဲ့သည့်သူ့ကို ဒေါသထွက်တာ မပါ..။

"ငါ့ဘာသာငါ လွတ်လွတ်လပ်လပ် နေချင်တဲ့ဟာကို မပြင်တတ် ဘူးလဲ အပြစ်..၊ ရည်းစားမထားတော့လဲ ကဲ့ရဲ့..."

"အဲဒါ နင့်ကို လှစေချင်လို့ ပြောနေတာ"

"လှချင်လို့ ပြင်နေတော့ရော ငါ့အတွက် အလုပ်ရှုပ်တာပဲ ရှိတယ်၊ ဘာလုပ်ဖို့လဲ..၊ ငါလိုချင်တာ ရည်းစားမဟုတ်ဘူး၊ ဆရာဝန်ဖြစ်ဖို့..."

ကောင်း က ပြုံးလိုက်ပြီး ဘယ်တုန်းကမှ စကားကောင်း ပြော မှတ်ခဲ့သည့်ပါးစပ်က အလိုအလျောက်အတိုင်း..။

"လုပ်မနေပါနဲ့..၊ ပြင်လဲ လှမှာမှမဟုတ်တာ၊ ဖြေနိုင်အောင် ဖြေပေါ့"

"ကောင်း နော်..၊ ငါ့ကို ဒေါသထွက်အောင် မစနဲ့.."

"ဘာလဲ..၊ ရုပ်ရှင်တွေထဲကလို မခံချင်စိတ်နဲ့ ရည်းစားထားပြ မှာလား"

"ဟုတ်တယ်..၊ လုပ်တော့ လုပ်ပြချင်တာ၊ ဒေါသတွေ၊ မခံချင် စိတ်တွေက ဖြစ်လို့ကို မရလို့.."



www.burmeseclassic.com

www.burmeseclassic.com



"ခုထိ ဝန်မခံသေးဘူး၊ ဟား... ဟား..."

"ကောင်စုတ်..၊ ကဲ... ကဲ..."

ရှက်လည်း ရှက်လာကာ မျက်ရည်တွေလည်း လည်လာသည် ကောင်း လက်မောင်းကိုလည်း လှမ်းထုမိ၏။ ကောင်း ကဲ ကား လမ်းသေးမှာ အသာလေး ချရပ်လိုက်ကာ...

"ဘာလဲ.. ငိုတော့မလို့လား၊ မလုပ်နဲ့နော်..၊ အိုင်ရှိုဒိုးတွေ ပါလာပြီး မလှရတဲ့အထဲ သရဲရုပ်ပေါက်သွားဦးမယ်"

ပြောလိုက်ကာမှ တကယ် ငိုချလိုက်သဖြင့် ကောင်း ပျာပျာသ ဖြစ်သွား၏။

"ဟား!... ကွိုင်ပဲကွာ..၊ ဟိတ်... မငိုနဲ့လေ..၊ မကျနဲ့ မျက်ရည်တွေ၊ တကယ်... တကယ်... ဒီပွဲမပြီးမချင်း မကြိုက်တဲ့စကား လုံးဝ မပြောတော့ဘူးလို့ ကတိပေးတယ်၊ ဟိတ်..."

"သေလိုက်ပါလား၊ သွား..."

ကောင်း ရယ်လိုက်ပြီး ညွှန်း ဘက်ကို တိုး၍ လက်ထောက် လိုက်ကာ...

"တကယ်ပါ..၊ အတည်..၊ မစ,တော့ဘူး၊ မျက်ရည်တွေ သုတ်

သုတ်ဆိုပြီး ကားထဲမှာထားသည့် တစ်သျှူးကိုဆွဲပြီး သူပဲ သု ပေးလိုက်ရကာ...

"ငါက လှတာတွေကို လှသထက်လှအောင် ဖန်တီးတဲ့သူ..၊ နင် ငါ့ဆေးမှာ အမြဲရှိနေပြီး ခပ်တုံးတုံးပုံနဲ့ မပြင်မဆင်တာ စဉ်းစားကြည့်

စိတ်ဇကောင်းလေးဝင်နေတုန်း စကားကောင်းလေးတွေ ပြော တော့ ညွှန်း မျက်နှာလေး ချက်ချင်းကြည်လာသည်။

"ဟော့..."

ကောင်း က ညွှန်း မျက်နှာလေးကို မေးဖျားလေးကကိုင်ပြီး ပင့် လိုက်သည်။ ပြီးတော့ မျက်ဝန်းထောင့်မှာ စွန်းထင်းချင်နေသ





လာတချို့ကို တစ်သျှူးနှင့် သာသာလေး ဖျက်ပေးနေရင်း...

"ဆေးကုနေတဲ့ ဆေးဆရာကြီးရဲ့မိန်းမ ကိုယ်တိုင်ခြမ်းသေနေ တော့ လူတွေ ဘာပြောကြလဲ၊ နင် မကြားဖူးဘူးလား၊ ကိုယ့်မိန်းမကို အောင် ကောင်းအောင် မကုနိုင်ဘဲနဲ့ သူများကို ဆေးကုတယ်ဆိုပြီး ဘာနေတာတဲ့"

"ဘာဆိုင်လို့လဲ..၊ နင် အလှအပတွေ ကိုင်တွယ်နေတိုင်း ငါက လိုက်ပြင်စရာလား.."

"ပြင်ရမှာပေါ့..၊ ငါတို့က မင်းသားမင်းသမီးတွေ၊ မိတ်ကပ်ဆရာ တွေမှ မဟုတ်တာ၊ သူငယ်ချင်းလေ..၊ အသွင်တူမှ အိမ်သူဖြစ်.. မဟုတ် သေးပါဘူး..."

စကားမှားသွားတော့ နဖူးတစ်ချက်ကုတ်ကာ...

"ဓာတ်တူနှာမ်တူ ဆေးဖက်ယူ၊ အဲ...အဲဒါမျိုး ထင်တယ်၊ သူတော် ချင်း သတင်းလွှေ့လွှေ့၊ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး၊ ငါတို့နဲ့သက်ဆိုင်တဲ့ စကားပုံတွေဟာ အများကြီးပဲ၊ အဲဒီလိုပေါ့ သနာတူမှ ပေါင်းလို့ရတဲ့ ဥပမာတွေ..."

"မဆိုင်ဘူး..၊ မတူဘဲ ပေါင်းသင်းခင်မင်နေကြတာတွေ အများ ကြီး ရှိတယ်"

"ညွှန်း... နင် ဒါတော့ ငါ့ကို ဆရာကြီး မလုပ်နဲ့၊ အိမ်ထောင် က်တွေ စရိုက်မတူ၊ အသွင်မတူဘဲ ပေါင်းလို့ရချင်ရမယ်၊ သူငယ်ချင်း တော့ မရဘူး.."

"ရလို့ နင်နဲ့ငါ ခင်လာခဲ့ကြတာ ငယ်ငယ်ကတည်းက..."

ကောင်း က မျက်မှောင်ကြုတ်သွားပြီး စိုက်ကြည့်၏။ စကားပြော ရင်း မိုးချုပ်လာခြင်းကြောင့် မျက်နှာတွေမှာ မှောင်ရိပ်တို့ စွန်းထင်း လာပြီဖြစ်သည်။ ညွှန်း ရင်ဘတ်က ရင်ထိုးကလေး၏ တဖျပ်ဖျပ်လက် နေတာလည်း ထင်ရှားလာခဲ့ခြင်းရှိကာ...



www.burmeseclassic.com

www.burmeseclassic.com



"နင်သိတာတွေက စာအုပ်ထူကြီးထဲက ဆေးပညာတွေပါ ညွှန်း ရယ်..၊ ဖွတ်ငြင်းမနေစမ်းပါနဲ့၊ ဒီမှာ နင်နဲ့ငါ လက်တွဲလို့ရနေတာ နင်က မိန်းကလေးဖြစ်နေတဲ့ ကွာဟချက်ကြောင့် မဟုတ်ရင် စိတ်ဓာတ် ဝါသနာ မတူဘဲ လုံးဝ မဖြစ်နိုင်ဘူး"

ကောင်း တို့က ဒါ မှန်တယ်ထင်လျှင် ဘယ်သူ့ကိုမှ အရှုံးမပေး တတ်၊ ညွှန်း ပဲ ရှုံးနေကျပါ..။

"တော်ပြီ..၊ ဘာတွေပြောနေနေ ငါဘက်ပဲ လှည့်လာမှာ၊ သွား မယ်.. ကားပြန်မောင်း..."

"အခု တော်ပြီ၊ ဒါပေမယ့် ငါ ဒီလောက် အာပေါက်အောင်ပြောနေ ရတာ တန်မှုဖြစ်မယ်"

"ဘာ!..."

"မနက်ဖြန် ငါ လာခေါ်မယ်"

"ဟင်!..."

ညွှန်း ခေါင်းကြီးသွား၏။ လာခေါ်မယ်ဆိုတာ ဘာလုပ်ဖို့လဲ..၊ တစ်နေ့တစ်နေ့ ဘယ်သွားဖို့ ဘာအတွက် လှမ်းခေါ်မလဲ..၊ အိမ်ပေါ် ရောက်လာပြီး ဘယ်လိုပုံစံ ဆွဲချခေါ်မလဲနှင့် ပူနေရတာတောင် စား ကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ..။

ကြိုတင်သတိပေးလိုက်ပြီဆိုတော့ သေချာသည်။ ဒီည စိတ်ညစ် စွာ အိပ်စက်ရတော့မည်။ မွေးနေ့ဆိုတာကလည်း ဟိုတယ်ကြီးတွေမှာ မင်္ဂလာပွဲ ပြင်ထားတာထက်ပင် ခမ်းနားနေသေးသည်။ ခြံကျယ်သ လောက် စားပွဲတွေကို ခပ်ကျဲကျဲထားကာ စားပွဲတိုင်းမှာ ကျောက်ခတ် ပင်အုပ်လေးတွေ ရှိသည်။

ရောင်စုံမီးတွေ အလုံးသေးတွေရော၊ အလုံးကြီးတွေရော စည်း ချက်မှန်မှန် လှုပ်ရှားတောက်ပနေပုံကလဲ ကလေးသာဆို ဒါကိုပဲ ရပ်ငေး နေမိမှာ အမှန်ပင်..။





နာမည်ကြီးမော်ဒယ်တစ်ယောက်၏ပွဲမို့ လာသမျှ ယောကျ်ား မိန်းမတွေအားလုံး ဝတ်စားထားကြဟာတွေက တစ်ယောက်တစ်မျိုး ...သထက် လှကြ၏။ ထိုအခါ ညွှန်း လက်ခံသွားမိပါသည်။ ကောင်း ...အားမှာ နှုတ်ဆက်ကြတဲ့ မိန်းကလေးတွေ ဝိုင်းနေတော့ ကိုယ့်ကိုယ် ...ကိုယ်တောင် ငုံ့မကြည့်ဝံ့..။

ရိုးရိုးလည်ပိုင်း ရင်စေ့လက်ရှည်လေးကို ခါးကျလေးမို့ တော်သေး ...သည်။ မဟုတ်လျှင် သူမ ဘာပုံစံနှင့်ရောက်လာသလဲလို့ အမေးခံရနိုင် ...သည်။ ပြီးတော့ ပြောင်အိအိမျက်နှာလေးတွေမှာ မြင်ဆင်ထားမှန်း ...သာသလို ပြင်ထားတာနှင့် မတူအောင် လှလည်း လှနိုင်လွန်းသည်။

စားပွဲမှာ နေရာချထိုင်ပြီးကတည်းက ညွှန်း ငုတ်တုတ်ကနေ ...ဘဲ ငေးနေရသလို ကောင်း ကလည်း မျက်စိအောက် ရောက်လာ ...က်၊ ပျောက်သွားလိုက်..။

"လှပ်ပါ..၊ ကောင်း မှတ်ပုံရိုက်တော်တာ လျှိုထားပေမယ့် သိ ...ယ်၊ အားလုံးက ဓာတ်ပုံရိုက်မလို့ဘဲ စောင့်နေကြတာ၊ လာပါဆိုကွာ.."

"ရိုက်ပေးပါ ကောင်း ရယ်..၊ ဓာတ်ပုံ၊ ဗီဒီယိုတွေ ဘယ်သူ့ခေါ် ...ါ ရတယ်နော်၊ ယူ့ကိုပဲ မျှော်နေကြတာ သဘောပေါက်..."

မွေးနေ့ရှင်နှင့် မိန်းကလေး သုံးလေးယောက် ကောင်း လက်ထဲကို ...ယိုကင်မရာတစ်လုံး ထည့်ပေးသည်။ အမျိုးသမီးကြီးတွေ ရှိနေကြ ...မယ့် လူငယ်တွေ စုရုံးဆွဲလွဲနေကြတာကို သဘောကျသည့်အပြုံး ...နှင့်သာ ကြည့်နေကြ၏။

မိန်းကလေးတွေထဲမှာပဲ ကောင်း ရဲ့အရပ်အမြင့်က ထင်းနေ ...ည်။ ထို့ပြင် အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် ဘယ်လက်မှာ ...ရောင် လက်အိတ်လေးဝတ်ထားသေးသည်။ ကာလာ အရင့် ...မှာ အမျိုးမျိုးရှိနေတတ်သည့် ကောင်း ရဲ့ဆံပင်တွေကလည်း ...ို ...တည်းက ပါးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆံပင်ကို ဖြစ်သလို ထိုးသိမ်းလှန်ထားတာမျိုး ကျကျန ပုံသွင်းထားကာ ဒီပြင်နေရာတွေမှာ အားလုံးဖြောင့်ထား၏။

ကုတ်ထောက်တာထက် ပိုရှည်နေသည့်ဆံပင်ပုံနှင့် နွဲ့သလို ထ ရပေမယ့် အရပ်ကြီးမြင့်နေတော့ နွဲ့တာမဟုတ်..။

မျက်နှာမှာပြင်ထားတာမို့ မိန်းကလေးတွေ လှတာထက် ပို၍ ထ လွှင်သည်။ ဒါပေမယ့် မိန်းမလျာနှင့် တူရလောက်အောင်လည်း မဟု ပြန်..။ ကောင်း နှင့်ပတ်သက်သည့် သို့လောသို့လော မေးမြန်း ဝေဖန် ကွေက စိမ်းသက်သူတွေ့ရှေ့ ရောက်သွားတိုင်း ကြားရတာတ်သည်

"ဟိုကောင်လေးက မိန်းမလျာလေးလား"

"ဒီလောက် ကျားကျားလျားလျားကြီးကို ဟုတ်ပါ့မလား၊ ခုခေ ဒီဇိုင်နာတွေ ဆံပင်ပြင်ဆိုင်တွေမှာ ဒီလိုပဲ လုပ်ရဲကြတာ..."

"အေး..နော်..၊ မိန်းကလေးတွေ ခေါ်ရဲပြောရဲအောင် သူတို့ ဒီ နေတာ ဖြစ်မှာ..၊ ရှောက်သီးဆေးပြားရောင်းတဲ့လူတွေ ကြည့်ပါလ ပြန်ရောက်သွားရင် သားတွေ၊ မယားတွေနဲ့..."

ကြားရတာတွေက နားမချမ်းသာ..၊ အဲဒါ ကောင်း အနေအထ မတတ်တာ..။ စားသောက်နေရတာလည်း အရသာရှိတယ် မထင်ဖေ ပါ။ မျက်လုံးက ကောင်း ကိုချည်း လိုက်ရှာနေမိသည်။ နားတွေ သူများ ပြောသမျှ ကြားနေရ၏။

ဒါတောင် စားပွဲတွေက သိပ်နီးတာမဟုတ်၊ မျိုချနေတာတွေ ဘယ်လို အရသာခံနိုင်တော့မှာလဲ..။

ဒါတွေကြောင့် ဦး ဒေါ်သတွေ ဖြစ်နေရတာ၊ အလှကြိုက်လွန်း ကို လျှော့ပြီး ကျားကျားလျားလျား နေလိုက်ပါလား..။

"ညီမလေး ပျင်းနေပြီလား.."

"ရှင်!... ဩော်... မမ..."

မွေးနေ့ရှင်ရဲ့အစ်မ သိမ့်သက်ချို လို့ ရောက်စတုန်းက မိတ်ဆ





ထားပြီးပြီမို့ ညွှန်း ရယ်ပြလိုက်ရသည်။

"တစ်ယောက်တည်း ငေါင်နေရင် ဟိုမှာ ဒေတ်ပုံရိုက်နေကြတဲ့ နေရာ သွားကြည့်ပါလား"

ပြော၍ ညွှန်း အတွက် စေတနာအရင့်အမာနှင့် အနားမှာ ထိုင်ပေး ဖော်ရသည်။

"ရပါတယ် မမရယ်၊ သူငယ်ချင်းတွေဆိုတော့ အတူသွားလာနေ တျမို့သာ၊ ညွှန်း က သူ့လို ဝါသနာမပါဘူး"

"ဟယ်... ဟုတ်လား..၊ အဲဒါကြောင့် သူငယ်ချင်းဆိုပြီး ညီမလေး က မိတ်ဆက်ပေးတော့၊ ကောင်း နှင့်ညီမလေးကိုကြည့်ပြီး အံ့ဩနေ တာ"

စ,လာပါပြီ..၊ ကွဲပြားခြားနားရခြင်းအကြောင်းတွေ၊ ပြုံးနေသည့် ညွှန်း မျက်နှာလေး မသိမသာမဲ့၏။ မနေတတ်မထိုင်တတ်ဖြစ်တိုင်း၊ တစ်ခုခုကြောင့် စိတ်ရှုပ်လာတိုင်း မျက်မှန်ကို ပင့်နေကျမို့ ယောင်မှား ကိုင်မိသေးသည်။

ကောင်း ရဲ့အနိုင်ကျင့်မှုကြောင့် မျက်မှန်ပါပေမယ့် တပ်ခွင့်မရခဲ့။ လက်က နားထင်ပွတ်လိုက်၊ ပါးကုတ်လိုက်နှင့် စားပွဲပေါ် ပြန်ကျသည်။

"ညီမလေးနာမည်က ညွှန်း တဲ့လား.."

"ရည်ရွယ်ညွှန်း ပါ.."

"ချစ်စရာလေးပဲ..၊ ကောင်း ရဲ့နာမည်အပြည့်အစုံကရော..."

ဩော်... တစ်ကောင်းတည်း ကောင်းနေကြပြီး နာမည်မေးဖို့ကို ခုမှပဲ သတိရရှာပါလား..။

"သင့်တော်ကောင်း.."

"ဟုတ်တယ်..၊ အဲဒါကို မေ့နေတာ၊ ညီမလေး ပြောထားတယ်၊ နာမည်လေးကြောင့်ပဲ ညီမလေးက ကောင်း ကို လိုက်ရှာခဲ့တာ၊ တွေ့ တော့လဲ သူထွင်ပေးတဲ့ ဖက်ရှင်တွေကို ကြိုက်လှချည်ရဲ့ဖြစ်သွားတော့ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရယ်နေသေးသည်။

ထိုနေ့က ညနေ ငါးနာရီခွဲကတည်းက ညွှန်း အိမ်ကထွက်ခဲ့တာ ညရှစ်နာရီခွဲမှ ကောင်း ပြန်ပို့ပေးသည်။

မေမေ မျှော်နေမှာကိုသိကာ ကားပေါ်မှာ ညွှန်း ဖင်မကျဘဲဖြစ်နေခဲ့၏။ ကောင်း နှင့်ပတ်သက်တာတွေကို မေမေ ဘာမှမပြောပေမယ့် တစ်ခါတလေ တစ်ခုခုပြောချင်သည့်မျက်နှာမျိုး ဖြစ်သွားတတ်တာ ညွှန်း သိသည်။

နောက်တစ်ခုက ကောင်း ကို ယောကျ်ားလေးတစ်ယောက်ရယ်လို့ ခွဲခြားဆက်ဆံဖို့ မပြောချင်တာလည်း ဖြစ်နိုင်သည်။

"ကောင်း ရယ်..၊ ငါ ပါနေလဲ နင်က သပ်သပ်၊ ငါက တခြား ဖြစ်သွားကြတာပဲ၊ နောက်ကို နေရာတကာ မခေါ်ပါနဲ့..၊ ကိုယ့်ကိုယ်ကိုယ် နေရာတကာ ကန့်လန့်ကန့်လန့် ပါနေရသလိုပဲ၊ တစ်ယောက်တည်း ငုတ်တုတ်ကြီး..."

"ငါမှာလဲ နင့်ကို ပြန်ပြန်ကြည့်နေရတာနဲ့ အလုပ်ရှုပ်တာပဲ"

"အဲဒါကြောင့် ပြောတာ..၊ နောက်ဆို ကိုယ့်ပွဲတွေ ကိုယ့်ဘာသာ သွား..."

"ဘယ်သူ့သတ်မှတ်ချက်လဲ.."

"ဟင်!... နင်လဲ အလုပ်ရှုပ်..၊ ငါလဲ..."

"နောက် မရှုပ်အောင် နင့်လက်တစ်ဖက်ကို ချိုင်းကြားထဲ ညှပ်သွားမယ်"

သေပါလား..။





## အခန်း [၆]

အမြဲတွဲနေကြလွန်းတော့လည်း တတွဲတွဲနှင့် သူများ မျက်စိနောက်စရာ ဖြစ်လောက်သည်။

မတွေ့ဖြစ်၊ မတွဲဖြစ်ဘဲ ဖြစ်သွားကြတာကျတော့ ဘယ်အကြောင်းကြောင့်ဆိုတာ ခိုင်ခိုင်လုံလုံ မရှိခဲ့ပေ..။

တကယ်က ကောင်း ဘက်မှာ ဦးအောင်ကောင်း က သူ့နည်းသူ့ဟန်နှင့် တားသလို ခေါ်ရည်သန့် ကလည်း နှစ်သိမ့်စကား ပြောလာတော့ ညွှန်း စိတ်ထိခိုက်သွားခဲ့၏။

"မင်း ညွှန်း ဆီ သွားတာတွေ ဆင်ခြင်ရမယ်၊ မင်းကိုယ်မင်း ယောကျ်ားတစ်ယောက်လို့ သတ်မှတ်သေးရင်..၊ ပြီးတော့ ကိုယ့်အရည်အချင်းကို ရှက်တတ်ရင်..."

"ဒယ်ဒီ ဘာကိုပြောတာလဲ..'

"ညွှန်း က ဆေးကျောင်းသူ၊ မင်းအလုပ်က ဘာလဲ..."

အရောင်တလက်လက် ထွက်နေသည့် ကောင်း မျက်လုံးတွေကို စိုက်ကြည့်၍ ဦးအောင်ကောင်း က ဆက်ပြော၏။

"မင်းကြောင့် ညွှန်း တို့သားအမိမှာ အဘက်ဘက်က ထိခိုက်ဖို့ရှိတယ်၊ သူများကမပြောပေမယ့် ကိုယ်က အလိုက်သိရမယ်၊ ဒယ်ဒီ အဲဒီ လောက်ပြောရင် မင်း သဘောပေါက်.."



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ..၊ အနိတိကာ ကျွန်တော့်ကို သူ့အိမ်မှာ ဝင်ထွက်နေတာ မကြိုက်တဲ့ပုံ ပြလို့လား”

“ဟော့... ခုခေတ်ကလေးတွေတောင် အမြီးကောက်တယ်၊ သစ်ပင်တက်တယ်လို့ပြောလိုက်ရင် မျောက်မှန်း သိတယ်၊ ပုံချုရေးပြဖို့ မလိုဘူး၊ မင်းက ပုံစံတွေ..၊ စကားသံတွေနဲ့ပြမှ သိမှာလား...”

ဤသို့ ဆုံးမသောစကားတွေကို တစ်မျိုးအထင်ရောက်ကာ ကောင်း က သွားတာလာတာတွေကို သိသာစွာ ဖြတ်တောက်ပစ်၏။ ညွှန်း ကျတော့...

“ကောင်း ခရီးများသွားနေတာလား မသိဘူး၊ ပေါ်လဲ မလာဘူး”

“ဖုန်းလဲ မဆက်ဘူးလား...”

“ဆက်တယ်..၊ သူ့ ဖုန်းချိန်းလိုက်ပြီထင်တယ် မမေ၊ သူများက ပြန်ဖြေတယ်၊ သူက ဖုန်းတွေ နှစ်လုံးသုံးလုံးထားပြီး ခဏခဏ ပြောင်းနေတော့ သမီးလဲ ထပ်မဆက်တော့ဘူး”

“သမီးရယ် ကောင်း က ပြောင်းလဲသွားပြီလေ..၊ ဟိုတုန်းက ကောင်း မဟုတ်တော့ဘူး”

မမေက သွေးထိုးစကား ပြောချင်တာမဟုတ်မှန်း ညွှန်း သိသည်။

ကောင်း က သုံးလွှာ တစ်လုံးလုံးယူပြီး ဖက်ရှင်ဖန်စီပစ္စည်းတွေနှင့် ဆူ့လက်ရာတွေချည်းတင်တဲ့ ရှိုးရှမ်းမြေညီထပ်မှာထားကာ ဒုတိယထပ်မှာ ဓာတ်ပုံနှင့် ဖက်ရှင်၊ စတူဒီယို၊ အပေါ်ဆုံးထပ်မှာ သင်တန်းခန်းမ..။

‘Kaung Fashion’ ဆိုတာ စဖွင့်လိုက်ကတည်းက နာမည်ကျော်လုပ်ငန်းတစ်ခု ဖြစ်သွားခဲ့၏။

ပြီးတော့ မောင်ဖြစ်သူအတွက် အင်တိုက်အားတိုက် ကြိုးစားပေးခဲ့တာ မေမြတ်ကောင်း..။





ကြော်ငြာအတွက်ကျတော့ မော်ဒယ်လေးတွေနှင့် ဝေဝေဆာဆာ ဖြစ်အောင် မေမြတ် က သေချာစီစဉ်သည်။

ဒီတုန်းကလည်း ကောင်း ရဲ့ဘေးမှာ အမြဲတမ်းပါနေခဲ့ပေမယ့် ညွှန်း ဘာမှတော့ အကြံကောင်းဉာဏ်ကောင်း မပေးနိုင်ခဲ့ပါ..။

ဒီလိုလုပ်ငန်းတွေကို မကျွမ်းကျင်သလို ညွှန်း ကိုယ်တိုင် အလှအပ ပြင်ဆင်တာတွေမှာ စိတ်ဝင်တစား မရှိခဲ့ခြင်းသည် ကောင်း နှင့် မသိမသာ ခြားနားသွားစေခြင်းဖြစ်၏။

ဟိုတုန်းက ငတုံးမ၊ လှလည်း မလှဘူး၊ ဘယ်လိုပြောပြော နေတတ်ခဲ့ပေမယ့် ကောင်း ဘေးမှာ မြင်ကွင်းကျယ်လာတော့ ညွှန်း အားငယ်မိသလိုလို..၊ ရှက်သလိုလို..။

ခုတော့လည်း သူ့အလိုလို ကွဲပြားခြားနားသွားခဲ့ပြီပဲ..။ စိတ်တွေပျံ့လွင့်ကာ ကားပေါ်မှာထိုင်လာခဲ့ပြီး ငုတ်တုတ်မေ့နေသည်။

မမေကလည်း အလုပ်ကိစ္စမှလွဲ၍ အပြင်ကို သိပ်မထွက်။ ညွှန်း ကလည်း ကောင်း နှင့်ချည်းပဲ ထွက်ဖြစ်နေတာမို့ အိမ်ကကား ဖုန်တက်နေတာ ကြာပါပြီ..။

ခုတော့ ဒရိုင်ဘာတစ်ယောက် ပြေးပြေးလွှားလွှားရှာကာ ဒီကားလေးပေါ် ညွှန်း ပြန်ရောက်ခဲ့၏။

ပြောင်းလဲခြင်းဆိုတာ ဒါပဲလား..။

“ညွှန်း...”

“ဟင်!...”

ကြယ်စင်လင်း ကလည်း သူ့မလိုပဲ မျက်မှန်လေးနှင့် ဖြစ်သည်။ ကျောင်းမှာ ညွှန်း အတွက် စွဲမြဲတဲ့သူငယ်ချင်းဆိုတာ မရှိသလောက်ပင်..။

ကောင်း နှင့်ပဲ သွားလာနေရတာများကာ ကျောင်းချိန်နီးမှ ကျောင်းလိုက်ပို့တာမို့ သူငယ်ချင်းနှင့် အေးဆေးတွေ့ချိန်လည်း မရှိ..။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင် ကတော့ ညွန်း နှင့်တွေ့ချိန်မရှိလည်း သူမမှာ တခြား သူငယ်ချင်းမရှိတော့ ညွန်း ကို မြင်တာနှင့် ပြေးလာခေါ်တတ်သူ..။

"နင်နဲ့ ကောင်း တို့ မတည့်ကြဘူးလား"

"ဘာဖြစ်လို့လဲ.."

"စောစောက ကောင်း ကို မြင်လိုက်တယ်"

"ဟုတ်လား.."

လို့မေးပြီး ညွန်း မျက်လုံးတွေ ဟိုရောက်ဒီရောက် ဖြစ်သွား၏။

"ငါက နင် ရောက်နေပြီမှတ်လို့..၊ ဟိုအပတ် ဘယ်နေ့ပါလိမ့်.. မန်းဆေး ထင်တယ်၊ တစ်ခါ ကောင်းကို မြင်လိုက်သေးတယ်၊ နင့်ကို မြင်လိုက်တော့ ကောင်း နဲ့ သပ်သပ်စီ၊ ဒါပေမယ့် ငါ သတိမထားမိဘူး၊ အဲဒါကြောင့် ခုမှ မေးတာ..."

"ငါတို့ ဘယ်တုန်းက ရန်ဖြစ်ဖူးလို့လဲ ကြယ်စင် ရယ်.."

"ဒါဆို ဘာဖြစ်လို့ အတူမလာကြတော့တာလဲ"

"ကောင်း က အလုပ်နဲ့အကိုင်နဲ့ ဖြစ်သွားပြီလေ..၊ သူ ဘယ်အား တော့မလဲ၊ ငါလဲ ဖိုင်နယ်ရောက်ပြီဆိုတော့ ကြိုးစားရဦးမှာ၊ ကောင်း နဲ့အတူ ဘယ်သူပါတာတွေ့လဲ.."

"အတူတူတော့ မတွေ့ပါဘူး၊ ဒါပေမယ့် မေမီမျိုးမြင့် တို့နဲ့တော့ စကားပြောနေတာ တွေ့တယ်၊ သူတို့က ကောင်း ဆီကို သွားပြောတာ ဖြစ်မှာပါ၊ ကောင်း က အထဲဝင်လာတာ မဟုတ်ဘူးဟ၊ ကားနားမှာပဲ.."

ပြောနေရင်း ကြယ်စင့် မျက်နှာ မဲ့သွားကာ...

"တကယ်ပါဟယ်..၊ ကျောင်းကို ကောင်း ရောက်လာတိုင်း မင်းသား လာတာ ကျနေတာပဲ၊ သူများထက် မေမီမျိုးမြင့် ပဲ ပိုလွန်းတာ၊ ဟိုနေ့ ကလဲ ငါ စာဖတ်နေတဲ့နားမှာ လာထိုင်ပြီး နားညည်းအောင် ပြောနေ လို့၊ ငါ ပြောပစ်လိုက်တယ်"

"ဘာပြောလို့လဲ..."





"ကောင်း ကိုတွေ့ပြီးကတည်းက ကိုရီးယားကားတွေကို မကြည့် ...ဘူး၊ အပြီး စွန့်လွှတ်လိုက်ပြီတဲ့.."

ညွန်း ပြုံးလိုက်မိသည်။

ကောင်း ရဲ့ဖေဖေ ဦးအောင်ကောင်း နှင့် တချို့တွေက ကောင်း ...ဟိုလိုဒီလိုပြောကြပေမယ့် မိန်းကလေးအများ စုကတော့ ကောင်း ...မြင်တာနှင့် အရူးအမူးဖြစ်သွားတတ်တာပါပဲ..။

"ငါလဲ အမြင်ကတ်ကတ်နဲ့ ပြောပေးလိုက်တယ်၊ ဟုတ်တယ်..၊ ...ောင်း က အခြောက်ရုပ်ပေါက်နေတာ၊ ကိုရီးယားမင်းသားတွေ ...တိုင်းပဲလို့..."

ညွန်း မရယ်နိုင်..၊ ကြယ်စင် ကတော့ စိတ်ထဲရှိတဲ့အတိုင်း ပြော ...တာဖြစ်ကာ ကောင်း ကို တမင်ပြောချင်တာမျိုး မဟုတ်ပါ..။

"သူတို့ ဇွေ့ဇွေ့ခုန်သွားလို့ ထပ်ပြောလိုက်သေးတယ်၊ မိတ်ကပ် ...နှစ်လက်မလောက် ထုတက်အောင်လိမ်းပြီး မင်းသားမှန်း မသိ၊ ...င်းသမီးမှန်းမသိ ထွက်လာလိုက်ရင် ကြည့်ပါလား"

"ကြယ်စင် ရယ်..၊ နင့်ကို ဘာမှပြောမသွားဘူးလား"

"ပြောသွားတယ်..၊ အဲဒါကြောင့် နင့်မှာ ခေါ်မယ့်လူ မရှိ၊ ပေါင်း ...ယ့်လူမရှိ ဖြစ်နေတာတဲ့၊ အဲဒီစကားမျိုး နင့်ရဲ့ ညွန်း ကို သွားပြော ...တ်ပါလား ပါးရိုက်သွားလိမ့်မယ်တဲ့၊ တကယ်တော့ သူတို့က ရိုက် ...င်တာ နေမှာပါ"

ကြယ်စင် ပြောတာ နားထောင်ပြီး ညွန်း ပြုံးလိုက်မိသည်။

"ဘယ့်နှယ်.. ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ချော ...လှလှလေး မြင်လိုက်တာနဲ့ ကိုရီးယားမင်းသားလေးကျနေတာပဲ၊ ...ရီးယားမင်းသမီးလေးလိုပဲနဲ့ လွန်တယ်၊ ဘာဖြစ်ဖြစ် တော်ရုံပေါ့နော်"

ညွန်း ကိုလည်း စကားထောက်ဖို့ ကမ်းလှမ်းသေးသည်။

နှစ်ယောက် အတူလျှောက်လာကြရင်း ကော်ရစ်ဒါမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်ကြသည်။

“စောပါသေးတယ်၊ ငါတို့ မုန့်သွားစားရအောင်”

“သွားလေ...”

ကြယ်စင် က ဦးဆောင်ပြီး နောက်ပြန်လှည့်သည်။ ထိုစဉ် ဘယ်ကထွက်လာသည့်အသံမှန်း ရုတ်တရက် မသိခင်...

“အဲဒါ သင့်တော်ကောင်း ရဲ့တစ်ယောက်မို့လား”

“သင့်တော်ကောင်း ရဲ့တစ်ယောက် မဟုတ်ပါဘူး၊ ဆွေမျိုးလ ဘာလား တစ်ခုခုပါ၊ သင့်တော်ကောင်း က မေမီ နဲ့ ငြိနေပြီ”

“ဟုတ်လို့လား”

“ဟုတ်တယ်..၊ မေမီ့ အဖေနဲ့လဲ လူကြီးချင်း ရင်းနှီးကြတယ်တဲ့”

ကြယ်စင် လှည့်ကြည့်မယ်လုပ်တော့ ညွန်း က လက်ကို ဖိဆွဲထ လိုက်ကာ...

“နေစမ်းပါ ကြယ်စင် ရယ်..၊ ဘာလုပ်ဖို့လဲ...”

“ဘယ်သူတွေလဲလို့ပေါ့..၊ ပြောနေလိုက်ထာ သူများအကြောင်းကို တိုးတိုးသက်သာလဲ မဟုတ်ဘူး”

“ပြောပါစေ..၊ ဇိုယ့်အတွက် နစ်နာစရာစကားမှ မဟုတ်တာ”

ကြယ်စင် က လှည့်မကြည့်လိုက်ရတာကို သိပ်ဘဝင်ကျပုံမရ

“အဲဒါ ဟုတ်လား..၊ မေမီ့ အဖေနဲ့ ကောင်း အဖေနဲ့ ခင်တယ်ဆို တာ...”

“မသိဘူး”

“နင့်အမေနဲ့လဲ သူငယ်ချင်းတွေဆို...”

“သြော်... သူငယ်ချင်းထားတာပဲ ငါ့အမေတစ်ယောက်ပဲ ထား တာ ဟုတ်ပါ့မလား၊ မေမီ တို့ကလဲ ကျောက်ကုန်သည်မျိုးရိုးဆိုတော့ လုပ်ငန်းမိတ်ဆွေတွေနေမှာပေါ့”

ဒါကို ညွန်း မသိခဲ့ပေ။





မေမီမျိုးမြင့် တို့နှင့် မရင်းနှီးပေမယ့် ခေါ်ခေါ်ပြောပြော ရှိပါသည်။ တွေတော့ မပြောဖြစ်ပါ..။

ကောင်း ကို သူမတို့ အရောတဝင် ဆက်ဆံကြတာတောင် င်း နှင့် အရင်းနှီးဆုံးဖြစ်သည့် ညွန်း ကို ကောင်း နှင့်ပတ်သက်တာ ထိ ဘာမှမမေးဘူး၊ မပြောဘူးခဲ့..။

သူမတို့လည်း ကိုယ့်လိုပဲ ရင်းနှီးနေကြတာကို ညွန်း မသိခဲ့တာ ထိ..။

ပြောင်းလဲခဲ့တာတွေ အများကြီးပါလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၅]

"ပြောင်းလဲစရာလား ညွန်း ရယ်..၊ ဒယ်ဒီ ဆူထားလို့ပါ၊ ငြီးတော
အလုပ်တွေ အရှမ်းရှုပ်လာတာတော့ အမှန်ပဲ၊ သူ့မှာ သင်တန်းအတွ
ရော ဆိုင်အတွက်ရော ဝန်ထမ်းတွေ ထပ်ဖြည့်နေရတယ်၊ ခေတ်ပုံ
တော့လဲ သူပါမှ၊ သူရိုက်မှ ကြိုက်တာတွေ၊ ညီမလေးရဲ့ ကောင်း
အခု တကယ့်လုပ်ငန်းရှင်ကြီး ဖြစ်နေပြီ၊ သိလား..."

မေမြတ် ရောက်လာတာက သူမ လက်ထပ်တော့မည့် သတ
ကောင်းပါးရင်းနှင့် ဖြစ်သည်။ ကောင်း အတွက် လုံးပန်းနေရတာရော
မင်္ဂလာကိစ္စကို ဟိုကြောင့်ဒီကြောင့် အတွေးတွေများတာရော.. ရ
လက်ထပ်ဖို့အတွက် ပြန်စ,ရတာဟု ဆိုသည်။

"ဒယ်ဒီလဲ ဆူတာပြောတာတွေ သိပ်မရှိတော့ဘူး၊ ကောင်း ရဲ
အလုပ်ထဲမှာ စိန်ထည်ပစ္စည်းတွေ ထည့်ထားတာပဲ မနည်းဘူး၊ သူမျှ
လို အတုတွေမသုံးတော့ ကောင်း ရဲ့ဖက်ရှင်က ပိုကြွတာပေါ့၊ ရတ
အကျိုးအမြတ်ချင်းလဲ မတူဘူးလေ၊ ခု ဘာပြောလဲ သိလား..၊ ဒယ်
ပစ္စည်းတွေ မကြာခင် ပြန်ပေးမယ်တဲ့"

ကြားနေရတာ ဝမ်းသာစရာတွေပါ။ ဒါပေမယ့် ညွန်း ဘာကို
ကြေကွဲနေမိမှန်း မသိ..။





မေမေကတော့ ပြုံးရင်း ခေါင်းတညိတ်ညိတ် ရှိနေသည်။

"ဒယ်ဒီနဲ့ သမီး ခုတစ်လော မရောက်ဖြစ်တာလဲ တစ်မျိုးမထင်နဲ့
အန်တီ..၊ ဒယ်ဒီက သူလာရင် ကောင်း လိုက်လာမှာစိုးလို့တဲ့၊
လေးရဲ့ပညာရေးအတွက် ကောင်း ကြောင့် အနှောင့်အယှက်ဖြစ်မှာ
ငဲ့တာပါ"

"ဒီလောက် ပြောစရာ မလိုပါဘူး သမီးရယ်..၊ ကောင်း လာနေလဲ
တီ မငြိုငြင်ဘူး၊ မလာဘဲနေတာကိုလဲ နားလည်တယ်၊ သမီးလဲ
ပိုင်နယ်ဆိုတော့ အရေးကြီးနေပြီလေ..၊ ဘာပဲဖြစ်ဖြစ် သံယောဇဉ်
ဘာ ခုတ်ဖြတ်လို့ရတာမျိုးမှ မဟုတ်တာ၊ သူတို့ အနေဝေးနေကြတာ
ပြန်တွေ့ကြရင် အရင်လို တွယ်တာနေကြမှာပါ"

မေမြတ် က ညွန်း လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ပြီး မျက်နှာ
ကို ကြည့်၏။

"ညီမလေးက ဒီပုံစံလေးအတိုင်းပဲနော်..၊ မောင်လေးကတော့
ပ်အတွက် ပြေးရင်းလွှားရင်းနဲ့ နည်းနည်း ပြောင်းလဲသွားသလိုပဲ"

"ဒါပေါ့ သမီးရယ်..၊ အခြေအနေ အချိန်အခါဆိုတာ ရှိတယ်လေ"

"ဒါပေမယ့် သူ တအားရင်းနှီး ရောနှောနေပြီး ဘယ်မိန်းကလေး
လဲ စိတ်ဝင်စားတဲ့ပုံ မပြဘူး အန်တီရဲ့..၊ သမီး အဲဒါကို စိုးရိမ်နေ
၊ ဒယ်ဒီကလဲ မိန်းမပေးစားပစ်ဖို့ပဲ ပြောနေလို့ သမီးက တားနေရ
ယ်၊ ဘယ်လိုပြောပြော သူလဲ အနုပညာရှင်တစ်ယောက်ပဲလေ၊ အိမ်
ောင်သည်ဖြစ်ပြီးမှ အောင်မြင်လာတာကတစ်မျိုး၊ ခုလိုမျိုးကျတော့
ိုင်း လွတ်လွတ်လပ်လပ်လေးကပဲ ကောင်းပါတယ်"

"ဒါနဲ့ သူ့အတွက် ချစ်သူရှိသွားစေချင်တယ်ဆို..."

ဒေါ်ရည်သန့် က မေးတော့ မေမြတ် က ပြုံးလိုက်ကာ...

"ဟုတ်တယ်..၊ သမီးကတော့ မောင်လေး ယောကျ်ားပီသသွား
ကို မြင်ရရင်လဲ ဝမ်းသာမှာပဲ..၊ ခုလို လွတ်လွတ်လပ်လပ်နဲ့ ောင်

www.burmeseclassic.com



မြင်နေတာကိုလဲ ကြည့်နူးတယ်၊ အခုက အချိုးမပြောင်းဘူးဆိုပေမယ့် အလုပ်နဲ့အကိုင်နဲ့ဆိုတော့ ဒယ်ဒီလဲ အရင်လောက် ဆူမနေရတော့ဘူး သမီးတို့ကလဲ ဒီတိုင်းပဲ ဖြစ်စေချင်တာ..၊ အလုပ်တစ်ခုကို ဖြစ်မြောက် အောင်လုပ်ဖို့ ကြိုးစားတတ်တဲ့စိတ်ဓာတ်လေ..၊ ဒါက နိုင်မာခြင်းပဲမို့လား

"ဟုတ်တာပေါ့..၊ အန်တီ အစကတည်းက တွက်မိပါတယ်၊ သာ က ကိုအောင် ပြောသလောက်ကြီး မဟုတ်နိုင်ဘူးဆိုတာ၊ ကြာရ ပြောင်းလဲသွားမှာပါ"

ကြားချင်တာ ကြားရပြီး မေမြတ် ပြုံးကြည့်နေ၏။ မလွှတ်တမ်း ကိုင်ထားသည့် ညွန်း လက်လေးကို ဖိလှုပ်လိုက်ရင်း...

"မမ စေ့စပ်ပွဲ အရင်လုပ်ဖြစ်မလား..၊ တစ်ခါတည်း လက်ထ ဖြစ်မလား မသိဘူး၊ ဘာဖြစ်ဖြစ် ညီမလေးရဲ့ အရေးကြီးရက်တွေ လွတ်အောင် တတ်နိုင်သမျှ ရွေးမှာ..၊ အဲဒီကျရင်တော့ မအားတာတွေ သူငယ်ချင်းနှစ်ယောက် မကြည်လင်တာတွေနဲ့ ဘာမှအကြောင်းမပြ လာရမှာနော်..."

ညွန်း က မျက်မှန်လေးပင့်ရယ်ရင်း မျက်နှာငုံ့သွား၏။ သူမဘ က ကောင်း အပေါ်မှာ မကြည်လင်ဘူးဆိုတာ ဘယ်တုန်းကမှ မဖြ ခဲ့ပါ..။

ကောင်း ဘာတွေလုပ်နေနေ၊ ဘယ်သူတွေနှင့် တွဲနေနေ အား ကို နားလည်သည်။ ရင်ထဲမှာရှိနေသည်က လွမ်းဆွတ်ခြင်းတစ်ခုသာ ပြီးတော့ အလုပ်ရှုပ်နေလို့၊ သတိမရလို့ ဘာကြောင့်ဖြစ်ဖြစ် ကိုယ့် စိတ်ဆိုးနေတာမျိုးဖြစ်မှာကိုတော့ ကြောက်သည်။

မေမြတ် ပြန်သွားတော့ ညွန်း မျက်နှာ မရွှင်လန်းတာကို အ ခတ်ပြီး ဒေါ်ရည်သန့် က အခန်းထဲထိဝင်လာကာ ညွန်း စာကြည့် ပြင်နေသည့်ဘေးမှာ-ထိုင်လိုက်၏။

"သမီးကရော ကောင်း ဆီ တစ်ခါမှ မသွားခဲ့ဘူးလား"





"ဟင်!... ဘာလဲ မေမေ.."

"သြော်.. ကောင်း က သူမလာနိုင်လဲ ဖုန်းဆက်ပြီး ဟိုခေါ်ဒီခေါ် နဲ့လေ၊ အဲဒါကိုမေးတာ..."

"ဟင့်အင်း၊ ကောင်း ကလဲ မခေါ်ဘူး.."

ညွန်း က သနားစဖွယ် ခေါင်းလေးခါပြကာ လွယ်အိတ်ထဲက ဆွဲထုတ်လိုက်သည့်စာအုပ်ကို စားပွဲပေါ်မချဘဲ အဓိပ္ပာယ်မဲ့ ငေးနေလျက်...

"ဒါပေမယ့် သူ စိတ်ဆိုးသွားအောင် သမီး ဘာမှမလုပ်ဘူး မေမေ၊ သူ ပြတ်တောက်သွားပုံက ရန်ဖြစ်ပြီး မခေါ်ဘဲနေသလိုပဲ၊ သမီး စိတ် ကောင်းဖြစ်နေတာ အဲဒါကြောင့်..."

"မေမေ သိတာပေါ့ သမီးရယ်..၊ မေမေ့သမီးမျက်နှာ ကြည့်လိုက် တာနဲ့ နားလည်တယ်၊ စိတ်ထဲမှာ မထားပါနဲ့၊ သမီးလဲ ဒီနှစ် ကြိုးစားရ မှာ၊ ကောင်း တကယ် အလုပ်ရှုပ်နေတာလဲ မေမြတ် ပြောသွားတာပဲ"

"မဟုတ်ဘူး မေမေ..၊ မမမေ ပြောသွားတဲ့ထဲမှာ သူငယ်ချင်းနှစ် ယောက် မကြည်လင်တာတွေနဲ့ အကြောင်းမပြရဘူးဆိုတာ ပါတယ်၊ ကောင်း တစ်ခုခုဖြစ်နေတာကို မမမေ သိပုံပဲ.."

"ဒီလို မဟုတ်လောက်ပါဘူး၊ သမီးတို့ မခေါ်မပြော ဖြစ်သွားကြ တာကို အကဲခတ်ပြောတာ ဖြစ်မှာပါ၊ ဒီမှာ သမီး..."

"ရှင်..."

ဒေါ်ရည်သန့် က ညွန်း မျက်နှာလေးကို တစ်ခုခု အလေးအနက် ပြောချင်သည့် အဓိပ္ပာယ်တွေနှင့် စိုက်ကြည့်၏။

"သမီးဖေဖေ ကျန်ရစ်ခဲ့တဲ့ စီးပွားရေးကို သမီးရဲ့ ဦးလေးဝမ်းကွဲ နှစ်ယောက်လက်ထဲ အပ်ထားပြီး သမီးလေးရဲ့နားမှာပဲ မေမေ မလစ် ဟင်းအောင် နေပေးခဲ့တယ်၊ အဲဒါက စီးပွားရေးနောက်ကိုလိုက်ရင်း သားသမီးရဲ့ စိတ်ဓာတ်စာရိတ္တ၊ အထိးကျန်ဆန်မှု၊ အားလုံးကို ဥပေက္ခာ ထားမိသလို မဖြစ်စေချင်လို့..."



www.burmeseclassic.com

www.burmeseclassic.com



"သမီး သိပါတယ် မေမေ.."

"အေး သိရမယ်၊ တကယ်ဆိုရင် ကောင်း နဲ့သမီး ဒီအသက် အရွယ်တွေထိ လူ သတိထားမိလောက်အောင် တွဲသွားရင်းနှီးနေတာ မေမေ မကြိုက်ဘူး"

အဲဒါလည်း သမီး သိပါတယ် လို့ စိတ်ထဲမှာပြောရင်း ညွှန်း မျက်လွှာချသည်။

"အခု မေမေ ပြောမှာက မေမေက မကြိုက်တာမဟုတ်ဘဲ သမီး ကိုယ်တိုင် မနှစ်သက်ဖွယ်တွေကို မြင်တတ်လာအောင် ကြည့်ဖို့ပဲ"

ညွှန်း နားမလည်..၊ ဒေါ်ရည်သန့် က စားပွဲပေါ်မှာ လက်နှစ်ဖက် စလုံးတင်လိုက်ပြီး လက်ဝါးချင်းထပ်ဆုပ်ထားကာ...

"ကောင်း နဲ့ပတ်သက်လာရင် သမီး စိတ်ညစ်ရမှာချည်းပဲ၊ ခု မဟုတ်ဘူး၊ နောက်ထပ်လာမယ့်အချိန်တွေတိုင်း..."

ပြောပြီး စိတ်မသက်သာသလို ဝင့်သက်ရှိုက်၏။

"သူ ပျော်ဝင်တဲ့နေရာမှာပဲ နေတော့မယ်ဆိုရင်လဲ နေပါစေ၊ သူ့နဲ့ သမီးက တခြားစီ၊ မေမေကတော့ ဒီတိုင်း အမြဲနေသွားမယ်ဆို ပိုကြိုက် တယ်"

ဒီတိုင်းဆိုတာ ဘာလဲ..၊ မခေါ်ကြဘဲနှင့်လား၊ သူငယ်ချင်းတွေ လိုပဲ အမြဲတမ်းလား..။

ညွှန်း နားမလည်သေးပေ။ သူမ နားလည်နေသည်က ဒီကာလ တွေမှာ သူမ စိတ်ညစ်နေ၏။





အခန်း | ၁ |

"အင်း..၊ လာခဲ့မယ်လေ.."

"... ... ... ..."

"သမီးကတော့ ကျောင်းသွားရတော့မှာ..."

"... ... ... ..."

"လာမှပဲ ပြောကြတာပေါ့"

စာကြည့်စားပွဲမှာ စာအုပ်တွေထည့်နေရင်း မေမေ ဖုန်းပြောနေတာ ကို ကြားနေရသည်။ ခဏကြာတော့ အခန်းထဲ ရောက်လာကာ...

"သမီး... မေမြတ် ရဲ့မင်္ဂလာကိစ္စအတွက် တိုင်ပင်စရာရှိလို့တဲ့၊ ကိုအောင် ဖုန်းဆက်တယ် သမီး"

"သွားလိုက်လေ မေမေ..၊ သမီး ကော်ဖီသောက်ဦးမှာ၊ အိမ်တံခါး …တ်ခဲ့မယ်၊ မေမေ သော့တစ်စုံယူသွားပေါ့"

"အေးပါ..၊ ကိုအောင် က သမီးကိုမေးနေလို့၊ သမီးရော လိုက်ချင် လားလို့ မေမေ မေးတာ..."

"မလိုက်ချင်ပါဘူး မေမေရယ်..၊ သမီးက ကျောင်းသွားရမယ့်ဟာ..."

လိုက်ချင်ပေမယ့် ကောင်း နှင့်မခေါ်ကြလို့ မျိုသိပ်နေရတာလား ဆိုသည့် မျက်လုံးနှင့်တော့ ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သမီးလေးမှာ ဒီလို အတိုက်အခံစိတ် မရှိတတ်တာ
တော့ သိပါသည်။

ဟိုရောက်သွားတော့ ဧည့်ခန်းမှာ လူစုံတက်စုံ မြင်လိုက်ရသဖြ
အံ့ဩသွားသည်။ အလုပ်များနေသည့် ကောင်း ကို အိမ်ရောက်မလာ
လဲ မမြင်ရ။ ဒီကိုရောက်တဲ့အခါတိုင်းလည်း မမြင်တာ ကြာပါပြီ..။

ဆွယ်တာလက်စက အနက်လည်ကပ်နှင့် ဘောင်းဘီအနက်
ဘေးစင်းတွေမှာ ပိုးသားလိုချည်ပြောင်အပွင့်ရိပ်တွေ ပါနေသည်။ ထို့ပြ
ထပ်ဝတ်ထားသည့် အပေါ်ထပ်အကျႌ ခါးတိုကလည်း ဘောင်းဘီနှ
ဆင်တူမို့ ဖွေးနေသည့် ကောင်း ပုံစံက လူကြီးတစ်ယောက် မျက်လုံး
ထဲမှာတောင် ချောတာသန့်တာတွေကို သတိထားမိရတဲ့အဖြစ်..။

"သား ဒီနေ့ ဆိုင်မသွားဘူးလား..."

"ခုပဲ သွားတော့မှာ..."

ပြောပြီး ထ,ရပ်လိုက်သဖြင့် ကိုယ့်အထက်မှာ မိုးသွားသည်
ကောင်း မျက်နှာကို ဒေါ်ရည်သန့် မော့ကြည့်လိုက်ရကာ...

"အလုပ်တွေ အဆင်ပြေရဲ့လား သား..."

"ဟုတ်ကဲ့"

ကောင်း မျက်နှာက တည်နေတာတော့ မဟုတ်ပေမယ့် ပြုံးရယ်
ခြင်း မရှိတာ သိသာနေ၏။ မေမြတ် က ဒေါ်ရည်သန့် ကို အားနာသည်
မျက်ဝန်းများနှင့်ကြည့်၍ ကပျာကယာ ထ,ရပ်ရင်း...

"အန်တီ လာ ထိုင်..၊ သမီး ကော်ဖီသွားဖျော်လိုက်မယ်"

"နေပါစေ သမီး..၊ နေပါစေ.. အန်တီက ကော်ဖီကို အချိန်တိုင်
သောက်လို့ မရဘူး"

ဒေါ်ရည်သန့် ထိုင်လိုက်တော့ မေမြတ် က အပြင်ထွက်သွားသည့်
ကောင်း ဘေးမှာပါသွားသည်။ မေမြတ် က အကြီးဆိုပေမယ့် ကောင်
က အရပ်ပိုမြင့်ကာ ချောတာကျတော့လည်း ကောင်း ကို မေမြတ်





မမီချင်..။

"သားနဲ့သမီးက ချစ်စရာလေးတွေနော်၊ မောင်နှမနှစ်ယောက်ဆို
တော့ အဖော်လဲ ရတယ်"

ဒေါ်ရည်သန့် မျက်လုံးတွေကို စိုက်ကြည့်ပြီး ဦးအောင်ကောင်း
က ပြုံးသည်။ ကြည်လင်သည့်အပြုံးတော့ မဟုတ်ပါ..။

"မင်းက အဖော်အလျော်ကို တမ်းတတဲ့စကားမျိုးတွေ ပြောလို့ပါ
လား၊ ဒါကြောင့် ဒီနေ့ ထူးထူးဆန်းဆန်း မိုးလင်းကတည်းက နေရောင်
သိပ်မမြင်ရဘဲ ဖြစ်နေတာ..."

ဒေါ်ရည်သန့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ နာကျင်မှုတွေ
စွန်းထင်းနေသည့် ဦးအောင်ကောင်း ၏အပြုံးကို မြင်ရကာ...

"သန့် ပြောတာက သန့် ရဲ့သမီးလေး မွေးချင်းမောင်နှမ မရှိခဲ့တာ
ကို သတိရလို့ပါ"

"ဟုတ်ပါတယ်..၊ မင်း အဖော်မမင်ဘူးဆိုတာ ကိုယ်သိပါတယ်၊
ပြောချင်တာက ဒီနေ့ ထူးဆန်းနေတာတွေကိုပါ"

ဦးအောင်ကောင်း က စကားရပ်ပြီး တစ်ယောက်တည်း မျက်
မှောင်ကြုတ်၍ ပြုံးလိုက်သေးသည်။ ပြီးမှ...

"သူ့အလုပ်အတွက် အမြဲတမ်း တက်ကြွနေခဲ့တဲ့သားက မနေ့
ကတည်းက မျက်နှာမကောင်းဘူးကွ၊ ဒီမနက်လဲ ခါတိုင်းထက်ပိုပြီး
အိပ်ရာထနောက်ကျတယ်၊ လက်ဖက်ရည်သောက် ဆင်းလာတော့ ဒီနေ့
ဆိုင်မသွားတော့ဘူးဆိုပြီး အိပ်ရာထဲ ပြန်ဝင်တယ်"

"နေမကောင်းလို့လားမှ မသိတာ ကိုအောင် ရယ်..၊ သူ ဒီလောက်
ခေါင်းရှုပ်မခံခဲ့ဘူးမို့လား၊ အလုပ်က အောင်မြင်လေ ဒီရက်ပိုင်းမှာ ပင်ပန်း
လေ ဖြစ်နေမှာပေါ့၊ ကလေးကို စကားကောင်းလေးဘာလေးလဲ ပြောပါ
ဦး၊ ကိုအောင့် ကြည့်ရတာ ကောင်း ကို အမြဲတမ်း ကြည့်ပြောနေသလိုပဲ"

"ဟောဗျာ!..."

www.burmeseclassic.com



ဦးအောင်ကောင်း အံ့ဩသလိုဖြစ်သွားပြီး အသံထွက်အောင် ရယ်သည်။

"လူငယ်ဆိုတာ မလိုက်နာချင်တာတွေ၊ ရှဲ့ချင်တာတွေ ဖြစ်တတ်တာပဲ၊ ကိုယ်ဖြစ်ချင်တာချည်းကြည့်လို့ မရဘူးလေ၊ ကောင်း ကို သန့် နားလည်ပါတယ်၊ သူ့ မဆိုးဘူး"

"ဒါဆို ကိုယ်က ဆိုးနေတာလား..."

"အဲဒီလို မပြောပါဘူး၊ ကိုအောင် တို့သားအဖကြားမှာလဲ သန့်က ကြားဝင်ပြောဆိုတာမျိုး မလုပ်ချင်ဘူး"

"လုပ်ပါ အန်တီရယ်..၊ အန်တီပြောမှပဲ အဆင်ပြေမှာပါ"

ကောင်း ထွက်သွားပြီး မေမြတ် ပြန်ဝင်လာတော့ စကားဝိုင်း၏ ပြောလက်စကို သူမက ဆွဲဆန့်၏။

"ဒယ်ဒီက ကောင်း ကို အမြဲတမ်း အထင်မကြီးနိုင်တဲ့ဝါဒနဲ့ပဲ လွှမ်းမိုးထားတာ၊ တစ်ခါတလေ သမီး ဒယ်ဒီကို မပြောရဲ မဆိုရဲနဲ့ ကောင်း ကိုသနားပြီး စိတ်ညစ်တဲ့အခါ အန်တီ့ကိုပဲ ပြေးခေါ်ချင်တော့တယ်၊ ဒယ်ဒီ့ကိုပြောနိုင်တာ အန်တီပဲ ရှိတာ.."

"အို!... သမီးကလဲ မဟုတ်တာ..."

ဒေါ်ရည်သန့် မျက်နှာပျက်သွားတာကိုကြည့်ပြီး ဦးအောင်ကောင်း ကတော့ မသိသလိုပင်..။

"ဟုတ်တယ်.. ဟုတ်တယ်...၊ သမီး အိမ်ထောင်ပြုပြီးတဲ့အခါ မောင်လေးနဲ့ဒယ်ဒီ ဘယ်လိုကျန်ခဲ့ကြမလဲလို့ တွေးမိရင်း ယောက်ျားယူချင်စိတ်တောင် ကုန်တယ်၊ ဒါပေမယ့် သမီးရှိနေလဲ မောင်လေးကိုပဲ ဖျောင်းဖျနှစ်သိမ့်နိုင်တာ၊ ဒယ်ဒီ့ကို ဘာမှမပြောရဲပါဘူး၊ အန်တီဆိုရင်တော့..."

"သမီး..."

မေမြတ် ဘာကိုစကားလမ်းခင်းပြီဆိုတာ သိလိုက်သဖြင့် ဒေါ်ရည်





သန့် ပျာပျာသလဲ တား၏။ ဦးအောင်ကောင်း က ပြုံးသည်။

ကောင်း က ဘာသိဘာသာနေပေမယ့် မေမြတ် ကတော့ သန့်နှင့်သူ့ကို သဘောတူတဲ့အကြောင်း သိသာအောင် အမူအရာတွေနှင့် ပြ..၊ စကားထဲမှာထည့်ပြော.. လုပ်ခဲ့တာ အရင်ကတည်းကဖြစ်သည်။

တစ်ခါကလည်း ကောင်း အကြောင်းပြောနေရင်း တည့်တည့်ကြည့်ပြီး မေးဖူးသည်။

"အန်တီနဲ့ ဒယ်ဒီတို့က သာမန်မိတ်ဆွေတွေမှ မဟုတ်တာ၊ ဘဝတူတွေလဲ ဖြစ်နေတဲ့ဟာ..၊ ဒယ်ဒီက ပွင့်လင်းလိုက်ပါလား"တဲ့။ သမီးကို မပြောဖြစ်ပေမယ့် ပွင့်လင်းခဲ့ပြီးသမျှမှာ ရှုံးနိမ့်ခဲ့ရတာတွေအတွက်တော့ နာကျင်စွာ ပြုံးမိခဲ့သည်။

လက်ထပ်ခွင့်မရခဲ့ပေမယ့် မြင်နေခင်နေရုံနှင့်ပဲ ကျေနပ်နေခဲ့တဲ့အထိ ချစ်နေခဲ့တဲ့သူ့ကို ဒီနေ့ထိ သူမဘက်က မီးစိမ်းပြမလာခဲ့ပါ..။

တစ်နှစ်ပြီးတစ်နှစ် တိုးသွားလေ 'အသက်တွေလဲ ကြီးနေပါပြီ' ဆိုသည့် အကြောင်းပြစကားနှင့် ပိုပြီး ငြင်းလို့ကောင်းလေ..။

သူ့မျက်လုံးထဲမှာတော့ ကြာလာလေ တည်ငြိမ်ရင့်ကျက်သည့် အလှနှင့် သန့် ပုံစံလေးက ဆွဲဆောင်မှုရှိနေလေ ဆံပင်တွေ တင်ပါးလောက်ထိ ရှည်သည်။ ကျောပြင်မှာ ကျစ်ဆံမြီးရှည်တစ်ချောင်းတည်း အမြဲတမ်း ကျစ်ချထားလျက် ဆံပင်တွေကို မျက်နှာတစ်ပြင်လုံးမှာ တစ်ပင်မှမကျအောင် အပြောင်သိမ်းထားတတ်၏။

ဆန်းဆန်းပြားပြားတွေ မလုပ်ဘဲနေတာကိုက လေးထောင့်ဆန်ဆန်မို့ ပြည့်သည့်မျက်နှာလေးကို ပိုပြီး ကျက်သရေရှိစေတာ ဖြစ်၏။

ထို့ပြင် အသက်ကြီးပြီလို့ ငြင်းနေပေမယ့် သူမရဲ့ ကိုယ်ခန္ဓာအချိုးအစားက တင်းပြည့်လှပနေဆဲ..။ တကယ်ပဲ အသက်အရွယ် အိုမင်းနေပါစေ အချစ်က မအိုမင်းဘူးဆိုတာ သူမ သိနေလျက်နှင့်..။

"သန့်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ကိုယ် ဘာတွေ စဉ်းစားနေလဲ သိလား"

ကိုယ်လည်း တွေးမိတာပဲ ဖြစ်၏။ ဦးအောင်ကောင်း စကားသံကြားမှ ကြည့်လိုက်တော့ မေမြတ် ဘယ်တုန်းက ထသွားသည်မသိ..။

"သမီး ရေသွားချိုးတယ်ထင်တယ်၊ တော်ကြာ နေမျိုးထွတ် လာခေါ်မယ်လို့ ဖုန်းဆက်ထားတယ်"

ဒေါ်ရည်သန့် မျက်လုံးကစားလိုက်တာကို ဦးအောင်ကောင်း က ဖြေပေးလိုက်ပြီး...

"သမီးက စ,ပေးလိုက်ပြီလေ..၊ ကျန်တာ ကိုယ်တို့ ဆွေးနွေးဖို့ပဲ ဆိုပြီး အသံမပေးဘဲ ထထွက်သွားတာ..."

"ဘာတွေပြောနေတာလဲ ကိုအောင်..၊ အသက်ကြီးမှ ကလေးတွေ အရှိအသေတန်အောင် မလုပ်ပါနဲ့.."

"ဒါ မဆိုင်ဘူး သန့်..၊ သားသမီးတွေ မိဘကို နားလည်လာတဲ့ အချိန်ကလဲ သူတို့ အိမ်ထောင်ပြုတော့မယ်ဆိုတဲ့အချိန်မျိုးပဲ၊ အဲဒီအခါကျမှ မိဘ အထီးကျန်ဆန်တော့မယ်၊ သူတို့ရဲ့ခွဲခွာခြင်းကြောင့် စိတ်ဆင်းရဲတော့မယ်ဆိုတဲ့ စာနာစိတ်တွေ ဝင်တတ်ကြတာ..."

"ကိုအောင် က ဒီလိုဖြစ်ချင်လို့ သမီးကို လက်ထပ်ပေးတာလား"

"မေးရက်တယ် သန့် ရယ်..."

ဦးအောင်ကောင်း မျက်နှာ တင်းတော့မလို မဲ့တော့မလို ဖြစ်သွား၏။

"ဒီလိုစိတ်ရှိရင် ဒီကောင်လေးနဲ့ လက်ထပ်ဖို့ ကိုယ် အစောကြီးကတည်းက ကြည်ဖြူပေးလိုက်မှာပေါ့၊ မိဘအသိုင်းအဝိုင်း၊ အရည်အချင်း ဘာမှပြောစရာမရှိတဲ့ ကလေးပါ၊ ဒါပေမယ့် သမီးဘဝမှာ အထီးကျန်ဆန်မှု မကင်းနိုင်ဘူးလို့ ကိုယ် ထင်တယ်၊ သင်္ဘောသားဖြစ်နေတဲ့အတွက် ကိုယ် စိတ်တိုင်းမကျဘူး၊ ပြန်တွေးကြည့်တော့ ကိုယ် စိတ်တိုင်းကျဖို့မှ မလိုတာ..၊ ဒါ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ မိဘက





ထောက်ပြပြီးပြီ၊ ကျေနပ်နိုင်တယ်ဆိုရင်တော့ သူတို့အပိုင်းပေါ့၊ မဟုတ်ဘူးလား..၊ ဒီမှာ သန့်..."

ဦးအောင်ကောင်း က ဆိုဖာပေါ်မှာ လက်တစ်ဖက်တင်၍ မှီထိုင်ရာကနေ ရှေ့ကိုငုံ့၍ ဒူးနှစ်ဖက်ပေါ်မှာ လက်တင်လိုက်ပြီး...

"မင်းကသာ 'အင်း'လို့ ခေါင်းညိတ်ရင် လူငယ်တစ်ယောက်လို မိုက်ရူးရဲလုပ်ပစ်ချင်တဲ့သတ္တိတွေ ကိုယ့်မှာ ရှိတယ်၊ နှချိန်ထိ..."

ဒေါ်ရည်သန့် မျက်နှာလေးညိုကာ စိတ်ညစ်နေတာလည်း သိသာလျက်...

"သန့် ကိုခေါ်တာ သမီးရဲ့မင်္ဂလာကိစ္စ ဆွေးနွေးချင်လို့ မဟုတ်ဘူးလား ကိုအောင်..၊ အဲဒါတွေ မပြောပါနဲ့"

"မင်း တုံ့ပြန်မှုဖြစ်တာပါ၊ ပြောခွင့်တော့ ပေးပါ"

"ဒါပေမယ့် မပြောပါနဲ့တော့..၊ ရှင် သန့် ဆီကို လာတဲ့အခါ၊ သန့် က ဒီကိုဝင်ထွက်တဲ့အခါ လိပ်ပြာသန့်ချင်တယ်၊ မဟုတ်ရင် နောက်ဆို သန့် ဘက်က ဆင်ခြင်ရလိမ့်မယ်ထင်တယ်"

ဦးအောင်ကောင်း ပါးစပ်ပိတ်ရှာသည်။ နံရံထောင့်ကွယ်တစ်ဖက်မှာ ရောက်လာသည့် မေမြတ် လည်း မသက်မသာ သက်ပြင်းလေး ချမိ၏။

ဒယ်ဒီ ဒီလောက်ထိ အရူးတစ်ပိုင်းဖြစ်အောင် ချစ်နေခဲ့တာတောင် ဥပေက္ခာထားနိုင်သည့်မိန်းမတစ်ယောက်အဖြစ် အထင်ကြီး လေးစားရမည်လား..၊ စိတ်ပျက်စရာကောင်းတာလား..။

ဒီနေ့ စိတ်ညစ်စရာတွေချည်းပါလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄]

ကော်ဖီသောက်ပြီးတော့လည်း အချိန်ရနေသေးတာမို့ အထဲဝင်လိုက် အပြင်ထွက်လိုက်နှင့် မည်မည်ရရလုပ်စရာမရှိဘဲ အချိန်ဖြုန်းနေမိသည်။ ကျောင်းကို စောစောရောက်မသွားချင်သည့်စိတ်နှင့် နာရီကိုကြည့်ပြီး ကားစောင့်ရမှာ..၊ ကျောင်းရောက်မှာကိုတွက်ကာ အချိန်ကိုက်မှ လွယ်အိတ်ကောက်လွယ်လိုက်သည်။

အပြင်ကို တစ်ချိန်တည်းမှာ တစ်လမ်းစီထွက်ဖို့ဖြစ်လာတိုင်း ညွန်း က ဘယ်တော့မှ အိမ်ကကားကို မယူပါ။ မေမေကလူကြီးမို့ ကားတိုးမစီးစေချင်၊ တက္ကစီနှင့်သွားတာ ပိုပြီးအန္တရာယ်များသည်ဟု အစွဲအလမ်းကြီးနေသည့် မေမေကလည်း တစ်ယောက်တည်းဆို တက္ကစီးမှာ မဟုတ်တာ သေချာနေတော့ သားအမိနှစ်ယောက်ကြားမှာ ကားက ဤသို့ ရပ်တည်ခဲ့သည်။

ညွန်း အိမ်တံခါးသော့ကိုဖြုတ်၍ ဒီဘက်လှည့်လိုက်လျှင် နက်မှောင်သော မာစီဒီးနှင့် ကောင်း က ရပ်နေ၏။ ကောင်း ရောက်လာတိုင်း ကားသံကြားရတယ်ဆိုတာ သိပ်မရှိခဲ့ပေ။ ခုလည်း ကားနားမှာ လက်ပိုက်ရပ်လျက် သူ အေးဆေးကြည့်နေကာမှ ညွန်း သူ့ကို မြင်သည်။

"ကောင်း..."

"ဟုတ်ပါတယ်..၊ ကောင်း ပါ၊ ထွက်လာခဲ့..."





ညွန်း ပျော်သွားသည်။ ဒါပေမယ့် ကောင်း တစ်နေရာကို ခေါ်မှာလားဟု တွေးမိကာ ပြုံးလိုက်ပြီးသည့်မျက်နှာလေး ချက်ချင်း ပြန်တည်သွားသည်။ နောက်ထပ် အော်လိုက်မှာစိုးလို့ အပြင် ကမန်းကတန်းထွက်၍ တံခါးသော့ခတ်လိုက်ကာ...

"ကောင်း...၊ နင်.. နင်... ငါ့ဆီကို လာတာလားဟင်.."

သော့ခတ်နေရင်း မေးချင်နေတာမို့ သော့ခတ်ပြီးတာနှင့် ဒီဘက်တန်းလှည့်လိုက်တော့ လှေကားထစ်တစ်ထစ်ကနေ ချော်ကျကာ နောက်နှစ်ထစ်ကို အော်တိုမစ်တစ် ခုန်လွှားပြီးသား ဖြစ်သွား၏။

"အား..."

ညွန်း ပစ်စလက်ခတ် ချော်သွားတာကိုမြင်ကာ ကောင်း က ဆီးဖမ်းလိုက်သဖြင့် ရင်ဘတ်ချင်းပစ်တိုက်သွားတာ အင့်ခနဲ။ နောက်ကကားသာ မနေလျှင် ညွန်း ကိုဖက်လျက်နှင့် ကောင်း နောက်ပြန်လဲမှာ သေချာသည်။

"အား...၊ ခြေထောက်နာသွားပြီ"

"ကောင်းတယ်..၊ ဘာဖြစ်တာလဲ၊ ငါ့ကိုမြင်လိုက်တာနဲ့ လန့်ဖျပ်သွားတာလား.."

"နင်ကလဲ..."

"တစ်နေရာရာကို ခေါ်တော့မှာပဲဆိုပြီးတော့လေ"

ညွန်း မျက်နှာကို ဖတ်တတ်ဆုံးလူဟာ ကောင်း ပဲထင်သည်။ 'မဟုတ်ပါဘူး'လို့ ပြောလိုက်ရပေမယ့် ညွန်း မလုံမလဲနှင့်..။ ကောင်း က ဖက်ဖူးရောင်နုနုလေးနှင့် ညွန်း ကို ခုမှမြင်ဖူးသလို စိုက်ကြည့်ကာ...

"ကားပေါ်တက်..."

ဘယ်ကိုလဲလို့ မမေးရဲတော့ဘဲ ညွန်း ကားပေါ်တက်လိုက်ရသည်။ ဖြစ်ချင်ရာဖြစ်စေတော့..၊ ဘယ်ကိုခေါ်ခေါ် လိုက်တော့မည်လို့ပဲ ဆုံးဖြတ်ထားလိုက်၏။

"ဘာစားပြီးပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီ သောက်ခဲ့တယ်"

"ဒါဆို ကန်ပေါင်မှာ သွားထိုင်ရအောင်"

ညွန့် က လှည့်ကြည့်ကာ...

"နင်ရော..၊ ဘာမှမစားရသေးရင် သွားလေ..၊ ငါ လိုက်ခဲ့မယ်"

ကောင်း ကပြုံး၍ လှည့်ကြည့်သည်။ ညွန့် နှင့်လွယ်အိတ်လေးကို မျက်လုံးဝေ့၍...

"ကျောင်းသွားရမှာ..၊ အတန်းမဖျက်ရဲဘူး.. ဘာညာ မပြောတော့ဘူးလား"

ညွန့် က ဆံပင်လေးသပ်၍ ခေါင်းခါပြသည်။

"နင် စိတ်ဆိုးသွားမှာစိုးလို့.."

"ဟုတ်တယ်..၊ အဲဒီလိုပြောကြည့်ဆိုပြီး ထွက်လာကတည်းက တင်းထားခဲ့တာ..."

"နင် ငါ့ဆီ ဘာဖြစ်လို့ မလာဘဲနေတာလဲ"

"မလာစေချင်ဘူးဆိုတာ သိလို့ပေါ့၊ ဒါပေမယ့် အခု မနေနိုင်လို့.."

"ဘယ်သူက မလာစေချင်တာလဲ ကောင်း ရယ်..၊ ငါ ထင်တယ်၊ နင် တစ်ခုခု အထင်လွဲနေပြီဆိုတာ..."

"ထင်တယ်ပေါ့..၊ အဲဒါကြောင့် ဖုန်းဆက်ဖော်လေးတောင် မရဘဲနဲ့ မာနတွေပြနေတာလား"

"ဟင့်အင်း..၊ ငါ ဆက်ပါတယ်၊ နင် ဖုန်းရောင်းလိုက်ပြီဆို..၊ ငါ့ကို ဒီတိုင်းပဲ ပြန်ဖြေတယ်"

ကောင်း က နှုတ်ခမ်းမဲ့၍ လှည့်ကြည့်သည်။

"ငါ ဖုန်းချိန်းထားပြီးမှ ဆက်တာလား၊ အေးပေါ့လေ ဥပဒ်လွှတ်တာပေါ့"

"ဘာတွေပြောနေတာလဲ ကောင်း ရယ်..၊ ငါနဲ့နင် ဘယ်တုန်းက လနဲ့ချီပြီး မခေါ်ဘဲ နေနိုင်ခဲ့လို့လဲ၊ နင်ကသာ မာနကြီးနေတာ၊ အလုပ်နဲ့





အကိုင်နဲ့ဖြစ်နေပြီဆိုတော့ မအားတာနေမှာပါလို့ ငါဘာသာ ဖြေတွေးနေရတာ သိလား"

နှစ်ယောက်အတူတူ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ရင်း ထိုင်ဖို့နေရာ ရွေးသည်။ ခုံတန်းပေါ်မှာမထိုင်ဘဲ အုတ်ခုံမှာ အတူထိုင်ကြကာ...

"ငါဖုန်းဆက်တာ သုံးခါ၊ သုံးခါစလုံး အန်တီ ကိုင်တယ်"

"ဟင်!... ဟုတ်လား၊ မေမေ ဘာဖြစ်လို့ မပြောတာလဲ မသိဘူး"

"ဘယ်ပြောမလဲ၊ ဖုန်းနံပါတ်အသစ်နဲ့ ဆက်တာ၊ ငါကလဲ ဘာမှမပြောဘဲ ချပစ်လိုက်တာ..."

"နင်မှန်းသိရင် မေမေက ငါ့ကို ခေါ်ပေးမှာပေါ့ ကောင်း ရယ်..၊ ပြောလိုက်ရင် ပြီးတာပဲဟာ..."

"ငါ ဖုန်းဆက်မှာစိုးလို့ အန်တီက ဖုန်းသိမ်းထားတာမို့လား၊ အဲဒီလောက်ထိ ဘာဖြစ်လို့ ပြောင်းလဲသွားမှန်း ငါ တွေးလို့ကို မရဘူးတကယ်တင်းတယ်"

ဖြစ်ရလေ..။ ကောင်း ဒါကြောင့် မရှိမဆုံဒေါသကြီးသွားတာပါလား။ ညွန့် ဖုန်းမကိုင်တာ မကိုင်ချင်တာလည်း ပါသည်။ မေမေ့ကို ကိုင်စေချင်တာလည်း မှန်သည်။ တစ်အိမ်လုံးမှာ ကြိုးဖုန်းတစ်လုံးနှင့် ဟန်းဖုန်းတစ်လုံး ဒါပဲရှိသည်။ ကားဆိုလည်း တစ်စီးပဲထားပြီး ညွန့်ပဲ ဒုက္ခစံခဲ့တာဖြစ်၏။

စီးပွားရေးမပြေလည်လို့ မဟုတ်ပေမယ့် မေမေ့ကိုင်ပြီး ညွန့် ကိုယ်တိုင်က ချွေတာချင်တာဖြစ်နေလျက်နှင့် ငွေ အပိုကုန်မှာလည်း စိုးသည်။ စုနိုင်သမျှ စုဆောင်းချင်တာပဲရှိကာ တတ်နိုင်သမျှ မကုန်စေချင်တာမျိုး..။ ကောင်း တို့ ဘယ်လိုသုံးသုံး သူတို့က ဖခင် ဦးဆောင်ထားတဲ့ စီးပွားရေး။ ကိုယ်မှာက မိန်းမသားနှစ်ယောက်တည်းရယ်..။ အခြေအနေ၊ အကြောင်းအရာတွေ တိုက်ဆိုင်သွားရတဲ့အဖြစ်ကို ကောင်း နားလည်အောင် ဘယ်လို ရှင်းပြရမှန်းလည်း မသိ..။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း နင်ထင်သလို မဟုတ်ဘူး၊ အဲဒါကို ယုံပါ..၊ မမေ
နင့်ကို ချစ်ပါတယ်၊ အိမ်မှာ ဟန်းဖုန်းက ဒီတစ်လုံးပဲရှိတာလေ၊
ဖုန်းမကိုင်ချင်တာလဲ နင် သိရဲ့သားနဲ့.."

"ထားလိုက်ပါ.."

ကောင်း ကပဲ လျှော့ချလိုက်သလိုပြောကာ...

"ဟုတ်ဟာဖြစ်ဖြစ်၊ မဟုတ်ဘူးဖြစ်ဖြစ် ထားလိုက်တော့..."

ပြောပြီး ကန့်ရေပြင်ထဲကို ပီကေအိတ်ခွံလေးနှင့် ပစ်ပေါက်လိုက်

"ငါ့ဖုန်းတစ်လုံး နင့်ကို ပေးမယ်"

ကောက်ခါငင်ကာပြော၍ ဘောင်းဘီအိတ်ထဲက ဖုန်းတစ်လုံး
ထုတ်ယူလိုက်သည်။ ပြောပြတော့ နံပါတ်ကအသစ်..။

"ငါ့ဖုန်းနံပါတ်တွေ..၊ ငါ့ရုံးခန်းဖုန်းတွေ အားလုံးပဲ အဲဒီထဲမှာ
ထားတယ်"

လက်ထဲထည့်ပေးလိုက်တာကို ညွှန်း ဆုပ်ကိုင်မထားဘဲ လက်
ဖြန့်လျက်သားနှင့် ငုံ့ကြည့်နေသဖြင့်...

"ဘာလဲ..၊ နင့်အမေ ဆူမှာ ကြောက်လို့လား"

"မဟုတ်ပါဘူး၊ နင်ကလဲ မမေ မလိုလားဘူးလို့ထင်တာ
ဖျောက်လိုက်စမ်းပါ"

"ဖျောက်လို့ရအောင် နေလေ..၊ ရှေ့မှာ မလှုပ်တလှုပ် လာမလုပ်နဲ့
ကိုင်ပေါက်ခိုလိမ့်မယ်"

ညွှန်း က ဖုန်းကိုဆုပ်ကိုင်ထားလိုက်ရင်း...

"ကောင်း..."

"ဘာလဲ.."

"နင်နဲ့ မမေ ... ... ဒြင့်..."

"သာဖြန်ပြီ ... ယောက်..."

ဝဲကောဝါးနေသည့် မေးဖျားခပ်လှုပ်လှုပ်နှင့် ဟိုဘက်လှည့်ပစ်တော





ညွှန်း က လက်မောင်းကို ပြန်ဆွဲလှည့်ကာ...

"ဒီဘက်လှည့်စမ်းပါ၊ ငါက နင်ပြောတာကိုပဲ ကြားချင်တာ၊ နင်
ဆီရောက်မလာတဲ့ အချိန်တွေမှာ တော်တော်လေး..."

"ဘာ...တော်တော်လေးလဲ..၊ မဟုတ်ကဟုတ်ကတွေ အစချီမလာ
နဲ့၊ သူ့အမေ ဒယ်ဒီနဲ့ရင်းနှီးမှန်း ငါတောင် မသိခဲ့ဘူး"

"နင်တို့လဲ အခု ရင်းနှီးနေပြီ မဟုတ်ဘူးလား"

"ရင်းနှီးတာနဲ့" ကောလာဟလတွေဖြစ်ကုန်ပြီလား၊ အလုပ်ရှုပ်ခံ
ပြီး နားထောင်မနေနဲ့၊ အဲဒီလို ကောလာဟလတွေ သင့်တော်ကောင်း
ဆိုတဲ့ကောင်မှာ အများကြီးပဲ..."

ပြောနေတုန်း ဖုန်းလာသည်။ ကောင်း က ဖွင့်လိုက်ပြီး...

"ဒီနေ့ ငါ မလာဘူး"

"... ... ... ..."

"ဟုတ်တယ်..၊ ဒီတစ်နေ့လုံး..."

"... ... ... ..."

"အေးနော်.. ပြောပြီးသား..၊ မင်းဘာသာ ကြည့်ပြောထားလိုက်"

ကြိမ်းမောင်းနေတာကို ညွှန်း က ကြည့်ပြီး ရယ်သည်။ ကောင်း
က ဖုန်းပြန်ထည့်ရင်း ငဲ့ကြည့်ကာ...

"ဘာရယ်တာလဲ"

"သြော်... သီချင်းထဲကလို ဩဇာသီးပေါ်ချိန်မှာများ မွေးလာသလား
ထို့ပါ၊ နင့် ပတ်သက်သမျှလူတွေ အဟောက်ခံ၊ အဆူခံထိနေကြတာ"

"ပေါ်ချိန်မှာမွေးတာ မဟုတ်ဘူး၊ ဩဇာသီးကိုက်ပြီး မွေးလာတာ"

သူ့ဘာသာပြောပြီး ရယ်သည်၊ ရယ်နေသည့် ဘေးတစ်စောင်း
မျက်နှာကို ညွှန်း က ငေးကြည့်ရင်း...

"နင် ပိုချောလာတယ် သိလား ကောင်း..၊ အလုပ်ကလဲ အောင်
မြင်နေပြီဆိုတော့ နင့်ဘေးမှာ ဝိုင်းဝိုင်းလည်နေမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ခြင်တွေလား..."

တစ်ယောက်ပခုံးတစ်ယောက်တိုက်ပြီး ရယ်မိကြသည်။ ပြီးေ
ကောင်း က ညွှန်း လက်ခုံလေးကို ဆုပ်ကိုင်လိုက်၍...

"ငါ ဘယ်သွားသွား နင်မပါရင် တစ်မျိုးကြီးပဲ"

"ဟုတ်မှာပေါ့၊ အတိုအထွာပဗ္ဗည်းလေးတွေလွှယ်ပြီး လိုက်မယ
မရှိတော့..."

"တော်တော့.."

"အား..."

ပခုံးနှင့်တိုက်ချပစ်လိုက်သဖြင့် ညွှန်း ကိုယ်လေး ဟိုဘက
ယိုင်ထွက်သွားသည်။

"ငါ့ဘေးက လိုက်ရမယ်ဆိုရင် ရာဝန်အိုးကြီးတွေပဲ ရွက်လို
ရွက်လိုက်ရဆိုတာတွေ ကြည့်မလား"

"မကြွားပါနဲ့ ယုံပါတယ်"

"ပြောပြတာလေ..၊ နိုင်းချင်တယ်ဆိုတဲ့စကား နောက် ထည့်မ
နဲ့၊ သံယောဇဉ်ကို နင်းချေခံရတာ ရိုက်တာထက် နာဟို့ကောင်းတ
မိုင်းတယ်ဆိုတဲ့စကားနဲ့ပြောရင် ငွေရှိရင် ပါးရိုက်ခံတဲ့လူတောင် ရှိတ

ကောင်း တကယ် စိတ်တိုသွားမှန်းသိလိုက်သဖြင့် ညွှန်း ဆ
မပြောဘဲ နေလိုက်သည်။

"ဒယ်ဒီက ငါ့ကို မေမိနဲ့ သဘောတူတယ်ထင်တယ်"

"ဟင်!..."

ရုတ်တရက် စကားလမ်းကြောင်းပြောင်းသွားသဖြင့် ညွှန်း စိ
ဝင်စားသွား၏။

"ဟုတ်လား..၊ ဘာပြောလို့လဲ"

"ဘာမှတော့ မပြောပါဘူး၊ ဒီကောင်မလေးကို သဘောကျလား
မေးတယ်"





ကောင်း မျက်နှာမှာ စိပြေင်းသည့်အရိပ်တွေ ဖြစ်ထွန်းလာကာ...

"ငါ သိတယ်၊ ဒယ်ဒီ ငါ့ကို စမ်းသပ်ချင်နေတာ"

ညွှန်း၊ သက်ပြင်းလေးချမိသည်။

"ဒီလိုပဲ ပြောတတ်တာ သိရဲ့သားနဲ့ ကောင်း ရယ်..၊ နောက်ကို
ာလဲ မိန်းမယူဖို့ စိတ်မဝင်စားဘူးဘာညာ..၊ မိန်းကလေးတွေကို
ခိုက်ချင်တဲ့စကားမျိုးတွေပြောတာ ဆင်ခြင်ပေါ့"

"ဘာကိုဆင်ခြင်ရမှာလဲ..၊ ငါ စိတ်ဝင်စားတာ အလှအပတွေ ဖန်တီး
လှတဲ့မိန်းကလေးတွေနောက် လိုက်ကြည့်ငေးနေဖို့မှ မဟုတ်တာ၊
မဝင်စားဘူးဆိုတဲ့စကားမှာ ဘယ်လိုအပြစ်တွေ ကြီးမားသွားလို့လဲ"

"ဟုတ်တယ်..၊ တခြားယောကျ်ားလေးတွေ အဲဒီလိုပြောရင် နင်
ာသလိုပဲ၊ ဒါပေမယ့် နင်က အရှမ်းပေါ်လွင်တဲ့လူ၊ ပေါ်လွင်နေရတဲ့
ကြောင်းကလဲ ဒီလိုပြောခွင့်မရှိတဲ့ဘောင်ထဲမှာ ဖြစ်နေတယ်၊ အဲဒါ
ကြောင့် မိန်းကလေးတွေကို နင် စိတ်မဝင်စားလို့ မဖြစ်ဘူး ကောင်း..၊
မဟုတ်ရင်လဲ နင်..."

"အင်း... ဆက်ပြောစမ်းပါ၊ ဆရာ ခေါ်ကြည့်ချင်လို့"

ကောင်း က စပ်ချဉ်ချဉ်အကြည့်နှင့် ရွဲ့မေးသည်။ ညွှန်း ာလည်း
တနာနှင့်ပါ..။

"ငါက အကောင်းပြောတာ၊ နင် ဒီ့ထက် ကျားကျားလျား းနေပြ
ကို ဦးက လိုချင်တာ၊ နင့်ရဲ့အလုပ် ဘယ်လောက်အောင်မြင်နေနေ
သဘောကျမှာမဟုတ်သလို သူ ဖြစ်ချင်သလို မဖြစ်သရွေ့ တခြားလမ်း
ကြောင်းနဲ့ နင် ဘယ်လိုပဲကြိုးစားကြိုးစား အရာထင်မှာ မဟုတ်ဘူး"

"နေပါစေလေ..၊ ဒယ်ဒီ့မျက်လုံးထဲမှာ ဘောင်ဝင်သွားဖို့အတွက်နဲ့
ဘဝဒီဝေါသနာကို ဘယ်တော့မှ မစွန့်လွှတ်ဘူး၊ ငါ မမှားခဲ့တာ ငါ
တယ်၊ ဒါကို အဖေတစ်ယောက်လုံးက နားမလည်တာ၊ ဝမ်းနည်းဖို့
ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ပါလား..။ ကောင်း ကို ဘာဖြစ်လို့များ မိန်းမလျာဖြစ်နေပြီလို့ ဦး ထင်နေတာလဲ..။ ဒီလောက် ခေါင်းမာပြီး ဖွတ်ဆတ်ဆတ်ပြောမကောင်းဆိုမကောင်းနှင့် နုနယ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အယုအဆ၊ အပြုအမူမျိုး ဘယ်မှာလဲ..။ ငယ်ငယ်တုန်းက နှုတ်ခမ်းနီဆိုးတဲ့အထိ ကောင်း က အလှပြင်ခဲ့သည်။ ခုနစ်တန်း၊ ရှစ်တန်းအရွယ်ကျတော့ ဆံပင်တုတွေအုပ်ကြည့်၊ နားဆွဲတွေ၊ နားကွင်းတွေ ပန်ကြည့်..။

ထိုအချိန်များမှစ၍ ဦးရဲ့ တစ်ယူသန်စိတ်ထဲမှာ ကောင်း ရဲ့အနာဂတ်ကို ပုံသေတွက်ချက်လိုက်တာ ဖြစ်သည်။ ဒါပေမယ့် နောက်ပိုင်းမှာ ကောင်း ဒီလောက် မဟုတ်ခဲ့ပါ။ ခြေသည်းလက်သည်း ဆိုးနေခဲ့တာတောင် ညွှန်း နားချလွန်းလို့ ခုဆို ခြေသည်းတွေကို ဖြတ်ပစ်လိုက်ပြီဖြစ်၏။ ကောင်း သည် ဖအေနှင့် စကားပြောအဆင်မပြေဖြစ်လာတိုင်း..

"ငါ့မှာ ဘာတွေဖြစ်နေလို့ ဒီလောက်ထိ ဒယ်ဒီ ပြောတာလဲ"လို့ ညွှန်း ရှေ့ရောက်လာတိုင်း မေးတတ်ခဲ့သည်။ ထိုအခါ 'ဒါလေးတော့ မလုပ်ပါနဲ့၊ ဒါတွေ ဖျက်လိုက်ပါ' စသဖြင့် ညွှန်း က ဝေဖန်ပေးတာမျိုးဆို တစ်ခါကနှစ်ခါ ပြောလိုက်တာနှင့် မကြာခင် ထိုကိစ္စ ရှင်းသွားတတ်သည်။ ကောင်း ကို ဆိုးတယ်လို့ ပြောနေကြပေမယ့် ညွှန်း မျက်လုံးထဲမှာတော့ ဆိုးတာ ဘာမှမရှိ..။

"စိတ်ညစ်လိုက်တာ ကောင်း ရယ်..၊ နင်က ဦးရဲ့စကားကိုလဲ အကောင်းမမြင်ဘဲနဲ့ ပြောလိုက်သမျှကိုလဲ ဥပေက္ခာမထားနိုင်ဘူး"

ညွှန်း ညည်းညည်းညူညူလေး ပြောလို[illegible]မိသည်။

"ဦး ဆူတာပြောတာကို မခံချင်ဖြစ်နေတာနဲ့ မပြီးဘူးလေ.. မဟုတ်တာပြချင်ရင်လဲ မဟု[illegible]သလို နေရမယ်၊ တကယ်လို့ 'ငါလဲ ဟုတ်နေတာပါပဲ'လို့ တွေးမိရင်လဲ ဒေါသဖြစ်လာရင် ဖြေပေါ့"

"ဘာ!.. ငါက မဟုတ်သလိုနေရမယ် ဟုတ်လား..၊ ဘာလဲ.. ရှင်းရှင်းပြော..."





ညွှန်း မျက်နှာလေးက ချက်ချင်း ပြောင်းလဲသွားကာ မနေတတ်လို မျက်တောင်လေး တဖျပ်ဖျပ်ခတ်၍ ငုံ့ပစ်လိုက်၏။ ပြီးမှ မရဲတရဲမော့လာကာ...

"ငါ အကြံပေးရင် နင်က နားထောင်မှာလား"

"ပြောပါ..၊ ငါ နားထောင်ဖို့ကို မစဉ်းစားနဲ့၊ ပြောမှာသာ ပြော..."

"ငါ့ကို စိတ်မဆိုးနဲ့နော်..."

ဟု ထပ်တောင်းပန်လိုက်ပြီး...

"နှစ်ခုစလုံး အဆင်ပြေသွားအောင်လို့လေ၊ ဟို... နင် ရည်းစားလိုက်ပါလား"

"ဘာ!..."

ကောင်း ပြောလိုက်ပုံက ဒေါသမဟုတ်ဘဲ အံ့ဩသွားတာမျိုးဖြစ်ခဏကြာတော့ မျက်နှာမော့ပြီး ခပ်တိုးတိုးရယ်ကာ...

"ရည်းစားထားရမယ် ဟုတ်လား..၊ အကြံပေးက တော်တယ်နော်"

"မဟုတ်ဘူးလေ၊ ရည်းစားထားတယ်ဆိုပေမယ့် တွဲရုံသွားရုံ...တ်မှာ ဒီလိုပဲ ရည်းစားထားနေကြတဲ့ဥစ္စာ၊ ကျောင်းမှာဆို အတွဲတွေ...သွားလိုက်၊ သိပ်မကြာဘူး မဟုတ်တော့ဘူးဖြစ်သွားလိုက်၊ နင်...လို ရည်းစားထားပြီဆိုတာနဲ့ ဦး ထင်နေတာတွေ လုံးဝ...ာင်းလွဲသွားပြီဆိုတာ သဘောပေါက်သွားမှာပဲ"

ဒေါသတကြီးဖြစ်သွားမည် ထင်ခဲ့သော်လည်း ကောင်း က ပြုံး...င့် ညွှန်း ပုံစံလေး သွက်သွက်လက်လက် ဖြစ်လာ၏။

"အကြံက ဆိုးတော့မဆိုးပါဘူး..၊ ဒါပေမဲ့ တွဲနေရင်း...သွားရင် ဘယ်လိုလုပ်မလဲ.."

"ဟယ်!... အဲဒီတော့လဲ ယူလိုက်ပေါ့"

ညွှန်း ဝမ်းသာအားရကြီး ပြောလိုက်တာကို ကောင်း က...ည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဆောမှာရှိတဲ့ မိန်းကလေးတွေက တကယ့် အချောအလှ မိ
န်တ်ကြွတွေချည်းပဲ၊ ချစ်သွားမိလို့ လက်ထပ်ပါရစေဆိုရင်လဲ ဦး
သဘောမတူလောက်စရာတော့ မပါနိုင်တာ သေချာတယ်..."

"ညွှန်း..."

"ဟင်..."

"နင် ဒီအကြံ ဘယ်တုန်းကတည်းက ပေးချင်နေတာလဲ"

"ဘာဖြစ်လို့လဲ..၊ နင့်အတွက် အကောင်းဆုံးပဲ မဟုတ်ဘူးလား"

ကောင်း က မေးဖျားလေးလှုပ်သွားရုံလေး ပြုံးသည်။ ပြီးတော့
ခေါင်းညိတ်၏။

"လုပ်ကြည့်မယ်လေ..၊ တစ်ခုတော့ ရှိတယ်..."

"ဘာလဲ..."

"နင်ပေးတဲ့အကြံဉာဏ်ကြောင့် ဒို့လက်ပိုဆိုးတဲ့အခြေအနေတစ်
ခု ဖြစ်လာရင် တာဝန်ယူရမယ်.."

"ဟင်!..."

ညွှန်း လည်နင်သွားသည်။ ကောင်း က သဘောကျသွားသလို
ရယ်လိုက်ကာ...

"စိုးရိမ်မနေပါနဲ့..၊ ငါ့ရဲ့သမိုင်းမှာ သူများပြောလို့ ခေါင်းညိတ်ခဲ့
ရတာတွေ နင်နဲ့ကျမှချည်းပဲ ဖြစ်တာ၊ ငါ ယုံကြည်တာကို တုံ့ပြန်ရမှာ
တန်ပါတယ်၊ အေးအတူ ပူအမျှပေါ့"

"အေး... ပြီးတာပဲ၊ နင်သာ လုပ်ကြည့်လိုက်..၊ ဦးနဲ့နင် လုံးဝ
အဆင်ပြေသွားလိမ့်မယ်"

ကောင်း က ပြုံးနေဆဲ..။





အခန်း [၀၀]

"ဖုန်းက မေမေ့ဆီမှာ..၊ ဘယ်က ဖုန်းသံလဲ သမီး"

သားအမိနှစ်ယောက်တည်း မုန့်တီချက်စားနေကြသဖြင့် ရေတ
နှင့် စားဖြစ်တိုင်၊ သီးတတ်သည့်အကျင့်က ဖုန်းသံကြောင့် စောစီး
ဖြင့်မြန်စွာ သီးလေသည်။

"အဟွတ်... အဟွတ်.. အဟွတ်..."

"ဩော်... စက်တော့တာပဲ သမီးရယ်..၊ အသက်ရှူမှားသွားမယ်
နိုးထား..."

လို့ ပြောရင်း ခေါ်ရည်သန့် ကမန်းကတန်း ရေခပ်ပေးသည်။
ညွှန်း ချောင်းဆိုးရပ်သည်နှင့် ရေတစ်ကျိုက်ကိုမျိုချ၍ ဖုန်းရှိရာ ပြေး
သွားမိ၏။ ရေတ်သီးစပ်လွန်းလို့ ပါးစပ်က ရှူးရှဲဖြစ်နေရင်း သီးထား
သို့ နားထင်ပါးရင်းတွေ ပူထူနေတာလည်း မပြေသေး..။

"ဟလို..."

"ညွှန်း..၊ နင် အခု ထွက်လာလို့ရလား"

"ကောင်း..."

"ဟုတ်တယ်..၊ ငါ နင့်ကို မိတ်ဆက်ပေးမလို့..၊ သိပ်မကြာဘူး
မချုပ်ခင် ပြန်ပို့ပေးမယ်၊ 24 hours ရှေ့က စောင့်မယ်နော်.."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း..."

တစ် ကောင်း တည်း ကောင်း နေရင်း ညွန်း ကျန်ခဲ့သည်။ မိုးမချုပ်ခင် ပြန်ပို့ပေးမယ်ဆိုတာက ခုပဲ မှောင်စပျိုးနေပြီဖြစ်သည်။ ဒရိုင်ဘာလည်း ပြန်သွားပြီဟာကို၊ ဘယ်လိုလုပ်ရမလဲ..။

ပြီးတော့ မေမေက ကောင်း အိမ်ကိုလာတာ ဘာမှမပြောပေမယ့် အပြင်မှာ သွားလာတာတွေကို မကြိုက်ဘူးလို့ သတိပေးထားပြီးသား..။

"ကောင်း ပေးထားတာလား.."

"မေမေ..."

ဒေါ်ရည်သန့် ဝင်လိုက်လာပြီး ဖုန်းကို တစ်ချက်ပဲကြည့်ကာ...

"အပြင်ထွက်ဖို့ ချိန်းတာမို့လား.."

"ဟုတ်တယ် မေမေ..."

"သူ လာခေါ်မှာလား..၊ မိုးချုပ်တော့မယ်..၊ ဘယ်ကိုသွားမှာလဲ..၊ ဘယ်အချိန် ပြန်ပို့မှာလဲ"

"ဟို..."

ကောင်း ပြောတဲ့အတိုင်း ပြောလို့ဖြစ်ပါ့မလား။ မိုးမချုပ်ခင် ဘယ်လိုမှ အိမ်ပြန်မရောက်နိုင်တာကို တွက်မိကာ မေမေ့ကို ပြီးစလွယ်ပြောခဲ့တာမျိုးလည်း မလုပ်ချင်..။

"သူ ပြောစရာ အရေးကြီးလို့တဲ့ မေမေ..၊ 24 hours ဆိုတော့ သိပ်မဝေးပါဘူး၊ သမီး ခဏသွားလိုက်မယ်နော်"

ဒေါ်ရည်သန့် ခဏငြိမ်နေပြီးမှ ခေါင်းညိတ်သည်။

"သွားလေ..၊ ကောင်း က မေမေ့ကိုလဲ တစ်မျိုးထင်နေပုံရတယ်၊ သိပ်တော့ မိုးမချုပ်စေနဲ့"

"ဟုတ်ကဲ့ မေမေ"

မေမေ သိပ်မလွှတ်ချင်ဘူးဆိုတာ ညွန်း သိသည်။ ထို့ကြောင့် လွယ်နေကျ ကြိုးသိုင်းအိတ်ရှည်လေးထဲမှာ ပိုက်ဆံနှင့် ဖုန်းကိုထည့်၍





အပြင်ထွက်ခါနီး မေမေ့ကို ဖုန်းနံပါတ်ပေးခဲ့သေးသည်။

ဖုန်းယူထားတာ မကြိုက်တဲ့ မေမေ့မျက်နှာ အရိပ်အကဲကိုလည်း သတိမထားမိသလို မလုံမလဲကာကွယ်ရင်း အပြင်ကို ထွက်လာခဲ့၏။

ဒါပေမယ့် ကားမှတ်တိုင်ကိုသွားနေတုန်း ကောင်း စီးနေကျ အနက်ရောင်မာစီဒီးက ဘေးမှာ လာရပ်ကာ...

"လာလေ..."

ညွန်း ကားပေါ်ထိုင်ပြီးကာမှ...

"တော်သေးတာပေါ့၊ ကားပေါ်မရောက်ခင် မီလိုက်လို့.."

"နင်က အိမ်ကို မလာချင်လို့လားဟင်"

"မဟုတ်ပါဘူး၊ ရုတ်တရက် ခေါ်လိုက်မိပြီးမှ နင် ကားစီးရမှာကို သွားမိလို့ သူ့ကို ဟိုမှာတစ်ယောက်တည်းထားခဲ့ပြီး မောင်းချလာတာ..၊ ခန်းထဲက နင် ထွက်သွားတာကို အဖေကြီးကတည်းက မြင်တယ်"

"ဘယ်လို!... ဘယ်သူ့ကို တစ်ယောက်တည်း ထားခဲ့တာလဲ..."

စကားထဲမှာ ထူးထူးခြားခြား ပါသွားတာကို ညွန်း က ပြန်မေးလိုက်သဖြင့် ကောင်း မျက်နှာ စပ်ဖြဲဖြဲဖြစ်သွားပြီး လှည့်ကြည့်သည်။

ကားက လမ်းကြောယူပြီး နောက်ပြန်ကွေ့လာလျက်...

"ဘယ်တစ်ယောက်လို့ ထင်လဲ..."

"မသိလို့ မေးတာပေါ့ ကောင်း ရယ်..၊ ပြောစမ်းပါ၊ ဘယ်သူလဲ"

ကောင်း က အသံမထွက်ဘဲ သွားတွေပေါ်အောင် ရယ်သည်။ ပြီးမှ ညွန်း ကိုငုံ့ကြည့်၍...

"နင် မနက်က ဘာလုပ်နိုင်းထားလဲ၊ ငါ့ကို..."

"မနက်က..."

မနက်ကကိစ္စကို သေချာပြန်စဉ်းစားရသေးသည်။ ဖျတ်ခနဲ သတိရလိုက်တော့ ညွန်း မျက်လုံးဝိုင်းသွား၏။

"ကောင်း... နင်..."



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှုတ်ခမ်းလေးပါ လုံးဝိုင်းသွားရကာ ကောင်း ကို လက်ညှိုးလေးရွယ်လျက်…

"နင် ရည်းစားထားလိုက်ပြီ…"

"သတ်ထိရိုက်ဒ်"

'ကြည့်စမ်း..' ဆိုပြီး ညွန်း ငေးနေတော့ သူက ရယ်နေလို့..။ ဒီနေ့ပြောလိုက်လို့ မနက်ဖြန် လုပ်ပြလိုက်တယ်ဆိုရင်တောင် မြန်လွန်းနေပါပြီ။ ခုတော့ မနက်က ပြောလိုက်တာ ညနေစောင်းရုံပဲ ရှိသေးသည်။

"ဟုတ်ရဲ့လား ကောင်း ရယ်…"

"နင် ပြောတဲ့နည်းပဲလေ..၊ တွဲပြလိုက်ရုံနဲ့ ရည်းစားထားလို့ရတယ်ဆို..၊ ငါ့အတွက်က လိုသလောက် ရတယ်"

ပြောမယ့် ကြုံဖူးမှ သိပါ။ ညွန်း ခေါင်းညိတ်လက်ခံရတော့သည်။

24 hours ကိုရောက်တော့ အဝင်ဝ မှန်နံ့ကပ်လျက်စားပွဲမှာ တွေ့ရပါသည်။ ခုခေတ်စကားနှင့်ပြောရမယ်ဆိုရင် တကယ့် အလန်းစားလေး..။

ကောင်း နှင့် ညွန်း တို့ မတွေ့ဖြစ်ကြသည့်ကာလလေးမှာ ကောင်းရဲ့ပတ်ဝန်းကျင်ကို ရောက်လာတဲ့တစ်ယောက် ဖြစ်လိမ့်မည်။ သူ့မကို ညွန်း တစ်ခါမှ မမြင်ဖူးခဲ့ပေ..။

ကုတ်ပေါ်မှာ ဆံပင်ပါးပါးလေးတွေပဲထားကာ ဒီလောက်တိုတိုလေးကို ဘယ်နှစ်ထပ်တောင် ဖြတ်တောက်ထားသည် မသိ..။

နားရွက်အောက်နားမှာ တစ်ထပ်..၊ ပါးရိုးလေးနားမှာ တစ်ထပ်..၊ မျက်နှာစပ်တွေနားမှာလည်း ပါးပါးလေးတင်ထားတာ တစ်ထပ် ရှိသေးသည်။ တစ်ခေါင်းလုံး ရွှေအိုရောင်အနုအပျော့လေးတွေနှင့် ဘယ်လိုကြည့်ကြည့် လှနေသည်။ ပခုံးလောက်ထိ ရှည်ချဆွဲထားသည် နားဆွဲလေးနှင့်လဲ လိုက်သည်။ ဝတ်ထားတော့ ထိုင်းဝတ်စုံပုံစံ တစ်ဆက်တည်းအရှည်ပျော့ပျော့လေးဖြစ်ပြီး ပခုံးတစ်ခြမ်းမှာ လက်တစ်လုံးလောက် ကြိုးလေးနှစ်ချောင်းပဲ ရှိ၏။





"ကြည့်လှချေလား..၊ တို့ပုံစံ ဘာဖြစ်နေလဲ မသိဘူး၊ အဲဒီ ကောင်းပေါ့…"

မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တဲ့အထိ ညွန်း သတိလက်လွတ်ငေးတော့ သူမကပဲ စကားစပြောပြီး ကောင်း ကို မျက်စောင်းရွယ်သည်။ ပြီးမှ…

"တို့က သူငယ်ချင်းမွေးနေ့ သွားမလို့ရယ်..၊ ပင်ပန်းနေကာမှ ဖတ်ပုံရိုက်ရင် မလှမှာစိုးလို့၊ အသွားမှာ ရိုက်မယ်ဆိုပြီး ဝင်တာ၊ အဟွန့်"

ခဏခဏ ပို့လွှတ်နေသည့်မျက်စောင်းကို သဘောပေါက်လာကာ ညွန်း တဲ့တွေးကို မျိုလိုက်မိသည်။ ကောင်း ဆီကို ဒီလိုပဲ အမျိုးမျိုးသော အကြောင်းတွေနှင့် ရောက်နေတတ်ကြတာပါပဲ..။

ဒါဆို ကောင်း က ရျက်ချင်းကြီး ရည်းစားစကားပြော..၊ လက်ဆွဲခေါ်ထွက်လာတာလား..၊ အဖြေတွေဘာတွေ မရသေးဘဲနှင့် ညွန်း ကိုကြွားချင်လို့ သက်သက်ခေါ်လာတာဆိုလျှင်…

"ညွန်း… သူက မွန်းဒီဇင်ဘာ တဲ့..၊ ငါ့ရဲ့ ကောင်းဖက်ရှင်နဲ့ဆပ်လျက်မှာ အသစ်ဖွင့်တဲ့ မိုဘိုင်းစင်တာကပဲ"

"သြော်… အရမ်းလှတာပဲ"

ညွန်း က တကယ်မြင်လိုက်တဲ့အတိုင်း ပြောတာပါ။ ကောင်း သွားကြီးအဖြဲသားနှင့်ရှိကာ မွန်း ကလည်း ရယ်နေ၏။

"ယူ့ကိုတော့ မွန်း က သိတယ်၊ ကောင်း နဲ့ မခင်ခင်ကတည်းက ကောင်း ရဲ့ဘေးမှာ တွေ့နေရတာ"

ပိုသေချာသွားသည်။ ညွန်း လုံးဝ လက်ခံသွားရကာ ကောင်း နဲ့ အရည်အချင်းကိုလည်း သံသယမဖြစ်မိတော့ပါ..။

"တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားတာ နာရီပိုင်းပဲ ရှိသေးတယ်"

ညွန်း တွေးနေတာတွေကို ကောင်း က ထပ်လောင်း ဖြည့်ဆည်းပေးလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သွားရအောင်..၊ ငါ မွန်း ကို မွေးနေ့လိုက်ပို့ရဦးမှာ၊ နင့်ကို အရင်ပို့ပေးမယ်.."

ဆိုင်ကိုခေါ်ပြီး ဘာစားပါလား၊ ညာစားပါလားတောင် မပြောနိုင်၊ ပြောရင်လည်း စားခဲ့ပြီးပြီလို့ပြောပြီး ပြန့်ဖို့ပါ..။

ရည်းစားထားလိုက်တာ နာရီပိုင်းလေးပဲ ရှိသေးသည်။ ကောင်းတို့ ပြောင်းလဲသွားပါပြီ။ စိတ်ထဲမှာ ဖျင်းခနဲ နင့်ခနဲတော့ ဖြစ်သွားခဲ့၏။ ဒါပေမယ့် ကျေနပ်လိုက်ပါသည်။ ဒါ သတင်းကောင်းပဲဖြစ်သည်။ အိမ်ပြန်ရောက်တာနှင့် မမမေ ကို ဖုန်းဆက်ဖို့လည်း တွေးကာ...

"သိပ်မှမဝေးတဲ့ဥစ္စာ..၊ ငါ့ဟာငါ ပြန်ပါမယ်၊ နင်တို့ သွားစရာရှိတာ သွားကြ"

"သိပ်မဝေးလို့ ပို့ပေးမယ် ပြောတာပေါ့၊ လာစမ်းပါ..၊ နင် သိပ်ရှည်တာပဲ"

ညွန်း ခြေလှမ်းပြင်နေသည့်လက်ကို ဆွဲ၍ ကားထဲဝင်ဖြစ်အောင် သူပဲ တံခါးဖွင့်ပြီး တင်သည်။ ပြီးတော့ နောက်ကပါလာသည့် မွန်း ကို နောက်တံခါးဖွင့်ပေးလိုက်ပြီး...

"မွန်း... လာ..၊ တော်ကြာ မင်းရဲ့တစ်ယောက်ယောက် တွေ့သွားရင် မနက်ဖြန်ထိတောင် ရည်းစားဖြစ်ခွင့်မရလိုက်ဘဲ ဖြစ်သွားလိမ့်မယ်၊ ဒီမှာပဲ ထိုင်..."

မွန်း က ပြုံးပြပြီး နောက်မှာ ကျေကျေနပ်နပ် ထိုင်၏။

သြော်... ရည်းစားဦးနှင့် ရှုးတဲ့မျက်နှာဆိုတာ ဒီမျက်နှာမျိုးကို... ညွန်း ပြုံးလိုက်မိသည်။

ကောင်း မျက်နှာက အပြုံးကိုတော့ မီမည်မထင်..။





## အခန်း [ ၀၀ ]

"အန်တီ..."

"ဟင်!... သား..၊ ဘယ်ကလှည့်လာတာလဲ"

ကောင်း က မုန့်ထုပ်တွေကိုင်လျက် ဝင်လာကာ...

"ဒီကိုပဲလာတာ၊ ညွန်း ရော..."

"စာကြည့်နေတယ် ထင်တယ်၊ သွားလေ...၊ သား တစ်ခုခု စားဦးမလား"

"မစားတော့ဘူး အန်တီ..၊ ဒီမှာ သူ့ကို မုန့်မကျွေးလိုက်ရလို့ ဝယ်လာတာ..၊ သွားပေးလိုက်ဦးမယ်"

ကောင်း က ညွန်း အခန်းထဲကို တန်းဝင်သည်။ စာရေးနေသည့် ညွန်း က မသိပါ။ မျက်နှာရှေ့ကို အထုပ်တွေ ပြူးပြဲရောက်လာမှ မော့ကြည့်လိုက်၏။

"ကောင်း..."

"ဟုတ်တယ်..၊ နင် ဘာမှစားမသွားရလို့ မုန့်လာပေးတာ၊ ဟမ်ဘာဂါနဲ့ ရေခဲမုန့်"

"တော်သေးတာပေါ့..၊ သတိရသေးလို့"

ကိုင်ထားသည့် ဘောပင်ကိုချ၍ ညွန်း က ချက်ချင်းဖွင့်စားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်း က ဘောမှာန်ဆွဲဆိုင်ကာ...

"ပန်းကန်ထဲ သွားယည့်စားပါလား၊ ဟိုကမဲ၊ ဒီကမဲနဲ့..."

"ရတယ်..၊ အဲဒါ ပိုအရသာရှိတယ်၊ နင် စားဦးမလား"

"မစားပါဘူး"

"ဒါပေါ့ ရင်တွေပြည့်လာတာကိုး"

စားပြီးဆို ပါးလေးတစ်ဖက်ဖောင်းနေအောင် သွင်းပြီးမှ စား

သည့် ညွှန်း က စားရင်းနှင့် စကားပြောပေမယ့်လည်း သေသေသ

လေးပဲ ဖြစ်သည်။

ညွှန်း စကားကြောင့် ကောင်း က ကြည့်ပြီးရယ်သည်။

"ဟုတ်တယ်..၊ ပျော်သလိုလို ဘာလိုလိုနဲ့..၊ ဒါပေမယ့် နည်း

တော့ ညစ်တာရှိတယ်"

"ဘာလဲ..."

"ချစ်တယ်ဆိုတဲ့အဖြေ ပေးဖို့ကို ဟိုခေါ်ဒီခေါ်..၊ ဟိုပို့ပေးပြီ

ရှုပ်နေတာပဲ"

ပြောတာထက် မဲ့ရွဲ့နေတာက များသည်။

"ခုမှ အဖြေပေးတာကိုများ၊ သူ့ရည်းစားဆိုပြီး ငါ့ကို ကြွား

တယ်၊ ဟွန်း..."

ကောင်း က စပ်မဲ့မဲ့နှင့် စိုက်ကြည့်ကာ...

"သူ ငါ့ဆီ ဘယ်အချိန်လာတယ် ထင်လို့လဲ"

"ဟင်!... မွေးနေ့ပွဲသွားရင်းနဲ့ ဝင်တာဆို..၊ ခု ညနေပဲ မ

ဘူးလား"

"ညနေ သုံးနာရီကတည်းက..."

"ဟုတ်တယ်.."

အံ့ဩသလို ပြောလိုက်ပြီးမှ ဟမ်ဘာဂါကို တူနှင့်ညှပ်

ပါးစပ်ထဲထည့်လိုက်ရင်း...





"အေးလေ..၊ ဓာတ်ပုံရိုက်ချင်လို့ စောစောထွက်လာတာ ဖြစ်မှာ

ဒါနဲ့ နင်က သူနဲ့ အစကတည်းက ချိတ်တိတ်တိတ်လား..."

"ဒီလိုပါပဲ"

"ငါ့မျက်လုံးထဲမှာတော့ ပစ္စည်းတစ်ခုခု ချက်ချင်းကောက်ရလိုက်

ကို နင် ကြွားသလိုပဲ"

ကောင်း က ရယ်နေလျက် စားပွဲပေါ်က မီးအုပ်ဆောင်းလေးကို

ဆွဲလိုက်၊ ပြန်တွန်းလိုက်လုပ်နေရင်း...

"နင်နဲ့ပြောပြီးမှ ဆုံးဖြတ်လိုက်တာလေ..၊ သူ့ကို ဓာတ်ပုံရိုက်ပေး

နှန်း သူက ငါနဲ့တွဲရိုက်ချင်တယ်လို့ ပြောတယ်.."

"ဟုတ်လား..၊ ရွှေရောင်ဝင်းလှဲ့ လိုပေါ့"

"ရွှေရောင် တို့က အုပ်စုလိုက် ဝင်လာကြတာလေ၊ ငါ့ကောင်လေး

လဲ ရှိနေကြတယ်၊ သူက တစ်ယောက်တည်း ရောက်လာပြီး ငါ့

ယောက်တည်းနဲ့ ရိုက်ချင်တာလို့ပြောတာ..."

"သြော်..."

စားရင်းသောက်ရင်း အံ့ဩနေရသဖြင့် စားလို့ကလည်း မပြီး..၊

သေးဘဲ ဖြတ်ထားပြီး နားထောင်ဖို့လည်း မဖြစ်နိုင်..။

စားစရာရှိနေလျှင် ပြီးအောင်စားပြီးမှ အလုပ်လုပ်လို့ရတာ ညွှန်း

ကျင့်..။ ကောင်း ကလည်း ပီကေထုတ်၍ ပါးစပ်ထဲထည့်လိုက်ကာ...

"ငါကလဲ စိတ်ကူးဖြစ်နေတုန်း သူ ရောက်လာတာနဲ့..."

"ဟင်!... ဘာ...၊ နင်က သူ့ကို ရွေးပြီးပြောတာ မဟုတ်ဘူးလား"

"ဟင့်အင်း..."

သြော် အဲဒီအချိန်မှာ တစ်ယောက်ယောက်တွေ အများကြီးဖြစ်နိုင်

ည်ပဲ..။

"အင်း... ဆက်ပြော..၊ ဆက်ပြော... မမေးတော့ဘူး"

"သူ့ကို ငါက ပန်းဖက်ထားပြီး ကင်မရာရှေ့မှာရပ်တော့ ဘာမေး



www.burmeseclassic.com

www.burmeseclassic.com



လဲ သိလား..."

"ဘာတဲ့လဲ.."

"ကောင်း ဒါမျိုးတွေ နေ့စဉ် ကြုံတွေ့နေရတော့ ရင်ခုန် ဒူးတုန်
တွေ မဖြစ်တော့ဘူးပေါ့နော် တဲ့"

ကောင်း က မချိုမချဉ်မျက်နှာနှင့် နှာခေါင်းလည်း ပွတ်လိုက်
သည်။ မီးရောင်အထက်မှာ မှိုးနေသည့်မျက်နှာက မျက်တောင်ကော့
၏အရိပ်သည် ပိတ်ပိတ်သိပ်သိပ်နှင့်ရှိကာ ရှူးရဲသောမျက်ဝန်းတို့
ဘောင်ခတ်ပေးထားသကဲ့သို့ ရှိ၏။

မျက်နှာပေါ်ကို ဖရိုဖရဲ ပြိုဆင်းနေသည့် ပျော့နွဲ့သောဆံပင်
နှင့် ကောင်း မျက်နှာတစ်ခုလုံးက ကြွံနိုင်သည့်ဘက်မှာ အားနည်း
နမ္မတ်သန့်စင်နေခဲ့သည်။

မေးရိုးလေးသာ ကားသယောင်မရှိခဲ့လျှင် ယောကျ်ားတို့ရှိ
သော ကိုယ်ခန္ဓာနှင့် အရပ်အမြင့်သာမရှိခဲ့လျှင်...

ဒီတစ်သက်အတွက် ကောင်း ယောကျ်ားကောင်းတစ်ယော
အဖြစ် ရပ်တည်ခွင့်ရနိုင်ဖို့တောင် လွယ်မည်မထင်..။

"သူ အဲဒီလို မေးလိုက်တာနဲ့ သူ့စကားအတိုင်း ငါ ပြန်ရိုက်
လိုက်တာ၊ နှလုံးသားဗဟိုကို ကျကျနန ထိသွားမယ်ထင်တယ်"

"ဟင်!... ဘာဖြစ်တယ်.."

စိတ်ကူးတွေရင့်သွားလို့ သေရျာမကြားလိုက်ဘဲဖြစ်ကာ ညွ
ပျာပျာသလဲ ပြန်မေး၏။

"ရင်မခုန်ဘူးလားမေးတော့ မင်းနဲ့ကျမှ ခုန်နေတာ၊ ဘယ်လို
မှန်းကို မသိတော့ဘူးလို့ ပြောလိုက်တော့ သူက ရယ်နေတယ်၊ ငါ
ရင်ခုန်သံကို မခံနိုင်တဲ့အခါ မင်းအပေါ် ဆိုးမိရင် ခက်မယ်၊ ပြန်တော့
ပြောပါသေးတယ်"

"ဟင်!..."





ဆက်ပြောလို့ မမေးဖြစ်တော့ဘဲ နောက်ဆုံး တစ်ဖွဲ့စာပဲရှိတော့
ည့် မုန့်ကို ညှပ်ယူပြီး ပါးစပ်ထဲထည့်ရင်း ပြောလာမှာကို ငေးမော
င့်နေမိသည်။ ကောင်း က မျက်နှာမော့၍ ဆံပင်တွေကို ခါထုတ်ပစ်
ပြီး ရယ်လျက်...

"သူက ဆိုးကြည့်လိုက်လေတဲ့၊ အဲဒီလို ဆိုးတာမျိုး မတွေ့ဘူးလို့
ရယ်ရတယ်..၊ အဲဒါနဲ့ ငါလဲ ဖက်နမ်းပစ်လိုက်တယ်"

"ဖွား..."

"ဟာ!..."

"အဟွတ်... အဟွတ်..."

လက်ကာ တောင်းပန်ရင်း ညွှန်း ချောင်းဆိုးလို့မပြီးနိုင်..။ စားပွဲ
လည်း ပါးစပ်ထဲက ပြန်ထွက်ကုန်သည့် အဖက်အသက်တွေ
ျက်..။

"အကျင့်မကောင်းလိုက်တာ မယ်ညွှန်း ရာ..၊ ပေကုန်ပါပြီ"

စာအုပ်တွေကို မဟုတ်..၊ ကောင်း က စားပွဲပေါ်တင်ထားသည့်
က်မောင်းကို ရှုံ့ရှုံ့ရှာရှာကြည့်ပြီး ခါထုတ်နေတာဖြစ်၏။

ညွှန်း ခမျာ သီးတဲ့ဒဏ်ရော..၊ ရက်တာတွေရော စုပေါင်း ထု
င်းထားသဖြင့် မျက်နှာလေးတစ်ပြင်လုံး ရဲညိုနေ၏။ ချောင်းဆိုး
အရှိန်နှင့် မျက်ရည်တွေပါ ဝဲနေကာ...

"ဆောရီးပါ ကောင်း ရယ်..နော်..၊ အဟွတ်... အဟွတ်..."

တစ်သျှူးထုပ်လေးရှာကာ အထဲက တစ်သျှူးတစ်စကို ဆွဲထုတ်
ဖြင့် ကောင်း က ညွှန်း လက်ထဲကနေ သူ့ဘာသာ ဆွဲယူလိုက်ပြီး...

"ကိုယ့်ပြဿနာ ကိုယ်ရှင်းပါဦး၊ ပေး..."

လက်မှာပေးသွားတာကို သုတ်ရင်း ချောင်းဆိုးမရပ်သေးသည့်
ဆို သတိထားမိသွားကာ ရေတစ်ခွက် ခပ်ပေးသည်။ ရေသောက်
ှ ညွှန်း မျက်နှာလေး မော့လာနိုင်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး... သေပါပြီ"

မျက်ရည်တွေလည်း ကျ၊ ရင်ဘတ်လေးကိုလည်း ဖိလျက်

"ငါက ဒီလိုပဲ..၊ စားသောက်နေတုန်း အမှားကို မခံဘူး"

"ဘာမှားတာလဲ..၊ ငါ့ရည်းစားငါ ဖက်နမ်းတဲ့အကြောင်းပြော ဘာဆိုင်လို့လဲ"

"တော်ပါတော့ ကောင်း ရယ်..."

အမြဲတမ်း ဖြူဖြူစင်စင် နေလာခဲ့ကြတာ၊ ပြီးတော့ ကောင်း ယောကျ်ားလေးတစ်ယောက်ပုံစံနှင့် ပေါင်းခဲ့တာလည်းမဟုတ်တော့ ယောက်စလုံးအတွက် ဒီစကားမျိုးက အထူးအဆန်းဖြစ်နေခဲ့သည်

"ရည်းစားထားခိုင်းခဲ့တာ နင်နော်..၊ ဒါတွေကို နားထောင် အောင် ကြိုးစားထား..၊ နောက်ထပ် ဒီ့ထက်ရင့်တာတွေ ပါလာဦး

"ဒီ့ထက်ရင့်တာတွေ..."

ညွှန်း မျက်လုံးပြူးလေးနှင့်မေးတော့ ကောင်း က ပြုံးလိုက်

"ဟုတ်တယ်..၊ ရည်းစားထားပြီးရင် သူ့အကြောင်း ပြန်ပြော တာ အရသာပဲ၊ ဒီနေ့ ပထမနေ့ပဲရှိသေးတာ၊ နောက်နေ့တွေဆိုရင်

"တော်ပါတော့..၊ တော်ပါတော့..၊ ခုကတည်းက ကြိုတောင် ပါတယ်၊ နောက်ထပ် ဘယ်နှစ်ခါပဲပြောပြော... ဘယ်လောက်ချစ် ဘယ်လောက်မြတ်နိုးတာတွေ ကြိုက်သလောက် ပြောပါ၊ ဟိုဟာဒီ တွေ မပါပါစေနဲ့..၊ ငါ့ကို သနားပါ ကောင်း ရယ်..နော်.."

"စားသောက်နေတဲ့အချိန် မပြောဘူးလေ..၊ ကျန်တဲ့အချိန် မ လား..."

"ကောင်း..."

ညွှန်း က မျက်မှန်လေးကို ပင့်တင်လိုက်ပြီး သေချာမော့ကြည့်

"နင် အဲဒီလို ညစ်ညစ်ပတ်ပတ်တွေ လျှောက်လုပ်တတ် ဟုတ်လား..."





"ဘာလဲ..၊ ဘာညစ်ပတ်တာလဲ၊ ကိုယ့်ရည်းစားကို နမ်းတာ၊ တ်တာ၊ ပြီးတော့..."

"ရပြီ... ရပြီ..၊ အဲဒါတွေ နောက်မှပဲ ဆက်ပြောမယ်"

ညွှန်း က စားပွဲမှာပြန်ထိုင်ကာ ရေခဲမုန့်ကို ကိုင်သည်။

"ကဲ... ဒါဆို နင် ဖြောင့်ဖြောင့်စားရဖို့အတွက် ငါ ပြန်မှဖြစ်မယ်."

"ရပါတယ်..၊ နေပါ.. ဘာဖြစ်လို့လဲ"

"ပြောစရာတွေ ကျန်သေးတယ်၊ နင့်ကိုမြင်ရင် ပြောချင်စိတ်က ကလိဖြစ်နေတာ..."

နောက်ထပ် တစ်ခွန်းမှ တားဆီးသံထွက်မလာသဖြင့် ကောင်း ကျာခိုင်းလိုက်ရင်း ရယ်သည်။ ကားပေါ်ရောက်တဲ့အထိ နောက် မကြည့်ပေမယ့် ညွှန်း ပါလာတာကို သိနေ၏။

"သွားမယ်.."

ထိုင်ပြီးမှ လက်ပြလိုက်တော့ ညွှန်း က ရေခဲမုန့်စားနေရင်း ခေါင်း တ်ပြကာ...

"ကောင်း..၊ ဒီထိပ်က မှောင်တယ်နော်..၊ ကား သတိထားမောင်း"

သိတယ်..၊ မိုးချုပ်သွားတိုင်း ဒီလိုပဲ မှာနေကျ..။ ကားထွက်လာ တော့ နောက်ကြည့်မှန်ထဲမှာ ညွှန်း ရပ်ကြည့်နေသည့်ပုံရိပ်လေး ပါ သာ၏။

နောက်တစ်ကွေ့မှာ ပျောက်ကွယ်သွားခဲ့ပေမယ့် ကောင်း နှုတ်ခမ်း တွ ပြုံးနေဆဲပဲ ဖြစ်လေသည်။

တော်တော်ရယ်ရတဲ့ ရည်းရွယ်ညွှန်း..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၀၂]

"ဘယ်မှာ ရှည်သေးလို့လဲ ကောင်း ရယ်..၊ ဒီထက်ပိုဖြတ်ရင် လက်ထိပ်တွေ နာကုန်လိမ့်မယ်"

"လုပ်မှာသာ လုပ်စမ်းပါ၊ အရှည်မထားဘူးဆိုရင် ဆံချည်တစ်ချောင်း စာတောင် ထွက်မနေမှ..."

ကောင်း က လက်ငါးချောင်းကို ဖြန့်ကား၍ ညွန်း ရှေ့ ထိုး ပေးသည်။

ကျောင်းပိတ်တဲ့ ရက်ရှည်လေးရပြီလားဆို မနားရသည့်အပြင် ကောင်း ဒုက္ခပေးသမျှကို ကျေကျေနပ်နပ်ကြီး ပေးဆပ်ခံယူနေရတာ လည်း ဘယ်ဘဝက ကြွေးဟောင်းတွေမှန်း မသိပါ..။

သူ မလာတော့လည်း ကိုယ်ပဲ မနေတတ်ခဲ့တာမို့ ရှိပါစေတော့ ညွန်း က ကောင်း လက်ထိပ်တွေကို အသားလည်းမထိအောင် ဂရုစိုက် ညှိပေးနေရင်း ကောင်း ပါးစပ်ထဲ လာထည့်ပေးနေသည့် စပျစ်သီးကို လည်း ပါးစပ်ဟ,ပေးနေတာ တစ်လုံးမှမလွတ်..။ ပြီးတော့မှ ကောင်း ဘယ်လိုစားနေတာကို သတိရသွားပြီး မော့ကြည့်လိုက်မိ၏။

စပျစ်သီးကို အတွဲလိုက်ကိုင်၍ မျက်နှာမော့ကာ နှုတ်ခမ်းသားတွေ နှင့် ဖြုတ်ယူသည်။





သူ့ပါးစပ်ထဲကို လေးလုံးလောက်သွင်းလိုက်ပြီးမှ ညွန်း ကို တစ် လုံး။

"ကောင်း နော်..၊ ပါးစပ်ထဲပြုတ်ကျသွားပြီးမှ ပြန်ထုတ်ပြီး ငါ့ အကျွေးနဲ့..၊ ဒီက မကြည့်ဘဲနဲ့ မျိုချနေတာ..."

"ဟား... ဟား... ဟား..."

ကောင်း က တဟားဟားထရယ်ကာ ညွန်း ကို ပခုံးချင်းတိုက်ပစ် လိုက်၏။

"ဟုတ်လား..၊ အဲဒီလိုမှန်းသိရင် သေချာ စုတ်ပြီးမှ အစေ့တွေ ထည့်ပေးလိုက်ပါတယ်"

"ကောင်စုတ်..."

ညွန်း က ပခုံးနှင့် ပြန်တိုက်ပစ်သည်။

"တော်ပြီ..၊ မစားတော့ဘူး"

"နေပေါ့..၊ သက်သာတယ်"

သူတို့နှစ်ယောက် ဖြစ်နေကြတာကို နောက်က ထွက်လာပြီး ရပ် ကြည့်နေသည့် မေမြတ် က မြင်သည်။ ပြီးတော့မှ ထွက်လာရင်း ရယ် ကာ...

"ဒီနှစ်ယောက်ကို မြင်လိုက်ရရင် တကယ်ပဲ..၊ မမတောင် ကလေး ဖြစ်ချင်လာတယ်၊ နင်တို့ ကိုယ့်ကိုယ်ကိုယ် ကလေးလေးတွေ ထင် ကြနဲ့..၊ ညွန်း က ဆေးတက္ကသိုလ်မဟုတ်ဘူးဆိုရင် ခုလောက်ဆို ကလေးတွေ ရကုန်ကြပြီ"

"ဘယ်သူက ကလေးလို့ ထင်တာလဲ..၊ မမမေ မောင်လေးလား ..."

ညွန်း က ဘယ်လက်ပြီးလို့ ကောင်း ရဲ့ညာဘက်လက်ကို လှမ်း ယူကာ...

"ရည်းစားထားနေတာ ဘယ်နှစ်ယောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ..၊ မယုံပါဘူး"

"ဘာ!..."

ကောင်း က မျက်မှောင်ကြုတ်နှင့် မော့ကြည့်၏။ မေမြတ်

သူတို့နှစ်ယောက်ရှေ့မှာ ထိုင်၍...

"ဖုန်းတွေဆက်နေကြတာ ဆန်းမှမဆန်းတာ၊ ချာတိတ်မလေး
က တို့မောင်လေး ချောတာကို ရူးသွပ်ပြီး ဘယ်လိုနေနေ သဘောကျ
ကြတာပါ၊ သူလား ရည်းစားထားမှာ.."

ကောင်း က ဆတ်ခနဲ ခေါင်းညိတ်ကာ မပြုံးချင်ဘဲ ပြုံးထား
သည့်မျက်နှာနှင့်...

"ဟုတ်တယ်..၊ ရည်းစားတော့ ရည်းစားပဲ၊ ဒါပေမယ့် ပယ်
နယ်နယ် ချစ်မကြည့်ဖူးသေးဘူးဆိုတော့ မမ ပြောသလိုပါပဲ၊ ထ
အောင် ကြိုးစားရဦးမှာ..."

"ကောင်း ကလဲ..."

ပယ်ပယ်နယ်နယ် ဆိုတာကြီးကို ကြားလိုက်ကာ ညွန်း ရင်
သွား၏။ ကောင်း ရွဲ့တတ်တာကိုလည်း သိထားသဖြင့် လက်သ
ညိုပေးနေတာကိုလည်း မေ့လျော့ကာ...

"မမမေ ကလဲ အဲဒါ တကယ်..၊ မွှန်းဒီဇင်ဘာ လေ..၊ ကော
က မွှန်း လို့ခေါ်တာ..."

မေမြတ် က ညွန်း ကို ချစ်စနိုးမျက်ဝန်းများနှင့်ကြည့်၍ ခေါ
ညိတ်နေ၏။

"သူငယ်ချင်းကိုတော့ နာတတ်နေလိုက်တာနော်..၊ ဟွန်း..
သိသားပဲ၊ မပြောမဆို ရည်းစားထားပစ်လိုက်ပြီး အလုပ်ကိုလဲ မသ
နိုင်၊ ညီမလေးဆီကိုလဲ အချိန်မှန်မပြေး..၊ တစ်လောကလုံးမှာ သူ
ယောက်တည်း အလုပ်ရှုပ်နေတာ..."

သူ ရည်းစားထားတာ မမမေ ကို မပြောရဘူးလို့ ပိတ်ပင်ထ





သဖြင့် ညွန်း မပြောဖြစ်ခဲ့ပေ..။ ဘာဖြစ်လို့ မပြောနိုင်းတာလဲမေးတော့ တမင်တကာ လုပ်ပြတယ်လို့ထင်မှာစိုးလို့တဲ့..။

ညွန်း မပြောပေမယ့် ဖုန်းလာလို့ ကိုင်လိုက်ရတာတွေ၊ ကောင်း ပြန်ပြောနေတာတွေကို ကြားနေရကာ မေမြတ် က ရိပ်မိနေခဲ့သည်။

ဒါကို ဒယ်ဒီ့ကိုတောင် ပြောပြခဲ့ပြီဖြစ်၏။ သားကို ယောကျ်ား ပီသစေချင်တယ်ဆိုပြီးတော့..၊ တကယ် ဒီလိုဖြစ်ပြီဆိုတော့လည်း ဒယ်ဒီ မျက်နှာပျက်ခဲ့သေးသည်။

"ဘယ်အရာမဆို အလွန်အကျွံဖြစ်ရင် မကောင်းဘူး၊ သမီးမောင် ကို ကြည့်ထိန်းဦး"တဲ့..။ ထိန်းပါဆိုကာမှ မြှောက်ပေးသလို စကားမှားသွားခဲ့သဖြင့် မေမြတ် ကိုယ့်စကားကို အလျင်အမြန် ပြန်လျှော့ဖို့ ကြိုးစား၏။

"မောင်လေးနော်..၊ ကောင်မလေးတွေ ချောတယ်၊ ရွေးစရာမလို ဘူးဆိုပြီး ဟောတစ်ယောက်..၊ ဟောတစ်ယောက် တွဲမနေနဲ့၊ နာမည် ပျက် ဖြစ်သွားရင်လဲ မကောင်းဘူး၊ အိမ်ထောင်ဖက်ရွေးတဲ့အခါ ဒါတွေ က အစွန်းအထင်းဖြစ်သွားနိုင်တယ်"

ကောင်း က ပြုံးနေပြီး ဘာမှမပြောပေ..။

"ဒါနဲ့ မမ မင်္ဂလာပွဲမှာ ညီမလေး သတို့သမီးအရံလုပ်ဖို့ ဘာတွေ စီစဉ်ထားပြီးပြီလဲ"

"ဟင်!..."

"ညီမလေးအတွက် ဝတ်စုံကို မမက သေချာအပ်ထားပြီးပြီ၊ သူ့ကို ခိုင်းနေရတာ..၊ မလုပ်တလုပ်နဲ့ လုပ်နေလို့လေ၊ တကယ်ပဲ ကိုယ့်အစ်မ မင်္ဂလာဆောင်မှာကို မဆိုင်သလိုပဲ၊ ကိုယ့်မောင်တစ်ယောက်လုံး ဒီ လောက် နာမည်ကြီးဒီဇိုင်နာဖြစ်နေရက်နဲ့..၊ အစ်မလုပ်တဲ့လူက တခြား မှာ ဝတ်စုံမှာနေရတယ်"

"မမကို ကျွန်တော့်ဆိုင်မှာ ကြိုက်တာယူဝတ်ပါလို့ ပြောထားသားပဲ"

www.burmeseclassic.com



"မင်းက ကိုယ့်အစ်မအတွက် အထူးချုပ်ပေးရမှာလေ..."

"ချုပ်မပေးနိုင်ပါဘူး၊ အစ်မယောကျ်ားယူမယ့်ကိစ္စကို ကျွန်တော်က အင်္ကျီအားတိုက် ပံ့ပိုးနေရမှာလား"

ကောင်း ပြောလိုက်တာကို သဘောကျပြီး မေမြတ် က ရယ်သည်။ မောင်လေး တော်တော်ပြောင်းလဲသွားတာကတော့ သေချာပါသည်။

"ဒါဆို ညွန့် ယောကျ်ားယူရင်ရော..."

ကောင်း မျက်ခုံးနှစ်ဖက် ဆတ်ခနဲ တွန့်သွားသည်။ မေ့လျော့နေသည့် တစ်စုံတစ်ရာကို ရုတ်တရက် သတိရသွားတာမျိုး...။

"သူလဲ မင်းနဲ့ မောင်နှမလိုဖြစ်နေတဲ့သူ...၊ ခုလိုပဲ အကြောင်းတွေ ပြပြီး မျက်နှာလွှဲဦးမှာလား"

"မမေ ကလဲ မဟုတ်တာ..."

"ဘာလို့ မဟုတ်ရမှာလဲ ညွန့် ရယ်...၊ ဒီလို သဘာဝတရားတွေကို ညွန့် ရှောင်လွှဲနေလို့မှ မရတာ၊ အင်း... ပြောတာလေးနဲ့တောင် ပါးလေးတွေနီနေပြီ၊ ခက်တော့တာပဲ ဒီနှစ်ယောက်..."

"သွားမယ်.."

ရုတ်တရက်ကြီး ကောင်း က ထရပ်လိုက်၏။ ထုံးစံအတိုင်း သူ ထရပ်လိုက်တာနှင့် ညွန့် ရဲ့လက်လေးတစ်ဖက်က သူ့လက်ထဲမှာ ပါသွားပြီးသား...။

"ဘယ်ကိုလဲ"

မော့ကြည့်မေးရင်း ညွန့် ဆလင်းဘက်လေး ကမန်းကတန်းဆွဲယူပြီး ထရပ်လိုက်ရသည်။

"ဆံပင်ဖြောင့်ပေးမယ်"

"ဘာ... ဘာ... ငါ့ကိုလား...၊ ကောင်း..."

လက်ကိုပြန်ရုန်းရင်း အမောတကော မေးမိသည်။ ကောင်း က





ဆုပ်ကိုင်ထားသည့်လက်ကို မလွှတ်ဘဲ ပြန်လှည့်ကြည့်၍...

"ဘယ်သွားသွား ဖိုးရိုးဖားရားနဲ့ပဲဟာ...၊ ဆံပင်ကျတော့ လှအောင်မထားဘူး"

"ဟင့်အင်း...၊ ငါက ဘယ်သွားနေလို့လဲ၊ နေပါဦး... ငါ ဆံပင်ဖြောင့်ချင်ဘူး"

"ဘယ်သွားသွား၊မသွားသွား ဖြောင့်ရမယ်၊ ငြိမ်ငြိမ်နေနော်.."

"မမေ... မမေ..၊ လုပ်ပါဦး.."

ညွန့် တရွတ်တိုက်မတတ် ရုန်းကန်ရင်း တံခါးနားထိ ပါသွားသဖြင့် မေမြတ် လည်း အလျင်အမြန် ပြေးလိုက်ရကာ...

"သူ မလုပ်ချင်တာကို မောင်လေးရယ်..၊ ဒုက္ခပါပဲ"

ပြောနေရင်းနှင့်ပဲ ကျန်ရစ်ခဲ့လေသည်။ ညွန့် ကို ဆိုင်ထဲခေါ်ချသွားပြီး မှန်ရှေ့က အော်တိုချုံမှာထိုင်တဲ့အထိ သူပဲ ဖွတ်တရွတ်...။

"ဟော ကောင်း လေးပါလား၊ ဘာလိုအပ်သလဲ ပြော..."

ဆံပင်တွေ တစ်ခေါင်းလုံးရဲနေအောင်ဆိုး၍ စတော့ကင်အနီရဲရဲ၊ ဂါဝန်အရှည်အနီ၊ အနက်ကျားနှင့် အရပ်လည်း အတော်မြင့်သည့် အမျိုးသမီးတစ်ယောက်...။

အသက်ကတော့ သုံးဆယ်နီးပါးလောက် ရှိမှာပါ။ ဒါပေမယ့် ပြင်ဆင်ထားတာနှင့် ဝတ်ထားပုံကြောင့် အသက် နှစ်ဆယ်လောက်ပဲ ဆင်ရသည်။

ထိုပြင် တစ်ဆိုင်လုံးမှာ နှစ်ဆယ်ပတ်ဝန်းကျင်လောက် မိန်းကလေးတွေ၊ ယောကျ်ားလေးတွေ အယောက်နှစ်ဆယ်လောက် ရှိနေ၏။

တစ်ဆိုင်လုံး သီချင်းသံတွေ..၊ ဒရိုင်ယာသံတွေနှင့် ဆူနေကာ စိမ့်အေးနေသောကြောင့် ပူလောင်နေတာတစ်ဝက်၊ အေးမြနေတာ တစ်ခြမ်းနှင့်..။

ကောင်း ကို နွတ်ဆက်ရင်း ကောင်တာနောက်က ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးအပြင် တခြားလူတွေကလည်း ကောင်း ကို လှမ်းကြည့်၍ လက်တို့ပြကြ..၊ ပြုံးကြ..။

"မမချော... သူ့ကို ဆံပင်ဖြောင့်ပေးပါ"

"အိုခေ..."

"နေဦး..."

ညွန်း ကိုကြည့်ကာ တစ်ယောက်ကို လှမ်းခေါ်မယ်လုပ်တော့ ကောင်း က တားလိုက်ပြီး...

"ပျော့ပျော့လက်လက်ကလေး လိုချင်တာ..."

"အမယ်လေး ကောင်း ရယ်..၊ ကောင်း အတွက် မမချော လုပ်ပေးတာကို ကြည့်လိုက်..၊ တူတာရှိရင် ယောဒီဆိုင်ကြီးပါ ပိတ်ပစ်လိုက်မယ်"

ကောင်း နားနားမှာကပ်ပြောလိုက်ပြီး ရယ်သည်။ ကောင်း ကလည်း ရယ်နေရင်း ညွန်း ပခုံးလေးကိုကိုင်၍...

"သူက မလုပ်ချင်ဘူး၊ ကျွန်တော် ဖွတ်ခေါ်လာတာ"

"ဟုတ်လား..၊ အဲဒါကြောင့် မျက်နှာလေး စူပုတ်ပုတ်ဖြစ်နေတာ ထင်တယ်"

စူပုတ်ပုတ်တော့ အဖြစ်မခံချင်တာမို့ ညွန်း ပြုံးဖို့ကြိုးစားရသည်။ ကောင်း က ငုံ့ကြည့်ပြီး ရယ်ကာ...

"မမချော ဆံပင်တစ်ချောင်းမှ လွင့်တက်နေတာ မမြင်ချင်ဘူးနော်"

"သြော်... စိတ်ချပါဆိုမှ..."

ညွန်း ကို ခေါင်းလျှော်ဖို့ခေါ်သွားတဲ့အထိ ကောင်း က ပါလာကာ...

"သူ့ကို ခေါင်းသိပ်မနှိပ်နဲ့..၊ ခေါင်းကိုက်တတ်တယ်"

"သြော်... ဟုတ်ကဲ့ပါ"





"နားထဲ ဆပ်ပြာမဝင်အောင်လုပ်နော်.."

"ဟုတ်.."

လက်ပိုက်ကြည့်နေတာ ခဏပဲဖြစ်ကာ...

"ရပြီ..၊ ရေဆေးလိုက်တော့..."

"ရှင်!..."

"သူက ချူချာတယ်၊ ကြာလို့မဖြစ်ဘူး"

"သြော်... ဟုတ်ကဲ့"

ညွန်း ရဲ့မျက်မှန်လေးကို ကောင်း က အသာလေးဖြုတ်ယူလိုက်ကာ သူ ကိုင်ထားသည့် ညွန်း ရဲ့ဆလင်းဘက်အိတ်ထဲမှာ ထည့်ထားပေးလိုက်၏။

ရှေ့ကို ပြန်ရောက်လာတော့ ကောင်း ဘယ်ရောက်နေမှန်းမသိဘဲ ခဏကြာမှ ရောက်လာကာ...

"မွန်း ဖုန်းဆက်လို့ ငါ သွားလိုက်ဦးမယ်"

"ဟင်!... ဘယ်ကိုလဲ..၊ နင် ငါ့တစ်ယောက်တည်း ထားခဲ့မလို့လား"

"ခဏပဲ၊ ရေခဲမုန့်နဲ့ နင်ဖတ်ဖို့ စာအုပ် ဝယ်ခဲ့မယ်"

ပြောပြီး လှည့်ထွက်သွားလိုက်တာ ညွန်း ရဲ့အိတ်လေးကို မှန်တင်ခုံပေါ်မှာ ချထားခဲ့တာတောင် ပြောမသွားနိုင်..။

ရည်းစားက ဖုန်းဆက်တော့ ဖြစ်သွားတာကြည့်..၊ ကောင်စုတ်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၃ ]

"အဲဒီလောက် အကြာကြီး မဖြစ်ဘူး မွန်း..၊ တို့ သွားစရာရှိသေးတယ်"

"ဘာအရေးကြီးလို့လဲ ကောင်း ရာ..၊ မွန်း လဲ အရေးကြီးနေလို့ပါ"

ကောင်း က တောင်းပန်သည့်အကြည့်တစ်ချက်နှင့် ခေါင်းခါသည်။

အစတုန်းက ညွန်း ကို ဆိုင်မှာဝင်ထားခဲ့ပြီး ဓာတ်ပုံရိုက်ဖို့ ချိန်းထားတာကို သွားလိုက်မည်။ ပြီးမှ ပြန်ခေါ်မည်ဟု..။

ခုတော့ မွန်း ရဲ့ဖုန်းကြောင့် မွန်း ဆီအရင်သွားပြီး ပြန်မှ မုန့်နှင့်စာအုပ်ဝယ်ကာ ညွန်းကို သွားပေးမည်။ ဓာတ်ပုံရိုက်ဖို့ဆီကို သွားဖို့ကနောက်ဆုံး..။

"ကြိုတင်ချိန်းထားတာမဟုတ်တော့ တို့မှာ ဒီနေ့ အစီအစဉ်တွေအများကြီးပဲ၊ မွန်း ကို လေဆိပ်ထိ လိုက်ပို့မယ်လေ"

"ကောင်း ကလဲ ကြိုချိန်းထားမှတွေ့ရအောင် မွန်း က ကောင်းရဲ့ ကက်စတန်မာမှ မဟုတ်တာ၊ ချစ်သူချင်းပဲ အခွင့်အရေးတော့ ပေးမှပေါ့"

မွန်း က နှုတ်ခမ်းလေးစူ၏။





"ဟုတ်ပါတယ်..၊ အဲဒါကြောင့် မွန်း ခေါ်လိုက်တာနဲ့ တို့ ရောက်လာပေးတယ်လေ၊ လေဆိပ်မှာ နာရီဝက်လောက် စောင့်ပေးလိုက်ရင်တို့ လုပ်ထားတဲ့တိုင်ပင်တွေ လွဲကုန်မှာ၊ အဲဒါ မဖြစ်ဘူး"

အဖြူရောင်ဂါဝန်ပျော့လေးနှင့် မွန်း က တကယ့် စန်းဝိုက်ရုပ်လေးနှင့် တူအောင်လှသည်။ ပန်းရင့်ရောင်နှုတ်ခမ်းလေးကို စူပစ်လိုက်တော့ ပို၍လှသွား၏။

"မွန်း က ကောင်း ဆီက အားလုံးထက်ပိုတဲ့ အခွင့်အရေးမျိုး လိုချင်တာ..."

"တို့ကတော့ အများကြီး ပေးထားတယ်လို့ ထင်တာပဲ..၊ မင်းသိပါတယ်၊ တို့ တစ်ခါမှ ရည်းစားမထားခဲ့ဘူး"

မွန်း မျက်နှာလေး ပြုံးသွားသည်။ ကြိမ်ကွက်လေးတွေ ကန့်သတ်ထားတဲ့ စတားဘက်ရှိမှာ တစ်ခန်းတည်းမှာ နှစ်ယောက်တည်းမို့ ကောင်း ရဲ့လက်မောင်းကို ဖက်ထားလိုက်ပြီး ပါးလေးတင်၏။

"ဟုတ်ပါပြီ..၊ ဒီလောက်နဲ့ပဲ မွန်း ကျေနပ်လိုက်ပါ့မယ်၊ နောက်ဆိုရင် ညကတည်းက ကြိုချိန်းမယ်၊ ကောင်း ခေါင်းမခါရဘူးနော်"

"အင်း..."

ကောင်း နည်းနည်းတော့ ပူပန်စပြု၏။ နောင်လာမယ့် ရည်းစားသက်တမ်းမှာ ဘယ်လိုလုပ်မလဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၇ ]

ဖုန်းလာတိုင်း ကိုင်နေရတာ မေမြတ် စိတ်ညစ်လာ၏။ အလုပ်က အင်္ဂလိပ်စပီကင်သင်တန်းတစ်ခုမှာ ဆရာမဖြစ်သည်။ သုံးရက်မှာ မနက်ပိုင်း ချည်းပဲဖြစ်ကာ နောက်နှစ်ရက်က နေ့လယ်ပိုင်း..။ ကျန်တဲ့အချိန်တွေမှာ အိမ်မှာထိုင်ပြီး ကောင်း ဆီလာသမျှ ဖုန်းတွေကိုပဲ ကိုင်နေရသည်။ ဒီကောင် လေး ဖုန်းတွေကိုင်ထားပြီး သူ့ဖုန်းနံပါတ်ကိုတော့ ဘာလို့မပေးတာလဲ..။

"ဟလို..."

"ဩော်... ကောင်း တို့အိမ်ကလားဟင်၊ ကောင်း နဲ့စကားပြောချင် လို့ပါ.."

"သူ ဒီအချိန် ဆိုင်မှာပဲရှိလိမ့်မယ် ညီမရဲ့..၊ ဆိုင်ကို ဆက်ကြည့် လိုက်နော်"

ဖုန်းချဖို့ စကားဖြတ်ကာမှ သူမလေးက မပြီးသေး..။

"ဆက်ပြီးပြီ အစ်မရဲ့၊ အပြင်ထွက်သွားတယ်တဲ့၊ ကောင်း ရဲ့ ဟန်းဖုန်းနံပါတ်လေး တစ်ချက်လောက် ပြောပြပါလားဟင်.."

"ဩော်... သူက ဖုန်းသုံးလုံးလောက်ကိုင်တာ၊ ဘယ်ဖုန်းထားခဲ့ တယ်၊ ယူသွားတယ်ဆိုတာ မသိဘူးလေ၊ ပြီးတော့ သူ့ဖုန်းတွေ ခဏ ခဏ လဲလိုက်..၊ ပြောင်းလိုက်ဆိုတော့ နံပါတ်တွေလဲ မှတ်မထားမိဘူး ဆောရီး ညီမလေးရယ်..၊ ဒါပဲနော်"





ဖုန်းချလိုက်ပြီး သက်ပြင်းမောပါ မှုတ်ထုတ်မိသည်။ ထိုစဉ် ဒယ်ဒီ အပြင်က ပြန်လာတာနှင့်တိုးကာ...

"ဟိုကောင့်ဖုန်းလား"

"ဟုတ်ကဲ့ ဒယ်ဒီ.."

ဒယ်ဒီ့လက်ကိုင်အိတ်ကြီးကို ပြေးယူလိုက်ရင်း သားအဖ အတူတူ ဝင်လာခဲ့စဉ် ဖုန်းက နောက်ထပ်တစ်ခါ မြည်ပြန်၏။

"ပေး သမီး..၊ ဒယ်ဒီ့ကို..."

လက်ကိုင်အိတ်ကို ဒယ်ဒီက ပြန်ယူ၍ ဧည့်ခန်းစားပွဲပေါ်မှာပဲတင် ထား အကျီလက်ဝက ကြယ်သီးကိုဖြုတ်နေ၏။

"ဟလို..."

"မမလား..၊ မေမီ ပါ"

"ဩော်... ညီမလေး ပြော..."

"အန်ကယ် ရှိလား...."

"ရှိတယ်.. ရှိတယ်...၊ ဒယ်ဒီနဲ့ ပြောမလို့လား"

"ရတယ် မမ၊ မိသားစု ထမင်းစားကြခဲ့ဖို့ ဖိတ်မလို့ပါ၊ ဘွားဘွား ရဲ့ နှစ်ပတ်လည် နေ့ဆွမ်းကပ် မနက်ပိုင်း လုပ်မယ်လေ၊ မိသားစုပဲ ဘာရေးနာလိုက်တော့မယ်လို့၊ မာမီက ပြောတယ်..၊ မနက်ပိုင်းဆိုတော့ အားကြမှာလဲ မဟုတ်ဘူးတဲ့"

"အင်း... အင်း..."

"အဲဒါ မနက်ဖြန် ညနေခြောက်နာရီ ထမင်းစားကြပါလို့.."

"ဟုတ်ပြီ..၊ ဒယ်ဒီ့ကို ပြောပြလိုက်မယ်နော်"

"ကောင်း လဲပါမှ ဖြစ်မှာနော်၊ မမ ခေါ်လာခဲ့.."

"အေးပါ... အေးပါ..."

ဖုန်းချပြီး ကြည့်လိုက်တော့ ဦးအောင်ကောင်း က လက်ကိုင်အိတ် ကို ပြန်ကောက်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဖယောင်းရှုပ်တဲ့ ကောင်လေး"

"မဟုတ်ဘူး ဒယ်ဒီ..၊ မေမီ ဆက်တာ၊ အန်ကယ်မျိုး တို့အိမ်မှာ မနက်ပိုင်း သူတို့အဘွားအတွက် နှစ်ပတ်လည် ဆွမ်းကပ်လုပ်မယ်တဲ့ ညနေ ထမင်းစားကြွပါတဲ့"

"ဘာဆိုင်လို့လဲ.."

ဟု ဦးအောင်ကောင်း က နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ကာ...

"ကောင်း နဲ့ မေတ္တာရှိနေတယ်ဆိုတဲ့တစ်ယောက်က မေမီ မဟုတ် ဘူးလား"

"မဟုတ်ဘူး ဒယ်ဒီရဲ့..၊ မွန်းဒီဇင်ဘာ တဲ့..၊ ကောင်းဖက်ရှင်နဲ့ ကပ်လျက်ပဲ၊ ဘာလုပ်ငန်းလဲမသိဘူး ဖွင့်ထားတယ်၊ ညွှန်း ပြောတာ တော့ တော်တော်လှတယ်တဲ့"

ဦးအောင်ကောင်း မျက်နှာမကြည်ပါ။ မေမြတ် က အကဲခတ်၍ နားမလည်နိုင်ဖြစ်နေသည်။ ခုဆို ကောင်း တော်တော် ပြောင်းလဲနေပြီ..၊ မိန်းကလေးတွေကို သူငယ်ချင်းလိုပဲ သဘောထားနေတယ်ဆိုတာ လည်း အခု ဟုတ်မှ မဟုတ်တော့တာ..။

မေမီမျိုးမြင့် တို့ဆိုရင်လည်း ကောင်း နှင့်လည်း ခင်သည်။ မေမီ အဖေ ဦးမျိုးနိုင်ထွန်း ကလည်း လူငယ်ချင်းရင်းနှီးနေကြတာကို သဘော ကျတဲ့ပုံနှင့် တပြုံးပြုံး..။ ပြီးတော့ ဘာအတွက်ညာအတွက် အထိမ်းအမှတ် တွေဖြစ်လာတိုင်း ထမင်းစားဖိတ်လိုက်..၊ သူတို့ ရောက်လာလိုက်..။

ဘာပဲဖြစ်ဖြစ် သမီးရှင်ဘက်က ဒီလို သိသာစွာ လိုက်လျောပူဖော နေတာ မျက်နှာပူဖို့တောင် ကောင်းနေပါပြီ။ ဒယ်ဒီကတော့ မသိလိုက် မသိဘာသာ..။ ကောင်း မှာ ချစ်သူရှိနေပြီလို့ သူမက ဝမ်းသာအားရ သတင်းပေးတော့လည်း ကျေနပ်သွားတဲ့ပုံ လုံးဝမရှိခဲ့..။ ဒယ်ဒီ ကောင်း ကို ဘာဖြစ်စေချင်နေတာလဲ၊ ဘယ်လိုအခြေအနေထိ မျှော်မှန်းထားလို့လဲ..။

ဒီအလုပ်လုပ်တာ မကြိုက်လို့ဆိုရင်တောင်မှ ဆိုင်မှာရှိတဲ့ ပေါက်





[illegible]ရတနာတွေကို ကောင်း ယူသုံးနေတာ ထင်သလို..၊ ဒါကိုလဲ ဘာမှ [illegible]ခဲ့တာ မဟုတ်ဘဲနှင့်..။

"မနက်က သမီး အပြင်သွားဖြစ်သေးလား"

မင်္ဂလာပွဲအတွက် လိုအပ်တာဝယ်ခြမ်းဖို့ ကိုထွတ် လာခေါ်မှာကို [illegible]တာဖြစ်သည်။ သမီးနှင့် ရက်ပိုင်းအတွင်းမှာ လက်ထပ်တော့မယ့် [illegible]က်လောင်းကိုတောင် မလိုအပ်ဘဲ စကားလက်ဆုံ ပြောဖြစ်အောင် [illegible] ခဲ့သည့် ဦးအောင်ကောင်း ၏မာနကလည်း သေးသေးနုပ်နုပ် [illegible]တ်။ ကိုထွတ် တို့ဘက်ကလည်း လူကုံထံတွေပဲမို့ ဦးအောင်ကောင်း [illegible]ကြီးတာကို မကြည်မလင်ဖြစ်နေကြတာတွေရှိတော့ တော်ရုံနဲ့ [illegible]က်မလာကြပေ..။

မေမြတ်တို့မင်္ဂလာပွဲက ခြိမ့်ခြိမ့်သဲ ကျင်းပမှာပေမယ့် နှစ်ဖက်မိဘ [illegible] ဆောင့်ရှောက်မှုကတော့ တသီးတခြားစီ ဖြစ်နေကြ၏။ ကြားထဲ [illegible]လူငယ်တွေ စိတ်မချမ်းမသာဖြစ်နေကြတာကို အဝတ်စတစ်စလို [illegible]ချထားလို့မရသည့် မာနတွေကြောင့်...

"သမီးကလဲ ပြောလိုက်ပါ၊ မင်္ဂလာပွဲအတွက် ကုန်ကျစရိတ်အားလုံး [illegible]တို့ အကုန်အကျခံမယ်ဆိုတာ ဒယ်ဒီ လက်ခံတယ်လို့.."

"ဟုတ်ကဲ့ ပြောလိုက်မယ် ဒယ်ဒီ..."

မေမြတ် ဝမ်းသာအားရ ဖြစ်သွား၏။ ဒီစရိတ်စကအတွက် အလူး [illegible]သည့် မငြိမ်းချမ်းခဲ့ရခြင်းဖြစ်သည်။

"ဒီကိစ္စအတွက် သူတို့ ကျေနပ်ကြမှာမဟုတ်ဘူးဆိုတာသိလို့ အခု [illegible]နေခဲ့တဲ့ ဝန်ဆောင်မှုတွေမှာ ဒယ်ဒီ ဘာမှ ငွေထုတ်မပေးထားခဲ့ဘူး"

ဦးအောင်ကောင်း ၏ အရိပ်အာဏာစက်က ထိုမျှအထိ ကျယ်ပြန့် [illegible]သည်၊ နေရာအတော်များများမှာ လူသွားစရာမလိုဘဲ ဖုန်းတစ်ချက်ဆက် [illegible]တာနှင့်ပြီး၏။

မေမြတ် ကတော့ ဒယ်ဒီ့ကို ကျေးဇူးတင်လို့မဆုံးပါ..။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ အနည်းဆုံး တစ်ယောက်စာကို ဒေါ်လာအစိတ်နှ ဖြန့်ခင်းလိုက်ရင်တောင် ဟိုတယ်စရိတ်နှင့် ကျွေးမွေးတာအဆုံး ငွေ ကုန်မှာ မနည်းမနော ဖြစ်မည်။ ထို့ပြင် သတို့သမီးကိုယ်မှာဆင် လက်ဝတ်လက်စားကအစ ယောကျ်ားလေးရှင်ဘက်ကပဲ တာဝန်ယူ သည်။ ဒါကို ဒယ်ဒီ လက်မခံခဲ့ပေ..။

ကိုယ့်မှာ စိန်တိုက်တွေရှိသည်၊ ဆင့်စရာလည်း ဒီသမီးတစ်ယော တည်းရှိနေတာ ဒါကို တုပြိုင်စရာလားလို့ မြင်ကာ ဒေါသတွေ ထွက် ခဲ့၏။ ဒါကို အန်တီ ဒေါ်ရည်သန့် ကလည်း သေချာပြောပြခဲ့သေးသည်

“ပြိုင်တာဖြစ်ဖြစ်..၊ တကယ့် စေတနာဖြစ်ဖြစ် ကိုယ့်သမီးလေး တန်ဖိုးထားတာပဲ မဟုတ်ဘူးလား ကိုအောင် ရယ်..၊ ယောကျ်ားလေး ဘက်က ဒီလိုလုပ်ပေးချင်တယ်ဆိုတာလဲ ဖြစ်သင့်တဲ့ကိစ္စပါ”

ဆိုတော့ ဘာမှမပြောတော့ဘဲ ဒယ်ဒီငြိမ်နေခဲ့၏။ ခေတ္တ အဲဒီကတ က ဒယ်ဒီ စိတ်လျှော့လိုက်တာဖြစ်လိမ့်မည်။ ဒါပေမယ့် မယုံမရှိ

“ဒယ်ဒီ..၊ ဟို... လက်ဝတ်လက်စားကိစ္စရောလားဟင်..”

ခြေလှမ်းပြင်ပြီးမှ ဦးအောင်ကောင်း က ပြန်ငဲ့ကြည့်၏။ ရှေ့ လှည့်၍ ခဏငြိမ်နေပြီးကာမှ...

“သမီး သဘောပဲလေ..၊ ဒယ်ဒီ လုပ်ပေးထားတာတွေလဲ ရှိ ပဲ၊ ကြိုက်တာ ဝတ်ပါ၊ ဒယ်ဒီက သမီး စိတ်ချမ်းသာစေချင်တာ”

“ဟုတ်ကဲ့ပါ ဒယ်ဒီ..၊ အဲဒါတွေ သမီး ပြောလိုက်ပါ့မယ်၊ ဟို ဒါတွေကြောင့် ဒယ်ဒီရော စိတ်ချမ်းသာရဲ့လားဟင်၊ သမီးကလဲ ဒယ် စိတ်ဆင်းရဲမှာ စိုးပါတယ်”

ဦးအောင်ကောင်း က ပြုံးလိုက်ပြီး...

“သမီး စိတ်ချမ်းသာရင် ဒယ်ဒီလဲ ထပ်တူပါပဲ”





## အခန်း [ ၀၅ ]

“ဟင့်အင်း..၊ အဲဒီလောက်ဟိုက်တာကြီး ကျွန်မ မဝတ်ရဲဘူး”

“အို... ဒါပဲ ဝတ်ရမှာလေ...”

အလှပြင်ပေးနေသည့် မာမီသျှမ်း စိတ်ညစ်သွား၏။ သူမကျတော့ း မစစ်စစ်ဖြစ်လျက်နှင့် ယောကျ်ားသံကြီးထွက်နေကာ မျက်နှာရှည် နှာခေါင်းကြီးကြီးနှင့် မိန်းမနှင့် ဘယ်နေရာမှမတူ..။

ခြေချောင်းလက်ချောင်းတွေလည်း မလှဘဲ အရပ်ကြီးကရှည် အများအားဖြင့် ရှိတတ်ကြသော မိတ်ကပ်ပြင်ပေးသည့်အခြောက် ထင်စရာဖြစ်သည်။

မမက သူမကို မိန်းမစစ်စစ်ပါလို့ ပြောထားလို့သာ ညွှန်း ပါးစပ် နေရသည်။

မျက်နှာကို ပြင်ဆင်ခြယ်သနေတာ ဟိုကိုင်၊ ဒီဆွဲ လုပ်နေတာ ..၊ ဘယ်ကိုထိထိ စိတ်ထဲမှာ မနှစ်မြို့နိုင် ဖြစ်နေခဲ့သည်။

အကျီလဲမယ်ဆိုတော့လည်း သူမက ပါလာပြန်ကာ...

“ဒါကို လည်ပင်းဟိုက်တယ် မခေါ်ပါဘူး ညီမရယ်..၊ ပွဲတက် ခံ့ဆိုတာ ဒီပုံမျိုးလေးတွေပဲ ဝတ်ရတာ၊ ကြည့်စမ်း..၊ ပုလဲရောင် ..၊ အရမ်းလှတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မမ... အဲ... မာမီသျှမ်း ကလဲ..၊ သတို့သမီးဝတ်စုံကြီးနဲ့ ဗျာ
တာ ဘာလုပ်ဖို့လဲ၊ ဟို... ညွှန်း မှာ ပွဲနေပွဲထိုင်ဝတ်တဲ့ဝတ်စုံ ပါ
တယ်၊ အဲဒါ ဝတ်ကြည့်မယ်နော်.."

မာမီသျှမ်း ကိုင်ထားသည့်ဝတ်စုံကို အတင်းဖယ်ပစ်ကာ ည
က အခန်းပြင်ထွက်ဖို့ ကြိုးစား၏။ မာမီသျှမ်း က ပြန်ဆွဲထားကာ

"မဖြစ်ဘူး..၊ ဒါ သတို့သမီးကိုယ်တိုင် စီစဉ်ပေးထားတာ၊ လာ
ဝတ်ကြည့်လိုက်ပါ..၊ ဝတ်ပြီးရင် ညီမလေး ကြိုက်သွားလိမ့်မယ်"

ရင်ဘတ်က ကကြီးပုံ ဟိုက်ချထားသည့်အရှိက်က နည်းတာ
မဟုတ်။ ပြီးတော့ လက်ဖောင်းအတွန့်အရှုံ့တွေနှင့် ထောင်ထောင်ကြီး

ကိုယ့်ကိုယ်ကိုယ် ပျံတက်တော့မည့်ငှက်ကြီးတစ်ကောင်နှင့် တူ
ပြီးလားတောင် ထင်မိသည်။

ဒီနေရာကျတော့ ကောင်း တို့ မတ်တတ်လေးတောင် လာ
ကြည့်ဖော်မရ..။

သူ့အတွက်ဆို အကျီအရောင် တွဲပေးပါ၊ လည်စည်းထည့်ပေး
ဘယ်လိုဖိနပ်စီးရမလဲ..၊ အားလုံးပဲ ညွှန်း တစ်ယောက်တည်း ခေါ
ခြောက်နိုင်း၏။

"နင်က ဒီနိုင်နာနော် ကောင်း..၊ ငါ မဟုတ်ဘူး၊ မေ့နေမှာစိုး
လို့ ပြောကြည့်ပါလား..။

"ဟုတ်တယ်..၊ ဘယ်သူ့အတွက်မဆို ငါ ဒီနိုင်နာပဲ၊ ဒါပေ
ငါ့အတွက်ကျတော့ နင်က ဒီနိုင်နာ"တဲ့..။ လုပ်ပေးထားတော့လည်
သူ မကြိုက်လျှင် ပြန်ထုတ်၊ ပြန်လုပ်၊ ဘာထူးလို့လဲ..။

"အစကတည်းက ကိုယ့်ဟာကိုယ် လုပ်လိုက်ပါလား၊ အဲဒါ
ဆိုလျှင်..

"နင် ရှိနေရင် ဘာမှကို မလုပ်ချင်တော့တာ"လို့ ပြောသေးသည်

"ကောင်းပါတယ်..၊ နင်က ဘုန်းကြီးပေတာကိုး..၊ မွေး





တည်းက နိုင်းဖို့ ဖွားဖက်တော်နဲ့..."

"နိုင်းတာ မဟုတ်ဘူး၊ အယူမလွဲနဲ့..၊ ငါ့အတွက် နင်မရှိရင် မဖြစ်
ဘ"တဲ့..။

မင်္ဂလာပွဲစပြီဆိုတာနှင့် ကောင်း ကို သတိရသွားလိုက်၊ ကောင်း
အကြောင်းတွေ တွေးမိလိုက်..၊ လည်ပင်းဟိုက်နေတာကြီးကို သတိရ
တော့ လက်နှင့်တောင် ကာထားလိုက်ချင်သည်။ ညွှန်း ရဲ့စိတ်တွေ
သောက်ယက်ခတ်နေခဲ့၏။

နှစ်ဖက်မိဘ၏ မြင့်မားသည့်အရှိန်အဝါကြောင့် မင်္ဂလာပွဲက စည်
ကားနေသည်။ ညွှန်း ရင်ထဲမှာလည်း ရှက်ကြောက်နေတာတွေ ထုထည်
ကြီးမားစွာ ဖိုးမိုးနေလေသည်။

ပွဲစပြီဆိုတာနှင့် နေရာယူကြတော့ မေမြတ် က ညွှန်း လက်ဖဝါး
လေးကို လှမ်းဆွဲကိုင်သည်။ လက်အိတ်အဖြူရောင်လေး ကာဆီးထား
ပေမယ့် ညွှန်း လက်ကလေး အေးစက်နေတာကို ခံစားမိသွားကာ...

"ကြည့်စမ်း..၊ လက်ဖဝါးလေးကို အေးစက်နေတာပဲ ညီမလေး
ရယ်..."

မေမြတ် ကပြောတော့ ကိုထွတ် ကလည်း ရယ်နေသည်။ မေမြတ်
နှင့် ကိုထွတ် တို့ချစ်သူသက်တမ်းရှည်ခဲ့တာ မှန်သည်။ လက်ထပ်ဖို့
စီစဉ်ရင်း အချိန်တွေလည်း ကြာခဲ့သည်။

ဒါပေမယ့် မေမြတ် မှလွဲ၍ မေမြတ် နှင့်ပတ်သက်သည့် အသိုင်း
အဝိုင်းအားလုံးနှင့် ကိုထွတ် မရင်းနှီးသေး။ အဘယ်ကြောင့်ဆိုလျှင်
အဆင်မပြေစရာ အကြောင်းအချက်ကလေးတွေရှိခဲ့သဖြင့် အိမ်မှာ
အဝင်အထွက်မရှိသလောက် ဖြစ်ခဲ့တာက အခြေခံသည်ဟု ဆိုရမှာပင်..။

ညွှန်း ကိုလည်း သိနေပေမယ့် ကိုထွတ် မရင်းနှီးခဲ့ပါ။ ထို့ကြောင့်...

"ညွှန်း က ဆရာဝန်မကြီးတောင် ဖြစ်တော့မှာ..၊ ဒါပေမယ့်
ကလေးလိုပဲ အရမ်းချစ်ဖို့ကောင်းတာ ကိုထွတ် ရဲ့..၊ ကောင်း ရဲ့ဘွဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



လဲ သူပဲ ဒိုင်ခံ..."

လက်ချင်းချိတ်၍ မထွက်ခွာမီအချိန်လေးထိ မေမြတ် က ညွန့်လက်ကလေးကို ကိုင်ထားတုန်းဖြစ်သည်။ စပြီဆိုသည်နှင့် ညွန့် အားမှာ ရောက်လာတာ အဖြူရောင်အနောက်တိုင်းဝတ်စုံနှင့်လူ..၊ ဆံပင်တိုတိုရှင်းရှင်းမို့ နားသယ်စပ်တွေ လည်ကုပ်တွေ စိမ်းနေကာ ဖြူသည့်မျက်နှာနှင့် မဆန်းပြားဘဲ ခမ်းနားနေသည်။

နဘတ်ပေါ်ပေါ် နှုတ်ခမ်းပါးချင်ချင်နှင့် မေးရိုးကားပုံကြောင့် ကပြားနှင့် ပိုတူသည်။ ဒီလူကို ညွန့် မြင်ဖူးနေသည်လား..၊ ဘယ်တုန်းကလဲ မြင်ဖူးတာလား..။

ကိုယ့်ဆီကိုရောက်လာလို့ အမှတ်တမဲ့ ငဲ့ကြည့်လိုက်မိပြီးမှ သေချာစွာစိမ်း ငေးသွားမိတော့ သူက ပြုံးပြသည်။

"တို့က မြင့်မား..၊ ကိုထွတ် ရဲ့ညီ.."

"ဟင်!... တူလဲ မတူဘူး"

လွတ်ခနဲပြောပြီးမှ အားနာသွားသည်။ သူက သဘောထားကြီးသည့်အပြုံးနှင့် လျှောက်လှမ်းနေသည့် ခြေလှမ်းများဆီ ခပ်စိုက်စိုက်ကြည့်နေရင်း...

"အဖေတူအမေကွဲပါ"

"အယ်!... ဆောရီးနော်.."

"မလိုပါဘူး..၊ တို့မာမီက ပြင်သစ်သူလေ"

"သြော်..."

ကိုထွတ် တို့ မိဘ၊ အသိုင်းအဝိုင်းအားလုံး နိုင်ငံ တော်တော်များများမှာ စီးပွားရေးအခြေလုပ်ငန်းတွေနှင့် တထီးတနန်း ရှိနေကြသည်တဲ့..။

ဒါကြောင့် သူတို့က အသိုင်းအဝိုင်းအင်အားနှင့် ကိုထွတ် ရဲ့ မင်္ဂလာပွဲကို မျက်နှာငယ်မခံနိုင်တာဖြစ်မည်။ တကယ်ဆို ကိုထွတ်





တို့ စီးပွားရေးက ဦးအောင်ကောင်း ကို ဘယ်လိုမှ မမီနိုင်ဟု မေမေပြောပြဖူးသည်။

ဒါပေမယ့် သားအတွက် စီစဉ်ပေးလိုက်တာ ဖိတ်စာကို စင်ကာပူမှာ လှမ်းမှာသည်။ သတို့သမီးဝတ်စုံကိုလည်း စိတ်ကြိုက်မှာပြီး ထင်ဘိုင်းကြံပစ်ခဲ့၏။ မြန်မာပြည်မှာ နိုင်ငံခြားမိတ်တွေနှင့် ခမ်းနားဆန်းပြားရတာကို ဂုဏ်ယူတတ်တဲ့အသိုင်းအဝိုင်းသာ ဖြစ်လေသည်။

ထည့်ထားခဲ့တာ သတို့သား၊ သတို့သမီးအရန်တွေချည်းပဲ သုံးတွဲတောင်..၊ ညွန့် နှင့် မြင့်မား က နောက်ဆုံးအတွဲဖြစ်ကာ ညွန့် တို့နောက်မှာ သတို့သား၊ သတို့သမီး ဖြစ်၏။ သူများတွေလို ပန်းကြဲတဲ့သူထားဘဲ ပန်းနုရောင်ပွင့်ဖတ်လေးတွေ ခန်းမတစ်ပြင်လုံးကို စီးမိုးကြဲဖြန့်ချလိုက်တာလည်း တေးသွားနှင့်ညီကာ ညွန့် ပျော်သွား၏။

ပွင့်ဖတ်တွေ ကျလာတာကို လိုက်မော့ကြည့်ချင်သည့်စိတ်တွေဖြစ်လာပေမယ့် တခြားစုံတွဲတွေက မကြည့်တော့ ကိုယ်လည်း မျိုသိပ်နေလိုက်ရသည်။

ထို့ပြင် ညွန့် သတို့သမီးအရန်လုပ်မှာမို့ သူငယ်ချင်းတချို့ကို ဖိတ်ထားသဖြင့် သူမတို့က ညွန့် ကိုမြင်တာနှင့် လက်တွေ မရဲတရဲပြ..၊ အရမ်းလှတာပဲဂို့ အမူအရာတွေလုပ်ပြပြီး လက်မထောင်တဲ့သူကထောင်သေးသည်။

လှတယ်ဆိုတော့လည်း ကျေနပ်သွားမိပြန်သည်။ ဒီဝတ်စုံကြီးနှင့် ဒီလောက် အရောင်စုံအောင်ပြင်ထားတဲ့ မျက်နှာကြီးက လှလို့လား..။

လှပါတယ်လို့ ပြောတဲ့လူတွေရှိနေကာမှ ပိုလှချင်နေပြန်သည်။

"ညွန့် ရယ်..၊ နင်တို့အတွဲက အလှဆုံးပဲ"

"ညွန့် နင် အရမ်းလှတယ်"

စားပွဲတွေအလယ်မှာ လျှောက်ဝင်သွားတော့ ကြယ်စင် က ဦးဆောင်ပြီး ညွန့် လက်ကို လှမ်းဆွဲ၏။



www.burmeseclassic.com

"ညွှန်း ကောင်း နဲ့မတွဲဘူးလား"

"ဟဲ့... သူလဲ ချောပါတယ်၊ ဘယ်သူတဲ့လဲ..."

ညွှန်း သူ့ကို အားနာစွာကြည့်မိတော့ မြင့်မား က ပြုံးနေ သူကိုယ်သူ မိတ်ဆက်သည်။ ထိုစဉ် ဘယ်တစ်ယောက်က အလို ကမ်းဆိုးမသိ ဝင်ပြောလိုက်မှန်း မသိ..။ အသံသည် အနီးဆုံးက ပိပြင်စွာ ထွက်လာတာဖြစ်လျက်...

"အတွဲလေးတွေ လှလိုက်တာ..၊ သတို့သား၊ သတို့သမီးအရန် လုပ်ရတာ နိမိတ်ကောင်းတယ်၊ မကြာခင် သူတို့လဲ ညားသွားကြမှာ

ညွှန်း နားနှစ်ဖက် ဆားကိုပြန့်ကားထွက်သွားသလိုပင်..၊ အဲဒီ ကယောင်ကတမ်းဖြစ်ပြီဆို သူမ ဖြစ်ရတော့မည့် နောက်ဆက်တွဲ တ ခု..။

"အမေ့!..."

"ဟဲ့!... ဟဲ့!..."

"ညွှန်း..."

ခလုတ်တိုက်တာတော့ ပစ်စလက်ခတ်ပါ..၊ ဒါပေမယ့် မြင့်မား က ညွှန်း ပခုံးလေးနှစ်ဖက်ကို နောက်ကနေ ဖမ်းထိန်းလိုက်သဖြင့် ဒယိမ်းဒယိုင်ဖြစ်သွားရုံနှင့် ပြီးခဲ့ပြီး...

"ကောင်း..."

ခလုတ်တိုက်မိပါသည်ဆိုမှ မျက်နှာရှေ့ကို ရောက်လာတာ ကောင်း..။ အစ်မတစ်ယောက်လုံးရဲ့ မင်္ဂလာပွဲကို ညှို့သည်လိုဝင်လာ ပြီး လမ်းကလေးရဲ့အစပ်က စားပွဲမှာ ဝင်ထိုင်၏။ သူနှင့်အတူ ရှယ်တူ လူနှစ်ယောက်ကလည်း တခြားလူတွေ မဟုတ်ပါ..။

သူ့ရဲ့ ဓာတ်ပုံစတူဒီယိုထဲက လူတွေပဲ ဖြစ်သည်။ ထိုင်လိုက်တဲ့ စားပွဲက ညွှန်း တို့နှင့် နီးနီးလေး..။ သူ့ကို ဒီက နှုတ်ဆက်မလို့၊ ပြီးတော့ ခုမှလာရသလားလို့ ဆီးပြီးအပြစ်တင်မလို့ဟာ..။ မျက်နှာကြီးကို ရှစ်





ခါက်၊ ကိုးခေါက်ချိုးထားတာမြင်ပြီး ညွှန်း ပါးစပ်လေး ပြန်ပိတ်သွား၏။

"ညွှန်း...၊ ဟိုမှာ ကိုထွတ် တို့ ခေါ်နေတယ်"

"ဟင်!..."

ခေါင်းညိတ်လိုက်ပြီးမှ ညွှန်း သူ့ကို အံ့သြပြီး ပြန်ကြည့်မိ၏။ သူ့နာမည်ကို သူ့ဘာသာပြောပြခဲ့ပေမယ့် ညွှန်း ကတော့ မပြောခဲ့သေး ပါ။ ညွှန်း ကြည့်လိုက်တာကို မြင့်မား က သဘောပေါက်သွားကာ...

"မင်းသူငယ်ချင်းတွေ ခေါ်သံကြားလို့ပါ..၊ နာမည်က အပြည့်အစုံ ဘယ်လိုခေါ်လဲဟင်.."

ညွှန်း ပြောမလို့ ပါးစပ်ပြင်တုန်း မေမြတ် က လက်ယပ်ခေါ်လိုက် သဖြင့် ပြောခြင်းသို့မရောက်ခဲ့..။ လူကြီးတွေတော့ လူကြီးတွေပဲဖြစ် သည်။ ညှို့သည်တွေထဲကလား၊ မင်္ဂလာမောင်နှံရဲ့မိဘတွေလား..။ သေချာမသိဘဲ ဓာတ်ပုံဗီဒီယိုတွေ ရိုက်နေတာ တဝင်းဝင်း၊ တလက် လက်..။

မိသားစုဓာတ်ပုံရိုက်တော့ ဦးအောင်ကောင်း ပါလာသည်။ ကောင်း ကိုပြန်ရှာကြတော့ တော်တော်ကြာမှ ပါလာသည်။ မျက်နှာက ခပ်တည်တည်..။ သတို့သား၊ သတို့သမီးတင်မကဘဲ အရန်တွဲတွေကို ပါ အတွဲလိုက်ကော တစ်ယောက်ချင်းရော အားလုံးကို သေချာရိုက်နေ၏။

"ကောင်း နဲ့ ညွှန်း တို့ အမှတ်တရရိုက်လေ..၊ ဘာဖြစ်နေတာလဲ မျက်နှာကြီးက..."

မေမြတ် က လူကြားအောင်တစ်မျိုး၊ မကြားအောင်တစ်မျိုး ကောင်း ကို တိုးတိုးကပ်ပြော၏။ တော်ကြာ လူကြီးတွေ တစ်မျိုးထင် ရာ ဖြစ်သွားနိုင်လို့ပါ..။

ကောင်း က အစ်မရဲ့မင်္ဂလာပွဲကိုလာတာ အနက်ရောင် အနောက် ိုင်းဝတ်စုံနှင့်..။ ပြီးတော့ လည်စည်းမတပ်ဘဲ ကုတ်အကျီနက်ကို င်ခွဲဝတ်ထားသဖြင့် အနက်ရောင်က သိသာနေသည်။

www.burmeseclassic.com



ရုပ်အင်္ကျီအဖြူသာမပါလျှင် တကယ် ကြည့်လို့ကောင်းမှာမဟုတ်ပေ။ လူကတော့ အားလုံးထဲမှာ ဖြူဝင်းထင်းရှင်းနေ၏။ ကိုထွတ် ကလည်း ကောင်း ပခုံးကိုဖက်လိုက်ပြီး...

"ငါ့ညီက လူချောပဲ..၊ တကယ် ခုမှ သေချာတွေ့ဖူးတာ"ဟု ဆို၏။

ချောတယ် ပြောလိုက်တာကို ကောင်း မျက်နှာ တင်းခနဲ ဖြစ်သွားတာ ဦးအောင်ကောင်း ကစ၍ မမြတ် တို့..၊ ညွန်း တို့ အားလုံး သတိထားမိ၏။

"လာ... ညီမလေး..၊ ကောင်း နဲ့ အမှတ်တရတွဲရိုက်..."

မမြတ် က ညွန်း လက်ကလေးကိုဆွဲ၍ ကောင်း နှင့်ကပ်ပေးသည်။ ကင်မရာသမားကလည်း လှည့်ချိန်လိုက်၏။ ဒါပေမယ့်...

"မရိုက်ချင်ပါဘူး၊ ဒါ အမှတ်တရဖြစ်ဖို့မှ မလိုတာ.."

ကောင်း က အေးကိုရှောင်ထွက်သွား၏။ ညွန်း ဒီတိုင်းလေးကျန်ခဲ့တော့ မြင့်မား က အေးမှာဝင်ရပ်လိုက်ကာ...

"ကိုယ်နဲ့ဆို ဖြစ်ပါ့မလား"

"ဖြစ်တယ်လေ..၊ ဘာဖြစ်လဲ ရိုက်ပြီးသားလဲ ထပ်ရိုက်ပေါ့"

ညွန်း ရှက်သွားပြီမှန်းသိကာ မမြတ် ပျာပျာသလဲ ရိုက်ခိုင်းသည်။ မင်္ဂလာပွဲမှာ လူမရှင်းသေးဘဲ ကောင်း ပြန်သွားသည်။ မမြတ် တို့ကလည်း အားလုံးသော အဆင်ပြေ ရယ်မောခြင်းတွေကြားထဲကနေ ကောင်း ကိုပဲ ရှာရ..၊ စိတ်ပူရနှင့် ပွဲပြီးမှပဲ မောလျသော ပင့်သက်ကို ချရ၏။

"သမီးလေးက အရမ်းချစ်စရာကောင်းတာပဲကွယ်၊ ရွှေဆံပင်လေးတွေသိမ်းပြီး သရဖူလေးတင်ထားတာ ကြယ်နှင်တံလေးသာ ကိုင်လိုက်ရင် တကယ့် နတ်သမီးလေးပဲ"

စောစောပိုင်းက မိတ်ဆက်ပေးထားသည်မို့ ထိုအမျိုးသမီးကြီးကို ကိုထွတ် ရဲ့အဒေါ်မှန်း ညွန်း သိထား၏။ ပြီးတော့ နောက်ထပ် မမှတ်မိ





သော အမျိုးသမီးကြီးငယ်တွေ ညွန်း အေးမှာ တစ်ယောက်စ နှစ်ယောက်စနှင့် များလာ၏။

"သြော်... ညီမရဲ့ သမီးလေးလား၊ ကြည့်စမ်း..၊ ငါ့ညီမကလဲ အရွယ်တင်တာကိုး၊ သမီးကလဲ လှပြီပေါ့၊ သမီးလေးက ဆေးတက္ကသိုလ် တက်နေတာဆို..."

"ဟုတ်ကဲ့"

ဒေါ်ရည်သန့် ကလည်း မမြတ် အတွက် မင်္ဂလာပွဲစကတည်းက အစစအရာရာ စီစဉ်ပေးနေတာမို့ အနားမှာရှိနေသည့် ညွန်း ကို ချီးမွမ်းရင်း ဒေါ်ရည်သန့် ပါ ပါလာ၏။

"သမီးလေးက နာမည် ဘယ်လိုခေါ်လဲဟင်.."

"ရည်ရွယ်ညွန်း ပါ"

"ခုမှပဲ ပြောဖော်ရတယ်ဗျာ..၊ ညွန်း က ကျွန်တော့်ကျတော့ မသိချင်ယောင်ဆောင်တယ်နော်"

"ဟော... သားကလဲ မေးပြီးပြီလား"

"ဟုတ်တယ် တီလေး..၊ ဒါပေမယ့် မပြောပါဘူး"

"အို!... မဟုတ်ပါဘူး ပြောမလို့ပါ၊ အဲဒါ... ဟို..."

"ဟုတ်သားပဲ..၊ ဒီလောက် အလုပ်တွေရှုပ်နေတာ သားက နာမည်မေးတာကိုး၊ ခု မေးလို့ရပြီ၊ မေးလေ..."

"သိပါပြီ..၊ ကိုယ့်ကိုပြောတာ မဟုတ်ပေမယ့် မှတ်ထားခွင့်တော့ ပြုပါ"

မြင့်မား တို့ဆွေမျိုးစုလိုက် ညွန်း အေးမှာ ဝိုင်းနေတာကိုကြည့်၍ ဒေါ်ရည်သန့် နှုတ်ခမ်းမှာ ပြုံးယောင်သမ်းနေ၏။

ဒါဟာ သမီးကောင်းရတနာတို့၏ မိခင်တစ်ယောက်ဖြစ်ရသော ပီတိပဲဖြစ်၏။ မြင့်မား ကလည်း ညွန်း အေးမှာပဲရှိနေကာ...

"တို့မာမီ မဆုံးခင်ကလဲ တို့က မြန်မာပြည်မှာပဲ အနေများတာ၊



www.burmeseclassic.com

www.burmeseclassic.com



မာမီဆုံးတော့ အန်ကယ်နဲ့ စင်ကာပူမှာ ကားလုပ်ငန်းတွေ အတူလုပ်တယ်၊ နတော့ တို့က မြန်မာပြည်မှာအထိုင်ပေါ့"

"ကိုထွတ် လိုပဲ သင်္ဘောသားလုပ်ဖို့ ဝါသနာမပါဘူးလား"

"မပါဘူးလို့ပဲ ပြောရမယ် ထင်တယ်..၊ တို့က ဝါသနာတစ်မျိုး ညွန်း ရဲ့..၊ ကြိုက်သလောက်သယ်၊ ရသလောက် ကျူးသွားဆိုတာမျိုးကို မမက်ဘူး၊ အရှိန်မှန်နဲ့ လိုတိုင်းရနေမယ့် ပဒေသာပင်မျိုး လိုချင်တာ တစ်ယောက်နဲ့တစ်ယောက် စီးပွားရေးအမြင်ချင်းတော့ မတူဘူးပေါ့လေ၊ ညွန်း က သင်္ဘောသားတွေရဲ့ Life Style ကို သဘောကျသလား"

"ရှင်!... အို.. မဟုတ်ပါဘူး၊ ညွန်း နဲ့လဲ မဆိုင်ဘဲနဲ့..."

ညွန်း ပျာပျာသလဲ ခေါင်းခါလိုက်တာကို မြင့်မား ကရယ်သည်။ ဒါကိုပဲ ညွန်း က ရှက်နေခဲ့ပြီး...

"ကိုထွတ် နဲ့ ညီအစ်ကိုတွေမို့လို့ မေးကြည့်တာပါ၊ ကုန်းပေါ်မှာနဲ့ ရေပေါ်မှာ ကွာပေမယ့် သွားလာနေကြတာချင်းတူလို့လေ..၊ စပ်စုသလို ဖြစ်သွားရင် ဆောရီးနော်..."

"စပ်စုစေချင်လွန်းလို့ မေးနေရတဲ့သူပါ၊ ညွန်း က အရမ်းချစ်စရာကောင်းတာပဲဗျာ"

"ဟင်!..."

မျက်နှာကို ရေနွေးတွေနှင့်ပက်ပစ်လိုက်သလိုကြီး ပူရှိန်းသွား၍ မကဘဲ မျက်လုံးတွေထဲမှာပါ ချာချာလည်၏။

မြင့်မား က ဆောင်းဘီအိတ်တွေထဲမှာ လက်ထည့်ထားရင်း မျက်နှာ ခပ်ငုံငုံနှင့် စိုက်ကြည့်သည်။

"ဖြူဖြူစင်စင်လေးလို့ စိတ်ထဲမှာ ခံစားမိပြီး ရိုးရိုးသားသား ပြောလိုက်တာပါ၊ ရိုင်းသွားရင် တောင်းပန်ပါတယ်၊ နောက်ထပ်တွေ့ကြရင် တို့ကို ခင်ခင်မင်မင် ရင်းနှီးခွင့်ပေးနိုင်မလား.."

ခင်ခင်မင်မင်အပြင် ရင်းနှီးခွင့်ဆိုတာက ပါနေသေးသည်။





ခေါင်းညိတ်မလို့ တစ်ဝက်ထိ ငုံ့ကျသွားပြီးမှ ညွန်း ခေါင်းလေး ...ခနဲ ပြန်မတ်၏။

"သမီးရေ မေမေတို့ ပြန်ကြရအောင်..."

"ရှင်!... ဟုတ်ကဲ့..၊ ကိုမြင့်မား သွားမယ်နော်"

"တို့ ဖုန်းဆက်မယ်နော်၊ ကိုင်မယ်မို့လား"

ရေ့က တားတာလည်း မဟုတ်..၊ သူ့မျက်နှာကိုလည်း မေမေ ...စိုးသလိုမျိုး ပန်းတစ်ခြမ်းရေ့ကို သာသာလေး တိမ်းလိုက်ပြီး ...နှင့်မေး၏။

ညွန်း ခြေလှမ်းပြီးမှ တုံ့ခနဲ ရပ်သွားသည်။

"တကယ် ရိုးသားပါ့မယ်"

သူ ထပ်ကတိပေးတော့ ညွန်း ခေါင်းညိတ်ပြီးသားဖြစ်၏။ မရိုး ...ဘူးဆိုတာ သိပေမယ့် သူ နောက်ထပ် တောင်းဆိုနေဦးမှာစိုးကာ ...ဆီကို အလုအယက် ထွက်လာခဲ့မိသည်။

ကားတွေ တန်းစီရပ်ထားသည့်ထဲမှာ ညွန်း ကိုယ့်ကားပေါ် ကိုယ် ...လိုက်ပြီး မျက်လုံးက နောက်ကို ပြန်ဝေ့သွားမိလျှင် မြင့်မား က ...သွားနေရင်း ဒီလိုပဲကြည့်နေတာနှင့် ဆုံသွား၏။

ညွန်း ကိုယ်လေး တောင့်သွားကာ ရေ့ကို ပြန်လှည့်လိုက်မိသည်။ ဆန့်ကျင်ဘက်ယောက်ျားသားတစ်ယောက်၏ မရိုးသားစွာ ကမ်း ...ခြင်းကို ခံစားဖူးတာ ဒါ ပထမဆုံး..။

ရင်တွေတော့ ခုန်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

ဆေးရုံကြီးထဲကနေ ဂျူတီကုတ်လေးနှင့် နားကျပ်လေးကိုင်ပြီး ထွက်လာသော ညွှန်း ကိုမြင်လိုက်ရကာ ပြောင်းလဲခြင်းကို သိသာစွာ ခံစားလိုက်ရ၏။

ညွှန်း ဆံပင်တွေ တဖြည်းဖြည်းရှည်ကာ ပခုံးအောက် ရောက် တာကိုလည်း ခုမှ သတိထားမိသည်။ သူမ ကြိုးစားခဲ့သည့် ဆရာ တစ်ယောက်၏ ခမ်းနားထည်ဝါခြင်းတွေလည်း သူမကိုယ်ပေါ်မှာ ရှိ ပြီး နောက်ထပ် ပြောင်းလဲခြင်းက မင်္ဂလာပွဲပြီးကတည်းက အဆ အသွယ်တွေဖြစ်နေခဲ့ကြသော မြင့်မား တို့မိသားစုနှင့် ညွှန်း တို့သားအ ရှင်းနှီးခင်မင်နေကြကာ မြင့်မား နှင့် ညွှန်း နဲ့လည်း ရိုးသားကြသလား မရိုးသားကြဘူးလား..။

ဒီပြောင်းလဲမှုကိုတော့ သူ မသိချင်ပေ..။ စိတ်က ဒီအကြောင်း တွေးမိသွားသည်နှင့် နူးညံ့ရိုဝေနေသည့် ကောင်း မျက်နှာ တင်းခနဲဖြ သွားသည်။ သူ ဒီထိလာခဲ့တာ မှားသွားပြီလား..။

"ကောင်း..."

ညွှန်း က လှမ်းမြင်ပြီး သူ့ရှေ့ရောက်လာ၏။ ပြီးတော့ မှန်ကု ကုတ်ဖြစ်နေသည့်မျက်နှာကို ငုံ့ကြည့်ကာ သူရပ်နေသည့်နေရာ ဆင်းလာပြီး...





"ကောင်း ဘယ်ကိုလာတာလဲ.."

"ဘယ်ကိုလာတယ် ထင်လဲ..."

"ဟင်!..."

ပြုံးနေသည့် ညွှန်း မျက်နှာလေး ပျက်သွား၏။ ဆေးရုံထိ ခါမှ လိုက်မလာခဲ့ဖူးသည်မို့ ဝမ်းသာအားရဖြစ်သွားသည့်စိတ်လေး ာင် ဘယ်ရောက်သွားမှန်း မသိ..။

အဖြူနှင့်နက်ပြာ လေးထောင့်ကွက်ကျားထားသည့် ဆွယ်တာ က်ရှည်နှင့် ဆောင်းဘီရှည်အနက်ကို ဝတ်ထားသော ကောင်း သည် ယ်အချိန်ကြည့်ကြည့် နုဖုံရှင်းသန့်နေတတ်သလို ညွှန်း အပေါ်မှာ ာဆိုဆက်ဆံပုံကလည်း ထာဝရအမြဲ ဒီတိုင်းပဲ ဖြစ်၏။

"နင် ငါ့ဆီ လာတာလား.."

"ဟုတ်တယ်..၊ မြင့်မား နဲ့ချိန်းထားလို့ ချောက်ချားနေတာလား.."

"မဟုတ်ပါဘူး ကောင်း ရယ်..၊ သူလာရင်လဲ အိမ်ကိုပဲလာတာပါ"

"ငါကတော့ အလုပ်ထဲထိ လိုက်လာတယ်လို့ ပြောချင်တာလား"

"ကြည့်ပါလား..၊ နင်နဲ့ငါက ပြောနေရမယ့်လူတွေလား"

ဒီစကားကြားတော့လည်း ကောင်း မျက်နှာ မကြည်မသာဖြစ်သွား သည်။ တစ်ခါတလေ ညွှန်း ဆီသွားချင်လျှင် အိမ်ကို အရင်ရောက် ာတတ်သည့် မြင့်မား ကို သတိရ၏။

"ကောင်း အချိန်ရရင် ညွှန်း တို့ဆီ ခဏလောက် လိုက်ပေးပါလား၊ သိုပါ..၊ မင်းက အဲဒီမှာ ဝင်ထွက်နေကျလေ၊ ငါကျတော့ သွားရှုခက်နေ ိး လူကြီးတွေမပါဘဲ သွားရမှာ ဘာအကြောင်းပြရမှန်း မသိဘူး"တဲ့..။

ညွှန်း ဆီရောက်အောင် ပို့ပေးဖို့အထိ သူ မလိုက်လျောနိုင်။ ပြော က်နိုင်သည့် မြင့်မား လိုကောင်ကိုပဲ မျက်နှာ ဖြတ်ရိုက်ပစ်ချင်မိသည်။

"ကောင်း ရယ်..၊ မသွားချင်ရင်လဲ မသွားချင်ဘူးပေါ့၊ စကား ိုတာ မှန်းအောင်ပြောလဲ ရတယ်၊ ချစ်အောင်ပြောလဲ ရတယ်၊ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ အခင်မင်ပျက်အောင် လုပ်ရတာလဲ"

"ပျက်ပါစေပေါ့ မမရာ..၊ ကျွန်တော်တို့ဘာသာ သူငယ်ချင်းဖြ
ဖြစ် ဘာဖြစ်ဖြစ် သူနဲ့ကျွန်တော် ယောကျ်ားချင်း..၊ ညွှန်း နဲ့ အောင်သွ
ပေးရလောက်အောင် ပေါ့မှ မဟုတ်တာ..."

သူ ဒေါသဖြစ်ဖြစ်နှင့် ပြောလိုက်မိတော့ ကျောနောက်ရောက်ေ
သည့် ဒယ်ဒီရယ်သံက နားထဲကို ခံရခက်စွာဝင်၏။

"ပေါ်လို့ ထင်ရင်တောင် ဒီကောင် ညွှန်း ကိုများ ပိုးပန်းနေ
မလားလို့တွေးပြီး အားနာဦးမယ်၊ ခုလို အားမနာပါးမနာ ပြောသွ
ကတည်းက မင်းကို ဘာထင်နေသလဲမှ မသိတာ..."

"ညွှန်း ဆီသွားချင်တာ..၊ ငါ့ကို အရင်လာခစားရမယ်ဆိုပြီး မ
တက်မနေနဲ့၊ အနီးဆုံးလူက အဝေးဆုံးကို ရောက်သွားတတ်တာ
ရှိတယ်၊ ညွှန်း လက်ထပ်သွားရင် မင်းလိုကောင် ဂေါ်ဖီသီးတစ်လုံးလ
ထွက်သွားသလိုတောင် စိတ်ဝင်တစားလိုက်ကြည့်မယ့်သူ ရှိမှာမဟုတ်ဘ

ပြောသမျှ စကားလုံးတိုင်းက ရင်ထဲကို ဓားနှင့်မွှန်း၍ ဆားန
ပက်နေသလိုပင်..။ မြင့်မား ဆိုသည့်လူတစ်ယောက် မျက်စိရှေ့ရော
လာမှ သူ့အတွက် အမြဲတမ်း ပေါ့ပါးစွာ ဖြတ်သန်းလာခဲ့သည့်နေ့ရ
တိုင်းဟာ ဒေါသတွေ၊ မခံချင်မှုတွေနှင့်သာ ပြည့်နှက်ခဲ့၏။

ညွှန်း ဆီလည်း သိပ်မရောက်ဖြစ်တော့ဘဲ တွေ့လိုက်တိုင်းလည်
မတည့်ဖို့ချည်းပဲ ပါးစပ်ကထွက်၏။ သူ့မျက်နှာကိုကြည့်ပြီး မွှန်း စကာ
နာထိုးတတ်လွန်းလို့ မွှန်း ကိုလည်း လမ်းခွဲပစ်လိုက်သည်။

အိမ်မှာ အဝင်အထွက် အမြဲရှိနေသည့် မေမီ နှင့်တွဲဖြစ်နေပြ
တော့လည်း ပျော်ရွှင်သာယာခြင်းဆိုတာ ဖြစ်မလာ..။ မမ ရောက်လာ
သည့်အခါ မေးဖူးသည်။ မေမီ နှင့် ချစ်နေကြပြီလားတဲ့..။

အဖြေတစ်ခုက အသင့်ရှိနေပေမယ့် နောက်ထပ် ဒယ်ဒီ ကျေ
နောက်ရောက်လာပြီး မက်စက်ရင့်သီးစွာ ပြောလာနိုင်သေးတာမို့ ဘာ





နိုင်ဘဲ ပါးစပ်ပိတ်နေခဲ့၏။

"ကောင်း..."

"ဟင်!..."

ညွှန်း က သူ့လက်မောင်းကို ကိုင်လှုပ်လိုက်မှ တွေးနေတာတွေ
နှံ့းရပ်သွားသည်။

"ငါ တစ်နာရီခွဲလောက် အချိန်ရတယ်၊ နင် ငါ့ဆီလာတာဆိုရင်
ှင်မှာ တစ်ခုခုသွားစားရအောင်လေ"

တွန့်ကုတ်ထားမိသည့် မျက်ခုံးတန်းတို့ကို ဖြေချပစ်လိုက်ပြီး
င်း ခေါင်းညိတ်လိုက်၏။

"ခဏလေးစောင့်..."

ညွှန်း ပြန်လှည့်ဝင်သွားတာကို စူးစိုက်ကြည့်ရင်း အောက်ဆုံး
ားထစ်ကို ခြေဦးထိပ်နှင့် မထိတထိ ကန်သည်။ ဆက်ကာဆက်
ာန်နေပြီးမှ ပတ်ဝန်းကျင်ကို သတိရပြီး ကိုယ်ကို မတ်မတ်ပြန်ရပ်
ညွှန်း ပြန်ရောက်လာတော့ ကုတ်အင်္ကျီ အဖြူလေး မပါတော့ပေ။
နက်ပွင့် ဝတ်စုံလေးနှင့် ဆံပင်တွေကို နောက်မှာ ရိုးရိုးလေးပဲ
ထားသည်။

ဘေးနှစ်ဖက်မှာ တစ်ပင်စ၊ နှစ်ပင်စ ပြုဆင်းနေသည့် ဆံနွယ်
တွေနှင့် မျက်မှန်လေးကြောင့် ဘယ်လိုကြည့်ကြည့် ယဉ်နေ၏။
ညွှန်း ပိုလှလာသည်။ ကြည့်လေ သေချာလေပါ။ ဟိုအရင် သူ
သမျှ လိုက်..၊ ဆွဲသမျှ ပါနေခဲ့သော ကျောင်းသူလေးပုံစံနှင့် သိသာ
ခြားနားသွားခဲ့၏။

အချစ်ရှိလာရင် အလှရှိလာသည်တဲ့..။ သူ့စိတ်ထင်နေတာလား။
ပုံစံကတော့ အထူးတလည် ပြင်ဆင်ထားတာ ဘာမှမမြင်ပါ။
ဆံရေး ပြတ်တောင်းပြတ်တောင်း ဖြစ်နေခဲ့သည့် ဒီကာလတွေမှာ
ဆင်သလို ညွှန်း တကယ်ပဲ ပြောင်းလဲသွားပြီလား..။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်လာတာလဲ ကောင်း..၊ ဦး ဆူလိုက်လို့လားဟင်
ရင်ထဲမှာ မျက်ခနဲ စူးရှသွား၏။

"ဆူဆူ..၊ ရိုက်ရိုက် ခံနိုင်သေးတယ်၊ တစ်သက်လုံး ရွှတ်ချ
လာတဲ့ စကားတွေ ဘယ်တော့မှ ပြောင်းလဲမသုံးတာတော့ အနာဆုံး

"ကောင်း ရယ်..၊ ဦး က နင့်ကို သူ့စိတ်တိုင်းကျမဖြစ်လို့ ဆူ
တာပါ၊ နင်က နင့်ကိုယ်နင် ယုံကြည်နေပေမယ့် ဦးက ဒီ့ထက်
ဖြစ်ချင်ခဲ့တာလေ"

"ဒီ့ထက်မက ဘာဖြစ်ပေးရဦးမှာလဲ..၊ ရည်းစားမထားတတ်
ဂျိုပုန်းလို့ ပြောတယ်၊ ငါ ရည်းစားထားတော့လဲ မကြိုက်ဘူး၊
ကို အိမ်ထိခေါ်သွားပြီး ရည်းစားလို နေပြတယ်၊ ငါ့ကိုဆက်ဆံ
ဘာမှပိုထူးမလာဘူး"

နှစ်ယောက် ပခုံးချင်းယှဉ်သွားနေရင်း လမ်းဘေးသစ်ပင်
အောက်ရောက်တော့ နေရိပ်ဖြစ်ကာ အရိပ်ကထွက်တော့ နေပူကို
ဆိုင်ရသည်။ ညွန်း က ပိုက်ဆံအိတ်လေးနှင့် မျက်နှာရှေ့က ကာလို
ပြီး သူ့ကို မော့ကြည့်ကာ...

"မြန်မြန်လျှောက်လေ..၊ နေပူတယ်"

နေပူ အလွန်ကြောက်တတ်သည့်သူဟာ ပူမှန်းအေးမှန်းလည်
မသိတော့သလိုပင်..။ လမ်းဘေးမှာ မုန့်တီနှင့်အအေး တွဲရောင်း
သည့်ဆိုင်လေးရှိကာ နောက်ဘက်ဗွာနဝင်းကြီး၏ အတွင်းမှ ကိုင်း
ယှက်၍ အုပ်မိုးနေသော သစ်ပင်ရိပ်နှင့် ထိုနေရာလေးမှာ အေးမြနေ

ပလတ်စတစ်စားပွဲလေးတွေ သုံး,လေးဝိုင်း ချထားသဖြင့် ညွ
က အစွန်ဝိုင်းမှာထိုင်ကာ ကောင်း အတွက် ခုံလေး နေရာချပေးသည

"နင် အအေးသောက်မလား..၊ ကော်ဖီ သောက်မလား.."

"ကော်ဖီပဲ.."

ညွန်း ကတော့ မုန့်တီသုပ်ကို ဂရုတ်သီးတွေ စိမ်းနေမှ ကြိုက်





ပွဲချလာတော့ ကောင်း က ငုံ့ကြည့်ပြီး ညွန်း ကို အပြစ်တင်သည့်
ဟန်ဝန်းတွေနှင့်...

"ဆရာဝန်ဖြစ်မယ့်လူမို့ တော်သေးတာပေါ့"

ဘာကိုပြောမှန်း ညွန်း က သိသည်။ ထို့ကြောင့် ပန်းကန်ကို
ထပ်ဆွဲ၍ ပြုံးလိုက်ကာ...

"တစ်ခါတလေစားတာ ဘာမှမဖြစ်ပါဘူး၊ ငရုတ်သီးစားပြီး
အေး ချက်ချင်းမသောက်ဘဲ ရေနွေးကြမ်းလေးတစ်ခွက်လောက် မျိုချ
လိုက်ရတယ်၊ အဲဒါဆို ဗိုက်မနာဘူး"

ကောင်း အတွက် ကော်ဖီမစ်ကို ညွန်း ကပဲ ဖျော်ပေးပြီး ရှေ့မှာ
ချပေးကာ...

"မေမီ နဲ့ နင်နဲ့ အဆင်ပြေသွားပြီလား.."

"ဘာကို ပြေရမှာလဲ..."

"မမက ပြောတာ၊ ပြီးတော့..."

ပြောခါနီးမှ ညွန်း က သူ့မျက်နှာကို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်၍...

"မွန်း နဲ့လဲ ငါ တွေ့သေးတယ်.."

ကောင်း က ကော်ဖီတစ်ကျိုက်သောက်ပြီး ဘာမှမပြောဘဲ နေ၏။

"နင် ဘယ်သူနဲ့တွဲတွဲ မြမှာ မဟုတ်ဘူးတဲ့"

ကောင်း မျက်လုံး ကိုယ့်ဆီရောက်လာတော့ ညွန်း မျက်လွှာချ
လိုက်သည်။ ပြီးမှ ဆက်၍...

"မချစ်ဘဲနဲ့ တွဲနေတာလား..၊ ဒါမှမဟုတ် သူများတွေပြောသလို
အပြောအဆိုလွတ်အောင် တွဲတာလား.. သူပဲ သိမှာတဲ့၊ ဒါပေမယ့်
ခု မိန်းကလေးတွေက သနားစရာကောင်းနေပေမယ့် နောက်တစ်ချိန်
သနားစရာကောင်းတဲ့လူက နင် ဖြစ်လာမှာပဲ...တဲ့.."

"တော်တော့.."

"ငါကလဲ အဲဒီစကားမျိုးတွေကို ဟိုကနေ ဒီသယ် လုပ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာမပါပါဘူး၊ ဒါတွေပြောပြနေတာ နင် ဘာလုပ်သင့်တယ်ဆို
တွေးမိအောင်လို့..."

ကောင်း က ကော်ဖီပန်းကန်ကို ပြန်ချလိုက်ပြီး...

"ငါ မတွေးမိဘူးဆိုရင် ပြောဖို့အကြံဉာဏ်တွေ နင့်မှာ ရှိပြီး
မို့လား၊ ပြော..."

ညွှန်း က မုန့်တီသုပ်ကို စားမလို့ တစ်ဇွန်းခပ်လိုက်၊ ပါးစ
မသွင်းသေးဘဲ ပြန်ချလိုက်နှင့် စားခြင်းကို မရောက်နိုင်..။

စကားပြောနေရင်း စားသောက်မဖြစ်သည့် ကိုယ့်အကျင့်ကို
ကာ ဇွန်းကို လုံးဝ ချထားလိုက်ပြီးမှ...

"မေမို့ ကိုတော့ လက်ထပ်ဖို့ စဉ်းစားသင့်တယ်လို့ ငါ ထင်လို့"

"ဘာပြောတယ်..."

"ဖြည်းဖြည်းပြောပါ၊ နင်ကလဲ..."

ကောင်း မျက်နှာ ရဲခနဲဖြစ်သွားတာကို ကြည့်ကာ ညွှန်း ထိ
သွားမိသည်။ ဒါပေမယ့် မမနှင့် မွန်း တို့ ပြောကြတာတွေကို
ကြည့်တော့ ကောင်း အတွက် ဆုံးဖြတ်သင့်ဆုံးက ဒါပဲ ဖြစ်နေခဲ့

"ရည်းစားထားပြီး ကိုယ့်ရည်းစားကို ကြင်နာရမှန်း မသိဘူး"

"သူ တို့ကို မချစ်ခဲ့တာ သိသာတယ်"

"တကယ်တော့ ဒယ်ဒီက သားဆိုတဲ့အတိုင်း လေးစား အား
စရာ ဖြစ်စေချင်တာပါ၊ သူ့ရဲ့အလုပ် ဝင်ငွေ ဘယ်လောက်ကော
ကောင်း၊ နိုင်ငံနဲ့ချီပြီ နာမည်တွေကျော်နေနေ ဒယ်ဒီက ဒါကိုပဲ
သက်ခဲ့တာ..၊ သူ့ကို ငွေရှာခိုင်းချင်တာမှ မဟုတ်တာ ညွှန်း ရယ်

မွန်း ကတစ်မျိုး..၊ မမက တစ်မျိုး..။ မမချော အိမ်ထောင်ကျသွာ
တာတောင် အဖေနှင့် မောင်အတွက် ပူပန်နေရှာသည်။

"မြင့်မား က မှမရဲ့မတ်တော်တယ်၊ မတ်နဲ့ ကိုယ့်မောင်ကိုယ်
တစ်စုံတစ်ယောက်က ပြောဆိုလာရင် မမ ဘယ်လို ခံစားရမလဲ





ယ်ဒီရင်ထဲမှာလဲ ဒီတိုင်းပဲ ရှိမှာပေါ့"

မေမြတ် သည် မြင့်မား နှင့်ရောက်လာတတ်သလို သူမတစ်ယောက်
ည်း လာတတ်တာလည်းရှိသည်။ ပြောသွားတာတွေကတော့ ရောက်
ာတိုင်း ကောင်း အကြောင်းချည်းပဲမို့ အများကြီးပါ။ ဒါတွေကို မျို
ပ်ပြီး ကိုယ်ပဲ အမှန်ခံပြောဖို့ ဆုံးဖြတ်ထားသည်မို့...

"အစကလဲ နင့်ကို ဦးက ပြောဖူးတယ်မို့လား..၊ အိမ်ထောင်ပြု
လေ..၊ မေမီ ဆိုရင် မိဘချင်းလဲ..."

"ညွှန်း..."

"ဟင်.."

"နင် အဲဒါတွေ အေးဆေးမျှချဖို့ ကြိုးစား..."

ပြောလိုက်ပြီး နေရာမှ ထရပ်ကာ..

"မျက်နှာချင်းဆိုင်နေရင် ဒီနေရာမှာ ရှော့ခ် အကြီးကြီးဖြစ်သွား
မိမယ်"

ကောင်း တကယ် ထသွားပြီး အဝေးကြီးမှာ သွားရပ်နေသည်။
ညွှန်း လည်း မုန့်တီကို ရောရောရှုရှုဖြစ်အောင် မျိုချနေရင်း ကောင်း
ကိုပဲ စိတ်ရောက်ကာ စပ်မှန်းပူမှန်းလည်း မသိတော့အောင်ပင်..။

ဟင်းခါးလည်း မသောက်ဖြစ်..၊ ရေနွေးလည်း မသောက်ဖြစ်ဘဲ
မှ ထရပ်လိုက်တာနှင့် ကောင်း က လက်ကို လာဆွဲချသွား၏။

"ကောင်း..၊ ပိုက်ဆံ..."

"ရှင်းပြီးပြီ"

လက်ဖဝါးကို ဖိဆုပ်ထားတာလည်း နာမှန်း သိလာ၏။ ခြေလှမ်း
နေတာမရပ်လျှင် ခလုတ်တိုက်တော့မှာက ကျိန်းသေနေသည်မို့...

"နေပါဦး..၊ ရပ်ပါဦး...၊ ဘာဖြစ်တာလဲ ကောင်း ရယ်..."

ညွှန်း ခြေစုံရပ်ပစ်လိုက်ကာ လက်ကို ပြန်ရုန်းလိုက်လျှင် ကောင်း
ခြေလှမ်းတွေ ရပ်သွား၏။ ပြီးတော့ ညွှန်း ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပြီး...

"နင့်မှာ ငါ့အတွက် နောက်ထပ်ပေးဖို့ အကြံဉာဏ်တွေ ရှိ လား၊ ငါ ဘာဆက်လုပ်ရဦးမှာလဲ..၊ တစ်ချိန်ချိန်မှာ ဒေါ်သအသစ်တွေ ရန်သပ်မဖြစ်ရအောင် ခုတစ်ခါတည်း ပြောပစ်လိုက်..."

"ငါ နင့်အတွက် ပြောနေတာ..၊ တစ်သက်လုံး မငြိမ်းချမ်းခဲ့ နင်နဲ့ ဦးရဲ့အထင်မြင်လွဲမှားမှုတွေ..၊ နင် မခံချင်ဖြစ်နေရတာတွေ၊ အဲ တွေရဲ့လမ်းဆုံးက ဒါပဲရှိတယ်၊ နင်လဲ အိမ်ထောင်ပြုသင့်တဲ့အရွ ရောက်နေပြီ၊ ဒီတိုင်းဆက်နေရင် ဦး ထင်သလို နင် တမင် မိန်းက တွေနဲ့ တွဲပြနေတယ်ဆိုတာ အတည်ဖြစ်သွားမှာ..."

"ဒါကြောင့် ငါက မိန်းမယူပြရမယ်ပေါ့"

ညွန့် က သူကိုင်ထားသည့်လက်တွေကို ဖယ်ချပစ်လိုက်ပြီး လ ဝေါကို တစ်ချက်လှမ်းကြည့်၏။ ပြီးမှ ပြန်လှည့်လာကာ...

"ပြတယ်ဆိုတဲ့ကဏ္ဍတွေ ထားခဲ့တော့ ကောင်း..၊ နင် ရည်းစား ထားခဲ့ပြီးပြီ၊ မွန်း နဲ့ တွဲခဲ့တဲ့ကာလတစ်ခုဟာ မကြာဘူးဆိုပေမ ခဏလေး မဟုတ်ဘူး၊ သူ့ကို မချစ်ရင်တောင် သာယာတဲ့စိတ်ရှိ နင် တွဲနိုင်ခဲ့တာ..."

"ဘာတွေ လာပြောနေတာလဲ..၊ ရည်းစားထားဖို့အတွက်ကို တိုင်ပင်ခဲ့တာ မဟုတ်ဘူး၊ နင် အမိန့်ပေးတာ"

"ကောင်းမယ်ထင်လို့ အကြံပေးတာပါ၊ ဒါပေမယ့် နင် အလွ တကူ လုပ်နိုင်တာပဲ"

"နေစမ်းပါဦး ညွန့်..၊ ငါ့ကို လက်ထပ်ဖို့ပြောတာ၊ ငါ့သဘော တီးခေါက်ကြည့်တာလား၊ တကယ်ကို ဖြစ်သွားစေချင်တာလား"

ညွန့် မျက်နှာလွှဲပစ်သည်။ အုတ်တံတိုင်းဘက်ကို မျက်နှာမူရပ် လှည့်လိုက်တော့ လက်မောင်းတစ်ဖက်ကို ကောင်း က ဆွဲလှည့်ပ လိုက်ပြီး...





"မေးတာကို ဖြေဦး..."

"နင် စိတ်ဆင်းရဲနေရလို့ ပြောတာ..."

"မိန်းမရသွားရင် ငါ စိတ်ချမ်းသာမယ်ပေါ့"

ညွန့် က ဆတ်ခနဲ ခေါင်းညိတ်၍...

"ဟုတ်တယ်..၊ နင့်မှာ ချစ်သူမရှိခဲ့ဘူးမို့လား၊ ချစ်ရမယ့်လူကိုပဲ ချစ်နိုင်အောင် ကြိုးစားပေါ့"

"ဩော်... ဒါတွေတောင် နင် ကျွမ်းကျင်နေပြီကိုး.."

"ကျွမ်းကျင်တာ မဟုတ်ဘူး..၊ ကိုယ်ချင်းစာပြီး ပြောတာ၊ ငါလဲ ဟောက်ဆင်းပြီးတာနဲ့ လက်ထပ်ရမှာ..."

"ဘာ!..."

မျက်လုံးချင်း ဆုံနေကြပြီးမှ ညွန့် အရင်မျက်လွှာချ၏။ စိုက်ကြည့်နေသည့် မျက်ဝန်းအစုံသည် သူ့မျက်နှာထက်ကနေ တစ်ချက်မှ မလွှဲခဲ့ဘဲ...

"မြင့်မား နဲ့လား..."

ညွန့် ခေါင်းညိတ်လိုက်တော့ ကောင်း မျက်နှာတင်းတင်းက နီရဲလာ၏။

"ငါ အချစ်ကို မသိဘူး..၊ ဒါပေမယ့် သူ့ကို အိမ်ထောင်ဖက်အဖြစ် တွေးကြည့်လိုက်တော့လဲ ခါးသီးတဲ့ခံစားချက်မျိုး မဖြစ်ခဲ့ဘူး၊ အဲဒါကြောင့် မေမေ့စကားကို ခေါင်းညိတ်ခဲ့တာ..."

နှစ်ဦးစလုံး အသံတွေတိတ်ကျသွားကြသည်။ တစ်ဦးစီမှာ သီးခြားခံစားချက်တွေနှင့်လား..၊ ထပ်တူညီနေသည် လား..။

တစ်ချိန်ချိန်တော့ သိလာကြမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၇ ]

"သန့်..."

လက်ကိုင်အိတ်ထဲမှာ ဖုန်းပါရဲ့လားလို့ ငုံ့ကြည့်ရှာရင်း ထွက်လာသဖြင့် အပြင်ကို မကြည့်မိပေ။ အသံကြားမှ ကြည့်လိုက်တော့ တံခါးဝမှာ ဦးအောင်ကောင်း က သုန်မှုန်သည့်မျက်နှာနှင့်..။

"ကိုအောင်..."

ခေါ်လိုက်ပြီး ကားကိုလှမ်းကြည့်ကာ ဘယ်သူမှမပါတာကို သတိထားမိလိုက်၏။ ဦးအောင်ကောင်း ကလဲ ကားကို ခပ်ငုံ့ငုံ့ပြန်ကြည့်ပြီးမှ ခေါင်းညိတ်ကာ...

"ဟုတ်တယ်..၊ ဘယ်သူမှ မပါဘူး၊ တစ်ယောက်တည်းလာတာကို မင်း၊ မကြိုက်မှန်းသိပေမယ့် ဒီသတင်းကို ကြားလိုက်ရတဲ့အချိန်မှာ လူစုံအောင်စောင့်ခေါ်ဖို့ ကိုယ် ဘယ်လိုမှ စိတ်မရှည်နိုင်ဘူး.."

"ဘာသတင်းလဲ..."

"ညွှန်း နဲ့ မြင့်မား ကို လက်ထပ်ပေးမယ်ဆိုတဲ့သတင်း..."

ခေါ်ရည်သန့် မျက်နှာပျက်သွားသည်။ ဒါပေမယ့် ချက်ချင်းပြင်ဆင်ကာ ချေ့ခန်းဆီကို ဆက်လျှောက်လာခဲ့ရင်း...

"ထိုင်လေ ကိုအောင်..."





ဦးအောင်ကောင်း ဝင်လာကာ မျက်နှာချင်းဆိုင်မှာ အတူတူထိုင်ဖြစ်ကြ၏။

အပြင်သွားတော့မှာမို့ ကြဲရည်ရောင်ပါတိတ်ဝတ်စုံနှင့် ကျစ်ဆံမြီးရှည်ကြီးတစ်ချောင်းတည်း တင်ပါးထက်မှာ နွဲ့နေသည့် ခေါ်ရည်သန့်ကို မျက်နှာချင်းဆိုင်လာသည့်ခဏမှာ ဦးအောင်ကောင်း ရူးရူးရဲရဲ ကြည့်သည်။ မျက်ဝန်းတို့သည် နှစ်ချို့ဝိုင်တစ်ခွက်လို ကျင်ရှုရီဝေခြင်း..၊ ကန္တာရအပူတော၏ နေမွန်းတည့် ပန်းချီကားတစ်ချပ်လို ပူလောင်မောပန်းခြင်း...။ အားလုံးသော ဝေဒနာရပ်တို့၏ပြယုဂ်တစ်ခုအဖြစ် ပြောင်းလဲခြင်းတွေ တရှပ်ရှပ် ဖြတ်ပြေးသွားပြီးမှ...

"မင်း တော်တော် ပြတ်သားနိုင်တယ် သန့်..၊ တကယ်ပါ... သွေးအေးရက်စက်ခြင်းတွေ မင်းမှာ အပြည့်ရှိတယ်"

ခေါ်ရည်သန့် ဘာမှပြန်မပြောဘဲ မမိုတ်သုန်သောမျက်ဝန်းများနှင့် ပြန်ကြည့်နေ၏။ ထိုမျက်ဝန်းတို့မှာ တောင်းပန်ခြင်း မပါ၊ ဟန်ဆောင်အားနာခြင်းဆိုတဲ့ အမှုအရာလေးနှင့်တောင် သူကျေနပ်ဖို့အတွက် ပြင်ဆင် ခင်းကျင်းထားပုံ မရှိ..။ ဦးအောင်ကောင်း နှုတ်ခမ်းမှာ နာကျင်သော မဲ့ပြုံးတစ်ခု ဖြစ်ထွန်း သွားခဲ့ပြီး...

"ရွှေလမ်းငွေလမ်း ဖောက်ပါရစေလို့ သားနဲ့ ညွှန်း ခုနစ်နှစ်အရွယ်ကတည်းက ကြိုတင် ကမ်းလှမ်းထားခဲ့တာ ကိုယ်ပါ..."

"ဒါပေမယ့် လက်ထပ်ကြတဲ့အရွယ်တွေမှာ ရှင် ထပ်မပြောခဲ့ဘူးလေ"

ဦးအောင်ကောင်း နှုတ်ခမ်းတွေ တင်းခနဲ စေ့သွားသည်။ လက်ထပ်ကြမယ့်အရွယ်တွေရောက်တော့ ကိုယ့်သားက မိန်းမတောင်းပေးဖို့ ခက်နေရတဲ့ ဟိုမရောက်ဒီမရောက် ကောင်..။ ခေါ်ရည်သန့် ဘာကို ရည်ရွယ်ပြီး ထိုးနက်လိုက်တာမှန်း သူ သိသည်။

"ဟုတ်ပါတယ်..၊ သမီးကို ကိုယ် မတောင်းရဲခဲ့ဘူး၊ ဒါပေမယ့် မင်းကလဲ သားကို ချစ်နေတယ်၊ လူငယ်ချင်းလဲ နားလည်နေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနှစ်စုက တစ်စုတည်းလိုနေခဲ့ကြတဲ့ တွယ်တာမှုတွေနဲ့…"

"အိမ်ထောင်တစ်ခုဟာ နားလည် တွယ်တာနေရုံနဲ့ မပြီးဘူး ကိုအောင်..၊ သမီးရဲ့အဖေကို ငြင်းစရာမရှိတဲ့လူပဲဆိုပြီး မိဘစီမံတဲ့အတိုင်း သံနဲ့ ခေါင်းညိတ်ခဲ့တယ်၊ ဒါပေမယ့်…"

အချစ်မပါသည့်အိမ်ထောင်ရေးမှာ ကိုယ်တိုင် တည်ဆောက်ခဲ့သည့် သန့် ကိုယ်တိုင်က ခံနိုင်ရည်ရှိခဲ့ပေမယ့် သမီးရဲ့အဖေကတော့ အချစ်ကို တစာစာတောင်းခံရင်း အရက်သမားကြီး ဖြစ်သွားခဲ့သည်။

ထင်သလိုနေ..၊ ထင်သလိုလုပ်..၊ နောက်ပိုင်းမှာ ဦးနှောက်ကြောပြတ်၍ ရုတ်တရက် သေဆုံးသွားခဲ့တဲ့အထိ သာယာမှုဆိုတာ ဘယ်သူ့ရင်ထဲမှာမှ မရှိခဲ့ပေ..။

ရှေ့ဆက်မပြောခဲ့ပေမယ့် ဒေါ်ရည်သန့် ဘာကိုပြောချင်တာမှန်း ဦးအောင်ကောင်း ရိပ်မိသည်။ အပြစ်ရှိတဲ့သူကို လက်ညှိုးမထိုးခဲ့သော်လည်း ဒေါ်ရည်သန့် ဘာကို နာကြည်းနေခဲ့မှန်းလည်း သိလိုက်၏။

"အိမ်ထောင်တစ်ခုမှာ လက်ခံနိုင်ခြင်း၊ မခံနိုင်ခြင်းနဲ့လဲ ဆုံးဖြတ်လို့ မရဘူး"

ဒေါ်ရည်သန့် က ဒါကိုပဲ ထပ်ပြောကာ ဆိုဖာမှာ ပခုံးစောင်းနှင့်မှီ၍ ခြေချင်းချိတ်လိုက်၏။

"သားကိုချစ်ပေမယ့် သမီးကလဲ တွယ်တာနေပေမယ့်ပေါ့လေ..၊ ကောင်း က သမီးရဲ့အိမ်ထောင်ဖက်တော့ မဖြစ်သင့်တဲ့သူပါ"

"ဒါကို ပြုပြင်ဖို့ ကိုယ် ကြိုးစားနေတယ်၊ အဲဒါ မင်း သိပါတယ်သန့် ရယ်..၊ ပြီးတော့ ကိုယ့်သား ဒီလောက်ထိ မပျက်စီးသေးပါဘူး၊ ကိုယ်… ကိုယ်.. မင်း ဒီလိုလုပ်လိုက်မှာမဟုတ်ဘူးလို့ ယုံကြည်ထားခဲ့တဲ့အတွက် သူ့ရဲ့အလိုအလျောက်ပြောင်းလဲလာမှုကို စောင့်ကြည့်နေခဲ့မိတာ"

ဦးအောင်ကောင်း လက်တွေလည်း ပါသည်။ ထရပ်တော့မလိုလို ပြန်ထိုင်သလိုလိုနှင့် ဖင်မကျသေးဘဲ ဆိုဖာအစွန်းထိ အားမလိုအားမရ





တိုးထိုင်လိုက်တာလည်းရှိကာ စိတ်လှုပ်ရှားလွန်းသဖြင့် အသံတွေပါ လှိုက်ခါနေခဲ့၏။

"သူငယ်ချင်းတွေလို နေခဲ့ကြပေမယ့် သမီးကို သား ချစ်တယ်၊ ဘယ်လိုပုံစံနဲ့ချစ်တယ်ဆိုတာလဲ သူ သိလာတဲ့တစ်နေ့…"

"ကောင်း အရမ်းခံစားသွားရမှာ ကိုအောင် ကြောက်နေတာလား"

"မဟုတ်သေးပါဘူး၊ သမီးလေးကလဲ…"

"သမီးဘက်က ဖြူစင်တယ်.."

"ဘာနဲ့ တိုင်းတာပြီး ပြောတာလဲ သန့်..၊ အဲဒီ အနက်ရှိုင်းဆုံး သံယောဇဉ်ကို မင်း ဘယ်လိုမြင်နိုင်မှာလဲ…"

"အဟွန်း…"

ဒေါ်ရည်သန့် က ပြုံးလိုက်ကာ…

"ကမ္ဘာမြေကြီးရဲ့ အနက်ရှိုင်းဆုံးမှာ ရေ သို့မဟုတ် တခြားတစ်စုံတစ်ရာတွေ ရှိချင်ရှိနိုင်ပေမယ့် သံယောဇဉ်တွေ ဘယ်လောက် နက်ရှိုင်းနေနေ သံယောဇဉ်ပြီးရင် သံယောဇဉ်ပဲ…"

"သန့်… မင်း ပြောတာတွေ…"

"အမှန်တွေပါ ကိုအောင်..၊ အချစ်နဲ့ပတ်သက်လာရင် တစိမ့်စိမ့်ချစ်နေနိုင်ခြင်း၊ တဖျစ်ဖျစ်မြည်အောင် ကြိတ်မှိတ်ခံစားခြင်း၊ နားလည်နှစ်သိမ့်မှုများနဲ့ ထာဝရပြုံးနေနိုင်အောင် ဖန်တီးရခြင်း၊ အားလုံးသောဘာသာရပ်တွေနဲ့ ကျွန်မ ဘွဲ့ရထားခဲ့တာ…"

"သန့် ရယ်..၊ ကိုယ် ရှင်းပြလဲ မင်း ယုံမှာ မဟုတ်ဘူး၊ ကိုယ့်မေမေက ရင်ကျပ်ပန်းနာ နှလုံးရောဂါသည်ပါ၊ ကိုယ် ဘယ်လိုမှ ရှန်းထွက်ဖို့ မဖြစ်နိုင်လို့ သားရဲ့မာမီကို လက်ထပ်ခဲ့ရတာ၊ ဒါပေမယ့် အိမ်ထောင်ရေး အဆင်ပြေခဲ့သလားဆိုတာ မင်း တစ်ချက်လောက် နားလည်ကြည့်စမ်းပါ"

"အဟွန်း..၊ ပြက်လုံးတစ်ခုလိုပဲနော်..၊ အဖေနဲ့အမေ ရန်ချည်းပဲဖြစ်နေကြပြီး ကလေးတွေ မွေးထားတာ တစ်ကျိပ်ကျော်ပဲ ဆိုတာလို…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှည်သန့် က တည့်တည့်ကြည့်ပြီး ပြုံးနေပေမယ့် ဦးအောင်ကောင်း မျက်နှာကြီး ရဲခနဲ နီသွား၏။

"မလွန်ဆန်နိုင်တဲ့ သဘာဝတရားတွေကို မင်း ဒီလို ပြက်ရယ်ပြုပြီး မမေးပါနဲ့..."

"မမေးပါဘူး..၊ ရှင့်ဘက်က မလွန်ဆန်နိုင်တဲ့ နောက်ထပ် အမျိုးမျိုးတွေကိုလဲ နားမထောင်ချင်ပါဘူး၊ ယောကျ်ားတွေဘက်က ဖြစ်လေ့ဖြစ်ထရှိတဲ့ အကိုးအကား၊ အကြောင်းတရားတွေကို ကျွန်မ နားလည်တယ်၊ ကလေးဆန်ဆန်စကားတွေပြောပြီး ရှင့်ကို ထိုးနှက်နေရတာလဲ ပြောဖို့ရှိနေသေးတဲ့ စကားလုံးတွေအတွက် လိုအပ်လို့ပဲ၊ ဒီမှာ ကိုအောင်...၊ ယောကျ်ားဆိုတဲ့အမျိုးက ရယူခြင်း၊ ကျွန်မတို့မိန်းမတွေကျတော့ ရွေးချယ်ခွင့်မရှိတဲ့ ပေးဆပ်ခြင်းသက်သက်ပါ၊ ချစ်ချစ်,မချစ်ချစ် သိမ်းပိုက်စော်ကားခံရပြီဆိုရင် မိခင်ဆိုတဲ့ဘဝကို လက်ခံကြရတယ်"

ဦးအောင်ကောင်း မျက်နှာခပ်လွဲလွဲနှင့် အံကြိတ်နေခဲ့၏။ ဒေါ်ရှည်သန့် က စေ့စေ့ကြည့်၍...

"ကောင်း နဲ့ မေမြတ် ကို ရှင်ကိုယ်တိုင် ဝမ်းနဲ့လွယ်မွေးခဲ့ရတယ်ဆိုရင်တော့ ရှင့်ရဲ့ မလွန်ဆန်နိုင်ခြင်းအကြောင်းတရားတွေကို ကျွန်မ နားလည်ပေးလို့ ရပါတယ်"

"မင်း... မင်း... အဲဒီလို တစ်ချိန်လုံး နာကြည်းခဲ့တဲ့ ဒေါသတွေနဲ့ ကိုယ်တို့သားအဖကို ဖုံးဖိဆက်ဆံနေခဲ့တာလား သန့် ရယ်..ဟင်...၊ ကိုယ် လက်မြှောက်အရှုံးပေးပါတယ်"

"ကျွန်မ မဖုံးဖိခဲ့ပါဘူး၊ နားလည်ဖို့ ကြိုးစားခဲ့တာ၊ ရှင့်ကို သံယောဇဉ်လက်ကျန်တွေ ဖြစ်မိနေသေးတဲ့ ကျွန်မရဲ့စိတ်ကို လွှတ်ပေးထားခဲ့တာ၊ နှင်းရှည်သန့် ဆိုတဲ့ ကျွန်မက ရွေးချယ်ခံခွင့်မရှိခဲ့တဲ့ ပန်းတစ်ပွင့်..."

"မဟုတ်ဘူး သန့်...၊ မင်းကိုပဲ ကိုယ် ချစ်ခဲ့တာ..."

"ကိုအောင်ကောင်း..."





ဒေါ်ရှည်သန့် မျက်နှာမှာ တောက်ပဆုံးက မျက်ဝန်းတစ်စုံပဲ ဖြစ်သသည်။ ဒါပေမယ့် ကြည်လင်တောက်ပနေခြင်းမဟုတ်ဘဲ စူးရဲခတ်နေခြင်းဖြင့်...

"ရှင့်ဆီက ဒီစကားလေးထွက်လာအောင် ကျွန်မ ပြောနေတာဟုတ်ဘူး၊ ရှင်မွေးခဲ့တဲ့သားအထိ ကျွန်မရဲ့သမီးလေးဆီမှာ လာပြီးစားခဲ့တယ်၊ ကုလားထိုင်ပေါ်ကနေ ခြေဆင်းချထားပြီး သမီးက အဲဒီခုံရင်းမှာ ကျုံ့ကျုံ့လေးထိုင်...၊ ခြေသည်းလှီးပေးနေရတဲ့မြင်ကွင်းမျိုး..."

"သူ့မွေးနေ့မှာ သမီး ရောက်မလာလို့ ဧည့်ခံပွဲတစ်ခုလုံးကိုပစ်ပြီး သမီးဆီ လာတာလေ..၊ လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး သုံးလလောက်တွဲနဲ့သွားလာခဲ့ရတဲ့ သားဘက်က သံယောဇဉ်တွေကိုတော့ မင်း ထည့်မတွက်တော့ဘူးလား သန့်...၊ သမီး ဆေးကျောင်းတက်တဲ့နှစ်က ပန်းဖျားပြီး ဆေးရုံတင်လိုက်ရတုန်းကရော နှစ်ရက်လုံးလုံး သမီးရဲ့ဘေးမှာ မတုတ်ထိုင်စောင့်ခဲ့တဲ့ကောင်က သင့်တော်ကောင်း ပါ..."

ဒေါ်ရှည်သန့် က မေးဖျားကို မသိမသာပင့်ပြီး ပင့်သက်ရှိုက်သည်။ တော့ နေရာမှထရပ်လိုက်ကာ...

"ဒါတွေပြောပြီး အပြန်အလှန် ချေပနေလို့ ဆုံးမှာမဟုတ်ဘူး ကိုအောင်..၊ ရှင့်မှာ ဒီလို ထောက်ပြစရာရှိသလို သန့် မှာလဲ ရှိတယ်"

ဆိုဖာကြားထဲကနေ လျှောက်ထွက်သွားပြီးမှ ဖျတ်ခနဲ ပြန်လှည့်လိုက်တော့ တင်ပါးထက်မှာ တန်းဆင်းနေသည့် ဆံပင်ဖျားက ယိမ်းနွဲ့လွန့်သွား၏။

"အဲဒါတွေ ထားလိုက်ပါ..၊ ကလေးတွေ ခင်တွယ်နေကြတယ်ဆိုတာ ကျေနပ်ကြည်ဖြူပေးခဲ့တဲ့ကာလတွေ ဒီလောက်နဲ့ပဲ ပြီးဆုံးသင့်ပြီ၊ ကောင်း ဘယ်လိုနိုင်နိုင်..၊ ဘယ်လိုပဲ ဆက်ဆံပြောဆိုနေနေ သူငယ်ချင်းအချစ်လို့ သန့် ကျေနပ်နိုင်တယ်၊ ကောင်း က မိန်းကလေးတစ်ယောက်တစ်ထားနဲ့ ရင်းနှီးနေတာမို့လို့လဲ သူတို့ချင်း ဖြူစင်တာကို ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်၊ အဲဒီယုံကြည်မှုတွေအတွက် သန့် က ကိုယ့်သမီးတစ်ယောက်လုံးကို ယောက်ျားလေးတစ်ယောက်နဲ့ ထင်သလို တွဲသွားနေတာတောင် မဆုံးမခဲ့တဲ့ မိခင်တစ်ယောက်အဖြစ် ခံခဲ့ရတာ..၊ ဒါပေမယ့် ကောင်းရည်းစားထားနေပြီလို့ သိလိုက်ရတဲ့အချိန်မှာ ဒီကလေးဟာ ကျွန်မ ယုံကြည်လက်ခံခဲ့တဲ့ သူငယ်ချင်းကောင်းတစ်ယောက် မဟုတ်တော့ဘူး"

"သန့်... အဲဒါက မဟုတ်ဘူး၊ သူတို့ချင်း တိုင်ပင်ပြီး ကိုယ့်ကို တမင်လုပ်ပြခဲ့တာတွေ..၊ အဲဒါတွေကို ကိုယ် သိတယ်"

"ရှင် သိပေမယ့် ပတ်ဝန်းကျင် မသိနိုင်ဘူးလေ..၊ သူ ထည့်ထားတဲ့နေတဲ့ မိန်းကလေးတွေထဲမှာ သန့် ရဲ့သမီးကို အပါမခံနိုင်ဘူး"

"ဒါဆို သန့် က ကိုယ့်သားကို ယောက်ျားကောင်း ဖြစ်လာဖို့ထက် ဒီတိုင်းပဲ ရှိသွားစေချင်တာပေါ့"

"အဲဒီလောက်ထိ သန့် စိတ်မဝင်စားဘူး ကိုအောင်..၊ သူ မိန်းမလှ လိုနေတုန်းက သမီးရဲ့ဂုဏ်ကျက်သရေ မထိခိုက်နိုင်ဘူးလို့ ယူဆတယ် အခု ပြောင်းလဲသွားပြီဆိုတော့ သန့် တို့ဘက်ကလဲ မပြောင်းလဲလို့ မရတော့ဘူး၊ ဒါ မိန်းကလေးရှင်ဘက်က ဆင်ခြင်ရမယ့်အပိုင်း..."

ဦးအောင်ကောင်း နေရာမှ ဖျတ်ခနဲ ထရပ်လိုက်ရင်း...

"ဆင်ခြင်ပါ..၊ မင်း မှန်ပါတယ်..၊ ဒါပေမယ့် မင်းလုပ်ရပ်ကရက်စက်လွန်းရာကျပါတယ် သန့် ရယ်..၊ ကိုယ့်သားဘက်က ဘာမှ ပြင်ဆင်ခွင့်မရလိုက်ဘဲ..."

"ဘာကိုဆိုလိုတာလဲ ကိုအောင်..၊ ကောင်း ယောက်ျားပီသဖို့အတွက် သမီးက လိုအပ်တဲ့ပစ္စည်းတစ်ခုလား၊ ရှင် အဲဒီလို ဖြစ်ပေးစေချင်တာလား"

"ဟာ!... မင်း.. မင်း..."

ဦးအောင်ကောင်း လက်ကာရင်း ခေါင်းတခါခါနှင့် ဆွံ့အ,သွားသည်။ အားလုံး တိတ်ဆိတ်သွားပြီးမှ ဦးအောင်ကောင်း မျက်နှာပြန်ရေ လာရာ...





"ကိုယ် ဝန်ခံပါတယ်၊ သားနဲ့သမီးကို လက်ထပ်ပေးချင်တာ၊ နီးသထက် ရင်းနှီးစေချင်တာ အားလုံးဟာ မင်းနဲ့ နောက်ထပ်မဝေးင်တဲ့ဆန္ဒတွေပါ"

ဒေါ်ရည်သန့် က မျက်ခုံးတန်းလေးတွေ မသိမသာ ပင့်သွားပြီးမှ တ်ခမ်းတွန့်ရုံလေး ပြုံးသည်။

"မင်း ပြုံးနိုင်ပါတယ်..၊ အစကတည်းက မှားခဲ့တာ ကိုယ်ပဲမို့လို့ ငါးရှေ့မှာ ကိုယ့်ရဲ့ဆန္ဒတွေကို ပြန်ပြီး ဖွင့်ချမရဲခဲ့ဘူး၊ ဒါပေမယ့် သန့် ယ်...၊ မင်းနဲ့ကိုယ် လွတ်လပ်သွားကြတဲ့အချိန်ကနေ ခုချိန်ထိ ကိုယ် သာယာမှုကိုမှ မရှာခဲ့ဘူး၊ အဲဒါ မင်းကိုပဲ မျှော်လင့်နေခဲ့တဲ့ ကိုယ့်ရဲ့..."

"ဒါဆို အဲဒီကနေ ခုချိန်ထိ ကျွန်မကရော..."

မျက်ခုံးတစ်ဖက် ပင့်ကြည့်ပြီး မေးလိုက်တော့ ဦးအောင်ကောင်း နှင့်သွားပြန်သည်။

"ဟုတ်ပါတယ်..၊ မင်းလဲ သာယာမှု မရှာခဲ့ပါဘူး"

"ဒါပေမယ့် ကျွန်မက ရှင့်ကို မျှော်လင့်နေလို့ မဟုတ်ဘူး၊ သမီးအတွက် ကျွန်မဘဝတစ်ခုလုံးကို ပုံအပ် ပေးဆပ်ထားခဲ့တာ..."

ဦးအောင်ကောင်း ခေါင်းညိတ်လိုက်သည်။

"သမီးအတွက်ဆိုရင် ကောင်း ဆိုတဲ့ လူငယ်လေးတစ်ယောက် င် မဟုတ်ဘူး၊ သူ့အဖေရဲ့မျက်နှာကိုလဲ ငဲ့ညှာမှာမဟုတ်ဘူး၊ အားလုံး ်းသွားအောင်ပြောရရင် ရှင် မျှော်လင့်ခဲ့သလို တစ်နေ့နေ့ ဒီကလေး ယောက် ပေါင်းကြစေ၊ ညားကြစေဆိုတဲ့ စိတ်ကူး ကျွန်မမှာ ဘယ် န်းကမှ မရှိခဲ့ဘူး"

"ဪ..."

"အဲဒီတော့ သမီးရဲ့မင်္ဂလာပွဲကို နောက်ထပ် မဝေဖန်ပါနဲ့လို့ ျွန်မ မေတ္တာရပ်ခံပါတယ်"

မျက်လုံးချင်းဆုံစည်း၍ နှုတ်ဆက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရည်သန့် က ဘာမှထပ်မပြောတော့ဘဲ စားပွဲဆီကိုလျှော
သွားပြီး လက်ကိုင်အိတ်ကို ပြန်ကောက်၏။ နောက်ပြန်လှည့်လို
တော့ ဦးအောင်ကောင်း က သူမရှေ့မှာ ပိတ်လျက်သား ရှိနေလျ

"ဒီနေ့ ကိုယ်တို့ ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေကို ဒီမှ
အဆုံးသတ်ရအောင်..."

ဒေါ်ရည်သန့် က နောက်ပြန်ဆုတ်လိုက်ပြီး ဘာမှမပြော။

"ဘာမှမပြောခဲ့ဘူးတဲ့ ဟိုတုန်းက မိသားစုနှစ်စုလိုပဲ ဒီစကား
ဒီနာကြည်းချက်တွေကို ကလေးတွေဆီမှာ မစွန်းထင်းပါစေနဲ့၊ ကို
တောင်းပန်တာပါ၊ မင်း မပြောလိုက်ပါနဲ့.."

ဒေါ်ရည်သန့် က ပြုံးလိုက်သည်။

"နာကြည်းချက် မဟုတ်ပါဘူး ကိုအောင်..၊ ခြေရာမထင်
ဖျောက်ဖျက်မရနိုင်ခဲ့တဲ့ အကြောင်းအရာတချို့ပါ၊ တစ်နေ့ အခါအ
ကြုံလာရင် ဒီလိုပြောမယ်..၊ ဒီလိုချေပမယ်ဆိုတဲ့ အငြိုးအတေး
ကျွန်မမှာ မရှိဘူး၊ အဲဒါကြောင့် ရှင် မပူပါနဲ့၊ ဒီနေ့ ရှင် ရောက်လာ
ဒီလိုစကားတွေ မပြောခဲ့ဘူးဆိုရင် ကျွန်မကလဲ ဒီအကြောင်းအရာ
ကို သေတဲ့အထိ ပြောဖြစ်မှာ မဟုတ်ဘူး၊ ပစ္စုပ္ပန်ကို အတိတ်
ရင်ဘတ်တွေနဲ့ တိုင်းတာ ခံစားနေရင် ရှင် ရှုံးမှာပဲ"

ကိုယ် ရှုံးသွားပါစေ..၊ ရှုံးလည်း ရှုံးခဲ့တယ်၊ ခုလည်း ရှုံးနေ
ပါ။ ဒါကြောင့် နောက်ထပ် အမြဲတမ်း ရှုံးသွပ်နေရဦးမယ်ဆို
သေချာပြီးသားပါ သန့် ရယ်..။

အထပ်ထပ် ရှုံးနိမ့်ခဲ့ရတယ်လို့ မင်း ထင်ပေမယ့် ကိုယ် မနိုင်
ဆိုတာ ကိုယ်ပဲ သိတယ်..။

မင်း မယုံကြည်တဲ့ အမှန်တရားတွေနှင့် ကိုယ်ဟာ..။





# အခန်း [ ၁၁ ]

"ကိုယ်တို့ တစ်ခါတည်းလက်ထပ်ဖို့ ဆွေးနွေးခဲ့ပြီးမှ စေ့စပ်ဖို့
လို့ဖြစ်သွားရတာလဲ ညွန်း ရယ်..၊ ညွန်း က ငြင်းလိုက်တာလားဟင်"
လက်ဖက်သုပ်ပန်းကန်လေးကိုင်ရင်း ညွန်း က မော့ကြည့်သည်။
ပန်းကန်ကို စားပွဲပေါ်မှာ ချလိုက်၍...

"မဟုတ်ဘူးလေ..၊ အန်တီရိုစီ ပြောကတည်းက မေမေက စေ့စပ်
ကြတာပေါ့လို့ ဖြေခဲ့တာပါ"

မြင့်မား မျက်မှောင်ကြုတ်သွား၏။

"ကိုမား ဘက်က အဒေါ်တွေများနေတော့ အကြားမှား၊ အပြော
တာ ဖြစ်မှာပါ"

ခြံထဲမှာ စကားပြောနေကြတယ်ဆိုပေမယ့် ဒန်းပေါ်မှာ ဒေါ်ရည်
တထိုင်ဖတ်နေ၏။ ညွန်း တို့ကို လှမ်းမြင်နေရသည့်အကွာအဝေး
ပြင်ကိုခေါ်လည်း မလိုက်သည့် မိန်းကလေးကြောင့် မြင့်မား ဒုက္ခ
က်နေခဲ့သည်။

"ရော့လေ..၊ အအေး သောက်လိုက်ဦး.."

ညွန်း က လက်ဖက်သုပ်ပန်းကန်ကို ကိုယ့်ရှေ့မှာပဲထားပြီး အအေး
ကို မြင့်မား ရှေ့ ထပ်ရွှေ့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းမှာ စံကားဝါရောင် လည်ကပ်လက်ပြတ် စပို့ရှပ်
နှင့် ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားသော ညွှန်း မျက်နှာလေးက
နေသည်။ မျက်မှန်လေးနောက်က မျက်ဝန်းညိုလေးရယ်၊ မျက်ခုံး
လေးတွေရယ်က စကားပြောလိုက်တိုင်း ပင့်တက်သွားလိုက်..၊
တောင်တွေ ပုတ်ခတ်ရုပ်ဖယ်သွားလိုက်..၊ စကားပြောရင်း မြင့်
အသည်းတွေယားနေမိသည်။ ဒီမှာ ပူလောင်ပြင်းပြနေတာကို သူ
အံ့သြသလိုလို..၊ ဘာမှမထင်မှတ် နားမလည်သလိုလို..။

"ဒါဆိုလဲ ကိုယ်တို့လက်ထပ်ရအောင်ကွာ..၊ အန်တီက မင်းကို
လိုက်ပါတယ်၊ စေ့စပ်မနေတော့ဘဲ တစ်ခါတည်း လက်ထပ်မယ်

"ဟင့်အင်း..၊ ညွှန်း က လက်မထပ်ချင်သေးဘူးဆိုလို့ မေ
ညွှန်း အလိုကို လိုက်ခဲ့တာ..."

"ညွှန်း ရယ်..."

မြင့်မား ပင့်သက်ရှည်ကြီးနှင့် ရင်ဘတ်ကြီး မောက်တက်သွ
တအိအိ ပြေကျ၏။

"ညွှန်း တို့က ကျောင်းပြီးလို့ ဘွဲ့ရသွားရုံနဲ့ ရပ်တန့်နေလို့ရတဲ့
မဟုတ်ဘူး၊ နောက်ထပ် လေ့လာစရာတွေ..၊ သင်ယူစရာတွေ အမျာ
ပဲ၊ သိပ္ပံပညာဆိုတာ ဘယ်ကဏ္ဍမှာဖြစ်ဖြစ် ရပ်တန့်နေတယ် မရှိ

"ဒါဆိုရင်... မင်း နောက်ထပ် ဘွဲ့တွေယူ၊ နိုင်ငံခြားပြန်
ဖြစ်တဲ့အထိ ကိုယ်စောင့်ရမှာပေါ့"

ညွှန်း က မျက်နှာလေးငုံ့၍ ပြုံးရင်း နဖူးကဆံပင်တွေကို
ချောင်းလေးတွေထည့်၍ သပ်တင်လိုက်ပြီး မော့၏။

"ပြောပြတာပါ..၊ ညွှန်း က ဒီအလုပ်ကို ဝါသနာပါတယ်"

"ဒါပေမယ့် ညွှန်း ရယ်..၊ မိန်းမသားတစ်ယောက်ဟာ ဂု
တစ်ခုအဖြစ် ဒီလိုအရည်အချင်းမျိုး ရှိနေသင့်တာပါ၊ အစွန်းတစ်
တော်နေ..၊ ကောင်းနေဖို့ မလိုဘူး၊ လင်ယောကျ်ားရှိနေသရွေ့





ဆိုတာ ယောကျ်ားပဲ၊ အဲဒီယောကျ်ားဟာလဲ တော်နေထက်နေတဲ့
မကို မလိုချင်ကြပါဘူး"

"ကိုမား က မိန်းမတစ်ယောက်ဟာ ယောကျ်ားကို ပြုစုပေးဖို့ပဲ
အပ်တာလို့ ပြောချင်တာလား..."

"လိုအပ်ချက်တစ်ခုအနေနဲ့ မဟုတ်ဘူးလေ..၊ အိမ်ထောင်ရေးဆို
သာယာနွေးထွေးမှုတွေနဲ့ စုစည်းသင့်တဲ့အရာ၊ အရည်အချင်းတွေကို
တမ်းတင်ကြတာမှ မဟုတ်တာ၊ ပြီးတော့ ကိုယ်က သဘောတရား
ခုကို သုံးသပ်နေတာမဟုတ်ဘူး၊ ကိုယ်လိုချင်တဲ့ မိန်းမတစ်ယောက်
ရည်ရွယ်ပြီး ပြောနေတာ၊ မင်းကို ကိုယ် မြင်မြင်ချင်း ချစ်ခဲ့မိတယ်၊
ကို ယုံကြည်စရာမဟုတ်ဘူးလို့ မြင်ရင်တော့ ကိုယ့်မှာ အကြောင်းပြ
မရှိပါဘူး၊ ဒါပေမယ့် မင်းကို ပိုင်ဆိုင်ချင်တယ်၊ ဆုံးရှုံးလိုက်ရရင်
ဘာ စိတ်ကူးထဲမှာတောင် အရမ်းကို ခါးသီးတဲ့ ဝေဒနာဆိုးပဲကွာ"

ပြောနေရင်း ညွှန်း လက်ကလေးကို ကိုင်သည်။ ညွှန်း က ပြန်ရုန်း
ကာ...

"လောလောဆယ် ညွှန်း မှာ ဒီအဖြေပဲ ရှိတယ်၊ ကိုမား စိတ်မရှည်
ဆိုရင်..."

"ရှည်ပါတယ်..၊ ကိုယ် စိတ်ရှည်ပါ့မယ်၊ ဒါပေမယ့် အဆုံးအစမဲ့
မလုပ်ပါနဲ့ ညွှန်း ရယ်..၊ အချိန်တစ်ခုခုတော့ ကန့်သတ်ပေးပါ"

စိတ်ရှုပ်ထွေးသွားသည့် ညွှန်း မျက်နှာလေးက မျက်ခုံးလေးနှစ်
တွန့်ကုတ်ထားသဖြင့် သိသာနေသည်။ မြင့်မား ရင်မောသွား၏။

လောကမှာ မိန်းမတွေ ပေါများနေတယ်ဆိုပြီး သူ့ရင်ဘတ်ကြီးမှာ
မီးလောင်ပြင်ကြီးလိုပါလား..။

ဘယ်လိုမိန်းမတွေ ပေါများနေတာလဲဆိုတာ သိဖို့တော့ လိုပြီ..။



www.burmeseclassic.com

www.burmeseclassic.com



**အခန်း [ ၀၉ ]**

သိတော့သိနေပေမယ့် ဘာမှလုပ်ပေးလို့မရဘဲ ဖြစ်နေသည့် အ…
အထားမှာ ချစ်စခင်စ ကြင်နာစဆိုတဲ့ ကိုယ့်ဘဝကိုတောင် မေ့…
မေ့နေခဲ့တဲ့အထိ..။

ရင်ခုန်ရတာတွေ၊ ပျော်ရွှင်စရာတွေ အားလုံးက ကောင်း မျက်…
ပုပ်သိုးနေတာကို မြင်လိုက်ရတိုင်း..၊ မြင့်မား ရဲ့ပြုံးချိုနေတဲ့မျက်နှာ…
တွေ့ရတိုင်း...

"မြတ် ကို နားလည်ပါ ကိုထွတ် ရယ်..၊ မား က ကိုထွတ် ရဲ့…
ဆိုတော့ မြတ် ရဲ့မောင်လေးပါပဲ၊ ဒါပေမယ့်..."

"ကိုယ် နားလည်ပါတယ်၊ မား နဲ့ ကောင်း တို့ ရင်ဆိုင်ယှဉ်…
လာရင် ကောင်း ဘက်ကပဲ မင်း နေချင်မှာပေါ့၊ ကောင်း က မင်း…
မောင်အရင်း..."

"အဲဒါလဲ ဟုတ်တယ်..၊ ပြီးတော့ မား အတွက် ဒီတစ်ယော…
မဟုတ်ရင် နောက်ထပ်တစ်ယောက် ရွေးချယ်ဖို့ရှိလာနိုင်တယ်၊ ကော…
အတွက်က သူ့တစ်ဘဝလုံးမှာ ညွန့် တစ်ယောက်ကိုပဲ တွယ်တာရှ…
ခဲ့တာ၊ တစ်သက်လုံး ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်ခဲ့ပေမယ့် ညွ…
ရဲ့ စကားဆိုရင်း သူ ဂရုစိုက်တယ်၊ အခု မား ကိုလဲ ညွန့် ဆီမှာ…





…ခွင့်ရအောင် မြတ် ကူညီနေရတယ်၊ မောင်လေး ရင်ကွဲနေရတာ
…ပဲ မြင်နေရတယ်"

"မား က လုယူချင်တာမျိုးတော့ မဟုတ်ဘူးလို့ ကိုယ် ထင်တယ်၊
…မြင်မှာ ကောင်း နဲ့ ညွန့် ကို သူငယ်ချင်းလို့ပဲ သတ်မှတ်ထားတာ..."

"မြတ် သိပါတယ်..၊ အားလုံးက ရိုးရိုးသားသား ကြိုးစားခဲ့ကြ…
… ဒါပေမယ့် သူချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို..."

"ခဏ... ခဏနေဦး မြတ်..၊ ကိုယ် မေးမယ်"

ထွတ် က စီးကရက်မီးညှိဖို့ မီးခြစ်နှင့် စီးကရက်ကို တစ်ဖက်စီ
…ထားရင်း မြတ် ရပ်နေတဲ့ ပြတင်းပေါက်နားကို လျှောက်လာပြီး...

"ကောင်း က ညွန့် ကို သူချစ်နေတဲ့ မိန်းကလေးပါလို့ ပြောခဲ့
…သား"

"အဲဒီလို မြတ် မဖြေနိုင်တာကို မမေးပါနဲ့ ကိုထွတ် ရယ်..၊
…င်လေးက သူ့စိတ်ကို သူ နားမလည်ဖြစ်နေတဲ့အချိန်ပါ"

"သူ့ကိုယ်သူတောင် နားမလည်သေးတော့ သူ့ကို နားမလည်လို့
…ခဲ့ကြတဲ့လူတွေကိုလဲ ကိုယ် ဘယ်လိုအပြစ်တင်ရမလဲ..၊ ဘာ
…ကြောင်းနဲ့ တားဆီးရမှာလဲ၊ ကိုယ်တို့ နားလည်ထားရမှာက သူ့ကိုယ်
…းလည်တဲ့အချိန်ထိ..၊ သူ ရွေးချယ်ပြီးမှဆိုတဲ့အချိန်ရောက်အောင်
…န်းကျင်တစ်ခုလုံးက စိတ်ရှည်စောင့်ထိန်းနေကြမှာ မဟုတ်ဘူး"

"မြတ် ကတော့ မြတ် ရဲ့မောင်လေးကို..."

"အစ်မကြီးတော့ အမိအရာ ဆိုတဲ့စကား ရှိတယ်၊ မင်းက သူ့ရဲ့
…ဆိုလဲ ဟုတ်တယ်လေ..၊ ဒါကို ကိုယ် နားလည်တယ်၊ မင်း
…ကျားဖြစ်တဲ့သူကိုလဲ နားလည်ပေးပါ မြတ် ရယ်..၊ မြတ် က
… ရဲ့မောင်လေးကိုပဲ စိတ်ချမ်းသာမှုပေးချင်တဲ့အကြောင်း ကိုယ့်ကို
…တယ်၊ ကိုယ်ကတော့ ကိုယ့်ညီမို့လို့ သူ့ဘက်က လိုက်ချင်တဲ့စိတ်
…ာအမှန်ပဲ၊ ဒါပေမယ့် သူတို့အခွင့်အရေးနဲ့သူတို့ လုပ်နေကြတာကို



www.burmeseclassic.com

www.burmeseclassic.com



လဲ တားဆီးပေးနိုင်မှာ မဟုတ်ဘူး၊ ကောင်း ကပဲ ချစ်နေနေ… ကပဲ ချစ်ချစ်.. တစ်ယောက်ကို ရွေးချယ်မယ့်သူက ညွန်း ပဲ… ကြောင့် သူတို့အလုပ် သူတို့လုပ်ကြပါစေ..နော်…"

မေမြတ် ရင်ထဲမှာ နင့်နေတာ မျက်ရည်ဝေ့ခဲ့တဲ့အထိ..။

"မောင်လေးက အရွတ်ဆန်ချင်တဲ့စိတ် ရှိတယ်၊ အားလုံး လွှ… ကုန်မှ..၊ ပြင်ဆင်လို့မရတော့တဲ့အခြေအနေတွေ ဖြစ်ပြီးမှ သူ… အလိုမ့် ဖြစ်ကျန်ရစ်တော့မှာ…"

"အရုပ်မ လုနေကြတဲ့ ကလေးတွေမှ မဟုတ်တော့တာကွာ… အောင် တစ်ယောက်တစ်ရုပ်စီ အစားဝယ်ပေးလို့လဲ မရဘူး၊ အငို… အောင် မျက်ရည်သုတ်ပေး ချော့ရမယ့်အရွယ်တွေလဲ မဟုတ်တော… ဘာဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရုံပဲ ရှိတော့တယ်၊ ညွန်း ဘ… ဆုံးဖြတ်မလဲ..၊ ဆုံးရှုံးမခံနိုင်တဲ့သူက ဘယ်လိုကြိုးစားမလဲ၊ ခါ သူ… နှစ်ယောက်နဲ့ပဲ ဆိုင်တယ်"

ထွတ် က မေမြတ် ပခုံးလေးကိုဖက်၍ မျက်နှာလေးကို မော့ဆေ…

"သတ္တဝါတိုင်းမှာ သူတို့အတွက် အသက်ရှည်ဆေးတစ်မျိုး… တယ်တဲ့၊ ကိုယ့်အသက်ရှင်သန်အောင် ကိုယ်တိုင်ရှာကြံပြီး မွေးမြူ… တာပါ မြတ် ရယ်..၊ ကောင်း လဲ သူ့အတွက် မသေဆေးကိုတော… ကြံနိုင်မှာပါ၊ စိတ်အေးအေးထားလိုက်နော်…"

အိမ်ကိုရောက်သွားတိုင်း ကောင်း နှင့် ဒယ်ဒီရဲ့ မငြိမ်းချမ်းခြင်း… မြင်နေရတာ ဘယ်လိုလုပ် စိတ်အေးနိုင်မှာလဲ..။

သူမ အိမ်ထောင်ပြုလိုက်တာ စောလွန်းသွားသည်လား..၊ အ… အရွယ်အရ မဟုတ်ရင်တောင် မိသားစုအတွက် သူမ တစ်ကိုယ်တော… ဆန်ရာကျနေပြီ ထင်သည်။

သူမ မရှိတော့သည့်နောက်မှာ ဒယ်ဒီလည်း အန်တီသန့် … ဝင်ထွက်သွားလာရ ခက်ခဲသွားခဲ့သည်။





ဒယ်ဒီ့ရင်ထဲမှာ မျှော်လင့်ချက်ကြီးမားခဲ့သော ချစ်ခြင်းမေတ္တာတွေ …ကို သိနေသည့်သမီးတစ်ယောက်အဖြစ် အနားမှာ သူမ ရှိနေတုန်းက …သားစုနှစ်ခုရဲ့ကြားမှာ ဆက်သွယ်ချည်နှောင်ခဲ့သည့် နှောင်ကြိုးတစ် …ချောင်းလို..။

ညွန်း နှင့် ကောင်း ရန်ဖြစ်ကြ..၊ စိတ်ကောက်ကြ.. ဘာတွေဖြစ် …ဖြစ် ကြာကြာ ပြတ်တောက်သွားတယ်ဆိုတာ မရှိရအောင် ချစ်ခင်ရင်းနှီး …မှုတွေနှင့် ချိတ်ဆက်ပေးခဲ့တာလည်း သူမပဲ ဖြစ်၏။

ခုတော့ တိုက်ဆိုင်ခဲ့တာလား..၊ တကယ်ပဲ သူမ မရှိတော့သည့် …နောက်ပိုင်းမှာ ဒီလိုဖြစ်ရတာလား၊ အိမ်မှာ ရယ်ရွှင်မှုတွေ ပျက်သုဉ်း …ပျက် ဒယ်ဒီ ရှိနေလျှင် ကောင်း မရှိ..၊ ကောင်း ကိုတွေ့ပေမယ့် ဒယ်ဒီ့ …ကို မတွေ့ရဘဲ တစ်ခါတလေ အိမ်မှာ တစ်ယောက်မှမရှိလို့ ဖုန်းဆက် …ပြီး ထိုင်စောင့်ခဲ့ရတာလည်း ရှိသည်။

"ဒယ်ဒီ ကောင်း ရောဟင်.."လို့ မေး…

"မသိဘူး..၊ ညက ပြန်မအိပ်ဘူး"ဆိုသည့် အဖြေကို မပြောချင် သလို ပြောချင်သလို..။

"ကောင်း ရေ..၊ ဒယ်ဒီရော မောင်လေး"လို့ မေးလိုက်လျှင်…

"အထဲမှာ သွားကြည့်ပေါ့၊ ဒယ်ဒီ့ကို ကျွန်တော်က ဓားထမ်းပြီး …စောင့်ကြပ်နေတာမှ မဟုတ်တာ…"

ဆိုသော စိတ်မချမ်းမြေ့ဖွယ်ရာ အဖြေစကားကို ကြားရသည်။

ဒီလိုအခြေအနေမျိုးတွေဖြစ်နေတာ သူမ ဘယ်လို ငြိမ်းချမ်းစွာ …နေရမလဲ..။

ဖြေရှင်းဖို့ နည်းလမ်းဆိုတာတော့ ရှိကိုရှိရတော့မည် ဖြစ်၏။

www.burmeseclassic.com



## အခန်း [၂၀]

"တောင်းပန်ပါတယ်၊ တို့က မိတ်ကပ်ဆရာ မဟုတ်ဘူး"

"ဒါပေမယ့် ကောင်း မမရဲ့မင်္ဂလာပွဲတုန်းက ကောင်း ရဲ့အစ်မကို ရော..၊ ညွန်း ကိုရော ဘယ်သူပြင်ပေးတာလဲ..."

မသိလို့မေးတာ မဟုတ်..၊ ဘာဖြေဖြေ မယုံဘူးဆိုတာကို အားပါး တရပြောဖို့ ပါးစပ်ပြင်၍ စောင့်လိုက်တာဖြစ်သည်။ ကောင်း ကိုယ့် အလုပ်ကို ပထမဆုံး စိတ်ပျက်မိခြင်းကို ခံစားလိုက်ရကာ...

"မာမီသျှမ်း ပြင်ပေးတာပါ..၊ မယုံရင် သွားမေးကြည့်လို့ရတယ်၊ တို့တစ်ယောက်တည်း အေးဆေးနေပါရစေ၊ ခဏလောက် ခွင့်ပြုပါ"

ပြောလိုက်ပြီး နေရာမှ ထရပ်လိုက်လျှင် အ. .:မှာ ဝိုင်းနေသည့် သုံးယောက် မျက်နှာတွေပျက်သွား၍...

"နေပါဦး..."

တစ်ယောက်က ပျာပျာသလဲ ကာဆီးထားလိုက်ပြီး...

"တို့အစ်မ လက်ထပ်မှာကို ယူ ဟက်ထ်ထိနေတာတော့ မဟုတ် ပါဘူးနော်"

"မဆိုင်တာကွာ.."

ခေါင်းတစ်ချက်ဖွပစ်ရင်း နေရာမှာ ပြန်ထိုင်လိုက်ရကာ ဗုန်းဗုန်း လဲသွားတာမျိုး...။





"ဒါဆိုလဲ ဆောရီးပါ၊ ဒီလောက် ရင်းနှီးနေကြတဲ့လူချင်း ယူကာ သက်လွတ်စပယ်တော့ မနေနဲ့လေ"

"ဟုတ်သားပဲ..၊ ကောင်း ရဲ့ဖက်ရှင်တွေ တို့ အားပေးနေရတာ နည်းဘူးနော်၊ ဆက်ဆံရေး မကျဲနဲ့.."

တစ်ယောက်တစ်မျိုးနှင့် ပြဿနာက ရှည်နေသည်။ ဒါကို စတူ ဒီယိုခန်းထဲကကောင်တွေ ထွက်လာပြီး ဖြေရှင်းလိုက်မှ နားအေးပါး အေးအဖြစ်ကို ရောက်၏။ ကောင်း နားနေခန်းထဲကို တန်းဝင်ကာ အခန်းတံခါးပိတ်ပစ်လိုက်သည်။

"ဘာလုပ်တာလဲ ကောင်း ရာ..၊ မင်း အမူအရာတွေ ပျက်နေတာ ကြာပြီ၊ ငါတို့လဲ နည်းနည်းပါးပါး သိပါရစေ"

"အေးလေ.."

"ဟုတ်သားပဲ ကောင်း..၊ မင်း ဖြစ်နေတာ လွန်တယ်၊ ဘာလဲ... ညွန်း နဲ့ မခေါ်ကြဘူးလား"

အခန်းတံခါးပိတ်တာကို ဖွတ်ဖွင့်ခိုင်း ဖွတ်ဝင်နှင့် ကောင်း ဆီးမှာ ရတု တို့အုပ်စု ထိုင်ကြ၏။

"ဟာ!... ဒါ...ဘာလဲ.."

"ဟင်!... အရက်လား..."

လက်တစ်ဝါးသာသာ ပုလင်းပြားလေးက ဘူးအဖုံးလေးကိုက ဖိတ်ဖိတ်လက်နေကာ အထဲမှာ မှောင်လဲ့နေသည့်အရည်တွေ တလှုပ် လှုပ်..။ ရတု က ပုလင်းကိုလှမ်းယူပြီး လှုပ်ကြည့်လိုက်..၊ နမ်းလိုက်နှင့်...

"မွှေးလိုက်တာ..၊ ကောင်း... ဒါ အရက်မို့လား"

"ဝိုင်.."

"ဝိုင် ငါ သောက်ဖူးတယ်၊ ဒီလိုအနံ့မျိုး မဟုတ်ဘူး"

"နှစ်ချို့ဝိုင်..."

ရတု တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပုလင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်ကာ လက်နှစ်လုံးလောက်ပဲကျန်တော့သည့် ဝိုင်ကို ထပ်လှည့်ကြည့်သည်။

"ငါ ထင်သားပဲ..၊ မင်း အသည်းကွဲနေပြီဆိုတာ..."

ကောင်း မျက်နှာ ဖျတ်ခနဲ မော့လာသည်။ ရတု က မဲ့လိုက်ပြီး ညာဦးမလားဆိုသည့်အကြည့်နှင့်...

"ညွှန်း နဲ့မင်း ဒီကို တွဲပြီးရောက်မလာတာလဲကြာပြီ၊ မင်း မျက်နှာကြီး သံပရာသီး နေလောင်ထားသလို ဖြစ်လာတာလဲ သိသာနေတော့ ငါတို့ခန့်မှန်းနေကြတာ..၊ ပြောစမ်းပါ ညွှန်း က ချစ်သူတွေ့သွားပြီမို့လား"

အရိုက်ထိသွားတော့ ကောင်း အသံမထွက်နိုင်ဖြစ်သွား၏။ ဒါ မှန်သွားပြီဆိုတာ သေချာမှ ရတု က...

"ကျောင်းသူတစ်ယောက်က အချိန်မရွေး ချစ်သူတွေ့နိုင်တာပေါ့ကွ၊ မင်း ဒါကို မစဉ်းစားမိဘူးလား..၊ သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ်ကြီး တပ်ထားတော့ ငါတို့က ပြောရခက်နေကြလို့..."

"ဒါလဲဒါပေါ့..၊ နောက်ပြီး သူကလဲ အချောအလှတွေ ဝိုင်းနေတော့ ညွှန်း ကိုဖယ်ပြီး ငါတို့ တွေးနေကြတာကိုး"

နောင်ချို ကဝင်ပြောပြီး ဒရင်းဘက်ခ်ပေါ်ရောက်သွားသည့် ကောင်း ကို လိုက်ကြည့်ကာ...

"အခု ညွှန်း နဲ့သက်ဆိုင်နေတာ သေချာလား..၊ ညွှန်း က မင်းကို အဝါကတ်ပြသွားတာတော့ မဖြစ်နိုင်ပါဘူး"

"သူ လက်ထပ်တော့မယ်"

"ဟင်!..."

ပြောပြီးသည်နှင့် အံကြိတ် မျက်နှာလွှဲပစ်လိုက်သဖြင့် အားလုံး နားလည်သွားကြသည်။ တစ်ယောက်က ဝိုင်ကို ဆောင့်ချပစ်လိုက်ကာ—

"ဒီ နှစ်ချို့ဝိုင်ကို မျိုချပြီး အခန်းအောင်းနေလို့ ဘာဖြစ်လာမှာလဲ ကောင်း..၊ မင်းရင်ထဲမှာ တဖြည်းဖြည်း ပရက်ရှာတက်တွေတက်ပြီး





အရောင်ပြောင်းသွားခဲ့တဲ့ နှစ်ချို့သံယောဇဉ်တွေကို မင်း ဖွင့်ပြောရမှာ..."

"ညွှန်း တိုကြည့်ရတာ မင်းအတွက်ဆို ဘာမဆို လိုက်လျောမယ့် မိန်းကလေးပါ၊ ငါတို့တောင် မင်းတို့ကိုမြင်ပြီး ညွှန်း ကို သနားနေမိတာ၊ မင်း ဘယ်လိုထားထား၊ ဘာတွေပြောပြော ခေါင်းမခါခဲ့ဘူး၊ မငြူစူခဲ့ဘူး"

"ဟုတ်သားပဲ ကောင်း ရာ..၊ မင်းက မင်း အမြဲတမ်း နိုင်နေရတာကို မရှုံးချင်တာ ငါ သိတယ်၊ အစကတည်းက ကိုယ့်လူပဲဟာ၊ မင်း ပွင့်ပွင့်လင်းလင်းပြောပစ်လိုက်ရင် သူစိမ်းဆီကို ရောက်သွားစရာ ဘာအကြောင်းမှ မရှိဘူး"

ကောင်း ပုံမကျသည့်မျက်နှာနှင့် လှည့်ကြည့်သည်။ ပြီးတော့ ထလာပြီး ဝိုင်ကို ဆွဲယူသွား၏။ ဆောင်းတံခါးနားမှာ သွားရပ်ကာ မော့ပစ်လိုက်မှ ရတု မျက်လုံးပြူးသွားသည်။

"ကောင်း...၊ မင်းရဲ့ဖြေရှင်းနည်းက ဒါလား..."

"ငါ ဘာမှမပြောချင်ဘူး ရတု..၊ ညွှန်း ဘယ်လိုမိန်းကလေးလဲ ဆိုတာ မင်းတို့ထက် ငါပိုသိတယ်၊ ငါ့ကိုယ်ငါလဲ ငါပဲ သိတယ်"

"ဟုတ်ပါတယ်..၊ ဒါပေမယ့် ငါတို့ မသိနိုင်တာတွေ မင်း ပြောပြလေ..၊ ငါတို့က တစ်ချိန်လုံး ကိုယ့်အလုပ် ကိုယ်လုပ်နေခဲ့ကြပေမယ့် မင်းက ငါတို့ရဲ့အလုပ်ရှင်လေ..၊ တို့ရဲ့သူဌေးပါ၊ မင်းရဲ့ လိုလားခြင်း၊ မလိုလားခြင်းကို အမြဲသတိထားနေခဲ့တယ်၊ မင်း ကြိုးစားနေသလို ငါတို့ ကြိုးစားနိုင်ရဲ့လား..၊ ငါတို့ ကြိုးစားနေတာကို မင်း ကျေနပ်ရဲ့လား... စသဖြင့် မင်းကို အရိပ်လို ကြည့်နေကြတာ..၊ မင်းနဲ့ပတ်သက်တာတွေကို တို့နဲ့ ဆိုင်တာရော၊မဆိုင်တာတွေရော မြင်နေ၊ ကြားနေရတာပဲ၊ တို့ သိထားတာတွေနဲ့ မသိရသေးတာတွေ ဆက်စပ်မိရင် ပူပြင်းလောင်မြိုက်နေတဲ့ မင်းရဲ့ခေါင်းက မထွက်တဲ့ အကြံဉာဏ်မျိုး ငါတို့ခေါင်းတွေထဲက ထွက်လာနိုင်ပါတယ်၊ ပြောပြစမ်းပါ.."

မနည်းကြီး မေးမြန်းစပ်စုပါမှ ကောင်း မျက်နှာ ဒီဘက်ကိုတည့်



www.burmeseclassic.com

www.burmeseclassic.com



တည့်လှည့်၏။ ဝိုင်ဆိုပေမယ့် သေရည်သေရက်ပဲမို့ အရှိန်းက လတ်မဲ…။ မျက်နှာတစ်ပြင်လုံး နီရဲနေကာ မျက်ဝန်းထောင့်တွေလည်း ပါ၏၊

"ငါ မေးမယ်…၊ နင် သူ့ကို ချစ်သလားလို့…"

ကောင်း လေသံတွေ မတည်ငြိမ်ပေ…။ ပြန်ဖြေခဲ့သည့် ညွှန်း မျက်နှာလေးကိုလည်း ဘယ်တော့မှ မေ့နိုင်မည်မထင်ပါ…။

"ချစ်တာ,မချစ်တာတွေ ငါ စိတ်မဝင်စားပါဘူးဟာ…၊ ငါ ပြောခဲ့သားပဲ၊ အချစ်ကို ငါ မသိဘူး"

"မသိလို့ မရဘူးလေ…၊ နင် ငါနဲ့တွဲပြီး ရင်းနှီးသွားလာနေသလို မဟုတ်ဘူး၊ လက်ထပ်တယ်ဆိုတာ ယောကျ်ားတစ်ယောက်နဲ့ တစ်သက်လုံး ပေါင်းသင်း လက်တွဲသွားရမှာ…"

"ငါ သိပါတယ်၊ မေမေကတော့ ပြောတာပဲ၊ ကိုယ့်မှာလဲ ချစ်သူ ရှိတာမှ မဟုတ်တာ၊ သူချစ်ကိုယူတော့ စိတ်ချမ်းသာရမှာပါတဲ့"

"အဲဒါနဲ့ နင်က ခေါင်းညိတ်ခဲ့တာပေါ့"

"အေးလေ…၊ ငါ့မှာ ဘာမှမှ ပြောဖို့မရှိတာ၊ နောက်ပြီး အိမ်ထောင်ရေးကို ငါ စိတ်လဲမဝင်စားဘူး၊ သူ့ကို ပြောပြီးပြီ၊ ပညာရေးမှာ ငါ လိုချင်တဲ့အဆင့်အတန်း၊ အခြေအနေတစ်ခုထိ ဆုံးခန်းတိုင်အောင် ငါ သင်မယ်လို့၊ သူက ကျေနပ်တယ်"

"သူကရော နင့်ကို ချစ်တယ်တဲ့လား"လို့ မေးတာကိုပဲ အထူး အဆန်းလို ညွှန်း က သူ့ကိုကြည့်ပြီး ရယ်ခဲ့သေးသည်။

"ချစ်တယ်လို့ ပြောတာပဲ…"

"နင့်ကိုရော ချစ်လားလို့ ပြန်မမေးဘူးလား"

"ကောင်း ရယ်…၊ နင် ရည်းစားစကားပြောဖူးတာတွေကို လာရှုတ်ပြနေပြန်ပြီ၊ သူနဲ့ငါ ဆွေးနွေးတာ အိမ်ထောင်ပြုကြဖို့လေဟာ၊ ရည်းစားထားဖို့မှမဟုတ်တာ…၊ သူ ချစ်တယ်ပြောတာလဲ ဟုတ်တာ,မဟုတ်တာ ငါ မသိဘူး၊ သူ မေးတာကိုလဲ ငါ့စိတ်ထဲမှာ ဘာရှိရှိ ခေါင်းညိတ်လို့ရတယ်





ခေါင်းခါရင်လဲ ဖြစ်တာပဲ၊ ဘာလုပ်မှာလဲ၊ လျှာဖျားပေါ်က လာတာတွေ"

"ရင်ထဲက တကယ့်ဟာတွေ အစစ်အမှန်ထွက်လာတဲ့နေ့ နင် စိတ်ဆင်းရဲရမှာ မကြောက်ဘူးလား…"

သူမ တစ်ချက်တော့ ငြိမ်ကျသွားခဲ့သည်။ ဒါပေမယ့် ခေါင်းခါခဲ့၏။

"ငါ့ဘဝ ရပ်တည်ဖို့အတွက် ငါ့မှာ ပညာရှိတယ်၊ မေမေကလဲ ပြောဖူးတယ်…၊ စိတ်ကြိုက်ရွေးချယ်နေကြတဲ့သူတွေလဲ လိုချင်တိုင်း ရကြတာ မဟုတ်ဘူးတဲ့၊ ပြေးနေလဲ လွတ်ချင်မှလွတ်မယ်၊ ရပ်နေပေမယ့်လဲ မိချင်မှ မိမယ်…တဲ့"

သူမခေါင်းထဲမှာ မိခင်တစ်ယောက်၏ စကားတစ်ခွန်းဖြင့် ရှေ့တိုးနောက်ဆုတ် ဆုံးဖြတ်ချက်တွေကိုဖြစ်နေစေကာ ဘဝတစ်ခုလုံးကို ကံတရားလက်ကို ပုံအပ်ထားလိုက်တာမျိုး…။ ယောကျ်ားယူလိုက်ခြင်းဖြင့် ညာသင်ကြားလိုခြင်းကို ပိတ်ပင်တားဆီးမလာဘူးဆိုရင် တော်ပြီတဲ့…။

"သူများတွေ ဘယ်လိုရှိကြလဲ မသိဘူး၊ ငါ့အတွက်ကတော့ အိမ်ထောင်ပြုခြင်းဟာ ဝတ္တရားတစ်ခုပါပဲ"

ကောင်း က ပြောပြနေရင်း နှာကျင်စွာ မဲ့သည်။

"သူ အဲဒီစကားတွေကို ပြောနေတာ အပြုံးမပျက်ခဲ့ဘူး၊ သူ့စကားလေးတွေကို နားထောင်နေတဲ့ ငါ့မျက်နှာ ဘာဖြစ်နေသလဲ…၊ အချစ်အကြောင်းတွေချည်းမေးနေတဲ့ ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ…၊ သူ သည်းနည်းမှ ဂရုမစိုက်ခဲ့ဘူး၊ အဲဒီလိုမိန်းမကို ငါ ဘာပြောရဦးမှာလဲ…၊ သူများရဲ့အချစ်ကို မမျှော်လင့်ဘူး၊ သူ ချစ်နိုင်တာ,မချစ်နိုင်တာကလဲ အရေးမပါဘူးတဲ့၊ ငါက ဘာကောင်ဖြစ်သွားခဲ့သလဲ…"

အားလုံးပဲ အသံတွေ တိတ်နေခဲ့ကြ၏။ သင့်တော်ကောင်း ဆိုတဲ့ သူ…၊ ဒီလောက်ထိ ချစ်တတ်နေပြီတဲ့လား…။ စိတ်ထဲကနေ တိုးတိတ်ဝန်ခံရင်း စိတ်မကောင်းဖြစ်နေခဲ့ကြသည်။ ကောင်း ဟာ တချို့လူတွေ ဆင်ခြင်သလို တကယ်ဟုတ်,မဟုတ် မသေချာပေမယ့် အနားကပ်ခွင့်မရကြ

www.burmeseclassic.com



သည့်မိန်းကလေးတွေပါးစပ်က ထွက်လာသမျှ တစ်ခုမှအကောင်းမပါ

မြင်နေသမျှမှာလည်း မိန်းကလေးတစ်ယောက်ထက် ပိုလှ သည်။ ချောတာထက် ပိုချောအောင်လည်း နေတတ်ခဲ့သည်။ ဒါပေမယ့် အချစ်ကို စိတ်မဝင်စားသည့်လူ..။

ဒီလူကို အကဲခတ်ကြည့်မိတဲ့အထိတော့ သူတို့အားလုံး သံသယ ရှိခဲ့ဖူးကြတာ အမှန်..။ တကယ်တော့ အချစ်တွေအားလုံးက ညွှန့် ဆိုတဲ့ တစ်ယောက်ဆီမှာပါလား..။ ကရုဏာဒေါသနှင့် အပြစ်တင် မည်ဆိုလျှင်တော့ ကိုယ်ညံ့လို့ ကျန်ခဲ့ရတာ..၊ ခံသင့်သည်လို့ပဲ..။

"စိတ်တော့မကောင်းဘူး ကောင်း ရာ..၊ မင်းရင်ထဲက တ တလေကို မင်းကိုယ်တိုင်သိအောင် ဖွင့်ပြခဲ့ဖူးရင် ဒါမှမဟုတ် ငါတို့ ရင်ဖွင့်ပြောပြထားခဲ့ဖူးရင် အစကတည်းက သူ သိနေတာဆိုတော့ သူ့ စိတ်ခံစားမှု ဒီလိုဖြစ်နေချင်မှဖြစ်နေမှာ..၊ သူ မသိဘူးထင်ရင်လဲ ငါ က ဘေးကနေ အဆင်းကို ဘီးတပ်ပေးလိုက်ရုံနဲ့ ပြီးသွားနိုင်တယ် ခုတော့ မင်း မျိုသိပ်ခဲ့တာတွေက..."

"ငါ မျိုသိပ်ခဲ့တာမဟုတ်ဘူး သီဟ..၊ အဲဒီအချိန်တွေမှာ ရည်း ရဲ့သဘာဝတွေ..၊ အချစ်က အရေးမပါတာတွေ..၊ သူ ငါ့ဘေးမှာ ပြော ဆိုနေသမျှ ငါ ဒီတိုင်း နားထောင်နေခဲ့တာ၊ အဲဒါတွေ ငါ့ရင်ထဲမှာ ဘာမှရှိမနေခဲ့သလိုပဲ..."

"မင်းက ကိုယ်ပိုင်ထားတဲ့ သက်မဲ့ရုပ်လေးတစ်ရုပ်လို ညွှန်း ကို စိတ်ဝင်တစား သိမ်းထုပ်ဖို့ ဘယ်စိတ်ကူးမိပါ့မလဲ၊ ချိတ်ဆက်လွဲခဲ့တာ တွေ အဲဒီက စ,ခဲ့တာ..."

"ပြောလေ..၊ ခုတော့ မင်း သူ့ကို ချစ်နေပြီမို့လား၊ ဆုံးရှုံးမခံချင် ဘူး၊ ဒါပေမယ့် ရေကန်ထဲက လရိပ်ကို ထိုင်ငေးနေတဲ့လူလို မျှော်လင့် ချက် မဲ့နေပြီ၊ ဟုတ်တယ်မို့လား"

ကောင်း က မဖြေ..။



BURMESE CLASSIC



"ဘာဖြစ်လို့ မျှော်လင့်ချက်မဲ့ရမှာလဲ.."

ရတု က ပြောလိုက်ပြီး ရှိုးကေ့စ်ပေါ်မှာ ဒီတိုင်းချထားသည့် င်း ရဲ့ဖုန်းကို သွားယူလိုက်သည်။

"မင်း ဘာလုပ်မလို့လဲ.."

ကောင်း မေးတာကို ရတု က မဖြေဘဲ လက်ကာပြလိုက်ပြီး ဟို ထွက်သွား၏။ တံခါးတစ်ချပ်ရဲ့အပြင်ကို ခဏပဲထွက်သွားပြီး ဝင်လာတော့ ဖုန်းကို နေရာတကျ ပြန်ထားလိုက်ရင်း...

"မကြာခင် ညွှန်း ရောက်လာတော့မယ်.."

"ဘာ!..."

ကောင်း မျက်မှောင်ကြုတ်သွားသည်။ နောင်ချို နှင့် သီဟ တို့ တညြဖြစ်သွားကြပြီး...

"ရတု..၊ တကယ် ခေါ်လိုက်တာလား..."

"ဟုတ်တယ်..၊ ကောင်း အရက်တွေ အလွန်အကျွံသောက်နေ ယ်၊ ခုလာပါလို့ ပြောလိုက်တာ..."

"သူက ဆေးရုံမှာ မဟုတ်ဘူးလား..."

နောင်ချို က သိချင်ဇောနှင့် အလောတကြီး မေး၏။

"ဘယ်မှာဖြစ်ဖြစ်... သူ ပျာသွားတဲ့ပုံက ချက်ချင်း ထ,လာနေပြီ ဘာ သေချာတယ်"

"ဒါဆို ငါတို့သွားကြမယ်လေ"

သီဟ တို့က ထွက်ခွာရန် ခြေလှမ်းပြင်စဉ် ရတု,က ကောင်း ကို ရှုည့်၍...

"ယောက်ျားပဲ ကောင်း ရာ..၊ မဏ္ဍာပ်ထိုးထားပြီးသား ဖြစ်နေပါစေ ဆုံး မိနစ်၊ စက္ကန့်အထိ ကြိုးစားခွင့် ရှိတယ်၊ ညွှန်း ရောက်လာရင် ခွင့်ပြောလိုက်တော့..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

"ကောင်း နဲ့ ချိန်းထားတာ..."

"ဟုတ်လား..၊ သူ မရှိဘူး ညီမ..၊ ရောက်လာရင် ဖုန်းပြန်ဆက် ပြောလိုက်မယ်လေ..."

"အို!... ချိန်းထားရင် ကောင်း ဒီလိုမလုပ်တတ်ပါဘူး၊ ဟုတ် လား... အပြင်မှာ သူ့ကား မြင်ခဲ့တယ်"

"မဟုတ်ပါဘူး..၊ အဲဒါ မော်ဒယ် အိချစ် ရဲ့ကား..၊ သူ အပေါ် တက်သွားတယ်"

"အိချစ် ရဲ့ကား..."

ကောင်း က ကားထည်လဲစီးသည်။ ဒီလိုပြောလိုက်တော့လည် မယုံပေမယ့် လက်ခံခဲ့ကြ၏။ ရောက်လာသမျှကို အဆင်ပြေသလို ၍ ပ,ထုတ်နေရင်း ရတု က နာရီကို တကြည့်ကြည့်..။

"မင်း ပြောတော့ ချက်ချင်း ထလာနေပြီဆို..."

"မေးခွန်းတွေ ထုတ်မနေနဲ့ကွာ..၊ သူ လာမှာ လုံးဝ သေချာတယ်

"လာပြီ..."

ကိုယ်ပိုင်ကားတွေ အသီးသီး ပြန်လည်ထွက်ခွာသွားကြသ နောက်မှာ တက္ကစီတစ်စီး ရောက်လာ၏။





အပေါ်စီးကကြည့်နေပြီး သီဟ က သတင်းပေးသည်။

"သေချာလား..၊ မင်း..."

"ဟုတ်ပါတယ်ဆို..."

သီဟ နေရာယူလိုက်တာ မြင်သည်နှင့် ရတု နှင့် နောင်ချို တို့ က်ယက်ခတ်နေတာတွေ နေရာတကျ ငြိမ်သက်သွားကြ၏။ တစ် င့်ကြာတော့ အကျီလက်ပွ၊ ကော်လံလေးနှင့် အဖြူအညိုပွင့်ဝတ်စုံ ဆင်မြန်းထားသည့် ညွှန်း မျက်နှာလေး သူတို့ရှေ့မှာ ပေါ်လာသည်။

နောက်ပိုင်း ကောင်း နှင့် သိပ်ပါမလာတော့သည့်အခါများမှာ ရင်ကလို ဆံပင်ဖျားလျားလေးနှင့်မဟုတ်ဘဲ နောက်မှာ စုစည်း ထားတာပဲဖြစ်ကာ လူကြီးဆန်လာသလိုလို..၊ ဒါမှမဟုတ် တကယ် င့်ကျက်ပြောင်းလဲလာသည်လား..။

မပြောင်းလဲသည်က ကောင်း အတွက်ဆို အမြဲတမ်း ပျာပျာသလဲ တတ်သည့် မျက်ဝန်းလေးတွေပဲ ဖြစ်၏။ သူမသည် အခန်းထဲကို ကြည့်လိုက်ပြီးမှ သူတို့မျက်နှာတွေဆီ ပြန်ရောက်လာကာ...

"ကောင်း ရော..."

"အထဲမှာ..."

အထဲဆိုသည့်အခန်းဆီ မျက်လုံးရောက်သွားကာ ညွှန်း ချက်ချင်း ာက်သွား၏။

"ကောင်း..."

"အထဲက ပိတ်မထားဘူး ညွှန်း..၊ ဖွင့်ဝင်သွားလိုက်..."

ရတု ကပဲ လှည့်ပြောလိုက်ပြီး ကိုင်တွယ်နေတာတွေကို လက်စ တ်သည်။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် မေးဆတ်၍ က်ထပ်ကိုဆင်းဖို့ ခြေလှမ်းပြင်ကြ၏။ ညွှန်း က နောက်ပြန် ကြည့်ပေ။ တံခါးဖွင့်ပြီးဝင်သွားတော့ ကောင်း က တံခါးဆီကို ကြည့်နေတာမို့ မျက်လုံးချင်း ဆုံသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒရင်းဘက်ဒ်မှာ အောစောင်းခြေချထိုင်လျက် ကိုင်ထားတာက စီးကရက်ဘူး..၊ ပါးစပ်ထဲမှာ ဝါးနေတာက ပီကေ..။

အရက်တွေ အလွန်အကျွံသောက်နေသည့်အဖြစ်ကို သူမ မြင် ယောင်လာခဲ့တာက ဒီပုံစံမျိုးမဟုတ်သောကြောင့် ဟိုဒီလိုက်ကြည့် လျှင် အရက်ပုလင်းနှင့်တူသော ပုလင်းမြားလေးတစ်လုံးကို ရှိုးကေ့ ပေါ်မှာ မြင်ရ၏။

"ကောင်း..."

ညွှန်း ခေါ်လိုက်မှ ကောင်း က ပီကေကို နှုတ်ခမ်းခပ်ဖိဖိကြိတ် ရင်း ဟိုဘက်လှည့်သွားသည်။

"ကောင်း..၊ နင် အရက်တွေသောက်နေတယ်ဆို..."

ညွှန်း က ကောင်း ရှေ့မှာ ဒူးထောက်လေးထိုင်လိုက်ပြီး ဟိုဘက် လွှဲနေသည့်မျက်နှာကို မေးဖျားကနေ ဆွဲလှည့်ပစ်လိုက်၏။

မျက်နှာချင်း နီးနီးလေးမို့ မျက်နှာချင်းဆိုင်ဖြစ်သွားတာနှင့် ကောင်း ရဲ့ထွက်သက်လေးက ညွှန်း မျက်နှာလေးဆီ တန်းရောက်လာ သည်။ ထို့ကြောင့် စိမ်းသက်လွန်းသည့် အရက်နံ့ဆိုတာကို ညွှန်း ရှူ ရှိုက်မိသွားသည်။ ပြီးတော့ မျက်ဝန်းထောင့်တွေ နီရဲနေသည့်မျက်နှာ

"နင် ဘာတွေဖြစ်နေတာလဲဟင်..၊ အရက်တွေသောက်တဲ့အထ ဘယ်သူနဲ့ ဘာဖြစ်ခဲ့လို့လဲ..."

ကောင်း က အပေါ်စီးက ဖြစ်နေသည့် မျက်ဝန်းများနှင့် ညွှန်း မျက်နှာလေးကို စီးမိုးကြည့်လျက်...

"ယောကျ်ားပီသအောင် နေတတ်ဖို့ ကျင့်နေတာ..."

"ဘာ!..."

"နင် အမျိုးမျိုး အကြံပေးတဲ့ထဲမှာတော့ မပါဘူး၊ ဒါပေမယ့် လု ကြည့်တာ..."

ကောင်း မျက်နှာကို ဘာတွေရှာဖွေနေမှန်းမသိဘဲ ညွှန်း က ငေး





ငေးစပ်ကြည့်သည်။ မျက်တောင်တွေအရှည်ကြီးပဲဆိုပြီး သူမကိုယ်တိုင် ထိရိယာလေးနှင့် စိတ်ပါလက်ပါ ကော့ပေးခဲ့တဲ့ မျက်တောင်ဖျားတွေ..။ ပြုမပြင်ဘဲရှိနေတာ ညွှန်း သိပေမယ့် ရှည်လျားကော့နက်နေဆဲပါ။ မျက်နှာပြင်သည် အထူးတလည် ခြယ်မှုန်းထားသလို နညက်နေတာ မဟုတ်ဘဲ ကြည့်ကောင်းနေသည်။

ပြောင်းတော့ ပြောင်းလဲသွားသည်ကို သိသည်။ ထူးခြားပြောင်း လဲတာကို ရှာမတွေ့ပေ..။ ကောင်း ဟာ တကယ်ကိုပဲ ပါရမီထူးနှင့် မွေးတဲ့သူပါ..။

ဒါကို ဘာဖြစ်လို့ ထပ်ချောချင်ခဲ့တာလဲ..၊ မိတ်ကပ်တွေ၊ အကူ ထိရိယာတွေနှင့်မှ အလှအပတွေ ရုပ်လုံးကြွတယ်လို့ ဘာဖြစ်လို့ ထင်ခဲ့ တာလဲ..။ စတင်မှားယွင်းခဲ့တာကိုက သူ့ကိုယ်သူ မှားယွင်းစွာ သတ် မှတ်ခဲ့လို့ပဲ ဖြစ်သည်။

ဒါကို သူ့အကြိုက်လိုက်ပြီး သူ ကျေနပ်အောင် ဖြည့်ဆည်းကူညီခဲ့ တာက သူမ..။ ငေးနေရင်း ညွှန်း မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့လာ သည်။ ပြီးတော့ တအိအိပြည့်လာရင်း ခဏအတွင်းမှာပဲ ပါးပြင်လေး တွေထက်သို့ ပြိုဆင်းလာကြ၏။

ကောင်း က စိုက်ကြည့်နေလျက်...

"ဘာဖြစ်သွားတာလဲ..."

မျက်ရည်ကျတာကို မနှစ်မြို့သည့်မျက်နှာကြီးနှင့် မေးသည်။ မေး လိုက်ကာမှ မျက်နှာငုံ့ပစ်လိုက်ပြီး အင့်ခနဲ ရှိုက်၏။

"ငါ့အပြစ်တွေလဲ ပါပါတယ် ကောင်း ရယ်..၊ ငါ သူငယ်ချင်း ကောင်း ပီသခဲ့ရင် နင် သူများပြောတာတွေ ခံရမှာ မဟုတ်ဘူး..."

"ဘာ!..."

"ယောကျ်ားပီသဖို့တွေ..၊ သူများ အပြောလွတ်ဖို့တွေ မကြိုးစားပါ နဲ့တော့..၊ နင့်စိတ်က ယောကျ်ားပီသနေပါတယ်၊ တစ်နေ့နေ့မှာစိတ်က



www.burmeseclassic.com

www.burmeseclassic.com



ခံစားမိတဲ့အတိုင်း ဖြစ်သွားမှာပါ၊ နောက်ထပ်ပြီး အရက်သောက်တာ တွေ မလုပ်ပါနဲ့..၊ ဘာမှထပ်မလုပ်ပါနဲ့တော့..၊ ငါ တောင်းပန်ပါတယ်

ပြောနေရင်း ကောင်း လက်ထဲက စီးကရက်ဘူးကို ညွန့် ယူလိုက် ပြီး လက်နှစ်ဖက်ထဲမှာ ဖိဆုပ်ထားလိုက်ကာ...

"အရက်တွေ တအားသောက်ပြီး နင် ခေါင်းငိုက်စိုက်ဖြစ်နေပြီထင် လို့ ငါ ရင်တွေပူလိုက်ရတာ ကောင်း ရယ်..၊ သူတို့ဖုန်းဆက်ပြော ချက်ချင်း ထ,လာလို့လဲ မရ..၊ စိတ်တွေလှုပ်ရှားပြီး ဆေးရုံမှာကတည်း က ငိုချင်နေတာ..."

ဟိုအရင်ကလိုပဲ ဒီစကားတွေကြောင့် ကျေနပ်သွားချင်သည် ဒါပေမယ့် ကောင်း နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခုသာ ဖြစ်ထွန်းခဲ့၏။ ထိုနောက် ကို ညွန့် က တလွဲအဓိပ္ပာယ်ကောက်ကာ...

"မေမီ နဲ့ အဆင်မပြေဘူးလား..."

"ဘာ..ပြောတယ်"

"ဟို... တစ်ယောက်ယောက်နဲ့လေ..."

ညွန့် မျက်ရည်စတို့ကို သုတ်ပစ်ရင်း ကပျာကယာ ဖြေရှင်း

"ဘယ်တစ်ယောက်ယောက်လဲ..၊ ရှင်းရှင်းပြော..."

"နင် နောက်ထပ်တစ်ယောက်နဲ့ တွဲနေတယ်ဆို..."

သနွာနှင်း..၊ သူမနှင့်သူ ပလာဇာကို နှစ်ခေါက်ရောက်သည် ပြီးတော့ ဟိုနားဒီနား..။ သတင်းထွက်တာ မြန်လွန်းတော့ ကောင်း က ညွန့် ကို တရားခံ လိုကြည့်ကာ...

"ဘယ်သူပြောတာလဲ..."

"မမမေ ပြောတာ..၊ နင် အဲဒီလို မိန်းကလေးတွေနဲ့ သွားလာ တွေပြားနေတာကို မမက ကြိုက်ပုံမရဘူး"

"သူတို့ပဲ ဒီလိုဖြစ်စေချင်ခဲ့တာ..."

"မဟုတ်ဘူး..၊ အဲဒါ ငါ့ကြောင့်ပါ..၊ ဒါတွေလုပ်တတ်အော





နင့်ကို ငါ အကြံပေးခဲ့တာ..."

"နေပါဦး..၊ ခုမှ ဒီနောင်တတွေ ဘာဖြစ်လို့ ပေါ်များနေတာလဲ..၊ နင် မြှောက်ပေးတိုင်း လျှောက်လုပ်ရအောင် ငါက အရူးလား..၊ အဲဒါ တွေကြောင့် အခု ငါက ဘာတွေဖြစ်သွားနိုင်လို့လဲ..."

"မသိဘူး..၊ ဒါပေမယ့် ငါ နင့်အကြောင်း တွေးမိရင် ငိုချင်သလို ဖြစ်ဖြစ်လာတယ်"

"ငါက တော်တော်သနားစရာကောင်းတဲ့ သတ္တဝါတစ်ကောင်ပေါ့"

"အဲဒီလိုမျိုး မဟုတ်ဘူး..၊ ငါ... ငါ့စိတ်ထဲမှာ နင်နဲ့ အဝေးကြီး ကို ခွဲသွားရတော့မလို ခံစားနေရတာ..၊ ဒီအချိန်မျိုးမှာ နင့်ကို ခုလို စိတ်ဆင်းရဲစရာတွေနဲ့ ကျန်ခဲ့မှာ တွေးမိတိုင်း ငိုချင်တယ်"

ကောင်း က မျက်နှာမော့၍ အသံထွက်အောင် ရယ်သည်။ သဘော ကျလို့မဟုတ်ဘဲ လှောင်ရယ်တာမျိုး..။

"ဘာလဲ..၊ နင် ယောက်ျားယူတော့မှာကို ပြောချင်တာလား..၊ ငါ့ ကို သနားတယ်ပေါ့"

"အဲလိုမဟုတ်ဘူးဆိုမှ..."

"ဘာကြောင့်ဖြစ်ဖြစ် မလိုဘူး..၊ ဒီလိုအကြည့်နဲ့ မျက်ရည်တွေ ဆပြနေတာ ငါ ပိုမုန်းတယ်၊ ဒီမှာ ညွန့်...၊ ငါ ယောကျ်ားပီသဖို့ ကြိုးစားတယ်ဆိုတာ မိန်းမတစ်ယောက်ယောက်ရဲ့ အထင်ကြီးမှုကို လို့လို့ ထင်လား..."

ညွန့် သည် ရောက်လာကတည်းက ထိုင်နေသည့် ခုံထောက် ချက်လေးအတိုင်းပဲ သူ့ကို မော့ငေးနေ၏။

"နင် လက်ထပ်သွားတာကို အားကျပြီး ငါ လက်ထပ်နိုင်ဖို့ ကြိုး စားနေတယ်လို့ရော ထင်သလား..."

ဒီလိုတော့ မဟုတ်ဘူးထင်သည်။ ဒါပေမယ့် ညွန့် မဖြေနိုင်..။

"မိန်းမတစ်ယောက်ကို ငါ ရင်ခုန်ဖို့အတွက် ဘယ်တုန်းကမှ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မဝင်စားခဲ့ဘူး၊ ရည်းစားထားပြီး ပျော်တယ်ဆိုတဲ့ ခံစားချက်တွေ အဲဒါ နင့်အတွက်ပဲ..၊ ဘာကြောင့်လဲ သိလား...၊ ငါ့အတွက် နင် မဆို ကူညီတယ်၊ နင့်အတွက် နင်ဖြစ်စေချင်တဲ့အတိုင်း ငါ လုပ် တယ်၊ ဒါပဲ..."

"မဟုတ်ဘူး...၊ ငါ ဖြစ်စေချင်တာ မဟုတ်ပါဘူး၊ နင် စိတ်ချမ်း စရာအကြောင်း ရှာပေးကြည့်တာပါ၊ ရည်းစားမထားချင်လို့ နင် သလိုနေပေမယ့် အဲဒါကြောင့် မဖြေရှင်းနိုင်တဲ့ အကျပ်အတည်းတ မှာ နင် ပိတ်မိနေသလားလို့ ငါ အကြံပေးတာ..."

"ဒါဆို နောင်တတွေ ဘာဖြစ်လို့ ပေါပေါသီသီကြီး ဖြစ်ပြနေ လဲ..၊ ငါက ဘာဖြစ်နေလို့လဲ..၊ နောက်ထပ် ဘာတွေ သနားစရာ လာနိုင်လို့လဲ.."

ဒေါသတွေနှင့် အသံတွေ မာလာသည်။ သူ ထရပ်လိုက် ညွှန်း ဒီတိုင်းလေး ကျန်ရစ်၏။ ကောင်း က ညွှန်း နောက်မှာ ထောက်ရပ်လိုက်ပြီး...

"ငါ ဘာလုပ်နေနေ..၊ ဘယ်သူ သတင်းပို့ပို့ နောက်မလာ ပူစရာလဲ မလိုဘူး၊ ငိုနေဖို့လဲ မလိုဘူး၊ အချိန်တန်ရင် ကိုယ့်ဆုံး ချက်အတိုင်း ကိုယ်ဦးတည်ထားတဲ့လမ်းကိုပဲ လျှောက်တြမှာ..၊ အလုပ် ကိုယ်လုပ်ကြေး..."

"ငါမှ အဲသလိုမနေနိုင်တာ..၊ ငါတို့ ဘယ်နေရာရောက်ပြီး လိုဝေးကွာနေနေ ဒီတိုင်း ဘာမှမပြောင်းလဲဘူး"

"ညွှန်း..."

ကောင်း မချင့်မရဲခေါ်သံနှင့် ညွှန်း ရဲ့လက်မောင်းတစ်ဖက် ဖိဆုပ်၍ မတ်တတ်ရပ်ဖြစ်အောင် ဆွဲထူပစ်လိုက်သည်။ ပြီးတော့ နှစ်ဖက်ကို ဆုပ်ကိုင်ကာ မျက်နှာချင်းဆိုင်ကြည့်၍...

"ဒီတိုင်း မပြောင်းလဲဘူး ဟုတ်လား..၊ ဘာ..ဒီတိုင်းလဲ...၊





ဆိုတဲ့ကောင်က နံပါတ်နှစ်ဆိုတဲ့ ဒုတိယနေရာကို ဘယ်တုန်းကမှ ငဲ့ ကြည့်ခဲ့တာ မဟုတ်ဘူး၊ အဲဒါ နင် နားမလည်ဘူးလား..၊ နင့်နေရာမှာ ငါ ဘယ်သူ့ကိုမှ အစားမထိုးခဲ့ဘူး၊ ငါ့ကိုကျတော့ နင်က နောက်နည်း နည်းဆုတ်ပါ၊ ဒီလိုလား..."

ကောင်း ရယ်..၊ ငါတို့က သူငယ်ချင်းတွေ မဟုတ်ဘူးလား..။ ညွှန်း ရင်ထဲကပြောသံတွေ အပြင်ထွက်မလာခဲ့ပေ..။ ကောင်း က လက် တွေကို ဆောင့်လွှတ်ပစ်လိုက်ကာ...

"နင် မပြောင်းလဲဘူးဆိုတဲ့အရာတွေကို ငါ မလိုချင်ဘူး..၊ လက် ထပ်တဲ့နေ့ မရောက်ခင် လွမ်းခွင့်ရနေတာလေးကို တသသမျှော်ကိုးနေဖို့ လဲ မလိုဘူး၊ ဒီနေ့ကစပြီး နင်နဲ့ ငါ..."

"ကောင်း..."

ညွှန်း က ကောင်း ရင်ဘတ်ကအင်္ကျီစကို စိတ်ရှိလက်ရှိ ဆောင့်ဆွဲ ပစ်လိုက်ပြီး တအားအော်သည်။

"ငါ ဘာပြောပြော ဘာဖြစ်လို့ အကောင်းမထင် ဖြစ်နေတာလဲ..၊ ယောကျ်ားယူရမယ့်အဖြစ်ကိုပဲ ဂုဏ်ယူစရာလုပ်ပြီး နင့်ရှေ့မှာ အမူအရာ တွေ လုပ်ပြနေသလိုလို..."

"မဟုတ်လို့လား..."

အင်္ကျီ ပေမှာ..၊ ကြေမှာကို အလွန်အမင်း ကြောက်ခဲ့သည့် ကောင်း က ခုတော့ ညွှန်း ပစ်စလက်ခတ် ဆုပ်ဆွဲထားတာကို သတိမရ ဘူး ထင်သည်။ ဒေါသတွေနှင့် အပြိုင်အဆိုင် အော်ဟစ်ရန်ဖြစ်ဖို့သာ စိတ်မှာဖြစ်လျက်...

"ဟိုကောင်နဲ့ မုန့်သွားစားဖို့..၊ ရှော့ပင်းထွက်ဖို့..၊ အကြောင်း အမျိုးမျိုးနဲ့ လမ်းပေါ်မှာ နင့်မျက်နှာ ပြုံးချိုနေတာ..."

ညွှန်း အံ့အားသင့်သွား၏။ သူမတို့ သွားလာနေသမျှ ကောင်း အကုန်သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သွားလာရင်းတောင်မှ မျက်ရည်ပေါက် ပေါက်ကျ
အောင် သူမက အသည်းကွဲ ဘဝပျက်ခဲ့တဲ့လူမှ မဟုတ်ဘဲ..။

"ပျော်တဲ့နေရာမှာတော့ ပျော်နေပြီး ငါ့ရှေ့ရောက်လာမှ မျက်ရည်
တွေကျပြနေတာ ဘယ်သူက အကယ်ဒမီပေးရဦးမှာလဲ.."

"ကျပြနေတာလို့ မပြောနဲ့ ကောင်း...၊ မင်းသား၊ မင်းသမီးတွေ
သူတို့ပါရမီနဲ့သူတို့ မွေးကတည်းက မျက်ရည်လုပ်တဲ့စက် ပါလာ
တာ၊ အပြင်လူတွေအတွက် ခံစားချက်မရှိဘဲ ညှစ်ထုတ်လို့မရ
ဒါပေမယ့် ဟန်ဆောင်ပြုံးလို့ ရတယ်၊ ငါပျော်လွန်းလို့ ပြုံးနေ
မဟုတ်ဘူး၊ ငါ့ကို မခနဲ့ပါနဲ့..."

ဆုပ်ကိုင်ထားသည့်လက်တွေကို ညွန်း ကိုယ်တိုင်လည်း သတိ
ကာ အလန့်တကြား ပြန်လွှတ်သည်။ ပြီးတော့ ကောင်း ရဲ့အကျီ
သူမပဲ သပ်ရပ်အောင် ပြန်လည်ပြုပြင်ပေး၍...

"နင်က ပြုံးနေတာကိုပဲ မြင်တာပါ ကောင်း ရယ်..၊ ကို
ကတောင် ငါ့ကို မေးတယ်၊ စေ့စပ်ဖို့ကိစ္စကို တစ်ခုခု စိတ်တိုင်းမကျ
ရှိလို့လားတဲ့..၊ ခုတစ်လော မျက်နှာမကောင်းဘူးတဲ့.."

"ဘာ... စေ့စပ်မှာ ဟုတ်လား..၊ လက်ထပ်ဖို့ မဟုတ်ဘူးလား"

"ဟင့်အင်း..၊ ငါ ခုမှကျောင်းပြီးတာကို လက်ထပ်လိုက်ရင်
ဆက်လုပ်ရတော့မှာလဲ..၊ လူကြီးတွေနဲ့ သေချာပြောပြီးမှ စေ့စပ်ထား
သဘောတူကြတာ..၊ ဒါပေမယ့် စေ့စပ်ပွဲကိုတော့ အကြီးအကျယ်လု
သူတို့ စီစဉ်နေကြတယ်.."

ကောင်း မျက်နှာမှာ ပြုံးရိပ်ထင်၏။ ညွန်း ကို ကျောခိုင်းပစ်လို
ရင်း သွားတွေပေါ်အောင်လည်း ရယ်လိုက်မိသည်။

တစ်ခုခုတော့ ဖြစ်ဖို့ရှိနေပြီ..။





## အခန်း (၂၂)

"ဆောရီးနော်..၊ ညွန်း နားရမယ့်အချိန်ကို ကိုယ် လာမိတယ်"

"ရပါတယ်..၊ ထိုင်လေ ကိုမား.."

"အပြင်မှာ ခဏ ထိုင်ရအောင်လေ..."

ဧည့်ခန်းမှာ နေရာပေးပေမယ့် အပြင်မှာ ထိုင်ချင်သည်ဆိုတော့
ဒန်းပေါ်မှာပဲ နှစ်ယောက်ထိုင်ခဲ့ကြ၏။ ရေချိုးပြီးစမို့ သနပ်ခါးနဲ့ သင်း
နေသည့် မျက်နှာမွှန်မွှန်လေးကို မြင့်မား က စိုက်ကြည့်သည်။

ပါးကွက်တင်ထားတာ မဟုတ်ပေမယ့် သနပ်ခါးလိမ်းပြီး ဘီးရပ်ရှ
သေးနှင့် ခြစ်ထားသည့်အရာလေးတွေကို ခပ်ရေးရေးမြင်နေရသည်။

နှုတ်ခမ်းပေါ်ကိုတော့ သွားနှင့် ဖိကိုက်ထားပုံရကာ ခါတိုင်းထက်
ပိုပြီး နီထွေးနီမြန်းနေ၏။ ဆံပင်ဖျားလျား၊ မျက်မှန်လေးနှင့် ညွန်း
ကို သူ့မျက်လုံးထဲမှာ မြတ်နိုးစွာ ကြည့်မဝဖြစ်နေသော်လည်း အန်တီတို့
ကတော့ ပြောသေးသည်။

"ခုကတည်းက မျက်မှန်တပ်နေရတာ သိပ်တော့မကောင်းဘူး"
တဲ့။ ညွန်း က မျက်မှန်တပ်ထားရတဲ့သူပေမယ့် ဆံပင်တွေ ဖြန့်ထား၊
စည်းထား ဘယ်လိုနေနေ မျက်မှန်လေးကြောင့် ခန့်တည်နေကာ ဒါကို
ချွတ်ထားလို့ မျက်နှာတစ်မျိုးပြောင်းသွားတာမျိုးလည်း မဖြစ်..။

"ကိုမား..၊ တစ်ခုခုပြောစရာရှိလို့ လာတာထင်တယ်၊ ပြောလေ..."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာကြီးကို မနေတတ်ဖြစ်လာသဖြင့် ညွန်း ကပဲ လိုက်ရသည်။ မြင့်မား လည်း ညွန်း ပြောလိုက်မှ သတိဝင်သွား အားနာသည့်မျက်နှာနှင့် ရက်ရယ်ရယ်၏။ ပြီးမှ...

"ဟုတ်တယ်..၊ ဟိုလေ... သိပ်တော့ မဆိုင်ဘူး ဖင်ပါတ ဒါပေမယ့် စိတ်ထဲမှာလဲ ဆိုင်သလို ခံစားနေရလို့..."

"ဘာလဲဟင်..."

"ဟိုအပတ်တုန်းက မမြတ် နဲ့လိုက်သွားရင်း ကောင်း နဲ့တွေ့တယ်"

"ဪ..."

ညွန်း က ရိုးရိုးလေးပဲ ခေါင်းညိတ်လိုက်တာကို မြင့်မား က မသိမသာ စူးစိုက်ကြည့်လျက်...

"ညွန်း နဲ့ရော တွေ့ဖြစ်သေးလား.."

"တွေ့ပါတယ်၊ ဘာဖြစ်လို့လဲ..."

မေးနေရပေမယ့် မြင့်မား က မဖြေဘဲ စဉ်းစားသလို လုပ်နေသည် မို့ ညွန်း မျက်မှောင်ကြုတ်သွား၏။

"ကောင်း က တစ်ခုခု မှာထားတာရှိလို့လား၊ ဘာလဲ ပြောလေ.."

"မမှာပါဘူး..၊ ဒါပေမယ့် သူတို့မောင်နှမ စကားပြောနေတာ ကြားခဲ့ရတယ်၊ ကောင်း က ကရာတေးသင်တန်း တက်နေတယ် ပြီးတော့..."

"ဟုတ်မှာပေါ့..၊ သူက သင်တန်းတွေတက်ရတာကို ဝါသနာပါ ဟင်!... ဘာ... ကရာတေးသင်တန်း ဟုတ်လား..."

အမှတ်တမဲ့ ပြောလိုက်ပြီးမှ ညွန်း မျက်လုံးပြူးလေးနှင့် ပြန် သည်။ မြင့်မား က ရယ်လိုက်ကာ...

"ဟုတ်တယ်..၊ မမြတ် ကလဲ ဆွဲနေတာ မဟုတ်ဘူး၊ အံ့ဩ ဝမ်းသာနေတာ၊ ပြီးတော့ သူ့ကို အမျိုးသား ကာယဗလစင်တာမှာ ကိုယ် တစ်ခါတွေ့သေးတယ်"





"ဟင်!..."

ညွန်း အံ့ဩပြီးရင်း အံ့ဩနေတာကို မြင့်မား က အကဲခတ်နေသည်။ ညွန်း ကတော့ သတိမထားမိဘဲ လွတ်လွတ်လပ်လပ်ကြီးကို အံ့ဩနေတာ ဖြစ်၏။

ကောင်း ဘာလုပ်လုပ် သူမ မသိတာ ဘာမှမရှိခဲ့ပေ..။ စကား မပြောမဆိုတဲ့အထိ စိတ်ကောက်နေခဲ့ကြရင်လည်း ပြန်ခေါ်တဲ့အခါ စကားတွေ ပြောမကုန်အောင် ဖြစ်နေတတ်ကြသည်။

ထို့ပြင် အရေးပြားပေါ်မှာ ခြင်ကိုက်ရာတောင် အထင်မခံနိုင်ဘူးဆို သည့်လူက ကရာတေးသင်နေသည့်အဖြစ်ဟာ တမင်တကာ လျှို့ဝှက် ထားလို့သာ သူမ မသိခဲ့ရခြင်း ဖြစ်သည်။

"အဲဒါတွေ ညွန်း တကယ် မသိဘူးလား.."

တွေးနေတုန်း မေးလိုက်တော့ မြင့်မား ကို လှည့်ကြည့်ပြီး ညွန်း က ခေါင်းခါသည်။

"မသိဘူး..၊ အရင်ဆိုရင် သူ ဘာလုပ်လုပ် အားလုံးထက်အရင် ညွန်း က သိတာ..."

ဖြစ်ရမယ်..ဆိုသည့် သေချာသောအပြုံးနှင့် မြင့်မား က ခေါင်း ညိတ်လိုက်၏။ ပြီးတော့ ပြုံးနေသည့်မျက်နှာက တည်တည်တံ့တံ့ ပြောင်းလဲသွားကာ...

"ပြီးတော့ သူနဲ့ ကိုယ် နှစ်ခါဆုံတယ်..၊ ကိုယ်က နွေးထွေးဖို့ ကြိုးစားပါတယ်၊ သူကတော့ လိုလားပုံရဘူး"

"ကောင်း မျက်နှာက ဒီလိုပဲ ကိုမား ရဲ့..၊ ညွန်း နဲ့ဆို ဟိုးငယ်ငယ် ကတည်းက ကစားဖော်..၊ ဒီနေ့ထိ သူ အစဉ်သဖြင့် ပြုံးချိုနေတာ တစ်ခါမှ မရှိခဲ့သေးဘူး.."

"မဟုတ်ဘူး ညွန်း..၊ ကိုယ် ခံစားမိတာ အဲဒီလို မဟုတ်ဘူး၊ သူ က ကိုယ့်ကို တကယ်မကြည့်ခဲ့တာ..."



www.burmeseclassic.com

www.burmeseclassic.com



မြင့်မား မျက်နှာကို သေချာပြန်ကြည့်ပြီး ညွန်း ကလည်း စဉ်းစား သည်။ သူမ စဉ်းစားသမျှမှာ ဘာတစ်ခုမှ အညစ်အနွမ်းမပါဘဲရှိရာ…

"ဟုတ်တော့ ဟုတ်တယ်..၊ ကိုမား က ညွန်း နဲ့ လက်ထပ်တော့မှာ လေ..၊ ကောင်း နဲ့ ညွန်း က မောင်နှမတွေလို ရင်းနှီးပြီး သံယောဇဉ် ကြီးခဲ့ကြတာဆိုတော့ ကိုမား ကို သူ မကြည်မလင်ဖြစ်တာမျိုး ရှိနိုင်တယ်"

"အဟွန်း..."

"ကိုမား က ဘာရယ်တာလဲ..."

"ညွန်း မညာထာတ်တာ ကိုယ် သိပါတယ်..၊ မင်းရဲ့စိတ်ထဲမှာ ဒီတိုင်းပဲ ခံစားမိလို့ ပြောတာမှန်းလဲ သိတယ်၊ မမြတ် ကိုယ်တိုင်လဲ ဒီတိုင်းပြောတာပဲ၊ ဒါပေမယ့်..."

ရှေ့မဆက်တော့ ညွန်း က ပြောလာမှာကို စောင့်နေသည်။ မြင့်မား ကလည်း မပြောသေးဘဲ ညွန်း မျက်နှာလေးကို စိုက်ကြည့်နေ၏။ မျက်ဝန်းတွေ ဆုံစည်းနေပြီး ဘာမှလဲမပြောဖြစ်..။

"ဒါပေမယ့် ဘာဖြစ်လို့လဲ ပြောလေ..."

ညွန်း က ပြန်မေးမှ မေးတာကိုမဖြေဘဲ မျက်နှာပြန်လွှဲသွားကာ..

"သတို့သားအရန်လုပ်ဖို့ ကိုယ် ငြင်းနေတုန်းက ကိုထွတ် က မင်းအကြောင်း စ,ပြောတယ်..၊ သတို့သမီးအရန်လုပ်မယ့် ဆေးကျောင်း သူကောင်မလေးက မျက်မှန်လေးနဲ့ အရမ်းချစ်ဖို့ကောင်းတာပဲတဲ့၊ အဲ ကောင်မလေးမှာ မိန်းမစိတ်ပေါက်နေတဲ့ သူငယ်ချင်းကောင်လေးတစ် ယောက်ပဲ ရှိတယ်တဲ့..၊ ပြောတုန်းက မင်းကိုလဲ ကိုယ် မမြင်ဖူးသေး အဲဒီကောင်လေးဆိုတာ မမြတ် ရဲ့မောင်လေးမှန်းလဲ မသိခဲ့ဘူး..."

ညွန်း က သူမမေးတာကို မဖြေပေမယ့် မြင့်မား ပြောနေတာ စိတ်ဝင်တစား နားထောင်နေခဲ့၏။

"မင်းကိုမြင်ဖူးတော့ ကိုထွတ် ပြောတာ တကယ်ပဲဆိုတာ ကို ယုံသွားတယ်၊ ဒါပေမယ့် သူ့ကိုမြင်လိုက်တော့ အံ့သြသွားတယ်"





"ဘာဖြစ်လို့လဲ..."

"သူ့ကို ဘာဖြစ်လို့ မိန်းမစိတ်ပေါက်နေတယ်လို့ ပြောနေကြတာ ဲ ဆိုတာပေါ့.."

မြင့်မား ပြောတာကို ညွန်း ရုတ်တရက် နားမလည်..။

"ယောကျ်ားတွေ အလှပြင်လာရင် အခြောက်နဲ့တူတယ်လို့ ပြော တာ ကြားဖူးပါတယ်၊ သူ့ကို အဲဒီလို သတ်မှတ်လိုက်တာဆိုရင် ာင် သူ အခြောက်မဟုတ်ဘူးဆိုတာ ကိုယ် သိတယ်.."

"အဲဒါ အမှန်ပဲ ကိုမား..၊ လူတွေတင်မဟုတ်ဘူး သူ့အဖေက ာင် ကောင်း ကို မယုံကြည်ဘူးသိလား၊ ကောင်း က သနားဖို့ ာင်းတယ်၊ ပြောရမယ်ဆိုရင် ခုခေတ် နာမည်ကြီးနေတဲ့ ကိုရီးယား းသားတွေတောင် ထွက်လာလိုက်ရင် မင်းသားမှန်းမသိ၊ မင်းသမီး ခသိနဲ့နော်..၊ ကောင်း က ယောကျ်ားပီသပါတယ်"

ညွန်း ပြောနေတာကို နားထောင်ရင်း မြင့်မား က စူးစိုက်ကြည့်နေ ည်။ ဘယ်လိုကြည့်ကြည့် ညွန်း မျက်နှာမှာ ဖြူစင်မှုတွေကိုပဲ မြင်နေ ၏။ သူ ရင်မောသွားမိသည်။

ကောင်း သူ့ကိုကြည့်တာ တစ်ခုခုပြောပြီး ကြိမ်းဝါးသွားသလိုမျိုး .. လူသူအပြောခံနေရတဲ့ သူ့ပုံစံကိုလည်း ပြုပြင်ဖို့ ကြိုးစားနေပြီ..။

ညွန်း ကတော့ အစကတည်းက ယုံကြည်နေခဲ့သည် တဲ့..။ ဒါဆို ာင်း လို ယောကျ်ားလေးတစ်ယောက်ကို ညွန်း ဘယ်တုန်းကမှ တ်လွဲဖောက်ပြန် မစဉ်းစားမိခဲ့ဘူးလား..။ ကောင်း ကရော သူမ ေါ်မှာ တစ်ချိန်လုံး ရိုးသားနေခဲ့သည်လား..။

မရိုးသားစိတ်တွေ ရှိခဲ့ပေမယ့် မပြောဖြစ်လိုက်ဘဲ နောက်ကျကျန်ခဲ့ မျိုးလား..။ ညွန်း ကို ယုံကြည်ပေမယ့် ကောင်း က မယုံကြည်နိုင်ဖြစ် က်အောင် ချောမောတင့်တယ်တဲ့သူမို့ သူ့စိတ်တွေ ပူလောင်လာခဲ့၏။

ကောင်း ဟာ သူများပြောကြသလို တကယ့်မိန်းမလျာလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုက်ပါလား..၊ ဒီစကားတွေကို ပြောဖို့စ,လိုတ်တာပေမယ့် ကောင်း ကြည့်သွားတဲ့အကြည့်တစ်ချက်ကို ညွန်း ကို ဘယ်လိုပြောမလဲ..။

ကိုထွတ် ကိုလည်း သူ မေးကြည့်ခဲ့ပါသည်။

"ကြိုက်ချင်လဲ ကြိုက်နေမှာပေါ့ကွာ..၊ မင်းတောင် မြင်မြင်ချင်း သဘောကျသေးတာ၊ သူတို့က ငယ်ငယ်ကတည်းက ရင်းနှီးခဲ့ကြတာ" လို့ ပြောသည်။ ပြီးတော့...

"လုံးဝ ရှိးသားခဲ့ကြတယ်ဆိုတာလဲ ဖြစ်နိုင်တာပဲ..၊ ဘာဖြစ်လို့လဲ ဆိုတော့ အလင်းရောင်တစ်ခုဟာ အနီးကပ်မှာ အရမ်းလင်းနေရင် လင်း နေတယ် မထင်တော့ဘူး"

"ချက်ချင်း အမှောင်ချပစ်လိုက်ရင်တော့ ဘယ်လိုမှ မနေတတ် တော့ဘူးမို့လား"

သူ ပြန်မေးတော့ ကိုထွတ် မဖြေနိုင်ခဲ့ပေ..။ ဒီအဖြေကို သူ သိနေ သည်။ ဒါပေမယ့် ဒီလို မဖြစ်စေချင်သည့်ဆန္ဒတွေက ဒီတိုင်း မေးလိုက် ဖို့အတွက် ခွင့်မပြုဘဲ ဖြစ်နေ၏။

"ကိုမား က ဘာကို မရှင်းလင်းဖြစ်နေတာလဲ..၊ ကောင်း နဲ့ပတ် သက်ပြီးတော့လား..၊ ညွန်း နဲ့ ကောင်း နှစ်ယောက်အပေါ်မှာလား..."

"ဆောရီး..."

သူ့မျက်နှာ အရမ်းသိသာသွားပြီးမှန်းသိကာ မြင့်မား ပျာပျာသလဲ တောင်းပန်မိသည်။ ညွန်း ကတော့ ဒီလိုဟုတ်နေတယ်ဆိုရင်တောင် တုန်လှုပ်မယ့်ပုံစံမရှိဘဲ သူ့ကိုကြည့်ပြီး မေးပုံက အေးအေးဆေးဆေး ဖြစ်၏။

"ဒီလို ညွန်း...၊ ကိုယ်တို့က ယောက်ျားချင်းလေ..၊ ညွန်း မသိ လိုက်တာတစ်ခုခုကို ကိုယ်တို့ချင်း နားလည်နေနိုင်တယ်၊ ဒါပေမယ့် မှန်တာ,မမှန်တာကတော့ ရာနှုန်းပြည့် ဖြစ်ချင်မှဖြစ်မယ်..၊ ကိုယ် ခန့် မှန်းကြည့်နေမိပေမယ့် မှားယွင်းသွားခဲ့ရင်..."





"ဘာလဲ..၊ ကောင်း က ညွန်း ကို မရိုးသားဘူးလို့ ကိုမား ထင်နေ တာလား"

ညွန်း က တည့်တည့်မေးလာသဖြင့် မြင့်မား မျက်ဝန်းတွေ လွှဲ လိုက်ရင်း ခေါင်းညိတ်သည်။ ဒါကို ညွန်း က အံ့သြသလိုလေးဖြစ် သွားပြီး နောက်မှ ပြုံးတုံ့တုံ့လေးဖြစ်သွားကာ...

"အဲဒါ မဟုတ်ဘူး ကိုမား ရဲ့..၊ ကိုမား အထင်လွဲနေတာ၊ ကောင်း မှာ ချစ်သူတွေရှိတယ်"

"ချစ်သူတွေ ဟုတ်လား..၊ ချစ်သူဆိုတာ တစ်ယောက်တည်း ရှိရ မှာလေ..."

"ဟုတ်တယ်..၊ တစ်ယောက်ပြီးမှတစ်ယောက်ပါ၊ အားလုံး ဒိတ် လုပ်ကြ အချောအလှတွေချည်းပဲ၊ အဲဒီလို မိန်းကလေးတွေကိုတောင် ကောင်း က စွဲလမ်းခဲ့တာ မဟုတ်ဘူး"

"မစွဲလမ်းတာ တပ်မက်တဲ့စိတ်မရှိတာဘဲ ညွန်း ရဲ့..၊ ကိုယ် ကြား ဖူးတာကတော့ သူ့အဖေကိုရွဲ့ပြီး တွဲပြတာဆို..."

ပြုံးယောင်သမ်းနေသည့် နှုတ်ခမ်းလေးတစ်စုံ ပုံပျက်သွားတာကို မြင့်မား က စိုက်ကြည့်နေသည်။ သူမကိုယ်တိုင် ခုမှ ပြန်စဉ်းစားနေ သလို ရှိကာ...

"အဲဒါတွေ သေချာသိထားတာ ကိုမား က ကောင်း ကို စော်စော် ကတည်းက ဝင်စားလို့လားဟင်.."

"သူကရော ကိုယ့်အကြောင်း..၊ ကိုယ်နဲ့ပတ်သက်ပြီး ညွန်း ကို ဘာမှမပြောဘူးလား"

"ဟင့်အင်း..."

"ကိုယ်တို့ မင်္ဂလာပွဲနဲ့ပတ်သက်ပြီးတော့လေ..."

ညွန်း မဖြေနိုင်တာကိုကြည့်ပြီး မြင့်မား က ပြုံးလိုက်၏။ မေးပြင် ကို နည်းနည်းအားစိုက်နင်းလိုက်တာနှင့် ဒန်းက ငြိမ့်ငြိမ့်လေး လွှဲယမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ညွှန်းကတော့သူ့မျက်နှာကနေ အကြည့်ကို မလွှဲသေးသေ
"တစ်ခုတော့ ဖြေကွာ..၊ ကိုယ်တို့ စေ့စပ်မယ့်ကိစ္စကို သူ တို့
တွန်းခဲ့ဖူးလား၊ ဒါမှမဟုတ် ငြိုငြင်တဲ့စကားတွေ ပြောခဲ့ဖူးလား..
"သူ ငြိုငြင်တာ,မငြိုငြင်တာက ရှင်နဲ့ ညွှန်း အတွက် အဓိကကျ
တာလား.."

ညွှန်း ဒေါသထွက်နေပြီလား..၊ ပုံမှန်စိတ်နှင့်မေးတာလား
မသိ။ ဒါပေမယ့် စ,မိတဲ့စကား အဆုံးသတ်ဖို့သာ ရှိတော့တာမို့..

"ဒါဆို ကိုယ် တစ်ခုတော့ မေးချင်တယ်..၊ မင်း မကြိုက်
မေးခွန်းမျိုး ဖြစ်သွားရင် ကြိုတင်တောင်းပန်ပါတယ်"

"မေးလေ..."

"သူက သူငယ်ချင်း..၊ ကိုယ်က လက်ထပ်မယ့်သူပဲ၊ ဒါပေ
မတူပါဘူးဆိုတဲ့ စကားတစ်ခွန်းတည်းနဲ့ တစ်မျိုးစီ အားပြိုင်နေမှာ
ကိုယ် မလိုချင်ဘူး ညွှန်း ရယ်..၊ ရုပ်ရည်ရော၊ စည်းစိမ်ဥစ္စာရော သူ
ကိုယ့်ထက် အများကြီးသာတဲ့သူပါ၊ တကယ်လို့ သူ့ဘက်က တ
နှောင့်ယှက်လာတဲ့အခါ ညွှန်း ပြတ်သားနိုင်ပါ့မလား.."

"နိုင်းယှဉ်စရာလား ကိုမား ရယ်..."

"ဟုတ်တယ်..၊ အဲဒါကြောင့် ကိုယ့်စကားထဲမှာ ပါသွားပြီး
ပါ၊ သူငယ်ချင်းနဲ့ အိမ်ထောင်ဖက် မတူဘူးဆိုပေမယ့် အိမ်ထောင်
ဆိုတဲ့လူကိုလဲ ညွှန်း က ချစ်ခဲ့သေးတာ မဟုတ်ဘူး၊ သူ့ကို ရိုးသားခဲ့
ကလဲ သူ့ဘက်က မရိုးသားမှုကို မခံစားမိသေးလို့ ကိုယ့်ကိုယ်ကို
နားမလည်ခဲ့တာ မဖြစ်နိုင်ဘူးလား..."

"မဖြစ်နိုင်ဘူးလို့ ညွှန်း ကဖြေလဲ ရှင် ယုံမှာမဟုတ်ဘူးထင်တ
ကျွန်မအတွက် အမှတ်တမဲ့ဖြတ်သန်းခဲ့တဲ့ ကာလတစ်ခုကို ကိုမား
တော်တော် လေးနက်ခဲ့တာကိုး.."

"ညွှန်း စိတ်ဆိုးသွားလားဟင်..၊ ကိုယ် မှားသွားတယ်ဆိုရင်





ဒါ ညွှန်း ကို မြတ်နိုးတဲ့စိတ်နဲ့ပါ၊ တကယ်လို့ ကောင်း က ကိုယ့်ရဲ့
ဘက် ဖြစ်လာရင်ဆိုတဲ့ အတွေးဝင်လာရင် ဘယ်လိုမှ နေလို့မရ
ဘူး၊ ညွှန်း ဆီက ကိုယ့်ကို ချစ်တယ်လို့ ဖြေသံမကြားခဲ့ရတဲ့
တွက် အဲဒီလို ခံစားနေတာထင်တယ်၊ ပြီးတော့ ဒီလို စိုးရိမ်ပူပန်တဲ့
တွေ ဖြစ်ခဲ့ရတာ သူ့ရဲ့မျက်လုံးတွေကြောင့်..."

ညွှန်း မျက်ဝန်းတွေကိုကြည့်ပြီး သူ မြင်ခဲ့ရသည့် မျက်ဝန်းတစ်စုံ
သတိရသွားသည်။ ကောင်း ရဲ့အသားအရေ ဘယ်လိုပဲ နူးညံ့ဖြူနု
နေ..၊ မျက်တောင်ကော့နေတာတွေ..၊ သွယ်တန်းသည့်မျက်ခုံးတန်း
မဟာဆန်နေသည်ဆိုတာတွေ... အားလုံးသော နူးညံ့ချောမွေ့ခြင်း
ထဲမှာ မပါခဲ့သော မျက်ဝန်းတစ်စုံဟာ စိန်ပွင့်တွေကဲ့သို့ ပြိုးပြက်
နေကာ နေရောင်ကဲ့သို့ ပူလောင်၏။

စကားမပြောတတ်သော မျက်ဝန်းများမှ စစ်ချီဗုံမောင်းသံတွေ
ဗြိမ့်ညံနေသလို သူ့အာရုံထဲမှာ ရိုက်ခတ် မြည်ဟည်းခဲ့သည်။

ထိုယောက်ျားဟာ နူးနွဲ့သော မိန်းမတစ်ယောက်လိုစိတ်မျိုး ရှိခဲ့ပါ
သည်လို့ ဘယ်လိုလူတွေက သတ်မှတ်ခဲ့ပါသလဲ..။

"ညွှန်း..."

အတွေးလွန်ပြီး ငေးငိုင်သွားစဉ် ညွှန်း ထရပ်လိုက်တာမြင်မှ
ခန်းကတန်း လိုက်ထ,ပြီး ရှေ့က ပိတ်ကာထားမိသည်။

"ဘာဖြစ်သွားတာလဲ ညွှန်း ရယ်..၊ ကိုယ့်ကို စိတ်ဆိုးသွားတာ
လားဟင်.."

"မဆိုးပါဘူး"

ညွှန်း က အေးစက်စက်အကြည့်တွေနှင့် သူ့ကို နှုတ်ဆက်သလို
ကြည့်၍...

"ညွှန်း က ကိုယ့်စိတ်ကို မချုပ်ချယ်ဘူး..၊ သူများကိုလဲ စိတ်ဆိုးခဲ
ခဲ့သူပါ၊ စေ့စပ်ကြဖို့ ရက်သတ်မှတ်တဲ့အထိမှာ ညွှန်း ဘက်က တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုချက်တွေ များခဲ့တယ်၊ ကိုမား လိုက်လျောခဲ့တာတွေ ရှိလို့လဲ
သေချာပြီးပြီ၊ နောက်ထပ် ရှေ့ဆက်မှာလား၊ နောက်ဆုတ်မှာ
ကိုမား ဆုံးဖြတ်လေ..၊ ညွန်း စိတ်ဆိုးတာ,မဆိုးတာထက် ကိုမား
ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ပြန်ဆန်းစစ်ပါဦး..."

"ညွန်း... ညွန်း... နေပါဦး.."

ရှေ့ဆက်တိုးဖို့ပြင်တဲ့ ညွန်း ရဲ့လက်ဖဝါးလေးကို မြင့်မား
ဆုပ်ကိုင်ထားလိုက်သည်။ ညွန်း က ဖယ်ချပစ်လိုက်၍...

"ညွန်း တကယ် စိတ်မဆိုးဘူး၊ ဒါပေမယ့် စဉ်းစားကြဖို့
လိုပြီလေ..၊ အဲဒါ ကိုမား ပါ..."

ညွန်း သူ့ကိုပြုံးပြပြီး အိမ်ပေါ်ပြန်တက်ခဲ့သည်။ သူက နောက်
ပါမလာဘဲ အတော်ကြီးကြာမှ ကားသံကြားရသည်။ စာကြည့်စား
အရုပ်ကြိုးပြတ်လေးထိုင်ချလိုက်မိစဉ် နောက်က လှုပ်ရှားသံသဲ့သဲ့နှင့်

"သူ အားငယ်နေတာပါ၊ ငယ်မယ်ဆိုလဲ ငယ်ထိုက်တယ်
မား တို့အခြေအနေနဲ့ ကောင်း အခြေအနေက ဆင်နဲ့ဆိတ်လော
ကွာပါတယ်၊ သူတို့ညီအစ်ကိုတွေက အရည်အချင်း ရှိတယ်၊
တယ်၊ ဒါပေမယ့် မချမ်းသာဘူး၊ သာမန် ချမ်းသာတယ်ဆိုတဲ့
လောက်တော့ ရှိမှာပေါ့၊ ကိုအောင် ကိုယ်တိုင်လဲ သူ့သမီးကို
နဲ့ သဘောတူခဲ့တာမှ မဟုတ်ဘဲ၊ ဒါကို မခံချင်လို့လဲ ကိုထွတ်
အသိုင်းအဝိုင်းအင်အားနဲ့ မာနတွေပြခဲ့ကြတာ..."

ဒေါ်ရည်သန့် က သူမဘာသာ စကားတွေပြောနေရင်း ညွန်း
လာရပ်သည်။ လက်ပိုက်လိုက်ပြီး စားပွဲစွန်းမှာ တင်ပါးနှင့်ကပ်မှီလိုက်

"မေမေကတော့ အရည်အချင်းရှိတဲ့ ယောကျ်ားမျိုးကိုပဲ
အတွက် ရွေးချယ်ချင်တာ..."

မေမေ့မျက်နှာကို ညွန်း မော့မော့လေး ကြည့်မိကာ...

"ညွန်း တို့ပြောတာတွေ မေမေ ကြားနေတယ်ပေါ့နော်"





"ဟုတ်တယ်..၊ မေမေ အထဲက ပြတင်းပေါက်နားမှာ ရပ်နေတာ၊
မီးကို မျက်ကွယ်ရာမှာ ပေးမတွေ့စေချင်တဲ့စိတ်ရယ်..၊ ဒီအိမ်ထောင်
အတွက် သမီး ခံစားချက် ဘယ်လိုရှိသလဲဆိုတာကို အကဲခတ်နေခဲ့
လဲ ပါတာပေါ့၊ အဲဒီအတွက် မေမေ့ဘက်က စောင့်ထိန်းမှုတချို့ကို
ဖောက်ခဲ့ရတာပါ"

"ဟင့်အင်း..၊ ညွန်း မေမေ့ကို အဲဒီလို မထင်ပါဘူး၊ သူ ပြောတာ
ကို ကြားတယ်ဆိုရင် သူ တွေဝေနေပြီဆိုတာ မေမေ သိမှာပေါ့နော်"

"တွေဝေတာ မဟုတ်ပါဘူး သမီးရယ်..၊ အဖြူအမည်း ဘာမှ
ရှိရသေးတဲ့ သမီးရဲ့အတွင်းစိတ်ကို သူ မယုံရဲတာပါ၊ သမီးက သူ့ကို
ပေမယ့် ကောင်း ကိုတော့ ခင်တွယ်နေတဲ့သူ..."

"ဒါပေမယ့် သမီး သူ့ကို ကြည်ကြည်ဖြူဖြူ လက်ခံဖို့ ပြင်ဆင်ခဲ့
ပါ"

"အဲဒီအတိုင်းပဲ ရှိနေရမယ် သမီး၊ ကောင်း ကို သံယောဇဉ်ရှိတာ
..၊ ရင်းနှီးခဲ့တာတွေ..၊ သူ့ရဲ့ မြင့်မားတဲ့ အထူးထူးသော,ချမ်းသာ
တွေ..၊ သမီး ဘာကိုမှ ခေါင်းထဲမထည့်နဲ့၊ မား ကို တွေဝေတတ်
၊ သဝန်တိုစိတ်တွေ ရှိတယ်၊ ဘာညာပုဒ်မတွေတပ်ပြီး စိတ်ပျက်
ယ့် အဆွေးမျိုးလဲ မဝင်ရဘူး၊ သမီး ရှောင်ကြဉ်ရမယ့်ယောကျ်ား
ကောင်း ဖြစ်သလို ဘဝလက်တွဲဖော် ဖြစ်သင့်ဆုံးလူဟာ မား ပဲ၊
ဒါကို မြဲမြဲ မှတ်ထားပါ"

ပြောပြနေတာပေမယ့် အမိန့်ဆန်သည့် စကားသံထဲမှာ ပြတ်သား
သည့် ဆုံးဖြတ်ချက်တွေ..၊ ခိုင်မာခဲ့သည့် နာကျင်မှုတွေ အားလုံး၏
ခတ်မှုတွေ ပါနေခဲ့၏။ ညွန်း နားမလည်တော့ပါ..။

မေမေ့မျက်လုံးထဲမှာ ကောင်း က ထာဝရ ဒီတိုင်းရှိနေခဲ့တာလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၄ ]

"စိတ်ကျေနပ်မှုရှိရဲ့လား ညွန်း..."

"ကျေနပ်ပါတယ်"

"ဒီဖိုင်းတို့၊ အရောင်တို့ရော..."

"ရပါတယ်..၊ ညွန်း က အရောင် သိပ်မရင့်ရင် ဖြစ်တယ်"

ဝတ်စုံရွေးပြီးပြန်လာကြတော့ ကား ဖြောင့်ဖြောင့်မမောင်းနိုင်... မြင့်မား က မေးလို့မပြီးနိုင်..၊ မေးသမျှကို ညွန်း က ခေါင်းညိတ်နေ... အားမလိုအားမရဖြစ်ရလေ..။

ဒါပေမယ့် အိမ်ပြန်ရောက်လာခဲ့ကြ၏။

"ကိုယ် မဝင်တော့ဘူးနော်၊ အလုပ်ကိစ္စ အရေးကြီးနေလို့.."

"ဟုတ်ကဲ့.."

"လိုအပ်တာရှိရင် ဖုန်းဆက်လိုက်..."

"အင်းပါ..."

မြင့်မား ရဲ့ကားပြန်သွားမှ ညွန်း အထဲဝင်လာခဲ့သည်။ ညှော်ခန်း... ဒေါ်ရည်သန့် က ထိုင်စောင့်နေကာ ညွန်း ပိုက်လာသည့် ဆင်မွှ... ရောင်ဝတ်စုံလေးကို အပြင်ကနေပဲ တစ်ချက်လှမ်းကြည့်၍...

"နှစ်စုံဆို..."





"ဟုတ်တယ် မေမေ..၊ ညဘက် ညှော်ခံပွဲအတွက်က နက်ပြာနဲ့မိုးပြာ ...ဆင်စပ်ကျားလေး၊ မှိုင်းမှိုင်းလေးပဲ လှပါတယ်၊ မေမေ ကြည့်ဦးမလား"

ညွန်း က အထုပ်တွေကို ချလိုက်မလို့ပြင်ပြီးမှ ဒေါ်ရည်သန့် ...ပြဖို့ပြင်၏။

"နေပါစေ သမီး..၊ သမီး ကြိုက်တယ်မို့လား"

"ကြိုက်ပါတယ်"

ညွန်း မျက်နှာလေးကိုကြည့်၍ ဒေါ်ရည်သန့် ပင့်သက်ရှိုက်သည်။ ...စပ်ရုံပဲဆိုပေမယ့် ဟိုတယ်မှာ မနက်ပိုင်းကျင်းပပြီး ညဘက် ခြံထဲမှာ ...ညှော်ခံပွဲလုပ်ဦးမည်။

"လက်ထပ်ရသလိုကြီးပဲ မေမေ..၊ ညွန်း စိတ်ထဲမှာ တစ်မျိုးပဲ"တဲ့..။ ...ကပဲ ပြောခဲ့တာမို့ သမီး မျက်နှာမကောင်းတာကို ဘယ်လိုနှစ်သိမ့်ရ...း မသိ..။ ဘယ်မိန်းကလေးမဆို ကြီးကျယ်ခမ်းနားစွာ ကျင်းပတဲ့ ...လာပွဲမျိုးကို ကျေနပ်ကြမှာပေမယ့် ညွန်း ကတော့ လက်ထပ်တာ ...ဟုတ်သေးဘဲ လက်ထပ်ရာရောက်သွားမှာကို မနှစ်မြို့တာ ဖြစ်သည်။

ပြီးတော့ ဒီလောက်ထိလုပ်ဖို့လည်း မလိုဘူးထင်သည်။ မြင့်မား ...ဲ့အသိုင်းအဝိုင်းတွေ ကောင်း တို့လောက် မချမ်းသာပေမယ့် အသိုင်း...ဝိုင်းဂုဏ် မြင့်သည်။ ရှိထားတာထက် ပိုပြီး ထင်ပေါ်ကြသည်လို့ ...ပြာရမည်လား..၊ ဒါတွေနှင့်ရောပြီး ကိုယ့်ကို လူတွေ သတိထားမိကုန် ...ဘမျိုးလည်း မလိုချင်..။ မေမေ့ မျက်လုံးတွေကို ရှောင်လွှဲ၍ ညွန်း ...အထဲကိုပဲ ဝင်လာခဲ့မိ၏။ ထိုစဉ်...

"သမီး ဖုန်းလာနေတယ်လေ.."

"ရှင်!... ဟုတ်... မေမေ..."

ညွန်း ကိုင်နေကျဖုန်းကို မေမေပဲ ကိုင်သည်။ ကောင်း ပေးထားတဲ့ ...န်းကိုတော့ ညွန်း ကိုင်ပေမယ့် မေမေ မကြိုက်တာကို သိထားသော ...ကြောင့် သိပ်မကိုင်ဖြစ်ပါ..။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဆေးရုံမှာပဲ အနေများတာမို့ အလုပ်လုပ်နေတုန်း ဖုန်းမြည်လာရင် အနှောင့်အယှက်ဖြစ်၏။ ဖုန်းမြည်လာတော့ ညှော်ခန်းရှိုးကေ့ပေါ်က ပုဂံလက်ဆောင် သေတ္တာလှလှလေးထဲက…

"ဟလို…"

"ညီမလေး လား…"

"မမမေ…"

"ဩော် ညီမလေးရယ်..၊ ဒီမှာ ကောင်း နဲ့ ဒယ်ဒီ ပြဿနာဖြစ်နေလို့..၊ ညီမလေး ခဏလောက် လာခဲ့ပါလားဟင်၊ ဖြစ်ရဲ့လား..၊ အနိုင်ရှိရင် ဖုန်းပေးလိုက်ပါ၊ မမမေ ပြောပြလိုက်ပါ့မယ်"

ညွှန်း မျက်လုံးတွေ မေမေ့ဆီ ရောက်သွား၏။ ကောင်း ကို မေမေ မလိုလားတော့ဘူးဆိုတာ မမမေ သိသွားခဲ့သည်လား..။

ဘာပဲဖြစ်ဖြစ် ကိုယ့်သဘောနှင့်ကိုယ် သွားဖို့ မသင့်တော့ဘူးဆိုတာကို နားလည်ထားသည်မို့ မေမေ့ကို ဖုန်းလှမ်းပေးလိုက်ရသည်။

မေမေကိုယ်တိုင် ခွင့်ပြုမှ ညွှန်း ထွက်လာခဲ့၏။ ဒါတောင်…

"မေမေ သမီး ပြန်လာမှ ထမင်းစားတော့မယ်၊ သမီး ဟိုမှာ မစားနဲ့နော်.." လို့ မှာလိုက်သေးသည်။ တကယ်က ထမင်းမစားခဲ့ဖို့ မှာချင်တာ မဟုတ်..၊ ပြန်လာဖို့အတွက် အချိန်ကန့်သတ်လိုက်ခြင်းဖြစ်၏။ ရောက်သွားတော့ အိမ်မှာ ဦးအောင်ကောင်း မရှိ..။

မေမြတ် က တံခါးဝမှ ဆီးကြိုနေကာ…

"မမ ကားလွှတ်လိုက်မလို့ပါ..၊ ဒီနေ့ ညွှန်း တို့အိမ်မှာ ကားအားနေမယ်မှန်း တွေးမိတာနဲ့ မလွှတ်တော့တာ…"

"ရပါတယ် မမရဲ့..၊ ဘာဖြစ်ကြတာလဲဟင်..၊ ဦးရော…"

"ဒယ်ဒီ မနက်ကတည်းက မရှိဘူး"

"ဟင်!…"

"အန်တီ မလွှတ်မှာစိုးလို့ အဆင်ပြေအောင် ပြောလိုက်ရတာ…





မေမြတ် က ညွှန်း မခုံးလေးကိုဖက်၍ ညှော်ခန်းမှာပဲ အတူထိုင်လိုက်ကာ…

"အထဲမှာ ကောင်း ရှိတယ်..၊ ခါးမတ်မတ်မဆုံ့နိုင်ဘူး၊ ပါးချိတ်မှာလဲ အညိုအမည်းစွဲပြီး ကိုယ်ပူရှိနေတာကို ရေချိုးမယ် လုပ်လိုလုပ်..၊ အကျီချွတ်လိုချွတ်နဲ့ ညီမလေးရယ်..၊ မမ မနက်ကတည်းက ရောက်နေတာ၊ သူ့ကြောင့် ခုထိ မပြန်နိုင်ဘူး၊ တကယ်ကို ပြောမကောင်း ဆိုမကောင်းနဲ့ရယ်..၊ ဒီဒဏ်ရာန်းတွေတက်ကတည်းက မမ တားပါတယ်၊ ကိုယ့်မောင်လေးကို ယောက်ျားပီသစေချင်တာက သပ်သပ်..၊ ထိခိုက်နာကျင်အောင် ဖြစ်တဲ့အထိတော့ မလုပ်စေချင်ပါဘူး၊ သူ ဘာတွေဖြစ်နေမှန်း မသိဘူး၊ အခု ညီမလေးကို ခေါ်မယ်ဆိုတာတောင် လုံးဝ မခေါ်ရဘူးဆိုပြီး အစ်မဖြစ်တဲ့သူကို ကြိမ်းလားမောင်းလားနဲ့ ပြောတာကျတော့ နားမထောင်ဘူး"

မေမြတ် က စကားတွေ အများကြီးကို မနားတမ်း ပြောသွားပြီး ညွှန်း မျက်နှာလေးကိုကြည့်၏။

"ကောင်း ကို အဲဒီသင်တန်းတွေ ဆက်မတက်ဖို့ ဒီလိုနေပါ..၊ ဒီလိုထိုင်ပါ..၊ ညီမလေးပဲ ပြောလို့ရမှာ..၊ သွားပြောပေးနော်"

"မမရယ်..၊ ညွှန်း ကို ကောင်း က ပိုတောင်နိုင်သေးတယ်၊ သူ ဘာဖြစ်လို့ ညွှန်း ကို အသိမပေးချင်မှန်း မသိဘဲနဲ့ အခုဝင်သွားရင် လူကို အော်ထုတ်ချင်ထုတ်မှာ…"

မေမြတ် က ညွှန်း နားမလည်နိုင်သည့်အကြည့်တွေနှင့် ခဏစိုက်ကြည့်ပြီး ပြုံးသည်။

"သူ အရင်လို ညီမလေးကို ဆက်ဆံမှာ မဟုတ်ပါဘူး၊ အဲဒါ သေချာပါတယ်"

"ဟိုတစ်ခါကတောင် ညွှန်း လက်ထပ်မှာကို ထေ့ငေါ့ပြောနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဖြစ်မှာပဲလေ..၊ သူ ချစ်တဲ့သူကို သူများက အပိုင်ယူသွားတော့မှာ နည်းနည်းတော့ ကသိကအောက်ဖြစ်နေမှာပေါ့..."

သူ ချစ်တဲ့သူဆိုတာကို ညွန့်း နားမလည်..။ မမ ရိုးရိုးပြောလိုက်တာလား..၊ တစ်မျိုးတစ်မည် ထင်ကြေးတွေနှင့် ပြောတာလား..။

"ညီမလေး စားဖို့ မမ တစ်ခုခု သွားလုပ်လိုက်မယ်၊ ကောင်းဆီ ခဏသွားပေးနော်"

"မလုပ်နဲ့ မမ..၊ မေမေ ထမင်းစား စောင့်နေမှာမို့လို့ပါ"

နှစ်ယောက်အတူ ထရပ်လိုက်ပြီး တက်ကြွစွာ လှမ်းဖို့ပြင်သည့် မေမြတ် ခြေလှမ်း တုံ့သွားကာ...

"အခြေအနေတွေ ပြောင်းလဲကုန်တာ မြန်လိုက်တာနော်"

"ဟင်!..."

မေမြတ် က သက်ပြင်းလေးချလိုက်ရင်း...

"တို့ လက်ထပ်လိုက်တဲ့အတွက် ဒီလိုပြောင်းလဲခြင်းတွေ ဖြစ်လာမယ်မှန်း အစကကြိုသိခဲ့ရင် လက်ထပ်ဖို့တောင် ဆုံးဖြတ်မိမှာ မဟုတ်ဘူး"

"မဟုတ်တာ မမရယ်..၊ မေမေကလေ.."

"တို့ နားလည်ပါတယ် ညွန့်း ရယ်..၊ ညွန့်း တို့ သားအမိမှာ အပြစ်မရှိပါဘူး၊ ဒီလိုပြောမိတာလဲ ညွန့်း တို့ကို အခင်မင်ပျက်တဲ့သဘောနဲ့ မဟုတ်ဘူး၊ စိတ်မကောင်းလို့ပါ..၊ တို့က လက်ထပ်လိုက်တယ်၊ လက်ထပ်ပွဲမှာ မား နဲ့ဆုံဖြစ်သွားပြီး ညွန့်း က လက်ထပ်ဖို့ဖြစ်သွားတယ်၊ ဒီလက်ထပ်ပွဲတွေရဲ့နောက်မှာ အထီးကျန်ရစ်တဲ့လူတွေက ဒယ်ဒီရယ်..၊ မောင်လေးရယ်..."

"မမမေ..."

ညွန့်း တစ်ခုခုပြောမလို့ပြင်တော့ မေမြတ် က ညွန့်း လက်မောင်းလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ...

"လူကြီးတွေရဲ့ဂယက်ကို ညီမလေး မသိသေးပါဘူး၊ မသိတာပဲ





ကောင်းပါတယ်ကွာ..၊ စိတ်ထဲမှာ မထားနဲ့တော့၊ ကောင်း ဆီကို သွားလိုက်နော်"

ညွန့်း အပြင်ကပြန်လာကာစ ထိုင်ပင်မထိုင်ရသေးပါ။ ဒီကို တန်းလာခဲ့ရပြီးတော့လည်း ရင်ထဲမှာ ပဟေဠိများစွာနှင့် အမောမပြေ..။

ခပ်ဟဟပွင့်နေသည့် တံခါးကို နှစ်ချက်လောက်ခေါက်လိုက်သည်။ ပြီးမှ...

"ကောင်း...၊ ငါ ဝင်ခဲ့မယ်"

ပြောပြီး တံခါးတွန်းဖွင့်လိုက်တော့ မွေ့ရာစပ်မှာ ခြေချထိုင်၍ ဆေးပုလင်းတစ်လုံးကို ဖွင့်မလို့ပြင်နေသည့် ကောင်း က မထင်မှတ်သည့်မျက်နှာနှင့်...

"မမ ခေါ်လိုက်တာမို့လား..."

အံ့သြရိပ်ထင်သွားပြီးမှ မျက်မှောင်ကြုတ်၍ မေးသည်။ ဒီမျက်နှာမျိုးနှင့် ဆီးကြိုမယ်ဆိုတာ ထင်ပြီးသားပါ။ ညွန့်း က လက်ကိုင်အိတ်လေးကို စားပွဲပေါ်ထိ သွားတင်လိုက်ပြီးမှ...

"အဲဒီတော့ ဘာဖြစ်သွားနိုင်လို့လဲ..၊ နင်က ငါ့မျက်နှာ မမြင်ချင်လောက်အောင် သေခန်းပြတ် မုန်းနေတာလား..."

ကောင်း က မဖြေဘဲ ဆေးပုလင်းအဖုံးကို ငုံ့ဖွင့်နေ၏။ အိမ်နေရင်း ဆောင်းဘီရှည်အညိုရောင်ပွပွနှင့် အပေါ်ပိုင်း ကိုယ်ဗလာမှာ ကျောနှင့်ခါးစပ်တို့က နီညိုရောင်အကွက်တချို့ကို ညွန့်း မြင်နေရ၏။

အတွင်းသား၊ အပြင်သား ခွဲခြားမရလောက်အောင် ဖြူနုဝင်းမွတ်နေခဲ့သည့်အသားမို့ ဒဏ်ရာတွေက နည်းတာများတာ မသိရပေမယ့် တော်တော် ကြည့်ရဆိုးနေ၏။

သူ ဒါတွေကြောင့် အကျီ င်္ချွတ်ချင်နေချင်တာ ဖြစ်မည်။

"မျက်နှာမှာ လိမ်းမလို့လား..၊ ပေး... ငါ့ကို..."

ညွန့်း က သူ့ရှေ့မှာ ခုံဆွဲထိုင်လိုက်ပြီး ပုလင်းကို ဆွဲယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာမော့စမ်းပါ"

မေးဖျားကနေ ဆွဲမော့လိုက်တော့မှ မျက်မှောင်ကြုတ်နေသည့် မျက်နှာက မကျေနပ်သည့်ပုံနှင့် ပါလာ၏။

"ကြည့်ပါဦး ကောင်း ရယ်..၊ နှုတ်ခမ်းလဲ ပေါက်ထားတယ် မျက်လုံးထောင့်မှာ ညိုနေတာ မနည်းပါလား၊ ဘာနဲ့ထိလိုက်တာလဲ မျက်လုံးကိုထိပြီး တစ်ခုခုဖြစ်သွားမှဖြင့်..."

စကားသံထဲမှာ တုန်ခါမှုတွေ ပါလာသည်။

"နင် ရန်ဖြစ်ထားတာလား"

"ဘာလို့ ဖြစ်ရမှာလဲ.."

"သိုင်းသင်နေတာ ကြာပြီဥစ္စာ..၊ ခုမှ ဒီဒဏ်ရာတွေ ဒီလောက် ရလာတာ ရန်ဖြစ်တာမဟုတ်ရင် ဘာလဲ..."

"ငါ သိုင်းသင်နေတာလဲ သိလိုက်တာပဲလား.."

"သိတယ်..၊ နင်က ငါ့ကို အထူးလျှို့ဝှက်စရာလူလို့ သတ်မှတ် လိုက်ပေမယ့် ပြောချင်တဲ့လူက ပြောတာပဲ..."

"အား...၊ ဖြည်းဖြည်းလုပ်.."

မျက်နှာကဒဏ်ရာကို ဆေးထည့်တော့ တွန့်ခနဲဖြစ်သွားကာ ညွန့် လက်ကောက်ဝတ်လေးကို ဆုပ်ကိုင်လိုက်၏။

"ဖယ်ပါ..၊ ဒီလောက်တော့ ခံပေါ့၊ မှန်မှန်ပြော..၊ ရည်းစားလု ကြတာလား၊ ဒါမှမဟုတ် နင့်ကို မကျေနပ်တဲ့တစ်ယောက်ယောက်က အုပ်စုနဲ့ ဝိုင်းချလိုက်တာလား"

ကောင်း မျက်လုံးတွေ အရောင်ထွက်မတတ် ဖြစ်သွားပေမယ့် ဘာမှမပြော..၊ ပန်းရောင်တီရှပ်လေးနှင့် ပါးမို့လေးတွေနီနေသည့် ညွန့် မျက်နှာလေးကို စူးစိုက်ကြည့်ရင်း ငြိမ်သက်နေခဲ့၏။

"ကိုယ်တွေလဲ ပူနေတယ်တွေ့လား..၊ နင် ဘာတွေ လျှောက်လုပ် နေတာလဲ ကောင်း..၊ ဘယ်ရည်းစားကို အချစ်ဆုံးဖြစ်သွားလို့ ဒီ





လောက်တောင် ပြောင်းလဲဖို့ ကြိုးစားနေတာလဲ"

"ဟား!... ရည်းစားချင်းကို မိုးမွှန်နေတာပဲ၊ နားငြီးလာပြီ၊ သွား တော့..."

"ဟုတ်တာပဲ..၊ နင် ငါ့ကိုကျတော့ ခေါ်ချင်မှ ခေါ်၊ ပြောချင်မှပြော..."

"ခေါ်ချင်တိုင်း ခေါ်လို့ရလို့လား..၊ ဖုန်းဆက်လိုက်ရင် မား နဲ့ ပါသွားတယ်ဆိုတာချည်းပဲ"

ကောင်း ဖုန်းဆက်သည်လား..။ ဆေးထည့်ပေးနေသည့် ညွန့် လက်ကလေး နေးကွေးသွား၏။ မေမေ သူမကို ပြန်မပြောခဲ့ပါ..။

"ခု ဘယ်က ပြန်လာတာလဲ..."

မေးလိုက်မှ ညွန့် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ကာ ပန်းရောင်နှင့် ရှားရင့်ရောင်ကျားထားသော သူမအင်္ကျီမှာ လည်ဆွဲပုံစံ ခရစ်စတယ်သီး တွေနှင့် ဖောက်ထားကာ တလက်လက်ဖြစ်နေတာကို သတိထားမိသည်။

သူများတွေအတွက် ဒီအင်္ကျီလောက်က မဆန်းပေမယ့် သူမ အတွက်ကတော့ သွားလာဖို့ရှိမှ ဒါမျိုးတွေကို ဝတ်တတ်တာဖြစ်သည်။

ဒါပေမယ့် ကိုမား နဲ့သွားတာကို ရုတ်တရက် မပြောဖြစ်လိုက်..။

"တော်တော်ပျော်နေတယ် ဟုတ်လား"

"မပျော်ပါဘူး..."

"ဟွန်း..."

သူက မဲ့နေသေးသည်။

"ဟိုဘက်လှည့်..၊ ကျောကို နည်းနည်းလိမ်းရအောင်"

"ရပြီ..."

"ဘာရတာလဲ..၊ ဟိုမှာ ဒဏ်ရာတွေ နည်းတာမဟုတ်ဘူး"

"ဘာဖြစ်လဲ..၊ အသက်နဲ့ အဝေးကြီး"

ပြောလိုက်ရင်း ချည့်တီးချည့်နဲ့နှင့် ထရပ်သည်။ ညွန့် ဆေး ဗူလင်းပြန်ပိတ်ပြီး စိုးရိမ်တကြီး လိုက်မော့ကြည့်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး..၊ ငါ တွဲပါ့မယ်၊ ဘာလုပ်မလို့လဲ"

"နင်နဲ့ ဝေးဝေးနေချင်လို့"

"ဘာ!..."

ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ ကိုယ့်လက်ယပ်မှာကို ကောင်း ခံစားနေရမှန်းတော့ သိပါသည်။ ဒါပေမယ့် တစ်ချိန်ချိန်မှာ ဒီလိုလုပ်ကြ ရမှာပဲ မဟုတ်ဘူးလား..။ ကောင်း က ခါးကုန်းမတတ်ထိန်းရင်း စားပွဲ ဆီ လျှောက်သွားသည်။ ညွန်း က လိုက်သွားကာ ခေါင်းအုံးဘေးမှာ ချထားသည့် ရုပ်အင်္ကျီ ကိုလည်း ကောက်ယူ၍...

"နေဦး ကောင်း..၊ အင်္ကျီတော့ ဝတ်လိုက်ဦး၊ ပြီးမှ အင်္ကျီပြန်လှန် ပြီး ဆေးထည့်လဲ ရတယ်၊ နင် အအေးပတ်လိမ့်မယ်.."

ဝမ်းနည်းသည့်စိတ်ကို တွန်းလှန်၍ ကောင်း နားကို ဖွတ်ကပ်သည်။ ကောင်း က စားပွဲပေါ်က စီးကရက်ဘူးကိုကိုင်ပြီး မွေ့ရာဆီပြန်လှည့်ကာ..

"မမ ပြောသလောက် မဟုတ်ဘူး ညွန်း..၊ ငါ ဒီလောက် မပျော့ ဘူး၊ ပြန်တော့..."

"နင် ဘာဖြစ်နေတာလဲ..၊ ငါ့ကို တကယ်ကို မတွေ့မမြင်ချင်တော့ တာလား၊ ဒီဘက်လှည့်စမ်းပါ..၊ ငါ့မျက်နှာကြည့်ပြီး ပြော..."

အမှတ်တမဲ့မို့ ညွန်း သတိလက်လွတ်ပြောကာ ကောင်း လက် မောင်းကို ဆွဲပစ်လိုက်မိ၏။

"အား..."

"ဟင်!..."

"ဒုန်း..."

ကောင်း ယိုင်သွားသည်နှင့် ညွန်း အလန့်တကြား ပြန်ဆွဲသည်။ ကူညီချင်တာပေမယ့် သူမပဲ ကုလားထိုင်နှင့် ခလုတ်တိုက်ကာ ကောင်း ကိုယ်ပေါ်ကို လဲကျသွား၏။

"ကောင်း..."





သူ့ထိန်းကိုယ်ထိန်းဖြစ်သွားခဲ့ပြီး မွေ့ရာပေါ်ကို နှစ်ယောက်စလုံး တန့်လန့်ဖြတ်ကြီး လဲကျသွားကြသည်။ ထိုစဉ် ဘယ်လိုအနေအထား တွေ ဖြစ်ပျက်သွားမှန်းမသိဘဲ ညွန်း နှုတ်ခမ်းလေးပေါ်မှာ ကောင်း ရဲ့ပူနွေးသောနှုတ်ခမ်းက နှစ်စက္ကန့်လောက် ဖိကပ် ကျီစယ်သွား၏။

ဖျတ်ခနဲ ပြန်ခွာလိုက်တာလဲ ကောင်း ပဲဖြစ်လျက် နာကျင်မှု ကြောင့် ရှုံ့မဲ့နေသဖြင့် နှုတ်ခမ်းလေးကို လက်ခုံနှင့် ပြန်ကပ်ရင်း ညွန်း အပြစ်မတင်နိုင်ဖြစ်သွားသည်။ အမှတ်တမဲ့ ဖြစ်သွားတာပဲ နေမှာပါ..။

"ကောင်း ဘာဖြစ်သွားသေးလဲဟင်..၊ ဆောရီးနော်..၊ ငါ ဒေါသ ဖြစ်သွားလို့..."

ကောင်း က သူမဘက်ကို မလှည့်ဘဲ ခုတင်ပေါ်ကနေ ခြေချ ပြန်ထိုင်လိုက်ပြီး..

"ရပါတယ်"

စောစောကနှင့် ဘာမှမဆိုင်တော့သည့်လေသံနှင့် မျက်နှာကို သည်း ငုံ့ထား၏။ ထို့နောက် အင်္ကျီဝတ်ပေးတာကိုလည်း မငြင်းဆန်ဘဲ ကောင်း လိမ္မာသွားသည်။

"ငါ ပြန်တော့မယ်နော်..၊ နေမကောင်းဘဲနဲ့ အင်္ကျီချွတ်မနေပါနဲ့၊ ဒဏ်ရာတွေ မပျောက်ဘဲနဲ့လဲ သင်တန်းပြန်မသွားရဘူး၊ ပြောတာ ကြား ရဲ့လား.."

"ကြားတော့ ဘာဖြစ်လဲ..."

"ကောင်း ရယ်..၊ ငါ ဖြောင့်ဖြောင့်တန်းတန်း ပြန်ပါရစေ၊ မျက်နှာ မှာလဲ ဒဏ်ရာတွေနဲ့..၊ ရည်းစားကြောင့်လို့ပြောရင်လဲ မကြိုက်ဘူး၊ ဦးကိုလဲ ထပ်မရွဲ့ပါနဲ့တော့၊ နင်တို့သားအဖနှစ်ယောက်ပဲ ကျန်ခဲ့ရမှာ၊ မျက်နှာချင်းဆိုင်လို့ မရရင် ဘယ်လိုလုပ်မလဲ..."

"ဘယ်သူက ကျန်ခဲ့မှာလဲ.. ကျန်ဆို ကြံ့ရည်တောင် မသောက်ဘူး"

ကောင်း က လေသံမာမာနှင့်ပြောကာ နောက်ထပ် ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ လိုက်ပို့မယ်"

"ဘာ!..."

"တံခါးဝထိ..."

"မလိုက်ပါနဲ့တော့ ကောင်း ရယ်..၊ လျှောက်လဲ မလျှောက်နိုင်ဘဲနဲ့"

"ဘာလဲ..၊ မတွဲချင်လို့လား..."

ညွန်း လက်ကိုင်အိတ်ကို ချိုင်းကြားညှပ်လိုက်ကာ ကောင်း လက်မောင်းကို တွဲလိုက်သည်။ ဒါပေမယ့် ခါးက ကုန်းနေသေးရာ...

"အား... မရဘူး၊ ဖယ်ပေး..."

ကိုင်ထားသည့် ညွန်း လက်ကို ဖယ်ပစ်လိုက်ကာ ပခုံးလေး ဖက်ထားလိုက်၏။ ညွန်း နှုတ်ခမ်းလေးဟ,သွားလျက် ဖျတ်ခနဲ ကြည့်သည်။ ကောင်း က မသိသလိုပင် ပခုံးကိုဖက်ပြီး တစ်ကိုယ်လုံး ပစ်မှီထားတော့ ခြေလှမ်းနေရင်း ညွန်း ကိုယ်လေး ကောင်း ရင်ခွင်ထဲ ရောက်နေ၏။

ဒီလောက်ကြီးထိ တစ်ခါမှ နီးနီးမနေခဲ့သဖြင့် ညွန်း ရှက်စိတ် ဖြစ်လာမိသည်။ ပခုံးချင်း တိုက်..၊ လက်ဆွဲပြေး..၊ တစ်ခါတလေ ပြော နောက်ပြီး ပခုံးဖက်လိုက်တာရှိတတ်ပေမယ့် ဒီလိုကြီးတော့ မဟုတ် တာ သေချာ၏။ တံခါးနားရောက်တော့ ကောင်း က နံရံကို မှီလိုက်ပြီး ပခုံးကို လွှတ်သည်။

"ဝတ်စုံ အပ်ပြီးပြီလား"

"ရွေးခဲ့ပြီ"

"စည်ခံပွဲ နှစ်ခါလုပ်မှာဆို..."

"အင်း..."

တစ်ခါမေးပြီး ညွန်း ဖြေလိုက်တိုင်း သူ မဲ့သည်။ ပြီးတော့ ညွန်း ကို စိုက်ကြည့်နေပြီး...

"နှင့်အတွက် မနက်ပိုင်း ဟိုတယ်မှာဝတ်ဖို့ ငါ ချုပ်ပေးမယ်"





"ဟင်!..."

ကောင်း ပြောတာမှ ဟုတ်ရဲ့လား..၊ ညွန်း တအံ့တသြ ကြည့်နေ တော့ သူက ပြုံးလိုက်၍...

"ဘယ်လိုလဲ..၊ ဝတ်မှာလား၊ မြင့်မား ရဲ့အစီအစဉ်တွေကို ဖောက် ပြီး ဝတ်ဖို့လေ..."

"ဝတ်မှာပေါ့..၊ ဒါက အမှတ်တရပဲ၊ နင် တကယ်ပြောတာလား"

"ဟုတ်တယ်..၊ စင်ကာပူလွှတ်ထားတဲ့ ငါ့ကောင်တွေဆီကို လှမ်း ထားတာ၊ ဒီနေ့ ရောက်မယ်"

"ရက်ကလဲ သိပ်မလိုတော့ဘူး၊ နေလဲ မကောင်းဘဲနဲ့ ကောင်း ..."

"ဒါ... ငြင်းရခက်လို့ မသိမသာ ရှောင်တဲ့နည်းလား"

ညွန်း နှုတ်ခမ်းမှာ အပြုံးယဲ့ယဲ့လေးဖြစ်သွားခဲ့ပြီး ခေါင်းခါလိုက်သည်။

"နင် ပင်ပန်းမှာစိုးလို့ပါ"

"မပင်ပန်းဘူး..၊ ဒီဝတ်စုံကြောင့် သေနိုင်တယ်ဆိုရင်တောင် ငါ အောင်ချုပ်မှာ..."

ကောင်း ရဲ့ဆုံးဖြတ်ချက်ကို အံ့ဩသွားသလို ညွန်း ငိုချင်သွား ည်။ မြင့်မား ကို လက်ခံလိုက်တုန်းက ကိုယ့်ရင်ထဲမှာ ဘယ်အရာမှ လေးအနက်ရှိသည်မထင်ခဲ့ဘဲနှင့် စေ့စပ်ဖို့ရက်နီးလာလေ တုန်လှုပ် လေ..။

ခုကျတော့ မျက်ရည်တွေက သစ္စာမဲ့စွာ ဝေ့သီလာပြန်သည်။ တ်ထပ်ခြင်းဟာ ကောင်း နှင့် သီးခြားဝေးကွာသွားခြင်းပဲဆိုတာ းတတ်ခဲ့သော ရင်ထဲမှာ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၄]

ရုံးခန်းထဲရောက်တာနှင့် တိုက်ပုံအင်္ကျီကိုချွတ်လိုက်ပြီး ဒီအ… လှည့်လိုက်လျှင် မျက်လုံးက တီဗွီမျက်နှာပြင်ကို ရောက်သွား၏။

ဆိုင်ရှေ့က ပါကင်အလယ်မြင်ကွင်းထိ ကင်မရာချိန်ထား… ကားရပ်လိုက်တာရော.. ဒေါ်ရည်သန့် ဆင်းလာတာရော..၊

ပြီးတော့ ပါကင်ထိုးဖို့ ကားပြန်ဆုတ်သွားတဲ့အထိ အံ့ဩစိတ်… ကြည့်နေမိ၏။ ဒေါ်ရည်သန့် သည် ဆလင်းဘက်အိတ်အပြာကို လွ… ထားကာ ကျောက်စိမ်းရောင်ဝတ်စုံလေးနှင့် ဖြစ်၏။

ဆံပင်တွေကို ကျစ်ချထားတာမဟုတ်ဘဲ နောက်မှာ အော်… တစ်ကလစ်နှင့် ရိုးရိုးလေးပဲ စုညှပ်ထားသည်။ မျက်နှာမှာ ဆံစ တ… တလေမှ မရှိစေဘဲ အပြောင်သိမ်းထားခြင်းဖြင့် ပိုပြီးလှနေစေတာ… မျက်နှာမျိုးပဲ ထင်သည်။

သန့် ဆိုသည့် မိန်းမဟာ သူ့မျက်လုံးထဲမှာ အမြဲတမ်း လှနေ…

"သူ့ဌေး ကော်ဖီ…"

ခုမှရောက်လာပြီး ချက်ချင်း ပြန်ဆင်းဖို့လုပ်တော့ ကော်ဖီယူ… သည့် သူ့ရဲ့အတွင်းရေးမှူးက အံ့ဩဟန်နှင့်…

"ထားလိုက်ကွာ…"





ဟု ဆိုကာ အံ့ဩနေသည့်မျက်နှာကို ရှောင်ပြီး ဦးအောင်ကောင်း …ာက်ထပ်ကို ဆင်းလာခဲ့သည်။

သူ ရောက်သွားတော့ ဒေါ်ရည်သန့် က ရင်ဘတ်မှာ ပဝါကွေးနှင့် …ပ်ချိတ်သည့် ရင်ထိုးလေးကို လက်ညှိုး ထိုးနေသည်။

"သန့်…"

ဒေါ်ရည်သန့် က လှည့်ကြည့်ပြီး အံ့ဩသွားသည့်ပုံလေး ဖြစ်သွား …ီးမှ…

"ဒါနဲ့ မန္တလေး သွားတယ်ဆို…"

ဟု လွှတ်ခနဲ ပြောလိုက်တာမျိုးကို ချက်ချင်း ပါးစပ်ပြန်ပိတ်၏။ …က်စသတ်တော့ ဆိုင်မှာ သူမရှိဘူးထင်ပြီး ရောက်လာတာပဲ..။

ဦးအောင်ကောင်း ကိုယ့်ဘာသာ နားလည်ပြီး နာကျင်သည့်အပြုံး …ခ်ရပ်နှင့်…

"မှာတ်တယ်..၊ တိုက်ဆောက်လက်စကို သွားကြည့်တာ၊ ပြီးချိန် …နေ့သားနဲ့ မပြီးလို့လေ၊ ဟိုမှာ နှစ်ညအိပ်ပဲ၊ ဘယ်လောက် အကြာ …ီး နေရဦးမှာလဲ…"

"ဘယ်လောက်နေနေ ရှင့်အလုပ်ပါ" ဆိုသည့် မသက်ဆိုင်သူအပြုံး …င့် ဒေါ်ရည်သန့် က ပစ္စည်းဆီကို မျက်လုံးပြန်ရောက်သွားသည်။

"သမီးအတွက်မို့လား၊ ဖြည်းဖြည်းမှ ကြည့်ပါ..၊ အထဲမှာ ကော်ဖီ …သောက်ပါလား"

"ကျွန်မ စားပြီးမှ ထွက်လာတာ"

ဒီလိုပဲ ငြင်းမယ်ဆိုတာကို သိသည်။ ဆိုင်က မိန်းကလေးတွေ …ည်း သူမနှင့်သူ ဘယ်လိုရင်းနှီးကြတယ်ဆိုတာကို သိပြီးသားမို့ ငြင်း …ခံရပေမယ့်လည်း ရှက်မနေနိုင်တော့ပါ..။

"ဒါဆိုလဲ အထဲမှာ လျှောက်ကြည့်ပါဦး..၊ ကြိုက်တာ ရွေးလို့ရတာပဲ"

ဒီနေရာက မင်းနှင့် စိမ်းသက်တဲ့နေရာလည်း မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မင်းလက်ညှိုးထိုးသမျှ ယူဆိုပြီး မှန်သော့တွေ အကုန် ဖွင့်ထားပေးချင်တယ် သန့်..။ မင်းရဲ့ မာနတွေကို ကြောက်လို့ပါ..။

ရင်ထဲမှာ စကားတွေပြောနေရင်း ဦးအောင်ကောင်း မျက်လုံးတွေ မချင့်မရဲဖြစ်ရခြင်းတွေ ပြည့်နှက်နေခဲ့၏။

ဒေါ်ရည်သန့် ကတော့ ဝယ်မလို့ အသေအချာလာသည့်ပုံ ရှိ သော်လည်း သူ့ အနားမှာ ရှိနေတာကို စိတ်ကျဉ်းကျပ်သည့်မျက်နှာ နှုတ်ဆက်သည်။

"သွားတော့မယ်"

"ကိုယ့်ကြောင့်လား..၊ မင်းကို မြင်လိုက်တော့ စကားလေးဘာ လေး ပြောချင်လို့ ဆင်းလာတာပါ၊ မကြိုက်ရင် မခေါ်တော့ဘူး၊ ဆက် ကြည့်ပါ"

သူ ပြန်လှည့်လာခဲ့သည်။ ဒါပေမယ့် ပြန်ကြည့်လိုက်တော့ ဒေါ်ရည်သန့် တကယ် ပြန်သွားခဲ့ပြီဖြစ်၏။ လှုပ်ရှားမှုတွေရှိနေသည် ဖန်သားပြင်ဟာ သူမအရိပ်လေး မှဲ့သွားသည့်နောက်မှာ ဘာမှမရှိတော့ သလို ကျန်ရစ်၏။

ဦးအောင်ကောင်း တီဗွီရှေ့မှာ မောလျစွာ ထိုင်ချလိုက်ရင်း စား ပေါ် ထောက်ထားသည့်လက်ဖဝါးပေါ်မှာ နဖူးအပ်လိုက်ပြီး ပင့်သက် ရှိုက်သည်။ အခြေအနေတစ်ရပ်ကြောင့် ကိုယ် မင်းနဲ့ လွဲခဲ့ပေမယ့် ရင်ထဲ မှာ မင်းမှ မင်းပါ..။

လုပ်ပါ..၊ မာနတွေ နောက်ထပ်ရှိသေးရင်..။





## အခန်း [၂၅]

"နောက်ထပ် အများကြီးကို လုပ်ချင်သေးတာပါ ညွန်း ရယ်..၊ ဒါပေမယ့် မင်းရဲ့ဆန္ဒကို အဓိကဦးစားပေးချင်လို့ ဒီလောက်ပဲ ထား လိုက်ရတာ..."

ညွန်း ပြုံးလိုက်ရပေမယ့် ပီတိဖြစ်သွားတာမျိုး မဟုတ်ပေ..။

သူငယ်ချင်းတွေကလည်း ဒါကိုပဲ မေးနေကြသည်။ မိတ်ဆွေ၊ ဆရာသမားတွေကလည်း မေးကြ၏။ တချို့က ဝမ်းသာပါတယ်၊ တချို့ကတော့ ကျောင်းပြီးတာနဲ့ လက်ထပ်လိုက်တာ မမြန်ဘူးလား လို့ ပြောသည်။

ကျောင်းပြီးတာချင်းတူပေမယ့် ဆေးတက္ကသိုလ်ကျတော့ တခြား မေဂျာတွေလို ပြီးဆုံးသွားခဲ့တာမှ မဟုတ်တာ..။ ရှေ့ဆက်ဖို့တွေ ကျန် နေသေးသည့် ခရီးရှည်ကြီးအတွက် ကြိုးစားကြတဲ့သူတွေက ညွန်း ကို အံ့ဩသလိုလို နှမြောသလိုလို..။

ထို့ပြင် ညွန်း ပုံစံကိုလည်း ဒီလိုမျိုး မြန်မြန်ဆန်ဆန် အိမ်ထောင် ပြုသွားမယ့်ပုံလို့ မထင်ခဲ့ဘူးဆိုသည့် မျက်လုံးတွေ..။

"ညွန်း တစ်ခုခုကြောင့် စိတ်ညစ်နေသလိုပဲ၊ ကိုယ် သိခွင့်မရှိဘူး လားဟင်.."

www.burmeseclassic.com



မြင့်မား က ညွန်း မျက်နှာပျက်နေတာကိုပဲ စိုးရိမ်မကင်းဖြစ်ေ ခဲ့သူ..။

"ကိုယ်ကတော့ လက်ထပ်ပွဲလုပ်ဖို့ကနေ ညွန်း ရဲ့သဘောတ ခွဲစပ်ရုံပဲလုပ်ခဲ့ရတဲ့အထိ လိုက်လျောခဲ့တဲ့သူပါ၊ နောက်ထပ် ညွှ မကျေနပ်စရာ မရှိလောက်ဘူးလို့လဲ ထင်ခဲ့တာ..."

"မရှိပါဘူး၊ ဒါပေမယ့်..."

"အင်း...၊ ပြောလေ..."

"လက်ထပ်ပွဲ မဖြစ်ခဲ့တဲ့အကြောင်း... အဲ... ဒီလိုပါ..၊ လ ထပ်ချင်တဲ့အကြောင်း ညွန်း ကို ခဏခဏ မပြောပါနဲ့နော်၊ ခွဲစပ်ထ ခဲ့တဲ့အတွက် ညွန်း နောင်တမရချင်ဘူး"

"ဘာယ်လို..."

ညွန်း က မျက်နှာပေါ် ဝဲကျနေသည့်ဆံပင်တွေကို လက်တစ် နှင့် အသာလေး သပ်ဖယ်လိုက်ရင်း...

"တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ဖို့ သေချာနေပြီဆိုတေ ညွန်း ပညာသင်နေတဲ့အချိန်မှာ ကိုမား စိတ်ချလက်ချ ရှိနေစေချင်တ

"ညွန်း ရယ်..."

မြင့်မား စိတ်ပျက်သည့်မျက်နှာ ချက်ချင်းဖြစ်သွား၏။ ချစ် လေးမို့ ချစ်သည်။ မြတ်နိုးထိုက်တာလေးကို မက်မောသည်။ ဒါပေ ရင်ထဲမှာ မောနေတာကိုတော့ မခံစားချင်ပေ..။ ဒါဆိုရင် လက်လျှေ လိုက်ပါလားဆိုတော့လည်း သူမကို ဘယ်လိုမှ လက်လွှတ်မခံနိုင်

ရေတွေ နေရာတကာမှာ ပေါများနေပေမယ့် ရေကောင်းရေသ တော့ ရှားပါသည်။ ထို့ကြောင့် ညွန်း လိုမိန်းကလေးမျိုးကို သူ ပိုင် ခွင့်ရချင်၏။ လုလွန်းလို့ တမ်းတမ်းစွဲခဲ့တာမဟုတ်သော်လည်း ပိုင် နိုင်ဖို့ ခဲယဉ်းလေ လိုချင်လေ..။

"ဟို... တစ်ယောက်နဲ့တစ်ယောက် ယုံကြည်စေချင်တာပါ"





ညွန်း က သူမစကားကို ပြန်ဆက်၏။ သူ ပြုံးလိုက်မိကာ...

"ညွန်း က ကိုယ့်ကို ယုံကြည်တာလား..၊ စိတ်မာင်စားတာလား"

ညွန်း သူ့ကို ငေးခနဲဖြစ်သွားပြီး မဖြေနိုင်..။

"ကိုယ်ကတော့ ချစ်ရတဲ့သူပဲ ညွန်း ရယ်..၊ မင်းကို ဘယ်လိုလုပ် ချနိုင်ပါ့မလဲ.. ဒါ ယုံကြည်တာ၊ မယုံကြည်တာနဲ့ မဆိုင်ဘူး၊ ခြင်း၊ မချစ်ခြင်းနဲ့ပဲ ဆိုင်တာ..."

ညွန်း က ရောက်လာသည့် ကော်ဖီပန်းကန်လုံး လှလှလေးတွေကို ကြည့်နေရင်းဖြင့် အကောင်းဆုံးစကားလုံးနှင့် တုံ့ပြန်နိုင်ဖို့ စဉ်းစား ည်။ 'ချစ်သူကဖေး'ပို့ သတ်မှတ်ကြတဲ့အတိုင်း အကန့်လိုက် အကာ ယ်လေးတွေနှင့် လှပသေသပ်စွာ ဖွဲ့ထားသည့် ကော်ဖီဆိုင်လေးထဲ သီချင်းသံငြိမ့်ငြိမ့်လေးကလွှဲပြီး တခြား ဘာဆူညံသံမှ မကြားရပေ။ အခန်းဆိုပေမယ့် အောက်ခြေအပိတ် မဟုတ်၊ အပေါ်ထိ ကာထား သည်းမဟုတ်ဘဲ အံခါးရှက်တိုလေးတွေနှင့် ကန့်ထားသလိုပဲဖြစ် ွန်းပြီး ပြန်ဖွေသွားတာမျိုးမို့ အေးချမ်းအောင် စီစဉ်ထားခြင်းပဲ ည်။ ကော်ဖီပန်းကန်လေးကနေ မျက်လုံးက ဟိုရောက်ဒီရောက် အမေ့ကိုမပြောဘဲ ယောကျာ်းလေးတစ်ယောက်နှင့် ဒီနေရာမျိုးကို တာ စိတ်ကမလုံခြုံ..။

ဒါပေမယ့် နေရာလေးကိုတော့ ညွန်း သဘောကျပါသည်။

"ညွန်း..."

"ဟင်!..."

"ကော်ဖီတွေ အေးကုန်လိမ့်မယ်၊ သောက်လိုက်ပါဦး"

ညွန်း ကော်ဖီပန်းကန်ကိုကိုင်ပြီး တစ်ငုံပဲသောက်လိုက်ရသည်။ ာ၏။ ကြည့်လိုက်တော့ မေမေ ခေါ်တာ ဖြစ်သည်။

"ခဏနော် ကိုမား..၊ မေမေ ဆက်တာ..."

"ကိုယ် အပြင်ထွက်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်..၊ နေပါ..."

ညွန်း ကလည်း ထိုင်နေရင်းပဲ ဖုန်းကိုင်လိုက်ကာ...

"မေမေ သမီး ဒီနေ့ စောစောနားရတာနဲ့ ကိုမား လဲ ရောက် လို့ အပြင်မှာ ကော်ဖီဝင်သောက်နေကြတာ.."

"... ... ... ..."

"ဟုတ်ကဲ့ မေမေ..၊ ဘယ်မှမသွားတော့ပါဘူး"

ဖုန်းချလိုက်တော့ မြင့်မား က ပြုံးပြကာ...

"ပြန်ရင် ညွန်း အဆူခံရမှာလား"

"မဟုတ်ပါဘူး ကိုမား ရယ်..၊ ဒီနေ့ အိပ်ရာထကတည်းက နာမွန်ပြီး မျက်လုံးတွေပူနေတာလေ..၊ ထွက်လာကတည်းက ပြန်ခဲ့ဖို့ မေမေ မှာထားလို့ပါ.."

"ဟုတ်လား..၊ ဆောရီးပါ ညွန်း ရယ်..၊ ကိုယ် တကယ် ပါ၊ ခုရော နေကောင်းရဲ့လား"

"ကောင်းသွားပါပြီ..၊ ဆေးသောက်ပြီးမှ ထွက်ခဲ့တာဆို အလုပ်ထဲရောက်တာနဲ့ ဘယ်လိုပျောက်သွားမှန်းတောင် မသိဘူး ဘာဖြစ်တာ ညဉ့်နက်ပြီး သုံးညလောက် ဆက်တိုက်ဖြစ်သွား ညွန်း ဒီလိုပဲ၊ ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ဘူး"

ပြောပြီးမှ ပထမနေ့စ်မှာ ဆေးရုံတက်လိုက်ရတဲ့အထိ ဖြစ်သွား ကို သတိရသည်။ ထိုစဉ်တုန်းက ဒီကျောင်းကို မတက်ပါနဲ့လို့ မာန်မဲခဲ့ဖူးသည့် ကောင်း ကပဲ သူမ ဘေးမှာ နေ့ရော၊ ညပါ ထိုင် ပေးခဲ့သည်။

"တော်သေးတာပေါ့နော်၊ သူ့သမီးလေး နေမကောင်းတာ ကိုယ် တရားခံဖြစ်တော့မလို့..."

သက်ပြင်းတစ်ရှိုက်နှင့်ပြောရင်း ပြုံးနေသည့် ညွန်း မျက်နှာ ကိုကြည့်ကာ...





"ဟိုနေ့က ကောင်း နဲ့ ညွန်း ကို ဦးဝိစာရလမ်းထောင့်မှာ တွေ့ လိုက်တယ်"

ကြားဖြတ်ဝင်လာသည့်အကြောင်းအရာမို့ ညွန်း အံ့ဩသလိုလေး ကြည့်လိုက်ပြီးမှ...

"ဟုတ်တယ်..၊ ဆရာ့အိမ်ကို သွားတာလေ၊ အိမ်မှာ ကောင်း ရှိနေ တုန်းဆိုတော့ သူပဲ လိုက်ပို့မယ်ဆိုပြီး အတူသွားဖြစ်တာ..."

"ဪ..."

သူနှင့်ဆို ခြံထဲမှာ..၊ အိမ်ထဲမှာ အနီးအနားမှာ စကားပြောဆိုနေ တာတောင်မှ မျက်စိဒေါက်ထောက်ကြည့်နေတတ်တာကို သတိရမိ၏။ ကောင်း နှင့်ဆို သူ့ထက် အများကြီး စိတ်ချခဲ့တယ်ထင်သည်။ ညွန်း စိတ်ဆိုးမှာစိုးလို့ ဒါကို ပြန်မစရဲပေမယ့် ကောင်း ကို သူများမြင်သလို မြင်လို့မရခဲ့သည့်ရင်ထဲမှာ စိုးရိမ်ခြင်းတစ်စုံတစ်ရာက အမြဲ ရှိနေခဲ့၏။

"ကိုယ် တစ်ခုတော့ ဝန်ခံထားပါရစေ"

မျိုသိပ်ထားခြင်းကြောင့် နောက်ထပ် အပြောများ..၊ အပြစ်များတွေ အဖြစ်မခံနိုင်..။ ထို့ကြောင့်...

"ကိုယ်တို့စေ့စပ်ပြီးရင်တော့ အဲဒီတစ်ခုလေးကို နားလည်ပေးပါ ညွန်း ရယ်..."

"ဘာလဲ..."

"ကိုယ့်ကို စိတ်မဆိုးဖို့ ကြိုတင် တောင်းပန်ပါတယ်၊ ကောင်း က အုံရမ်းကို ပေါ်လွင်နေတဲ့ယောကျ်ားလေးဆိုတော့ သူနဲ့တွဲပြီး ညွန်း ကို ပေါ်လွင်သွားမှာစိုးတယ်"

"သူနဲ့တွဲတာက ခုမှမ မဟုတ်ဘဲ ကိုမား ရဲ့..."

"ဟိုတုန်းကရော.. ခုရော.. ညွန်း တို့ သန့်စင်ကြတာကို ကိုယ် သိပါတယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်ပါးစပ်တွေက ရှိသေးတယ်မို့လား အရှင်းဆုံးပြောရရင် ညွန်း နဲ့ ကောင်း တို့ တစ်နေ့ လက်ထပ်သွားကြမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝဲလို့ ဖွက်ထားကြတဲ့လူတွေ ရှိတယ်"

ညွန့်း မျက်မှောင်ကြုတ်သွားသည်။

"တချို့ကျတော့ ကောင်း ကို ဒီခိုင်နှာလို့မမြင်ဘဲ တိုကျွာ... မိန်းမလျာ၊ အခြောက် အမျိုးမျိုးပေါ့..၊ ညွန့်း နဲ့သူ့ကို မိန်းကလေးချင်း ပေါင်းနေသလိုပဲ သဘောထားကြတယ်၊ ဒါပေမယ့်..."

ညွန့်း က သူ ဆက်ပြောလာမှာကို စောင့်နေမှ၏။ ကောင်း နှင့် ပတ်သက်ပြီး အပွင့်လင်းဆုံး မပြောရသေး၍ မြင့်မား ရင်ထဲမှာ တစ်စုံတစ်ရာ အမြဲတမ်း ရှိနေမှာကို တွေးလိုက်မိပြီမို့ ဒီတစ်ခါ ပြီးဆုံးအောင် နားထောင်မည်။ သေချာသိရမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ကောင်း ကို ကိုယ် ဘယ်တုန်းကမှ အထင်မြင်မသေးခဲ့ဘူး ဘာဖြစ်လို့လဲဆိုတော့ တချို့လူတွေ သတိမထားမိတာကို ကိုယ်က သတိထားမိတယ်၊ မရိုးသားမှုတစ်ခုခု ပြုလုပ်ထားတဲ့လူတိုင်းမှာ ဟန်ဆောင်မှုတွေ ရှိတယ်၊ ခိုးထားတဲ့လူက ခိုးပါတယ်လို့ ဝန်မခံသလိုပေါ့၊ တကယ် ဘာဝပြောင်းချင်နေတဲ့ ယောကျ်ားတွေ၊ ပြောင်းနေတဲ့သူတွေ ကိုယ် အများကြီး မြင်မူးတယ်၊ ကြည့်လိုက်ရင် ယောကျ်ားပဲ၊ တခြား ယောကျ်ားတွေထက်တောင် ပိုပြီးကြံ့ခိုင်ကျားလျားမှု ရှိသေးတယ်၊ ပြော ရင် ဘယ်လိုမှမယုံနိုင်အောင် သူတို့ကိုယ်သူတို့ ဖုံးကွယ်ထားတာလေ..."

စကားရပ်ပြီး ညွန့်း တကယ် စိတ်ဝင်စားရဲ့လားလို့လည်း ကြည့်မိသေးသည်။ ညွန့်း မျက်လုံးလေးတွေ သူ့မျက်နှာထက်မှာ ငြိမ်သက်စူးစိုက်နေမှ...

"တချို့ကျတော့ အကြောင်းအမျိုးမျိုးနဲ့ တမင်တကာ နေပြတယ် သူများတွေကိုက အခြောက်လို့ သတ်မှတ်သွားအောင်ပေါ့၊ လွယ်လွယ် မြင်အောင်ပြောရရင် ဒီလိုထင်နေမှ အဆင်ပြေမှာတွေ..."

"ကိုးမား က ကောင်း ကို အဲဒီလို တမင်လုပ်ပြတဲ့လူလို့ ပြော လိုက်တာလား"





ညွန့်း မျက်နှာက ဟင်းမာရိပ်ကိုမြင်တော့ သူ့စကား မှားသွားပြီ ကို သိလိုက်သည်။

"မဟုတ်ဘူး..၊ ကိုယ့်စကား မဆုံးသေးပါဘူး၊ ကောင်း က ဂရုစိုက်တတ်တဲ့လူတစ်ယောက်ပါ၊ သူ အဲဒီလို ခြောက်နေတာ မဟုတ်ဘူးဆိုတာ သူ့ကိုယ်သူ သိတယ်၊ သူ့ရဲ့ အမှန်တရားကို သူများ သိသိ၊ မသိသိ ဂရုမစိုက်တဲ့လူ..၊ ကိုယ် ပြောချင်တဲ့အဓိပ္ပာယ်က.. ရှင်းရှင်းပဲ ပြောတော့မယ်ကွာ..၊ ညွန့်း ကို သူ မရိုးသားစိတ်ဖြစ်လာမှာ ကိုယ် စိုးရိမ်တယ်၊ သူ့ဘက်က ရယူချင်တယ်ဆိုရင် ကိုယ့်ထက် ပိုတဲ့ ရင်းနှီးမှုတွေ..၊ ကိုယ် လိုက်မမီနိုင်တဲ့ တခြားသော အရည်အချင်းတွေနဲ့ ညွန့်း ကို သူ လွှမ်းမိုးနိုင်တယ်"

မြင့်မား က နံပေါ်တင်ထားသည့် ညွန့်း လက်ကလေးကို တောင်းခံသည့်အကြည့်တစ်ချက်နှင့် ဆုပ်ကိုင်ထားလိုက်ကာ...

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ဦးစားပေးနေရာမှာပဲ ထားပါ့မယ်လို့ ကတိပေးပါ ညွန့်း ရယ်.."

"ဘာဆိုင်လို့လဲ ကိုမား..၊ ညွန့်း ကိုလွှတ်ပါ"

ပြန်ရုန်းပေမယ့် မား က မလွှတ်ဘဲ ဖိဆုပ်ထားလျက်...

"သူက သက်ဆိုင်ချင်လာရင် မင်းနဲ့ သူ ရှိခဲ့တဲ့ ရင်းနှီးမှုတွေကြောင့် မင်း ယိမ်းယိုင်သွားမှာ ကိုယ် စိုးရိမ်တယ်၊ အဲဒါတွေပြောရင် မင်း မကြိုက်မှန်းလဲ သိပါတယ်၊ ဒါပေမယ့်..."

"ဟုတ်တယ် ကိုမား..၊ ညွန့်း မကြိုက်ဘူး၊ ညွန့်း ရင်ထဲမှာ ဘာမှ မရှိခဲ့တဲ့အကြောင်းတွေကိုပဲ ထပ်ကာထပ်ကာကြားပြီး စိတ်အနှောင့်အယှက် ဖြစ်နေရတယ်"

စကားပြောရင်း လက်ကို ရုန်းနေမိသည်။ မား ကလည်း မလွှတ်..။

"ပြီးတော့ ကောင်း နဲ့ ညွန့်း ဘာမှမဟုတ်ဘူး၊ မဟုတ်ပါဘူး ဆိုတာကို ဟုတ်ဖို့ရှိနေတာတွေပဲပြောပြီး ရှင် စိတ်ညစ်နေတာ ညွန့်း



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်မပေးပါနဲ့...၊ ကိုယ့်ကို အမြန်ဆုံး ပြန်ချစ်နိုင်အောင် ကြိုးစားပေးပါ ညွှန်း ရယ်...၊ ဒါမှမဟုတ် အမြန်ဆုံး လက်တပ်ခွင့်ပြုပါ"

"ညွှန်း ဘက်က အချိန်ဆိုတာကို ရှင်နဲ့ ဆွေးနွေးပြီးပြီပဲ၊ အ… အလျော့ ထပ်လုပ်စေချင်တာလား"

"ကိုယ် မင်းကို သိပ်ချစ်တယ် ညွှန်း"

ထိုစဉ် တံခါးဖွင့်သွားပြီး ကောင်း မျက်နှာ ဘွားခနဲ ပေါ်လာကာ…

"ကိုယ်က ချစ်နေတိုင်း သူ့အချစ်ကိုရနေကြရင် ဒေသကိုရီ ရာ… တွင်ကျန်ရစ်ပါ့မလား၊ မင်းပဲ အပြောကောင်း"

လူထက်အရင် ဆွတ်ပျံ့သည့်ရေမွှေးနံ့က လွှမ်းခြုံသွား၏။ ကောင်း က နက်ပြာရောင် ဘောင်းဘီရှည်၊ မိုးပြာရောင် ဂျင်းဂျက်ကက်… နားထင်နှစ်ဖက်မှာ ခေါင်းကပ်ပလာစတာ နှစ်ချပ်...။

"ကောင်း..."

"ဟုတ်တယ်...၊ ငါ..."

ကောင်း က ညွှန်း ကိုမဲ့၍ ခေါင်းညိတ်ပြီး မတ်တတ်ကနေ … ပေါ်မှာ လက်နှစ်ဖက်ထောက်၏။ ထပ်ဆုပ်ထားသည့် လက်နှစ်ဖက်… မျက်မှောင်ကြုတ်ကြည့်ပြီးမှ...

"အဲဒီလက်ဖြုတ်ပြီး နင် ငါနဲ့ လိုက်ခဲ့ ညွှန်း..."

လိုက်ဖို့မဟုတ်ပေမယ့် ညွှန်း မျက်နှာလေးရဲသွားကာ လက်… ပြန်ရုန်း၏။ မား က မလွှတ်ဘဲ ကောင်း ကို နှုတ်ခမ်းစေ့၍ မော့ကြည့်… သည်။ မျက်လုံးချင်းဆုံတော့ ကောင်း က အထက်စီးမှဖြစ်ကာ သူ့… မျက်လွှာပင့်၍...

"သူ့ ခုပဲ ရှင်းပြနေတာ၊ မင်းဘက်က ရိုးသားကြောင်း..."

"အဟွန်း..."

ကောင်း က မချိုမချဉ်ပြုံး၍ စိုက်ကြည့်၏။





"အဲဒီလိုထွက်လာအောင် မင်း ဘာတွေပြောလဲမှ မသိတာ"

"ရှိခဲ့တာတွေကို ပြောပြတာ..."

"ကြားတယ်၊ မင်းရဲ့ကျောဘက်မှာ ငါ ရှိနေတာပဲ"

မား မျက်နှာ ညိုခနဲဖြစ်သွားသည်။ ကောင်း က ထောက်ထားသည့်လက်ကို ဖြုတ်၍ ညွှန်း ကို ဆုပ်ကိုင်ထားသည့် မား လက်ကို ဆတ်ခနဲ ဆွဲဖယ်ပစ်ကာ...

"မင်း သူများအတင်း ပြောပြီးပြီဆိုတော့ ဒီတစ်ခါ ငါ့အလှည့်..."

"ဘာ!..."

"အို!... ကောင်း..."

ကောင်း က ညွှန်း လက်မောင်းတစ်ဖက်ကို တစ်ခါတည်းပါလာအောင် ဆွဲထူပစ်လိုက်သဖြင့် ညွှန်း ဒယိမ်းဒယိုင်လေး ပါလာ၏။

"သင့်တော်ကောင်း..."

မား ဆတ်ခနဲ ထရပ်လိုက်ပြီး ကောင်း ပခုံးကို ဆုပ်ကိုင်လိုက်သည်။ ကောင်း က ပုတ်ထုတ်ပစ်လိုက်၏။

"မင်းအကြောင်းတွေ ပြောမှာစိုးလို့လား"

"ငါ့မှာ ဘာအပုပ်နံ့မှ မရှိဘူး"

"မရှိရင် ပူမနေနဲ့၊ ညွှန်း ကို ဘယ်နေရာဖြစ်ဖြစ် ငါ ခေါ်သွားလို့ ရတယ်"

ပြောပြီး ညွှန်း လက်ကိုဆွဲကာ နောက်ဆုတ်ရပ်လိုက်ပြီး...

"ငါတို့ ရင်းနှီးတာကိုမကြိုက်ရင် မင်း တားခွင့်ရှိအောင် ကြိုးစားလိုက်...၊ ငါက သူများတားရင် ပိုလုပ်ချင်တဲ့ကောင်.."

"ညွှန်း..."

ညွှန်း ကိုဆွဲပြီး တံခါးဖွင့်လိုက်တော့ မား ရဲ့ခေါ်သံ ဟိန်းသွား၏။ ကောင်း လက်ထဲက ရုန်းမရပေမယ့် ညွှန်း တုံ့ခနဲ ရပ်သွားပြီး နောက်… ပြန်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက် ငါး စဉ်းစားပေးပါ"

ကောင်း ရဲ့ရယ်သံသဲ့သဲ့ကို ညွန်း နားခါးသွားသည်။ ကျန်ရစ်ခဲ့သည့် မား မျက်နှာကို မြင်ယောင်ပြီး အပြစ်ရှိသလို ခံစားမိတာတွေ ရှက်ခဲ့မိတာတွေ..။

"ကောင်း..."

"ဘာလဲ.."

တံခါးပိတ်လိုက်တာ ကားတစ်စီးလုံး သိမ့်သိမ့်တုန်သွား၏။ ဒေါသထန်နေသည့် ကောင်း မျက်နှာက နီမြန်းလျက် ကားကို ဝေါခနဲ ဘက်ခ်ဆုတ်ပြီး ချက်ချင်း ဝိုက်ကွေ့၏။

"ဘယ်လိုဖြစ်နေတာလဲ..၊ ဖြည်းဖြည်းမောင်း"

"လူသတ်ချင်နေတာ"

သူ့လိုပဲ ညွန်း မျက်နှာကလည်း တင်းနေလျက်...

"သူများပြောတာကို ခိုးနားထောင်နေပြီးတော့..."

"ဘာ!..."

"အမယ်လေး..."

ကားက ဦးလှိုင်ပြီး ဝိုက်ခနဲ ထိုးဆင်းသွား၏။ ညွန်း လန့်ဖျပ်အော်လိုက်မိသည်။ မြို့ထဲလမ်းပေါ်မှာဆိုရင်တော့ ဘယ်လိုမှမလွယ်...

ဒါကောင်း ဒီကားကြောင့် တခြား ဆိုက်ကားတွေ၊ ကားတွေ တော်တော် ဒုက္ခရောက်သွား၏။ အော်ဟစ်ဆဲဆိုသံတွေကို ကောင်းက တစ်ချက်မှ ဂရုမစိုက်ခဲ့ဘဲ ညွန်းကို ပြန်ထိန်းကာ...

"ငါက ခိုးနားထောင်တယ် ဟုတ်လား..၊ နင်တို့ ဘယ်နှစ်လမ်းသင် ဘယ်နှစ်လမ်းထွက်နေကြသလဲ၊ ငါက လိုက်ချောင်းနေတယ်ပေါ့"

"မဟုတ်ဘူးလေ၊ ဘာပဲဖြစ်ဖြစ်..."

"ငါနဲ့ မေမီ အဲဒီမှာ ရှိနေကြတာ..."

"ဟင်!..."





"ပြောသမျှကို ကြားနေရတာ၊ ငါက ကောင်မလေးရှေ့မှာ ဘာကောင်ဖြစ်သွားသလဲ"

ညွန်း ဘာမှမပြောတတ်ဘဲ ဖြစ်သွား၏။

"ယောကျ်ားဖြစ်ပြီးတော့ ပက်ချွဲနပ်ချွဲနဲ့၊ တောက်..."

"သူက နင့်ကို အခြောက်မဟုတ်ဘူးလို့ ပြောတာပဲဟာ"

"အဲဒါကို ငါက ဝမ်းသာအားရ ဂုဏ်ပြုပေးရဦးမှာလား၊ လူကို ပြောနေလိုက်တာ၊ နင့်ကိုငဲ့နေလို့..၊ မဟုတ်ရင် အဲဒီကောင် ဆိုင်ထဲမှာ နှစ်နာရီလောက် အိပ်ပျော်သွားအောင် လုပ်ပေးလိုက်လို့ ရတယ်"

ညွန်း ဒေါသတွေ သက်ပြင်းတစ်ချက်နှင့်အတူ လွင့်ပါးကုန်လျက်...

"ကဲပါ... အဲဒါတွေ ထားလိုက်ပါတော့၊ အခု မေမီ ကို ဘယ်လို ထားခဲ့သလဲ..၊ ငါ့ကို ဒီမှာ ချပေးခဲ့တော့"

"ဘာ!..."

"ငါ ကားငှားပြန်မယ်လေ၊ နင် ပြန်သွားရမှာမို့လား"

"အပိုတွေ ပြောမနေနဲ့"

ဟု ဆိုကာ ကားကို ကောင်း က သူ့ဆိုင်ထိ မောင်းသွား၏။

"ဆင်း..."

"ဘာလုပ်မလို့လဲ"

"အကျီတိုင်းရမယ်"

ညွန်း က ကြောင်တောင့်တောင်လေးကြည့်နေပြီး တော်တော်နှင့် ဆင်းပေ၊ စေ့စပ်ပွဲက နှစ်ရက်သာလိုတော့သည်။ ခုမှအကျီတိုင်းမည်ဆိုတော့...

"ဆင်းလေ..၊ ဘာလုပ်နေတာလဲ"

ညွန်းက ဆင်းတော့ဆင်းလိုက်ပြီး...

"နင်လဲ ကျွန်းမာရေးကောင်းသေးတာ မဟုတ်ဘဲနဲ့ ကောင်း ရယ်၊ ... မှာလဲ နှစ်ခုံတောင်ရှိနေပြီဥစ္စာ..၊ ဘာဖြစ်လို့ ပင်ပန်းခံနေတာလဲ ... ပင်ပန်းမှာစိုးလို့ ပြောတာ..."



www.burmeseclassic.com

www.burmeseclassic.com



ပြောသာပြောရသည်။ မျက်လုံးကြီး တဝင်းဝင်းကိုလည်းကြောက်ရသည်မို့ ဖြေရှင်းချက်ပါ တစ်ခါတည်း ထည့်ပေးရ၏။

ကောင်း က ညွန်း လက်ကိုဆွဲ၍ အပေါ်ထပ်ကို တောက်လျှောက်တက်သွားသည်။ ဖက်ရှင်ရှိုးရမ်းမှာ ရှိသမျှလူတွေ၏ မျက်လုံးတို့က ညွန်း တို့ကို မမြင်ဖူးသလို သမင်လည်ပြန်တွေဖြစ်နေခဲ့ကြ၏။ ဓာတ်ပုံစတူဒီယိုခန်းကျတော့ ရတု တို့က အံ့သြသည့်မျက်နှာတွေ ဖျတ်ခနဲဖြစ်သွားပြီး...

"ဘာလုပ်မလို့လဲ.."

"အပေါ်ကို.."

ဓာတ်ပုံရိုက်နေသည့် မိန်းကလေးနှစ်ယောက်က ကောင်း ကို မြင်လိုက်သဖြင့် ဝမ်းသာအားရဖြစ်သွားကြပြီး ညွန်း လက်ကို ဆွဲထားတာမြင်တော့ မျက်နှာတွေ မသိမသာမဲ့သွား၏။

ကောင်းက အပေါ်ဆုံးထပ်ထိ တက်လာခဲ့ပြီး...

"ထိုင်လေ..၊ ဘာလုပ်နေတာလဲ"

နံရံကပ်ဗီရိုကြီးဆီ လျှောက်သွားရင်း ဒီတိုင်း ရပ်ကျန်ခဲ့သည့် ညွန်း ကို ပြန်လှည့်ပြောသည်။

"မထိုင်တော့ဘူး..၊ ကော်ဖီဆိုင်မှာကတည်းက မေမေက ပြန်ခဲ့ဖို့ ဖုန်းဆက်ထားတာ၊ အကျီတိုင်းပြီးရင် ပြန်မယ်လေ..."

"ပြန်ရမှာ..၊ နင့်ကိုလဲ ငုတ်တုတ်ထိုင်ခိုင်းပြီး အလှကြည့်ဖို့ ခေါ်မထားဘူး"

ကောင်း က ဖိုင်အထူကြီးတစ်ထပ်ကိုပစ်ချကာ ပေကြိုးနှင့် သူ့ဆီ သားကို လျှောက်လာ၏။

"နင့်ကောင်ကို ငါ ပြောခဲ့တာ နင် စိတ်ဆိုးသလား"

မျက်နှာတည့်တည့်ကြည့်ပြီး မေးသည်။ ညွန်း က မျက်လုံးချင်းဆိုင်ကြည့်နေရင်း ခေါင်းခါ၏။





"မဆိုးပါဘူး၊ ဒါပေမယ့် သူက..."

ကောင်း က လက်ပိုက်ထားလိုက်ပြီး ခပ်မဲ့မဲ့မျက်နှာနှင့်...

"သူက ဘာဖြစ်လဲ..."

"သူက ငါ့ကိုတော့ နားလည်ဖို့ ကြိုးစားရှာပါတယ်"

"နားလည်ဖို့ ကြိုးစားနေရအောင် နင်က ပုပ်ပွလောက်တက်နေတဲ့ ပါးခုံးမတစ်ကောင်လား"

"မဟုတ်ပါဘူး ကောင်း ရယ်..၊ သူ့ရင်ထဲမှာ..."

ညွန်း က ကောင်း ရှေ့ကနေ မျက်လွှာချ၍ ခပ်စောင်းစောင်း ပ်လိုက်သည်။ ပြီးမှ စားပွဲပေါ်မှာ လက်တင်လိုက်ပြီး ကောင်း ပစ်ချ ထားသည့်ဖိုင်ကို အဓိပ္ပာယ်မဲ့ ပွတ်သပ် ကိုင်တွယ်နေလျက်...

"သူက နင်နဲ့ငါ ရင်းနှီးနေတာကို စိုးရိမ်နေတာ..."

"အဟွန်း..."

ကောင်း က သဘောကျသလိုရယ်လိုက်တော့ ညွန်း က ဖျတ်ခနဲ ည့်ကြည့်၏။

"ဟား.. ဟား.. ဟား..."

ကြည့်လိုက်ကာမှ ခေါင်းမော့ပြီး ဟားတိုက်ရယ်ကာ...

"ကျပျောက်တဲ့လူက မနေမြော၊ ကောက်ရတဲ့သူက နည်း ယ် ထင်နေတာယ်၊ ဟား... ကျလဲ ကျတဲ့ကောင်..."

"ဘာတွေပြောနေတာလဲ ကောင်း ရယ်..၊ သူက ခုမှ ဝင်လာတဲ့ မိမ်းပဲ၊ ငါတို့ငယ်ငယ်ကတည်းက ဒီလိုပဲ သွားလာနေခဲ့ကြတာကို သိဘူးလေ၊ နောက်ပြီး..."

"တော်ပါပြီ..၊ အဲဒါတွေ ပြောပြပြီး ချစ်ပါရစေ၊ ကြိုက်ပါရစေနဲ့ ပူစ်နေတာတွေ အကုန်လုံး ကြားတယ်"

"သူက နင့်ကို မကောင်းမြင်တာမှ မဟုတ်တာ"

"မကောင်းမြင်လဲ ဂရုမစိုက်ဘူး၊ သူကရော စာရိတ္တ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေလို့လဲ..၊ မိန်းမယူမယ်ဆိုမှ ယင်ဖိုမသန်းခဲ့တဲ့မိန်းမမျိုး ဆန်ခါစစ်ယူချင်တယ်၊ ဟွန်း ကိုယ်ကောင်းမှ သူ့ကောင်းမယ်ဆို နားမလည်ဘူးလား"

ကောင်း ပြောနေတာတွေကို ညွန်း ကုန်စင်အောင် နားမလည် ဘာမှလည်း မမေးဖြစ်ဘဲ ဒီတိုင်း ရပ်ကြည့်နေမိသည်။

"ယောက်ျားချင်း ငါ အတင်းမပြောချင်ဘူး..၊ ဒါပေမယ့် တက လူတော်လူကောင်းလို့ထင်ပြီး သူ ချွဲပျစ်တောင်းဆိုနေသမျှ နင် လို လျှော့ဖို့ မလိုဘူး၊ စေ့စပ်ဖို့ နှစ်ရက်ပဲလိုတော့မယ့် အဲဒီနှစ်ရက်အတွ မှာပဲ ဘယ်နှစ်ကြိမ်လောက် တွေ့ဖြစ်မလဲ၊ အဲဒါကို ပြောတာ..."

စေ့စပ်ထားလိုက်ပြီးကော့လည်း ပိုပြီး ရင်းနှီးသွားမှာပဲဖြစ်သည် မယူဖြစ်သေးပေမယ့် သူ့ဘက်က ရင်းနှီးခွင့်တွေ ပိုရှိလာမှာကို ညွ တွေးမိ၏။ ကောင်း ပြောချင်တာ ဘာလဲ..။

"ငါ့ကို ဒီ့ထက်ရှင်းအောင် ပြောစမ်းပါ၊ သူက ဘယ်လိုလူမျိုးလဲဟင်"

"ခုမှမေးပြီး ဘာလုပ်မလို့လဲ"

"ဟင်!..."

ညွန်း မျက်လုံးလေး ဝိုင်းသွား၏။ ဘာတွေရှိခဲ့လို့လဲ..။

ကောင်း က ညွန်း စိုးရိမ်သွားတာကို ကြည့်၍ ပြုံးလိုက်က

"ဘာမှမဟုတ်ပါဘူး၊ နင်တို့ ထင်ထားသလောက် မဟုတ်တဲ့ ပေါ့၊ ယောက်ျားလေးတွေက ရဲတင်းသွက်လက်တဲ့ မိန်းမမျိုးကို သဘေ ကျတယ်၊ ထိလွယ်ငြိလွယ်ရင် ပျော်ဝင်သွားကြတာပဲ၊ ဒါပေမယ့် သူ့ လက်ထပ်ရင် အဲဒီမိန်းမမျိုးကို မလိုချင်ဘူး၊ ဘဝအတွက်ကို အရှေ တစ်ထောက်စာ သာယာမှုနဲ့ မဆုံးဖြတ်တဲ့ ယောက်ျားတိုင်း သန့်စင် မိန်းမကိုပဲ အလိုရှိတာ..."

ကောင်း ကို တအံ့တသြ ကြည့်နေမိသည်။ ဒါတွေကို ပယ်ပ နယ်နယ် သိရှိနားလည်နေတဲ့ယောက်ျားဟာ ကောင်း ဟုတ်ရဲ့လား





ဒါမှမဟုတ် ကောင်း ရဲ့ပြောင်းလဲခြင်းတွေထဲမှာ ဒါတွေ ပါလာခဲ့ လား၊ မျက်နှာတစ်ပြင်လုံးကတော့ ခံပြင်းနာကျင်နေတဲ့ပုံ ဖြစ်သွား က်..၊ ခနိုးခနဲ့ လှောင်ရယ်ခြင်းတွေဖြစ်လိုက်..။ ကြည့်နေသည့် ညွန်း မျက်နှာလေးကို ပြန်စိုက်ကြည့်ကာ ကောင်း က သူမလိုပဲ စားပွဲပေါ် လက်တစ်ဖက်ထောက်၍ မျက်နှာချင်းနီးအောင် ရှေ့ကိုတိုးသည်။

"သူ အဲဒါကြောင့် နင့်ကို ရွေးခဲ့တာ..၊ အဲဒါတွေကြောင့် ငါနဲ့နင် နီးခဲ့တဲ့အပိုင်းတွေကို တွေးပြီး သဝန်တိုစိတ်တွေ ကြိတ်ဖြစ်နေတာ၊ ကနေ နောက်ဘယ်အချိန်ဖြစ်ဖြစ် နင့်ကို သူ ရပြီးသွားရင်လဲ သဝန် ဦးမှာပဲ၊ အဲဒီတော့ သူ့ကို နင် ဂရုမစိုက်လို့ မရတော့တဲ့အချိန်မှာ ကို လုံးဝ မေ့ပစ်လိုက်နိုင်လား.."

ဒီလိုမေးခွန်းနှင့် အဆုံးသတ်လိမ့်မည် မထင်သောကြောင့် ညွန်း တရက် မဖြေနိုင်..။ ကောင်း က ပြုံးလိုက်ပြီး ညွန်း ဘာမှမဖြေရ ဘဲ ခေါင်းညိတ်၍...

"အကျိုတိုင်းမယ်၊ ရှေ့တိုး..."

ရှေ့တိုးဆိုပြီး ညွန်း လက်ကလေးကို သူပဲ ဆွဲယူလိုက်သည်။ းတွေကို တိုင်းနေတုန်းက ညွန်း ဒီတိုင်းပဲ ထိုင်ကြည့်နေခဲ့ဖူးသည်။ သမယ့် ကိုယ့်ကျတော့ ခါးနှင့်တင်ကို တိုင်းသည့်အချိန်မှာ ရှက်သလို မနေတတ်သလိုလို..။

မဟုတ်ပါဘူး..၊ ကောင်း နှင့်သူမ ဒါမျိုးတွေ ပူးတွဲလုပ်ဖူးခဲ့တာ ကြိမ်ကြိမ်ပါ။ ကောင်း ကို တိုင်းပေးရတာလည်း ရှိဖူးကာ သူ့ဘာသာ တဲ့ ဒီဇိုင်းတွေမှာ ကောင်း က ညွန်း ကိုယ်နှင့်ပဲ တိုင်းယူလိုက်တာ သည်။ ခုမှ ဘာတွေဖြစ်နေမှန်း မသိ..၊ ကိုမား ပြောလိုက်တဲ့ စကား ကြောင့်လား..။ ဒီကာလတွေမှာ ကောင်း နှင့်သူမ ခပ်စိမ်းစိမ်းဖြစ် ခဲ့လို့လား..။

"လက် နည်းနည်း..မ.."



www.burmeseclassic.com

www.burmeseclassic.com



ရင်ကိုတိုင်းတော့ ညွှန်း ရဲ့ချိုင်းနားကနေ သူ့လက်သွင်း၍ ...
ကို ဆွဲယူသည်။ ညွှန်း သူ့ရင်ခွင်ထဲ ဝင်လိုက်သလိုဖြစ်သွား...
ကောင်း ရဲ့နှာခေါင်းက သူမရဲ့နားသယ်စပ်ဆံစလေးတွေကို မထိ...
ပွတ်တိုက်သွားခဲ့သည်။ ညွှန်း ပူပူထူထူကြီးဖြစ်သွားကာ ...
ရင်ဘတ်ကို တွန်းပစ်လိုက်မိလျှင်...

"အား..."

ကောင်း က ဆုတ်မသွားဘဲ ညွှန်း ကို သူ့ကိုယ်နှင့်တိုက်...
စားပွဲခုံဘက်ကို လှည့်ပစ်လိုက်ပြီး...

"ဘာဖြစ်တာလဲ.."

"ကောင်း..."

စားပွဲနှင့် သူ့ရင်ခွင်ကြားထဲမှာ ညွှန်း ဘယ်လိုမှ ရှောင်ထွက်...
လို့ မရ..။

"ကောင်း ဘာလုပ်တာလဲ..၊ သူများမြင်သွားရင် တစ်မျိုးထင်...
မှာပဲ"

"ဘယ်သူမှ မမြင်သေးဘဲနဲ့ နင်က တစ်မျိုးထင်သွားတာပါ၊ ...
ဘာဖြစ်လို့ တွန်းတာလဲ.."

ကောင်း မျက်လုံးတွေ ရူးရဲလက်တောက်နေတာကို ညွှန်း ...
နိုင်..၊ မြင်နေကျလို ဒေါသတွေလည်း မဟုတ်၊ အတိုက်အခံ ပြော...
ငြင်းခုံချင်တဲ့ အမူအရာလည်း မဟုတ်ဘဲ...

"ကောင်း ရယ်..၊ သူများ အထင်လွဲတာကို ငါတို့က မှန်အော...
နေရမှာလေ..၊ ဘယ်သူ ဘယ်လိုထင်ထင် ငါတို့ရိုးသားတယ်...
ငါက နင့်ဘက်က ရပ်တည်ခဲ့တာ.."

"အခု ငါက မရိုးသားတော့ဘူးလို့ ပြောချင်တာလား၊ ပြောလေ..."

"မ...မဟုတ်ဘူး၊ အခု ဖယ်လေ..၊ တစ်ယောက်ယောက် မြင်...
ပါ့မယ် ကောင်း ရယ်.."





ညွှန်း က သူမကို ရင်ခွင်ထဲမှာထားကာ ဘေးနှစ်ဖက်မှာ ထောက်
...သည့် ကောင်း ရဲ့လက်တွေကို စားပွဲစွန်းကနေ ကွာကျသွားအောင်
...စားသည်။ ပြီးတော့ ရင်ဘတ်ချင်း ထိကပ်နေတာကို တွန်းဖယ်ပစ်
...ရုန်း၏။ ကောင်း က မဖယ်သည့်ပြင် ညွှန်း ရုန်းနေသမျှ ညွှန်း
...မျက်နှာလေးမှာ သူ့မျက်နှာ မထိတထိ ပွတ်တိုက်နေရင်း...

"ဘာပဲဖြစ်ဖြစ် အမှတ်တရတော့ ရှိခဲ့ချင်တယ်"

"ကောင်း..၊ ကောင်း မလုပ်နဲ့နော်..၊ ဟင့်အင်း..."

ညွှန်း တစ်ကိုယ်လုံး ကောင်း ရင်ခွင်ထဲမှာ မွန်းကျပ်သွားသည်။
...န်း ရဲ့မျက်မှန်လေးကို သူ အသာလေး ဖြုတ်ယူသွားပြီးသည့်နောက်...

"နင် အရမ်းယုတ်တဲ့ကောင်..၊ သွား..."

စားပွဲခုံဘေးမှာပဲ ညွှန်း ဆောင့်ကြောင့်လေးထိုင်ချပစ်လိုက်ပြီး
...ကြီးတငင် ငို၏။ လက်ကိုလာဆွဲလျှင် လက်ကို ခါချပစ်ကာ 'ညွှန်း'
...ခေါ်တော့ ခေါင်းခါနားပိတ်ပြီး ဒူးပေါ် မျက်နှာမှောက်ချ ငိုသည်။

ရှက်သည့်စိတ်ကို ဘယ်လိုအရာနှင့် ခိုင်းနှိုင်းပြောရမှန်းပင် မသိ..။
...က်နှာတစ်ပြင်လုံးသာ ထိတာနှင့် ကြေကျနိုင်သည့် အစိတ်အပိုင်းတွေ
...ခဲ့လျှင် ညွှန်း မျက်နှာ ဘာမှ အကောင်းတိုင်းရှိတော့မှာ မဟုတ်ပေ..။

မျက်နှာမမော့ရဲဘဲ နှုတ်ခမ်းမှာ လက်ခုံလေးနှင့်ကပ်ရင်း ငိုရတာ
...ဘောင် အားမရနိုင်..။ ဒီမျက်နှာနှင့် ဘယ်လိုလုပ် အပြင်ထွက်မလဲ..။

"ညွှန်း ဘယ်လိုဖြစ်နေတာလဲ..၊ နင့်ကို ငါ ဘယ်လောက်ထိ
...တ်ကားလိုက်လို့ မပြီးနိုင်အောင် ငိုနေတာလဲ"

"ဘာ!..."

ဒေါသဖြစ်လွန်းသဖြင့် ညွှန်း ဆတ်ခနဲ ထရပ်လိုက်မိသည်။ ပြီးမှ
...တ်ခမ်းကိုဖိကိုက်ပြီး ထပ်ကျလာသည့် မျက်ရည်ကို မျက်တောင်တွေ
...နှင့် ပုတ်ခတ်ဖယ်ရှားကာ...

"နင်... နင်..."



www.burmeseclassic.com

www.burmeseclassic.com



ပြောမလို့ပေမယ့် လက်ညှိုးထိုးနေရင်း လက်တွေတုန်လာကာ ရင်ဘတ်ကို တအားတွန်းပစ်လိုက်မိသည်။

"လုပ်..၊ ဘာလုပ်ဦးမလဲ..၊ ပါးရိုက်ချင်သေးလား..."

"အဟင့်.."

ညွှန်း မျက်နှာ ငုံ့ချလိုက်ပြီးငိုတော့ သူက ညွှန်း ရဲ့ဝဲခုံးလေး ဖက်ကို ဆွဲယူလိုက်ကာ...

"မြင့်မား ဆိုတဲ့ကောင် စိုးရိမ်မှုတက်ကိုရောက်နေတာ အဲဒါ ယောကျာ်းတစ်ယောက်က မိန်းမတစ်ယောက်ကို ဘယ်အချိန်ဖြစ် ချစ်သွားနိုင်တယ်၊ ဖြစ်သွားနိုင်တယ်၊ ငါနဲ့ ဘယ်လောက်ထိ ရင်းနှီး သလဲ..၊ ငါ့စိတ်ထဲမှာ ဘာရှိသလဲ..၊ အဲဒါတွေ သူ သိချင်တာလေ"

"တော်တော့ ကောင်း..၊ ငါ နင့်ကို ယုံကြည်ထားခဲ့တာတွေ နင့်ဘက်က အမြဲရှိခဲ့တာတွေက ငါတို့ရင်ထဲက ဖြူစင်မှုတွေကိုပဲ ဒီလိုလူ မဟုတ်ဘူးလို့လဲ ငါ ရဲရဲတင်းတင်း ပြောခဲ့တယ်"

"ပြောမှာပေါ့၊ နင့်စိတ်ထဲမှာ ငါ့ကို ယောကျာ်းလေးတစ်ယောက် လို့ မြင်ခဲ့တာမှ မဟုတ်ဘဲ"

"မဟုတ်ဘူး.."

"မဟုတ်ဘူးဆိုရင် မျက်ရည်တွေ ဘာဖြစ်လို့ ဒီလောက် ကျ တာလဲ၊ တအံ့တသြ ယူကျုံးမရဖြစ်သွားတဲ့ နင့်မျက်လုံးတွေမှာ ငါ ဘာကောင်လဲဆိုတာ ပေါ်နေတယ်"

"မဟုတ်ဘူး..၊ အဲဒါမျိုး မဟုတ်ဘူး၊ ဒါပေမယ့် ငါ မပြောတတ်ဘူး"

"မပြောတတ်ရင် နင့်မျက်ရည်တွေ သုတ်ပစ်လိုက်..၊ နင့်ကို မြင့်မား လိုကောင်ကတောင် ချစ်နေတယ်ဆိုရင် ငါကရော မရှိသားနှင့် မရှိတော့ဘူးလား"

"ဘာ!..."

အံ့သြသွားသည့် ညွှန်း မျက်နှာကိုကြည့်ပြီး ကောင်း က နှုတ်ခမ်းမှဲ့





"နင့်နှုတ်ခမ်းတွေ ဘယ်လောက်ချိုသလဲလို့ နမ်းကြည့်တယ် ထင် သလား"

"နင်..."

ရဲနေပြီးသား ညွှန်း မျက်နှာလေး အညိုရောင်သမ်းသွားသည်။ ပြီးတော့ ရှေ့ထွက်ပြေးဖို့ ခြေလှမ်းလိုက်လျှင် ကောင်း က ဖျတ်ခနဲ ဆွဲကာ...

"တခြားကောင် ချစ်တယ်လို့ ထိုင်ပြောနေတာကျတော့ နား ထောင်ပြီး ငါက ပြောမှာကျတော့ လက်မခံနိုင်ဘူးလား"

"နင် ဘာဖြစ်နေတာလဲ ကောင်း..၊ လက်ကို လွှတ်..."

ကောင်း က ညွှန်း လက်ကောက်ဝတ်လေးကို အတင်းအကျပ် ဆွဲထားလျက်...

"နင့်စေ့စပ်ပွဲအတွက် ငါက ဝတ်စုံချုပ်ပေးဖို့ထိ ကြည်ဖြူပြီးသားပါ"

"ဒါဆို ဘာဖြစ်လို့ နားရှက်စရာတွေ ပြောနေတာလဲ..၊ အားလုံး ဘာမှမထူးတော့ဘူး၊ ဒီအချိန်မှာ ငါတို့ ဒီလိုဖြစ်တာ လူသိရင် ကဲ့ရဲ့ ခံရတာပဲ အဖတ်တင်မှာ နင် မသိဘူးလား ကောင်း..."

"နေပါဦး..၊ ငါက ချစ်တယ်လို့တောင် ပြောခွင့်မရှိတော့ဘူးလား"

ရှန်းနေတာတွေ လျော့ရိလျော့ရဲဖြစ်ကာ ညွှန်း က ကောင်း မျက်နှာကိုမော့ကြည့်၏။ ထိုအချိန်မှာ ပြည့်တက်လာသည့် မျက်ရည် တွေကတော့ ဘာအတွက်ဆိုတာ မသိနိုင်ပေ..။

"ငါ့ကို ခွင့်လွှတ်ပါ ကောင်း ရယ်..၊ ငါ နင့်ကို သူငယ်ချင်းလို့ပဲ တစ်လျှောက်လုံး တွယ်တာခဲ့သလို ဒီနေ့ထိ ငါ့သံယောဇဉ်က အဖြူရောင်ပဲ"

"မြင့်မား ကိုရော..."

"ဒါက အိမ်ထောင်ရေးဆိုတဲ့ ဘောင်တစ်ခုအတွက် မေမေ စီမံ သတ်မှတ်လိုက်တဲ့အတိုင်းပဲ..."

"ငါ မေးနေတာ အချစ်..."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး..၊ သူ တစာစာ တောင်းခံနေတဲ့အချစ်ကို စိတ်လဲ
စားဘူး၊ ဝင်စားဖို့လဲ ကြိုးစားမကြည့်ခဲ့ဘူး၊ ငါ သိတာက တစ်နေ့နေ့
အိမ်ထောင်ပြုရမှာပဲ၊ ဒါက ဝတ္တရား..၊ ဘယ်လိုဖြစ်လာမလဲ၊ ဘယ်
ဖြစ်အောင် ဖန်တီးမလဲဆိုတာကို ငါ စိတ်မဝင်စားတဲ့အတွက်
စီမံသမျှကို ကျေနပ်လိုက်တယ်၊ ဒါပဲ ကောင်း..၊ ငါ ပြန်ပါရစေ"

လက်ကိုရုန်းကြည့်သေမယ့် ကောင်း က ဆုပ်ကိုင်ထားဆဲဖြစ်
"ကောင်းပြီ..၊ ခု ငါ့အပြုအမူအတွက် နင့်ကို တောင်းပန်ပါတ
စေ့စပ်ပွဲကျရင် နင့်တစ်ကိုယ်လုံး အလှအပအတွက် ငါ တာဝန်ယူ
ဖြစ်မယ်မို့လား"

သူ့ကို နားမလည်သည့်မျက်ဝန်းတွေ ရောက်လာသည်။ မရိုး
ပါဘူးလို့ ပြောပြီးမှ ရိုးသားသလို ပြောနေပြန်သည်။ ဘယ်လို
ထောင်ပြီး ဘယ်လို ဆုံးဖြတ်ရမလဲ..။ ကောင်း က ညွန်း ရဲ့မျက်ဝန်
လေးတွေကိုကြည့်ပြီး ပြုံးပြသည်။ ပြီးတော့ သူ့ဘောင်းဘီအိတ်ထဲ
မျက်မှန်ကို ထုတ်ယူလိုက်ကာ ညွန်း မျက်နှာရှေ့မှာ လက်ဖြန့်ပေး၍

"ရော့..."

ညွန်း ပါးပြင်လေးတွေ နီရဲသွားပြန်သည်။ ကောင်း ၏နှုတ်ခမ်း
လှို့ဝှက်သည့်အပြုံးနှင့် ငုံ့မိုးကြည့်နေလျက်...

"ပြင်မယ့်နေ့ကျရင် မျက်မှန် တပ်မလာနဲ့.."

ညွှန်း က မျက်မှန်ကိုယူလိုက်ပြီး မော့ကြည့်ကာ...

"ငါ့ကို နင် ပြင်ပေးမယ်.. ဟုတ်လား..."

"ဟုတ်တယ်..၊ ငါ ထုဆစ်ခြယ်မှုန်းလိုက်တဲ့ နတ်သမီးကို ဘယ်
သတို့သမီးမှ မမီစေရဘူး"

စိတ်ထဲမှာ တစ်မျိုးကြီးတော့ ခံစားမိပေမယ့်..။





**အခန်း [၂၆]**

"ကောင်းသားပဲ..၊ ဒီကောင်လေးက အရမ်းတော်တာ"

အဒေါ်အရင်းတစ်ယောက်လုံး၏ ထောက်ခံအားပေးခြင်းက မြင့်
မား နောက်ထပ် တင်ပြဆွေးနွေးလိုသည့် အကြောင်းအရာအားလုံးကို
ဆက်မပြောဖို့ ပိတ်ပင်တားဆီးလိုက်သလိုပင်..။

ဒေါ်ရည်သန့် ကလည်း မြင့်မား မျက်နှာမှာ ဖြစ်နေတာတွေကို
နားလည်သည်။ မေမြတ် ကလည်း သိနေ၏။ ဒါပေမယ့် မကောင်း
တတ်လို့ ငြိမ်နေရသူနှင့် ဒီတိုင်းဖြစ်သွားတာကိုပဲ သဘောကျ ကျေနပ်
သွားသူမို့ ရင်ထဲမှာတော့ ခြားနားသောခံစားချက်ကိုယ်စီနှင့် ဖြစ်၏။

မြင့်မား ဘက်မှာ ကိုထွတ် မှလွဲလျှင် အားလုံးက ကောင်း ပြင်ဆင်
ခြယ်မှုန်းမည်ဆိုသောကိစ္စကို တညီတညွတ်တည်း လက်ခံနေကြသည်။

ကိုထွတ် ကတော့...

"မေမေတို့ကလဲ မား ပြောပါစေဦး"လို့ ပြောပေးခဲ့သေးသည်။
ဒါပေမယ့်...

"ဘာပြောစရာလိုလို့လဲ သားရယ်..၊ မား ကလဲ မေမေ့သားပါပဲ၊
သူ့အဒေါ်တွေကလဲ ကျေနပ်ကြတယ်၊ ကောင်းဖက်ရှင်က တကယ့်
နာမည်ကြီးပဲ၊ အခု သင့်တော်ကောင်း ကိုယ်တိုင်က သူ့သူငယ်ချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ပြင်ပေးမှာ..၊ အဲဒါကလဲ ညွှန်း နာမည်ကြီးဦးမှာပဲ..၊ ဒီကောင်လေးက သူ့အစ်မတုန်းကတောင် တစ်ချက်မှ ပြန်ကြည့်ခဲ့တာမဟုတ်ဘူး"

အဲဒါကိုက စဉ်းစားကြည့်ပါဦးလား..၊ ထွတ် နှင့် မား တို့ မျက်လုံးချင်းဆုံသွားတာ စိတ်ပျက်စွာနှင့် ဖြစ်၏။ အဖေတူအမေကွဲ ညီအစ်ကိုဆိုပေမယ့် ညီအစ်ကိုရင်းလိုပါပဲ..။

ညွှန်း ကို မား ဘယ်လောက် မက်မောနေသလဲဆိုတာ သူ သိနေသည်။ ပြီးတော့ ဒီအချိန်တွေကျမှ ကောင်း ဘယ်လို လမ်းသစ်တွေထွင်နေသလဲဆိုတာကိုလည်း သတိထားမိနေခဲ့၏။ ထို့ကြောင့် ဘာကိုမှဂရုမစိုက်တတ်ခဲ့သည့် ကောင်း ရဲ့လှုပ်ရှားမှုတွေကို လုံးဝ ယုံကြည်လို့ရမလား..။

မြတ် ကလည်း ဘာဖြစ်နေတာလဲဆိုသော အကြည့်တွေနှင့်ဖြစ်နေပြီ။ ဟုတ်ပါသည်..၊ ဒါ ဈေးစပ်ပွဲပဲ ရှိသေးသည်မို့ ဒီလောက်ထိတော့ ပူပင်နေဖို့ မလိုပါ..။

ထွတ် သက်ပြင်းချလိုက်တာကိုကြည့်ကာ မား ဘာမှ ထပ်မပြောတော့ဘဲ နေရတော့မှာဖြစ်ကြောင်း ကိုယ့်ဘာသာ နားလည်လိုက်၏။

ဈေးစပ်ပွဲလေးကို အကြီးအကျယ်ဖြစ်မြောက်စေလိုသော လောဘတွေနှင့် အစချီလိုက်မိတာကိုက မှားသွားခဲ့တာလား..။

ဒေါ်ရည်သန့် တို့သားအမိ ပြန်သွားတော့လည်း မေမြတ် ရှိနေသေးသည်မို့ မား မျိုသိပ်နေခဲ့ရ၏။

"မောင်လေးက ညွှန်း ကို သိပ်ချစ်တာ..၊ ပြောရရင် သူ့အစ်မဖြစ်တဲ့ မြတ် ထက်တောင် ပိုနေသလိုပဲ၊ ကလေးအရွယ်ကတည်းက ညွှန်းနဲ့ ရန်ဖြစ်လိုက်..၊ တည့်လိုက်နေခဲ့ကြတာတောင် ညွှန်း ပြောတာဆိုရင် နားဝင်လွယ်တယ်၊ မြတ် တို့ပြောရင် နားမထောင်ဘူး"

"အေးပေါ့ ငယ်ချစ်ကိုး..၊ အန်တီတို့ကြားရတာ ကောင်း ကို





ဆံပင်ဖြောင့်ပေး၊ ခြေသည်း၊ လက်သည်းဆိုးပေးနဲ့ ညီအစ်မလို နေခဲ့ကြတာဆို..."

မိန်းမလျှာလေးလားလို့ မေးလိုက်သလို သက်ရောက်သွားပေမယ့် မေမြတ် က စိတ်ဆိုးပုံမပြဘဲ သွားလေးတွေပေါ်အောင် ရယ်သည်။

"ဟုတ်တယ် အန်တီ..၊ ကောင်း ရဲ့ အနုပညာ သူပဲ ခံနိုင်တာ..၊ အဲဒီလို ပြင်ဆင်ပေးနေပြီး ကောင်း ကို အခြောက်လို့ သူများပြောရင်လဲ မကြိုက်ဘူး"

"အိုကွယ် မတူပါဘူး..၊ အလှအပတွေ ဖန်တီးနေတဲ့သူက သူကိုယ်တိုင် ဒီလိုချောနေမှ သူများက အထင်ကြီးယုံကြည်မှာပေါ့၊ အန်တီကဖြင့် သမီးတို့လက်ထပ်တုန်းက သူ ဆောင်ရွက်နေတာကိုတောင် သိပ်ကျေနပ်တာ မဟုတ်ဘူး၊ ဒါပေမယ့် နှမလင်နေ မောင်ဖင်ကျိန်း ဆိုတဲ့ စကား ရှိတော့လဲ နားလည်ပေးခဲ့ရတာပေါ့"

ရင်ထဲမှာ ဘယ်လိုမှ မအောင့်အည်းနိုင်တဲ့အဆုံး မား က ချောင်းတစ်ချက်ဟန့်လိုက်ကာ...

"ကျွန်တော်ကလဲ ဒီလိုပါ..၊ ဝတ်စုံတွေကလဲ အားလုံး ပြီးနေပြီ၊ မိတ်ကပ်ဆရာလဲ..."

"ပြော် သားရယ်..၊ လောလောဆယ်မှာ 'ကောင်းဖက်ရှင်' လောက် နာမည်ကြီးတာ ဘာမှမရှိသေးပါဘူး၊ ပြီးတော့ မျက်နှာရော ဝတ်စုံရော သူကိုယ်တိုင် ဖန်တီးထားတာဆိုတော့ ဈေးစပ်ပွဲမှာကိုက သားတို့ နာမည်ကြီးနေပြီ.."

အန်တီတို့ ဘာဖြစ်လို့ တစ် ကောင်း တည်း ကောင်း နေကြတာလဲ။ မား မျက်နှာမှာ မကြည်လင်မှုတွေက အတိုင်းသား ပေါ်နေ၏။

ဒီအစီအစဉ်တွေ အစကတည်းက မရှိခဲ့ဘဲ သူများစီစဉ်နေပြီးမှ ဖြုန်းဒိုင်းဆို ဘာထ,ဖြစ်တာလဲ..၊ ကောင်း ဆိုတဲ့ကောင် သူ့ကို သက်သက် ပွတ်ကပ်ပြီး အနိုင်ယူလိုက်တာ အံ့သြသာကြီး..။



www.burmeseclassic.com

www.burmeseclassic.com



"… မကြိုက်ရင် မင်း တားခွင့်ရှိအောင် ကြိုးစားလိုက်…"

"… ငါက သူများတားရင် ပိုလုပ်ချင်တဲ့ကောင်…"တဲ့…။

မျက်နှာကြည့်ပြီး ဤကဲ့သို့ ချဲလန့်လုပ်သွားသည်။ သူ့ဘက်က သာ ဒါကို လက်မခံနိုင်ပါဘူးလို့ ပြောနိုင်ခဲ့ရင် ခေါ်ရည်သန့် ကိုယ်တိုင် က ညွန့် ရဲ့ဆန္ဒကို ပယ်ချပစ်လိုက်မှာ သေချာပါသည်။

ခုတော့ အန်တီတို့အားလုံး၏ ထောက်ခံအားပေးမှုတွေကြောင့်…။

ဒါကို သူ သဘောကျမှာမဟုတ်ဘူးဆိုတာ အသိသင့်ဆုံးဖြစ် သည့် ညွန့် ကိုယ်တိုင်က ဘာလဲ…။

စိတ်ပင်ပန်းမှုများနှင့် သက်ပြင်းချတာတောင် ကျပ်ကျပ်သိပ်သိပ် ကြီးဖြစ်နေလျက်…။





အခန်း [၂၅]

ညှော်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်း တလွှန့်လွှန့် တက်လာသည့် စီးကရက်မီးခိုးငွေ့တွေကိုလည်း လှည့်ကြည့်မိတာ ခဏခဏ…။ သားအဖနှစ်ယောက်ပဲ ရှိနေတာကို ဒယ်ဒီ ဂနာမငြိမ် စိတ် လှုပ်ရှားနေတာ ဘာဖြစ်လို့လဲလို့ တစ်ခွန်းမှ မမေး…။

ငါးကန်ဆားမှာ ကုလားထိုင်ကို ဒရင်းဘက်လို သဘောထားပြီး ပက်လက်ဖြစ်အောင်မှီလျက် ခြေထောက်တစ်ဖက်က လက်တင်ပေါ်မှာ ဖြစ်ကာ တစ်ဖက်က ခပ်နိမ့်နိမ့်မှာရှိသည့် ခွေးခြေပုလေးပေါ်မှာ…။

လိုက်ကာဖယ်ထားသော မှန်ချပ်ကြီးတွေကို မျက်နှာမူလျက် မီးခြစ်ကတစ်ဖက်၊ စီးကရက်က တစ်ဖက်…။

ကောင်း တို့ ယောကျ်ားပီသပြီဆိုကတည်းက လုပ်ချလိုက်တာ အားလုံး ဝန်းဒိုင်းကြဲ…။ ညဘက်ဆို ဘီယာသောက်လာတတ်ပြီး ပီကေ ဝါးမပျက်သည့်နှုတ်ခမ်းမှာ စီးကရက်က အချိန်ပြည့်…။

သူ့နောက်ကျောမှာ ဖအေတစ်ယောက်လုံး မငြိမ်မသက် ပူပင်လှုပ် ရှားနေတာကို တစ်ချက်မှလည်း ငဲ့မကြည့်…၊ သတိထားမိပုံလည်း မရ…။

"ကောင်း…"

ခေါ်လိုက်တော့ မထူးဘဲ လည်ပင်းလိမ်ပြီး လှည့်ကြည့်၏။

"မင်း ဘာဖြစ်နေတာလဲ"

ကောင်း က ပြုံးလိုက်ပြီး ဆံပင်တစ်ချက်သပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရှေ့ပြန်လှည့်သွားကာ...

"ကျွန်တော် ဖြစ်နေတာ မဟုတ်ပါဘူး၊ ဒယ်ဒီပါ"

ဦးအောင်ကောင်း ခြေလှမ်းတုံ့သွား၏။

"အေး... ဟုတ်တယ်..၊ ဒါပေမယ့် အဲဒါမင်းကြောင့်..."

"အန်တီသန့် ကြောင့် မဟုတ်ဘူးလား ဒယ်ဒီ..."

ဦးအောင်ကောင်း မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ပင့်တက်သွား၏။ သင်း မသိတာ ဘာရှိလဲ..။

"ဖုန်းဆက်ပြီး ပြောလိုက်တာတွေ..၊ ဒယ်ဒီ ကျွန်တော့်ကို မေးချင်နေတယ်မို့လား၊ ညွန်း စေ့စပ်မယ့်ပွဲမှာ ကျွန်တော် ပြင်ပေးမယ်ဆိုတာ ဘာအပြစ်တွေ ဖြစ်သွားလို့လဲ"

"ကာယကံရှင်တွေက သဘောမကျတာ အပြစ်ပေါ့ကွ"

ကောင်း က ထိုင်ရာမှ ထရပ်လိုက်ကာ စီးကရက်တစ်ရှိုက်ကို ပါးစပ်တစ်လုံးသွင်း၏။ ပြီးတော့ မီးခြစ်ကိုချ၍ ထိုအပေါ်မှာ စီးကရက်ကို ဖိချေပစ်လိုက်သည်။ ဦးအောင်ကောင်း မျက်လုံးပြူးသွားသည်။

ကောင်း ကတော့ မီးခိုးဖြူတွေ တလွန့်လွန့်ထွက်လာသည့် နှုတ်ခမ်းတို့ကို အေးဆေးဖွင့်ထားပြီးမှ သူ့ဘက်ကို လှည့်၍...

"ကာယကံရှင်ဆိုတာ ညွန်း ကို ပြောတာလား ဒယ်ဒီ"

"ညွန်း က မင်းကို ဘယ်တုန်းက လွန်ဆန်ခဲ့လို့လဲ..၊ ညွန်း ခေါင်းညိတ်အောင် မင်း လုပ်နိုင်တာ ငါ သိတယ်၊ ဒါပေမယ့် သူ့အမေက..."

"သူ့အမေ စေ့စပ်မှာမှ မဟုတ်တာ..."

"ဟိတ်ကောင်..."

"ပြောပြတာ..၊ ညွန်း နဲ့ ကျွန်တော် ဖြူစင်ကြလို့ ဒီလိုလုပ်လိုက်တယ်လို့တောင် သတ်မှတ်နိုင်တဲ့ဟာ..၊ ဘာ့ကို မကျေနပ်တာလဲ"

"မြင့်မား ကကွာ..၊ ကဲ... ညွန်း က သူ့ရဲ့မဟေသီလောင်း"

"အပွန်း..."





ကောင်း က ဆောင်းဘီခါးစပ်မှာ လက်မနှင့်ချိတ်ပြီး ပခုံးတွန့်မဲ့သည်။

"ဒယ်ဒီ ထင်လို့ပါ..၊ မကျေနပ်ဘူးလို့ သူ မပြောခဲ့ပါဘူး၊ ပြောလဲ ကျွန်တော် ဂရုမစိုက်ဘူး"

"အေး... အဲဒီ မင်းရဲ့ ဂရုမစိုက်ခြင်းတွေကို ပြောစမ်းပါ၊ ငါ့မျက်လုံးထဲမှာတော့ မသဲကွဲတော့တဲ့ နှင်းမှုန်တွေကြားမှာ မှိုးခေါ်နေတဲ့ ဓားသံကို ကြားလိုက်ရသလိုပဲ"

ကောင်း မျက်မှောင်ကြုတ်သွားပြီး ဦးအောင်ကောင်း မျက်နှာကို ကြည့်၏။ ဦးအောင်ကောင်း က...

"ညွန်း ကို မင်း ချစ်နေသလား"

ကောင်း က နှုတ်ခမ်းတွေ ဖွင့်မလာဘဲ အကြည့်ကိုလည်း မလွှဲ..။

"သတ္တိရှိတာနဲ့ မိုက်ရူးရဲဆန်တာကို ခွဲခြား သိစမ်းပါ၊ ဓွန့်ဓားရဲ့တိုင်း နိုင်ငံကျော်တာ မဟုတ်ဘူး၊ မင်း လုပ်မယ့်အလုပ်က ရိုးသားပေမယ့် မင်းရဲ့အပြုအမူတွေက ဆန်းပြားနေတယ်၊ အဲဒါကြောင့် သူတို့ မကြည်ဖြူ ဘူး၊ ဒါ သဘာဝကျတယ် ကောင်း..."

"သဘာဝကျဖို့ ကျွန်တော် ကြိုးစားနေတာ မဟုတ်ဘူး ဒယ်ဒီ"

"မင်းက လူ့ဘောင်၊ လူ့စည်းထဲက လူတစ်ယောက်လေ..၊ လူမှုကျင့်ဝတ်တွေကို ဂရုမစိုက်လို့မရဘူး၊ ဟိုမှာ ညွန်း ကိုယ်တိုင်သဘောတူလို့ စေ့စပ်ပွဲအတွက် သူတို့အားလုံး ပြင်ဆင်ထားပြီးသား၊ မင်း ဘာစိတ်ကူးတွေနဲ့ ကြားဝင်ဖို့ ကြိုးစားလိုက်တာလဲ၊ ညွန်း နဲ့ပတ်သက်ပြီး ငါ..."

သူ ဖြစ်စေချင်ခဲ့တဲ့အချိန်တုန်းကတော့ သားဖြစ်သူက ယောက်ျားလိုလို..၊ မိန်းမလိုလို..။ ခေါ်လိုက ခေါ်..၊ တွဲလိုက တွဲ.. အားလုံးကြည်ဖြူနေတုန်းကလည်း ညွန်း ဟာ ကောင်း ရဲ့ဘေးမှာ..၊ အဖော်အလျော် သူငယ်ချင်းကောင်းဆိုတဲ့ ရာထူးက မတက်ခဲ့သူပါ..။ သူမကို အိမ်ထောင်ဖက်ကောင်းတစ်ယောက်နှင့် လက်ထပ်ပေးတော့မည်ဟု ကြေညာကာ ညွန်း ရဲ့ဘေးကနေ ပုတ်ထုတ်ခံလိုက်ရပြီဆိုမှ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ နောက်ထပ် အပြောအဆို မခံနိုင်တော့ဘူး ကောင်း...၊ ဒါပဲ ပြောမယ်၊ ညွှန်း နဲ့ မင်း မပတ်သက်ပါနဲ့၊ သူများ မကြည်ဖြူတာကို ဖွတ်မလုပ်ပါနဲ့..."

"အန်တီသန့် ကိုပဲ ရည်ရွယ်ပြီး ပြောနေတာလား ဒယ်ဒီ၊ အပြော အဆို မခံနိုင်တာလား၊ စိတ်ဆိုးမှာ ကြောက်တာလား"

"မင်း ဖအေကို အဲဒီလောက်ထိ ယုံကြည်ကိုးကွယ်သလား၊ မင်းကွာ"

ဆုပ်ကျစ်ပစ်လိုက်သည့် လက်သီးဆုပ်ကိုကြည့်ကာ ကောင်း ၏ မျက်နှာလွှဲပစ်၏။ ဦးအောင်ကောင်း ကတော့ ကိုယ့်သားကိုကြည့်ပြီး ဒေါသထက် မချင့်မရဲဖြစ်ရခြင်းက ပိုပါသည်။

အရင်ကဆို သူ့ကိုယ်သူ 'သား'လို့ပဲ ထည့်ပြောတတ်တာတောင် ခုတော့ 'ကျွန်တော်'တဲ့...။ မိသားစုနှစ်စု ကြည်ဖြူမှုတနေတုန်းက ဒီလို ကောင်မျိုး ဖြစ်စေချင်တာ မပြည့်ဝခဲ့ပေ...။ ဟိုတုန်းကသာ ဒီလိုဆိုရင် သန့် ဘာမှမငြင်းဆန်နိုင်အောင် သူ ကြိုးစားပေးနိုင်မည်။

"ထပ်ပြောမယ်...၊ မင်း ရင်ထဲက မျှော်လင့်ချက်တွေကို မျောက် ဖျက်ပစ်လိုက်ပါ၊ မင်းရဲ့လက်ရာတင်ပြီး ပွဲတက်ခိုင်းနိုင်ရင်လဲ သူက မင်းရဲ့သတို့သမီး ဖြစ်လာမှာ မဟုတ်ဘူး၊ မင်းထက်မပိုရင်တောင် မင်း ထက် မလျော့တဲ့မာနတွေ ငါ့မှာရှိတယ် ကောင်း...၊ မင်းရဲ့ ရှုံးနိမ့်မှုဟာ ငါ့ရဲ့ရှုံးနိမ့်မှုပဲ၊ တစ်ရက်က နှစ်ရက်ဖြစ်အောင် မလုပ်ပါနဲ့"

"မလုပ်ပါဘူး"

ကြည်ကြည်လင်လင်ပဲပြောပြီး မီးခြစ်ကို ပြန်လှည့်ကောက်သည် ပြီးတော့ သူ့ရှေ့က ထွက်သွားခဲ့၏။ ဦးအောင်ကောင်း မျက်စိတစ်ဆုံး လိုက်ကြည့်မိကာ... ဘယ်လိုပုံစံမျိုးနဲ့ မြန်မြန်ဆန်ဆန်ကြီး နာခံသွား တာလဲ...။ 'မလုပ်ပါဘူး'ဆိုတာက...။





## အခန်း [၂၈]

ပထမတစ်ခါ ဖုန်းဝင်လာတာက မြင့်မား ဆီကဖြစ်ကာ ဖုန်းတခြား လူတခြားနေတတ်သည့် ညွှန်း ကို ဒေါ်ရည်သန့် က ခေါ်ပေးရသည်။ အခန်းအောင်းနေသည့် ညွှန်း မျက်နှာလေးက ဖုန်းပြောချင်ပုံလည်းမရပေ...။

"စိတ်ချပါ၊ ညဘက်ညှော်ခံပွဲမှာ ကိုမား စီစဉ်ထားတဲ့ဝတ်စုံပဲ ဝတ်မှာ"

"တို့ စီစဉ်တာ မဟုတ်ပါဘူးကွာ...၊ ညွှန်း သဘောကျ လုပ်ပေး ထားတာပါ၊ ခုလို မေးရတာလဲ ကောင်း ရဲ့ဝတ်စုံကို ဝတ်တဲ့အတွက် စိတ်ထဲမှာ ဘာမှရှိလို့ မဟုတ်ပါဘူး၊ အစကတော့ အားလုံးကို ညွှန်း ပဲ စိတ်ကြိုက်စီစဉ်ထားပြီး ကောင်း အတွက် တမင် လိုက်လျောလိုက် တယ်လို့ ထင်ခဲ့တာ..."

"လိုက်လျောခဲ့တယ်ဆိုရင်တောင် ကောင်း ကလဲ သူ့သူငယ်ချင်း အတွက် လုပ်ပေးပါရစေဆိုတာကို ညွှန်း ခွင့်ပြုတာပါ"

"ဟုတ်ပါပြီ... ဟုတ်ပါပြီ...၊ အဲဒါ ကိုယ် မပြောတော့ပါဘူး၊ အခု ညွှန်း နေကောင်းရဲ့လား၊ နာခေါင်းသံတွေ ပါနေသလားလို့..."

"ကောင်းပါတယ်၊ မေမေနဲ့ ခုပဲ အပြင်ထွက်တော့မလို့..."

"ဟင်!... ဘယ်ကိုလဲ...၊ မင်္ဂလာကိစ္စဆိုရင် ကိုယ် လာမယ်လေ၊ အန်တီက လူကြီးဆိုတော့..."

"ရတယ် ကိုမား...၊ မေမေနဲ့သွားရမယ့်ကိစ္စမို့ပါ၊ ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်တာလောက်နှင့် ခေါင်းမကိုက်ခဲ့ဖူးပေမယ့် ခုတော့ ခေါင်းတွေ ကိုက်နေတာ တကယ်ဖြစ်၏။ ဖုန်းချပြီး ပြန်လှည့်လိုက်တော့လည်း မေမေက စိုက်ကြည့်နေတာမို့ မျက်လွှာချခဲ့မိသည်။

ကောင်း ရဲ့ဝတ်စုံကို ဝတ်လိုက်မှာအတွက်နှင့် ကိုမား နဲ့ မေမေ ဘာဖြစ်လို့ ဒီလောက်ထိ ဖြစ်နေကြတာလဲ..၊ ကိုမား ဘက်က အားလုံး ကျေနပ်ကြသည်ဆိုလို့ မေမေ ဘာမှမပြောခဲ့ပေမယ့် ဒီကိစ္စကို ညွှန်း ကြောင့် ဖြစ်ခြောက်စေသည်ဟု သတ်မှတ်ကာ မျက်နှာမကောင်းဘဲရှိ

နောက်ထပ် ဖုန်းမြည်လာတော့ ညွှန်း အခန်းဝကို ရောက်နေပြီ

"ဟလို..."

"... ... ..."

"ဪ... ရှိတယ်"

ညွှန်း ပြန်လှည့်ကြည့်လိုက်တော့ မေမေက တည်ကြည်သည့် မျက်နှာနှင့် ဖုန်းကို နေရာမှာချထားလိုက်ကာ...

"ကောင်း ဆီက..." လို့ပြောပြီး ဆိုဖာပေါ်မှာ သွားပြန်ထိုင်သည်

ညွှန်း ပြန်လျှောက်လာခဲ့ကာ...

"ဟလို..."

"ညွှန်း နေမကောင်းဘူးလား"

"ဟင့်အင်း..၊ ကောင်းပါတယ်..."

"အသံက ဘာဖြစ်နေတာလဲ၊ ငိုထားတာလား"

"မဟုတ်ပါဘူး၊ ဘာပြောမလို့လဲ..."

"အကျီ ပြီးသွားပြီ"

"အင်း..."

"မနက်ဖြန် ပွဲချိန်မတိုင်ခင် နစ်နာရီစောပြီး ငါ လာခေါ်မယ်"

"အိမ်မှာပဲ လုပ်မှာ မဟုတ်ဘူးလား"

"မလုပ်ဘူး..၊ ငါ့စတူဒီယိုမှာပဲ..."





ညွှန်း၊ မေမေ့ကို လှမ်းကြည့်လိုက်တော့ အစကကြည့်နေပြီး ညွှန်း ကြည့်လိုက်မှ မျက်လုံးလွှဲသွားသည့်မျက်နှာသည်...

"အဲဒါ ငါ မေမေ့ကို မပြောရသေးဘူး"

"ဒါဆို ခုပြောလိုက်တော့..၊ ငါ အားလုံး စီစဉ်ပြီးသားနော်၊ လက် ...ရတနာကအစ..."

...တ်မဆက်ဘဲ ဖုန်းချသွားသည်။ ညွှန်း သက်ပြင်းချရင်း မျက်နှာ ... ငုံ၍ ထွက်လာခဲ့၏။

"မနက်ဖြန် သူ လာခေါ်မယ်လို့ ပြောတာလား"

မေမေ့ရှေ့တည့်တည့်ရောက်မှ ညွှန်း ခြေလှမ်းတုံ့သွား၏။

"ဟုတ်တယ် မေမေ..၊ လက်ဝတ်လက်စားပါ စီစဉ်ထားတယ်တဲ့.."

"ဒီလောက်ဝတ်ဖို့ မလိုပါဘူး၊ ဓာတ်ပုံပွဲပဲဟာ..."

ဓာတ်ပုံပွဲလေးကိုပဲ မင်္ဂလာပွဲကြီးတစ်ခုလို အကျယ်ချဲ့နေကြတာကျ... မေမေ ဘာမှမဝေဖန်ခဲ့ဘဲနှင့်..။ တွေးလိုက်မိပေမယ့် ညွှန်း ဘာမှ ...ဘဲ နေခဲ့မိ၏။

"သူက ဘာဖြစ်လို့ ဒီလောက် ကောင်းနေရတာလဲ..၊ မား နဲ့ကျ... အဆင်ပြေပြေ ဆက်ဆံခဲ့တာ မဟုတ်ဘူး"

မား လက်ထဲကို အပ်ရမယ့်ကိစ္စမှာ တစ်ထီးတစ်နန်းလုပ်ပေးနေ... သူများပြောလည်း ပြောစရာ..။ စကားတစ်ဝက်ကို ရင်ထဲမှာပဲ ...ပြီး ဒေါ်ရည်သန့် မျက်နှာ သိသာစွာ တင်းနေ၏။

သင့်တော်ကောင်း ဆိုတဲ့လူငယ်ဟာ သူများကို ကန့်လန့်တိုက်ရဖို့ ...ကယ်ကို တစ်ဖက်ကမ်းခတ်တဲ့သူ။ ကိုယ့်သမီးလေးကလဲ ကောင်း... ...ားတစ်ခွန်းကို စားသွားထက် ပိုပြီး အလေးထား ဂရုစိုက်ခဲ့တာ ...အလာတစ်ခုလို ဖြစ်နေသည်လား။

ပြောပြန်ရင်လည်း မကောင်း..။



www.burmeseclassic.com

www.burmeseclassic.com



**အခန်း | ၂၉ |**

"ဒုက္ခပါပဲ၊ မိုးချုပ်ပါတယ်ဆိုမှ..."

ကားက လမ်းခုလတ်မှာ ထိုးရပ်သွားသည်။ ဒရိုင်ဘာ ပြန်
သားအမိ အပြင်ထွက်ဖို့အကြောင်း ပေါ်လာသည်မို့ ထွက်လာခဲ့
ကားက ဒုက္ခပေးလေသည်။

"ဘာဖြစ်သွားတာလဲ မေမေ.."

"မသိပါဘူး သမီးရယ်..၊ မေမေလဲ ကားပဲမောင်းတတ်တာ
တတ်ဘူး"

ကားမောင်းချင်ရင် သင်တန်းပြေးတက်ပြီး ရက်ပိုင်း၊ လပိုင်
နှင့် ကားပေါ်တက်မောင်းလို့ ရသည်။ ဒါပေမယ့် လက်တွေ့မှာ
ကူဘူးဆိုတာတွေကို ပိုပို သိလာခဲ့ရ၏။

တော်သေးသည်။ လမ်းက ကားရှုပ်သည့်လမ်းမျိုး မဟုတ်။
စပျိုးနေပြီမို့ စိုးရိမ်စိတ်တွေဖြစ်ကာ ဒေါ်ရည်သန့် ထိုင်နေရ
ဆင်းကြည့်ဖို့ကလည်း သူမ ဘာမှမသိပေ..။

ဒရိုင်ဘာနှင့်ဆိုရင်တော့ ဘာဖြစ်သည်၊ ညာဖြစ်သည်
လောက်တော့ သိရမည်။ လိုအပ်လျှင် ဝပ်ရှော့ကို ဖုန်းဆက်ရုံ

"ဆင်းကြည့်ရအောင်လေ မေမေ..."

ဒီတိုင်းကြီး ထိုင်နေမယ့်အစား ညွန်း တံခါးဖွင့်ဆင်း၏။





"ကြည့်တော့လဲ ဘာမှသိမှာမှ မဟုတ်တာ သမီးရယ်..၊ စိတ်ညစ်
ပဲ"

"မသိလဲ ပလပ်ခေါင်းတွေဘာတွေ ကိုင်ကြည့်မယ်၊ ကြိုးတွေ
တွေ ပြုတ်ပြုတ်နေတော့လဲ မြင်ရတာပေါ့"

ကောင်း နှင့်သွားတဲ့အခါ ဒီလိုဖြစ်လျှင် ကောင်း ဆင်းသွားတာ
ညွန်း လည်း ဆင်းလိုက်နေကျမို့ ကောင်း လုပ်ရှားနေသမျှ လိုက်
ည့်ဖြစ်ခဲ့သည်။ သားအမိနှစ်ယောက် စက်ဖုံးကိုဖွင့်လိုက်ကြပြီး ဟိုဒီ
ကြည့်နေဆဲ...

"ကားပျက်နေလို့လား၊ ဘာကူညီရမလဲ"

ရှေ့ကို ငုံ့နေသည့် ညွန်း တို့သားအမိ နောက်ကို ချက်ချင်း လှည့်
ည့်မိသည်။ အကျီရင်ကွဲတွေနှင့် ဘောင်းဘီရှည် ကိုယ်စီဝတ်ထား
သ လူသုံးယောက်က တည်တည်ကြည်ကြည်မေးတဲ့ပုံစံတွေ ဖမ်းထား
ယ့် အရက်နံ့တွေနှင့် ရီဝေနေသော မျက်လုံးတွေက နီကျင်ကျင်တွေ..။

"ပြင်ပေးမယ်လေ..၊ ကားပြင်ခအတွက် ငွေ မယူပါဘူး"

"ဟော့ မင်းတို့ကို ဘယ်သူက ကူညီပါနိုင်းနေလို့လဲ၊ မလိုဘူး..၊
ိ့လမ်းကိုယ်သွားကြ"

ဒေါ်ရည်သန့် မျက်နှာက ရှုံ့ရှာသလိုနှင့် လေသံက မာတော့ အရပ်
ည်ဆုံးလူက မိုက်ကြည့်နှင့် မျက်နှာမူလိုက်သည်။

"ကိုယ့်လမ်း ကိုယ်သွားနေတာပဲ၊ ဒါ ကျုပ်တို့ရဲ့လမ်း..၊ လမ်း
မှာ ကားရပ်ရင် အခွန်ဆောင်ရတယ်"

"မိုးကြီး ကလဲကွာ..၊ ယောက္ခမကြီးကို စော်ကားမိသလို ဖြစ်ဦး
။ ဟဲ... ဟဲ..."

ဒေါ်ရည်သန့် အခြေအနေကို သဘောပေါက်သွားကာ စိုးရိမ်စိတ်
ဖြစ်သွား၏။ ကိုယ့်အတွက် ပြဿနာမရှိပေမယ့် သမီးလေးကို
ခ်ပေါက် အစွန်းမခံနိုင်..။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဒီဘက်လမ်းကို ကွေ့ဝင်လာသည့် ကားတစ်စီး..။

"ဟယ်!... မေမေ..၊ ဟိုမှာ ကောင်း ရဲ့ကား..."

ညွန့် ဝမ်းသာအားရ ခြေလှမ်းလိုက်သည်နှင့် တစ်ယောက်
ရှေ့က ဝိတ်ရပ်လိုက်သဖြင့် ရင်ဘတ်ချင်းတိုက်မိတတ် ဖြစ်သွားသည်

"ကောင်း..."

ညွန့် က လက်ပြပြီး အကျယ်ကြီး အော်ခေါ်လိုက်၏။ အ
ရောင် မာစီဒီးက မလှမ်းမကမ်းမှာ ရပ်သွားပြီး ကောင်း ဆင်းလာ

"ဘာဖြစ်နေတာလဲ"

"ငါတို့ ကားပျက်နေတာ..၊ သူတို့က..."

"ဟိတ်ကောင်..၊ မင်းသားရုပ်လေး စုတ်ပြတ်မသွားချင်ရင် ထို
လမ်းကိုယ်သွား..."

"သွားမလို့ပဲ"

ကောင်း က ပြောပြီး ညွန့် လက်ကို ဆွဲယူလိုက်၏။ ထို
အဖြောင့်ဝင်လာသည့်လက်သီးချက်က သူ့မျက်နှာ ငဲ့ရှောင်လိုက်
နားနားကနေ ဝီခနဲ ဖြတ်သန်း၏။

ရန်ဖြစ်ကြပြီဆိုတော့ သုံးယောက်တစ်ယောက်မို့ ကောင်း ပဲ
သည်။ ဒီကြားထဲ ညွန့် အော်နေသံက နိုပ်စက်ကာ အတွေ့အကြ
ခဲ့သော ကောင်း အတွက် မလွယ်တာတွေချည်း ဖြစ်နေခဲ့၏။
ယောက်မှောက်သွားပြီး နောက်တစ်ယောက်နှင့် ရင်ဆိုင်နေတုန်း

"ကောင်း...၊ ကောင်း... နောက်မှာ..."

တုတ်ပြေးကောက်သည့်လူက ကောင်း နားမှာမို့ ညွန့် စိုးရိမ်
ကာ အော်ပြောရုံနှင့် လုံလောက်သည်မထင်ဘဲ တအား ပြေးဝင်သွ

"သမီး..."

ဒေါ်ရည်သန့် မျက်လုံးတွေ ပြာသွားသည်။ ကောင်း လှည့်
လိုက်တော့ ညွန့် က သူ့နားရောက်နေပြီဖြစ်ကာ ရိုပ်ခနဲ မြောက်





သွားသည့်တုတ်ချက်ကိုလည်း မြင်လိုက်၏။

"ဘာလို့ ပြေးလာတာလဲ..."

"ဗိုန်း.."

"အား..."

ညွန့် ကို ဆွဲဖက်ပြီး ကိုယ်နှင့် ခံပေးလိုက်သဖြင့် ပခုံးတစ်ဖက်လုံး
အောင့်တက်သွားတာ သတိလစ်မတတ်ပင်..။

"ဟိုမှာ လူတွေ လာပြီ..၊ လာကြပါဦး..၊ ကယ်ပါဦးရှင်.."

နောက်ထပ်ရိုက်ဖို့ မြှောက်ထားပြီး ဒေါ်ရည်သန့် အော်သံကြောင့်
လာနေသည့် မြေကြီးသယ်သောကားကြီးကို သူတို့ မြင်သွားကြ၏။

တုတ်ကို လွှတ်ချလိုက်ပြီး ဒယိမ်းဒယိုင် ကုန်းထနေသည့်အဖော်
ကို နှစ်ယောက်ကတွဲ၍ လမ်းဘေးအတိုင်း ကသုတ်ကရုတ် ပြေးဝင်သွား
ကြ၏။ မြေကြီးသယ်သည့်ကားကြီးက အနားမှာရပ်သွားကာ နောက်မှာ
ပါလာသည့် အလုပ်သမားတွေက ဘာဖြစ်သွားသေးလဲဟု ဆင်းလာပြီး
မေးကြ၏။

"ကောင်း... ကောင်း.. ဘာဖြစ်သွားလဲဟင်..၊ ခေါင်းကို ထိသွား
သေးလား"

ညွန့် ငိုသံပါလေးနှင့် မေးနေတာကို ခေါင်းပဲ ခါပြနိုင်သည်။

"သား လူလေး..၊ ပခုံး အရမ်းနာသွားပြီလား"

ဒေါ်ရည်သန့် က ဖြစ်ပုံကို သေချာမြင်လိုက်တဲ့သူမို့ တုတ်ချက်မိ
သွားသည့် ကောင်း ရဲ့ပခုံးကို တယုတယ ပွတ်သပ်နေရင်း...

"တုတ်နဲ့ရိုက်သွားတာ ပခုံးကို သေချာထိသွားတယ်၊ အားလုံးကို
ကျေးဇူးတင်ပါတယ်ရှင်.."

ကောင်း ကို ကားပေါ်တွဲတင်ကာ ကိုယ့်ကားကိုတော့ ဒီတိုင်းထား
ပြီး ဝပ်ရှော့ကိုပဲ ဖုန်းဆက်လိုက်ရ၏။

"ကောင်း ရယ်..၊ နင် အရမ်း နာနေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

ကောင်း မျက်နှာရှုံ့မဲ့နေကာ စကားသုံးခွန်းကို ဖျစ်ညှစ်ပြောရတဲ့ပုံ..။ ထိုညနေမှာ ကောင်း ကို ဆေးခန်းဝင်ပြပြီး အိမ်ပြန်ပို့တဲ့အထိ ဒေါ်ရည်သန့် ပဲ လုပ်၏။

"ကျေးဇူးတင်ပါတယ်"

ဦးအောင်ကောင်း က ပြောလိုက်တော့ ဒေါ်ရည်သန့် က ပြုံးကာ—

"မငြေါပါနဲ့ ကိုအောင်..၊ သန့် က ကျေးဇူးတင်ရမှာပါ"

"မလိုပါဘူး..၊ မင်း ကိုယ့်သားကို ဂရုတစိုက်ရှိနေသေးတာကို တကယ်ဝမ်းသာလို့ ပြောတာ၊ သူတို့သူငယ်ချင်း ဒီလိုဖြစ်နေရင် ဘယ်သူက လက်ပိုက်ကြည့်နေမှာလဲ..၊ ဒါက သာမန်ဖြစ်စဉ်တစ်ခုပါ"

ကောင်း ရဲ့အိပ်ခန်းထဲမှာတော့ ညွန်း က မျက်ရည်ကျလို့ကောင်းတုန်း..။

"နင် ငါ့ကြောင့်နော်..."

"မဟုတ်ပါဘူးဆိုမှ..၊ ဘာဖြစ်နေတာလဲ၊ သုံးယောက်ကြီးကို နှိုးအောင် ဘယ်လိုလုပ်ချမလဲ"

"အင်းလေး..၊ ငါက စွတ်ပြေးလာတော့ နင် ဒီတိုင်းကြီး ခံလိုက်ရတာပေါ့၊ မနိုင်မှန်းသိပေမယ့် ရန်ဖြစ်ခဲ့ရတာလဲ ငါ့ကြောင့်ပဲ"

ပြောနေရင်း မျက်ရည်သုတ်တော့ ကောင်း က ပြုံးလိုက်ကာ—

"ကဲ... ငါ့ကြောင့်တွေပဲဆိုတော့ ဘာပြန်လုပ်ပေးမှာလဲ"

"လုပ်ပေးလို့ မရလို့ပေါ့..၊ နင် တစ်ခုခု ထိခိုက်မိတိုင်း ငါ ငိုရတာပဲ၊ ခုဟာက ငါ့ကြောင့်..."

ကောင်း က ဒဏ်ရာသက်သာသွားပြီမို့ ပြုံးနိုင်ရယ်နိုင်ဖြစ်လာလျက်—

"မနက်ဖြန် စာမေးပွဲစစ်ရတော့မယ့် သတို့သမီးလောင်းကို ထိခိုက်သွားရင် ပွဲပျက်သွားမှာပေါ့..၊ ငါ အနာခံရကျိုးနပ်ပါတယ်"

ကောင်း မျက်နှာကို ညွန်း ငေးသွားမိသည်။ ထိုအခါ...





"သူက ဘာဖြစ်လို့ ဒီလောက်ကောင်းနေရတာလဲ"လို့ မေးခဲ့သော မေမေ့အသံကို နားထဲမှာ ပြန်ကြားလာခဲ့သည်။

ကိုယ့်ကို မရိုးသားပါဘူးလို့လည်း ကောင်း ဖွင့်ပြောပြီးသား..။

"ကောင်း..."

"ဟင်!..."

"နင့်ရင်ထဲကို ငါ သိချင်တယ်"

ကောင်း က ဟွန့်ခနဲ ရယ်လိုက်ပြီး အောင့်နေဆဲ ပခုံးတစ်ဖက်ကို လက်တစ်ဖက်နှင့် ဖိနှိပ်နေ၏။

"နင် ငါ့ကို မား နဲ့ တော်တော် ကြည်ဖြူနေသလိုပဲ၊ မဟုတ်ဘူးဆိုတာကိုလဲ ငါ သိနေတယ်"

"ဟုတ်တယ်လေ..."

"ဘာဟုတ်တာလဲ"

"နင် သိတဲ့ မဟုတ်ဘူးဆိုတာကို ဟုတ်တယ်လို့ ပြောတာ"

ညွန်း မျက်မှောင်ကြုတ်လျက်နှင့် တွေးနေ၏။ ညရဲ့မီးရောင်အောက်မှာ ညွန်း ရဲ့မျက်ခုံး၊ မျက်တောင်လေးတွေက ပိုထင်းနေသလိုဖြစ်ကာ ပါးလေးတွေ ဝင်းနှစ်နေတာလည်း ပေါ်လွင်၏။ သူမကတော့ ကောင်း စိုက်ကြည့်နေတာကို မသိပါ။

"နင်က ငါ့ကို မနှောင့်ယှက်ချင်တော့လို့ ကူညီပေးဖို့ ဆုံးဖြတ်ခဲ့တာဆိုရင်လဲ သူတို့ကတော့ တလွဲတွေးနေကြတာပဲ"

"နင့်အမေနဲ့ ငါ့ဒယ်ဒီလား"

ဦးအောင်ကောင်း လည်း ကောင်း ကို ဆူပြီးပြီဆိုတာ ညွန်း သိလိုက်၏။ ကောင်း ကပြုံး၍ ခုတင်ပေါ်ကနေ ခြေတွဲလွဲချထိုင်လိုက်ကာ—

"ဘယ်သူ ဘယ်လိုထင်ထင် ငါ ဂရုမစိုက်ပါဘူး"

"နင့်ရင်ထဲက ရည်ရွယ်တာကို ငါ့ကို ပြောပြပါလား"

"နင်ကလဲ တလွဲတွေးနေတဲ့သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ငါ မေမေ့ကို သေချာပြောပြချင်လို့"

"မလိုဘူး ညွန်း...၊ ငါ လုပ်နေတဲ့အဓိပ္ပာယ်က ငါ့ဟာငါ သိတယ်၊ နင့်အတွက် ငါလုပ်တာ ဘယ်သူကျေနပ်နပ်၊မနပ်နပ်.."

ညွန်း က အကြာကြီး ငေးကြည့်နေပြီးမှ နာရီ ငုံ့ကြည့်သည်။

"ငါ ပြန်တော့မယ်"

အပြင်မှာ မေမေ စောင့်နေတာမှန်း သိလို့ပါ။ ကောင်း က ညွန်း လက်ကိုဆွဲထားလိုက်ပြီး...

"ခဏနေပါဦး"

"ဘာပြောမလို့လဲ..၊ နင် မနက်ဖြန် ဒီဒဏ်ရာနဲ့ အဆင်ပြေပါ့မလား"

"အဲဒါ ငါ့အလုပ်ပါ"

စကားကောင်းပြောရမှန်းတော့ မသိပါလား..။

"ငါ့ရင်ထဲမှာ ဘာရှိနေသလဲဆိုတာ နင့်ကို မား ဆိုတဲ့ကောင် မေးခိုင်းတာလား"

"အို.. မဟုတ်ပါဘူး၊ သူ မေးခိုင်းတော့ရော ငါက မေးစရာလား"

"ငါ့ဆီကို သူ ဖုန်းဆက်တယ်"

"ဟင်!..."

ကောင်း က ဂရုမစိုက်သည့်မဲ့ပြုံးနှင့်...

"အပြောကတော့ ချိုပါတယ်၊ နင် မေးသလို မေးတာပဲ၊ ဒါပေမယ့် နောက်ဆုံးကျ ဘာပြောလဲ သိလား..."

သိချင်စိတ်နှင့် ညွန်း နားစိုက်ထောင်နေမိ၏။

"သူ့ကို ကြိုက်သလို နှောင့်ယှက်ပါ၊ နင့်ရဲ့စိတ်ကိုတော့ အနှောင့်အယှက် မဖြစ်စေချင်ဘူးတဲ့"

ပြောပြပြီး ကောင်း က ရယ်သည်။ အတိအကျ နှောင့်ယှက်မယ့် ရုပ်ကြီးပါလား..။





**အခန်း [၃၀]**

"ကားတောင် လက်တစ်ဖက်တည်း မောင်းလာတာမို့လား၊ ဖြစ်ပါ့ မလား သား"

"ဖြစ်ပါတယ် အန်တီ..၊ မိတ်ကပ်ပြင်တာ အားစိုက်ဖို့မှ မလိုတာ"

ဒေါ်ရည်သန့် စိတ်ထဲမှာတော့ အိမ်မှာပဲ ပြင်ပေးစေချင်တာဖြစ် သည်။ ကောင်း ကို မလိုလားစိတ်ဖြစ်တာ မဟုတ်ပေမယ့် မား ကို တစ်ချက်တော့ ငဲ့သင့်သည်ထင်၏။

ညွန်း ကတော့ ကောင်း နဲ့လိုက်ရမှာကို ပျော်နေသည့်ပုံပါ..။

"ကောင်း နော်..၊ နင် ဘယ်သူ့ကိုမှ မိတ်ကပ်ပြင်မပေးဘူးဘဲနဲ့ ငါ့မျက်နှာမလှရင် တွေ့မယ်"

"အမြဲတမ်း တွေ့နေတာပဲဟာ"

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ထားလျက် ကောင်း က စပ် ဖြဲဖြဲ..။ ညွန်း က လက်မောင်းကိုထုပစ်လိုက်တော့ ပခုံးတွန့်ပြီး ရယ်သည်။

"သား ရေ..၊ နာရီဝက်လောက် စောပြီး ပို့ပေးနော်"

"ဟုတ်ကဲ့.."

"ဟိုတယ်ကိုပဲ လိုက်ခဲ့မလား"

"ကျွန်တော် အိမ်ပြန်ပို့ပေးမှာ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး...၊ ဒါဆို အန်တီ အိမ်ကပဲ စောင့်မယ်"

ဒေါ်ရည်သန့် တံခါးဝအထိ လိုက်မှာသည်။

မျက်နှာကလည်း ပြုံးလို့ပါ။ သူမစိတ်ထဲမှာ ကောင်း အပေါ် အထင်မြင်လွဲခဲ့တာတွေလည်း မရှိတော့ပေ..။

သမီးကို အနိုင်ယူလွန်းသည်၊ ဗိုလ်ကျလွန်းသည်ဟု ထင်ခဲ့သမျှ မနေ့ကအဖြစ်ကြောင့် အားလုံးကို မေ့ဖျောက်နိုင်အောင် ဖြစ်သွားခဲ့သည် ဟု ဆိုရမလား..။ ညွန်း အတွက် ကောင်း လျှပ်တစ်ပြက် ကာကွယ် လိုက်ခဲ့သော စေတနာသည် ဒီနေရာ တုတ်နှင့်ရိုက်တာမဟုတ်ဘဲ ဓား တစ်ချောင်းဖြစ်ခဲ့လျှင်...

ဒါမှမဟုတ် ကိုယ်ကိုထိတာ မဟုတ်ဘဲ ခေါင်းကိုသာ ရိုက်မိခဲ့ လျှင် အသက်အန္တရာယ် ကြီးလွန်းပါသည်။ သမီးလေးအတွက် စွန့် လွှတ်စွန့်စားပေးခဲ့တာရော..၊ ပြီးတော့ ရှိခဲ့ပြီးသား သံယောဇဉ်နှင့် ရင်ထဲ မှာ ကောင်း ကို အရင်အတိုင်းပဲ နွေးထွေးနေခဲ့သည်။

သမီး ချေစပ်လိုက်သည့်အတွက် ကောင်း ဘက်က အရင်လို ခင်တုန်းပဲဆိုတော့ ကျေးဇူးလည်း တင်မိသည်။ ဝမ်းလည်းသာ၏။

သူမ အိမ်ထဲပြန်ရောက်ပြီး ရေချိုးသည့်အချိန်ထိ ကောင်း တို့က တော့ ကားပေါ်မှာပဲ ဖြစ်လျက်...

"ပျော်နေတယ်ပေါ့.."

"ဘာပျော်ရမှာလဲ.."

"မသိဘူးလေ..."

ကောင်း က နှုတ်ခမ်းမဲ့မဲ့နှင့် ပခုံးတွန့်တော့ ညွန်း က မကျေမနပ် ကြည့်ကာ...

"မတည့်အောင် မစလာနဲ့...၊ ငါက ဒီအချိန်မှာ နင်နဲ့အတူ ရှိနေ ရတာကို ပျော်တာ..."

"ဘာ!..."





မေးပုံက မသိလို့မေးတာ မဟုတ်ဘဲ ရွဲ့ချင်သည့်မျက်နှာနှင့်။ ညွန်း က ရန်မဖြစ်ချင်သည်မို့ ကောင်း မျက်နှာကို မသိသလိုနေလိုက်ကာ...

"ငါ ချေစပ်လိုက်တဲ့အတွက် နင်နဲ့ငါ တစ်ခုခုနဲ့ စိမ်းသက်သွားမှာ ပဲလို့ ထင်ခဲ့တာလေ..၊ ချေစပ်ဖို့ လက်ခံခဲ့ပေမယ့် အဲဒါကြောင့် ငါ စိတ်မချမ်းသာခဲ့ရဘူး၊ အခု နင်က အရင်အတိုင်းပဲ ရယ်မောမပျက်တော့ ငါ ပျော်တာပေါ့"

"ယောက်ျားလဲ ရ..၊ သူငယ်ချင်းလဲ ရ..၊ ဒီလိုလား"

"ယောက်ျားရတာ မဟုတ်ပါဘူး၊ ချေစပ်ဖို့က မေမေ သဘောတူ နေလို့ ခေါင်းညိတ်ခဲ့တာဥစ္စာ၊ ခုယူရမှာမှ မဟုတ်သေးတာ"

"နောက်တော့ မယူဘဲနေမှာမို့လို့လား"

"နောက်ဆိုတာက ငါ ခေါင်းညိတ်မှ ဖြစ်တာပါ"

"နင်က ခေါင်းမညိတ်ဖို့ စိတ်ကူးရှိထားလို့လား"

မမြင်ခဲ့ဖူးသည့် အပြုံးလေးတစ်ချက်ဖြစ်သွားကာ ညွန်း က သူ့ကို လှည့်ကြည့်၏။

"ငါ မတရားဘူးထင်တယ်နော်..၊ သူ့ကို အချိန်ဆွဲထားရင်း တစ် နေ့နေ့မရောက်ခင်မှာ သူ စိတ်ပျက်သွားမှာပဲ ငါထင်တယ်၊ စိတ်ပျက် လောက်အောင်လဲ ငါ ခေါင်းခါနေဦးမှာပဲ၊ ဒီကြားထဲမှာ သူလဲ ချစ်သူ တွေ့သွားမှာပါ၊ ယောက်ျားလေးတွေက ရွေးချယ်ထိုက်တဲ့မိန်းမထက် ဆွဲဆောင်မှုရှိတဲ့ မိန်းမမျိုးကို ပိုမက်တယ်တဲ့"

"ဘယ်သူပြောတာလဲ.."

"သူငယ်ချင်းတွေ ပြောကြတာ..၊ ငါက သူ့ကို ဆွဲဆောင်နေမှာမှ မဟုတ်တာ၊ ငါ့ကို စောင့်နေရင်း သူ သဘောပေါက်လာတဲ့နေ့ နောက် ဆုတ်သွားမှာပဲ"

"ပိုပိုပြီး ချစ်နေရင် ဘယ်လိုလုပ်မလဲ"

"အဲဒီတော့လဲ မေတ္တာအစစ်အမှန်လို့ ယူဆပြီး စွဲဆုံးဖြတ်သင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမှာပေါ့..၊ ခုချိန်ထိ ငါ သူ့ကို လက်ထပ်မယ်လို့ မဆုံးဖြတ်သေးဘူး၊ အဲဒါကြောင့် ဒီစေ့စပ်ပွဲအတွက် ဝမ်းနည်းဖို့၊ ဝမ်းသာဖို့ ငါ့ရင်ထဲမှာ ဘာမှမရှိဘူး"

ကောင်း က ကားမောင်းနေရင်း ပွန့်ခနဲ ရယ်၏။

"ယောကျ်ားလေးတွေကို နင် တော်တော် လျှော့တွက်တာပဲ ညွန်း..၊ မခံချင်စိတ်အပြင်းဆုံးက ယောကျ်ားလေးတွေပဲ၊ မရရင် ပိုလိုချင်တယ်၊ ခက်ခဲလေ ပိုစိတ်ဝင်စားလေ"

ညွန်း က ဘာမှမပြောဘဲ နားထောင်နေ၏။

"ဒီစေ့စပ်ပွဲကိုတောင် နင် စိတ်မဝင်စားဘဲ လက်ခံခဲ့ရတယ်မို့လား၊ အဲဒါ ဘယ်လိုဖိအားတွေကြောင့်လဲ..၊ နင့်ကို တစ်ဝက်သေချာပြီးကာမှ မား ဆိုတဲ့ကောင်က ငုတ်တုတ်မေ့ကျန်ခဲ့မယ်လို့ ထင်လား"

ညွန်း မဖြေနိုင်..။

"ငါဆိုရင်တော့ လိုချင်ရင် ရအောင်ယူမှာပဲ"

"ယူပေါ့..၊ ဦးကလဲ ယူစေချင်နေတာပဲဟာ..."

"ဒါပေမယ့် ဒယ်ဒီ့ရင်ထဲကို ငါ ခုမှမြင်တာ..၊ သူ ယူစေချင်တဲ့ မိန်းမက တစ်ယောက်..."

ပြောပြီး လှည့်ကြည့်လိုက်တော့ ညွန်း နှင့် မျက်လုံးချင်းဆုံသွား၏။ ထိုအချိန်မှာပဲ ကားက ဆိုင်ရှေ့မှာ ရပ်တန့်သွားခဲ့၏။ 'ကောင်းဖက်ရှင်'မှာ လူကတော့ အချိန်မရွေး စည်ကားနေတာပဲ ဖြစ်သည်။ ကောင်းကို မြင်တာနှင့် သမင်လည်ပြန်လိုက်ကြည့်ကြတာလည်း မရိုးနိုင်..။

သူ့ကြောင့် ညွန်း ကိုပါရောပြီး လူတွေသိကုန်ကြတာ ဖြစ်၏။

"ရေသွားချိုး..၊ ပြီးရင် ငါ့အခန်းထဲကို လာခဲ့"

ကောင်း က ဖုန်းတစ်လုံးနှင့် ပြန်ထွက်သွားသည်။ ညွန်း ရေချိုးပြီးထွက်လာတော့ အခန်းရှေ့ကနေ စောင့်နေလျက် ညွန်း ပခုံးလေးပေါ်ကို တဘက်ခြုံပေးလိုက်ကာ...





"အလယ်ခန်းမှာ စောင့်နေ..၊ ခဏကြာရင် ငါ တက်ခဲ့မယ်"

ဟုပြော၍ ဒုတိယထပ်ကို ပြန်ဆင်းသွား၏။ ကောင်း မျက်နှာမှာ ရယ်နေတာလည်း မဟုတ်..၊ တည်တယ်လို့လည်း မဟုတ်ဘဲ အလုပ်ချိန်ဆိုသည့် သတ်မှတ်ချက်တစ်ရပ် ဆောင်ထားသလို တည်ကြည်လေးနက်နေ၏။

ပြီးတော့ ရတု တို့နှင့် ဘာတွေပြောနေကြမှန်းမသိဘဲ ညွန်း အကျိတ်နေတုန်းမှာ သွားလာလှုပ်ရှားနေကြသံတွေကို ကြားနေရ၏။

ကောင်း အထဲဝင်လာသည်နှင့် မှန်တင်ခုံကြီးတစ်ခုပါ အခန်းထဲရောက်လာကာ မိတ်ကပ်သေတ္တာစ်က သပ်သပ်..။ ထို့ပြင် လေးထောင့်သတ္တာလေးတစ်လုံး..။ မျက်နှာကို စ,ကိုင်ပြီဆိုကတည်းက ညွန်း မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

ထိုအခါ ကောင်း ဖွင့်ထားသည့် ဖုန်းထဲကသီချင်းသံဟာ စိတ်တွေငြိမ်မသက်ဖြစ်အောင် တူးဆွနေသလိုပင်..။

♫... သူငယ်ချင်းလေးပါပဲ... သူငယ်ချင်းလေးပဲတဲ့ကွယ်...
... ဒီလို အကြိမ်ကြိမ်အခါခါ ပြောပါတယ်... ချစ်ရသူရယ်...
... နောက်ထပ် နောက်တစ်ယောက် မချစ်ဘူး... ယဉ်ယဉ်လေးနဲ့
...တော့မယ်... အချိန်တွေကုန်လွန်... အသက်တွေကြီးကုန်ရင် ခက်ရချေရဲ့...

ဆိုနေ..၊ ပြောနေသမျှကို ကြားနေရတာက မျက်လုံးမှိတ်ထားတော့ ပိုပြီး ပီပြင်နေသလိုပင်..။ ကောင်း က ညွန်း မျက်နှာလေးကို မေးဖျားလေးကနေ မော့စေလိုက်..၊ ပါးလေးတွေကို ကိုင်၍ ဟိုဘက်လှည့်..၊ ဒီဘက်လှည့်..။ နှစ်ယောက်စလုံး ဘာစကားမှလဲ မပြောဖြစ်တော့ဘဲ သီချင်းတွေပဲ တစ်ပုဒ်ပြီးတော့ နောက်တစ်ပုဒ်..။

♫... လူငယ်တွေအရွယ်မှာ ... အမြဲတမ်း ဖြစ်တတ်တဲ့အရာ ...
... အရိုင်းလေးနဲ့ ပီတာ ... နားမရှိတဲ့ တတ်ကောင် ...



www.burmeseclassic.com

www.burmeseclassic.com



... မိဘကပြောတော့ ... လေထဲက အမှိုက်လို ...

... မိုက်ကြည်ကြည်တဲ့ဒါ ... ထီးတားတားပဲ နားထောင် ...

ကောင်း ဒါတွေပဲ သွင်းထားတာလား..၊ နောက်ထပ် ဘာ

လာဦးမလဲ..။ ညွန်း စိတ်တွေလှုပ်ရှားစပြုနေပြီ ဖြစ်၏။

ရဲ... မင်း ဖို့ရဲ့ကောင်းကင် ... အိပ်မက်ထဲက နတ်သမီး ...

... မင်းနဲ့မှ အချစ်ကို ခံစားမိ ...

"မျက်လုံးဖွင့်..၊ မျက်တောင်တွေ ကော့မယ်"

ညွန်း မျက်လုံး ဖွင့်လိုက်ရသည်။ ကောင်း မျက်နှာက သူမရှေ့

နီးနီးလေး..။

"ကောင်း... လုပ်လေ..၊ ဘာကြည့်နေတာလဲ"

"မျက်လုံးက ဘာဖြစ်လို့ တစ်ချိန်လုံး မှိတ်ထားတာလဲ"

"နင် လွတ်လွတ်လပ်လပ် လိမ်းလို့ရတာပေါ့"

ကောင်း က ပြုံးလိုက်ကာ...

"စေ့စပ်ပွဲမှာ မျက်လုံးကြီးမှိတ်ပြီး လျှောက်မှာမှမဟုတ်တာ

ဖွင့်ထားမှ အဲဒီမျက်လုံးကို ဘယ်လိုလှအောင် ပြင်ရမလဲ သိမှာ

မမှိတ်နဲ့..."

"နင့်မျက်နှာကြီးက ရှေ့မှာကို..."

"ပြင်ပေးနေတာ ရှေ့မှာမနေလို့ ဘယ်သွားနေရမှာလဲ"

အဲဒီသီချင်းတွေ ပိတ်လိုက်စမ်းပါလို့ ပြောချင်တာ ကလိ

ဖြစ်နေ၏။ ဒါပေမယ့် မပြောဖြစ်ခဲ့ပါ..။

နှုတ်ခမ်းနီဆိုးဖို့ မေးဖျားကို ပင့်ကိုင်ထားပြီး သူ ငေးနေ

ညွန်း ပါးလေးတွေ တင်ထားသည့်ကာလာထက် ပိုရင့်သွား၏။

"ဒါ.. ဆိုးမှာမို့လား၊ ပေး... ငါ့ဟာငါ ဆိုးမယ်"

မနေတတ်သည့်အဆုံးမှာ သူ ကိုင်ထားသည့် နှုတ်ခမ်းနီဘူး





ဆွဲယူပြီး ဖွင့်လိုက်တော့ ကောင်း က ရယ်သည်။ ပြီးတော့ ညွန်း

လက်တွေတုန်ကာ ပုံပန်းမလှဖြစ်နေတာကို လက်ပိုက်ကြည့်နေပြီးမှ...

"လွယ်လွယ်လေး မှတ်လို့လား..၊ လုပ်... ဆက်လုပ်..."

မလွယ်ဘူး ဆိုတာ သိသည်။ ဒါပေမယ့် ကောင်း တစ်ချက်တစ်

ချက် စိတ်ဖောက်လာတဲ့တာကို သိနေသဖြင့် ကြောက်နေတာဖြစ်၏။

တစ်ထပ်လုံးမှာ နှစ်ယောက်တည်း ဆိုသည့်အသိက ဘာရယ်

မဟုတ်ဘဲ ဝင်လာသည်။ အမြဲတမ်း ဒီလိုပဲနေခဲ့ကြပေမယ့်...

"သွားပြီ..."

"နည်းနည်းလေးပါ..၊ ပြန်ဖျက်လိုက်မယ်"

လက်က တုန်နေတော့ နှုတ်ခမ်းနီက ဆားကို လှိုင်းတွန့်လို ထွက်

သွား၏။ မှားသွားပြီဆိုမှ လက်က ပိုတုန်ကာ ဘယ်လိုမှကို ဆိုးလို့မရ

တော့ပေ..။ နောက်ဆုံးမှာ ကောင်း ကိုပဲ မျက်နှာမော့ပေးလိုက်ရတော့

သည်။ ကောင်း က ညွန်း မေးဖျားလေးကို ပင့်ထားပြီး စိုက်ကြည့်နေ

တာ လက်ကို ပြန်ရုတ်လိုက်ပြီး နှုတ်ခမ်းနီဘူးကိုပါ ချထားလိုက်ရင်း...

"ငါလဲ လက်တွေတုန်နေပြီ..၊ နောက်မှ ဆိုးတော့၊ အကျီသွားလဲ

လိုက်..."

ညွန်း သူ့ရှေ့က ထွက်ချင်နေသည်မို့ အခန်းထဲ ကပျာကယာ

ဝင်လိုက်သည်။ ဒါပေမယ့် ခဏပဲကြာ၏။

"ကောင်း... နင့်အကျီက ပန်းတွေရော..၊ ကြိုးတွေရော ငါ မဝတ်

တတ်ဘူး"

"ဝတ်တတ်အောင် ဝတ်..၊ မြန်မြန်လုပ်..."

အခန်းထဲမှာ ညွန်း တစ်ယောက်တည်း အတော်ကြာနေပြီးမှ...

"ကောင်း ရယ်..၊ ဒုက္ခပါပဲ၊ နောက်ကျောက ဇာစ်ဆွဲဖို့ ဘယ်လို

လုပ်မလဲ..၊ အောက်ထပ်က မိန်းကလေး တစ်ယောက်ယောက် သွားခေါ်

ပေးပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မလား…၊ ငါက ဘယ်သူ့ကိုမှ မိတ်ကပ်ပြင်မပေးဘူးလို့ ပြော ထားတာ..၊ တစ်မျိုးထင်ကုန်ကြမှာပေါ့၊ အပြင်ထွက်လာခဲ့.."

"ဟင့်အင်း…"

"ငါ ဝင်ခဲ့မယ်"

"အို!… မဖြစ်ပါဘူး"

ညွှန်း အသည်းအသန် ငြင်းပေမယ့် ကောင်း က အထဲရောက် လာပြီဖြစ်၏။

"ကောင်း…၊ အို… ဘာဖြစ်လို့ ဝင်လာတာလဲ"

အင်္ကျီဝတ်စလက်နှင့် ညွှန်း နောက်ကို ယောင်ရမ်းဆုတ်မိ၏။ ကောင်း က ဆံပင်တွေထဲ လက်ထိုးဖွပြီး ခပ်ငုံ့ငုံ့ရယ်သည်။ ထို့ နောက်တစ်ပုဒ် ပြောင်းသွားသည့် သီချင်းသံ ကြားဖြတ်ဝင်လာ၏။

ဟို… နားနားဘေးမှာ … နားနားဘေးမှာ … နေချင်လို့ပါ …
… နားနားဘေးမှာ … နားနားဘေးမှာ … ရှိချင်လို့ပါ …
… နင့်ရဲ့အချစ်က ငါ့အတွက်မဟုတ်တောင် … စာနာပါ …
… တစ်ဖက်သတ်ပဲလား … ငါ့ရဲ့အချစ်ကို …
… နင် ဘာလို့ အလေးမထား … ဟို…

သီချင်းကို ညွှန်း သတိထားမိလိုက်တိုင်း ကောင်း မျက်ဝန်းတွေ ကလည်း တစ်စုံတစ်ရာသော ဆွဲငင်အားများနှင့် စူးရဲလက်တောက်နေ တတ်၏။

"ရှေ့တိုး..၊ ငါ မကြည့်ဘဲ ဆွဲတင်ပေးမယ်.."

"ဒုက္ခပါပဲ"

ညွှန်း ဂါဝန်စကို မ,ထားရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ ဘယ်လောက်ရင်းနှီးခဲ့ပါစေ ဒီလောက်ထိတော့ လက်ပွန်းတတီး မ ချင်ပါ။ ပြီးတော့ ကောင်း က သူ့မအပေါ်မှာ မရိုးသားပါဘူးလို့





ကြည့်ခဲ့ပြီးသား..။

အဲဒါကိုများ မတွေးမိခဲ့ဘူးလား ရည်ရွယ်ညွှန်း ရယ်..။ ကောင်း အရူးလိုပဲ တစ်ချက်တစ်ချက် စိတ်ဖောက်ပြန်တတ်တာလား၊ ဒါမှ ဟုတ် လုံးဝ အကဲခတ် မရလောက်အောင် ဟန်ဆောင်ကောင်းနေ လား..။

ကိုယ့်အပေါ်မှာ မရိုးသားစွာ ကျူးလွန်ခဲ့တာ သိလျက်နှင့် သူ့ က ဘာမှမဟုတ်ခဲ့သလို အရင်လိုပဲနေတာကို ယုံကြည်ထားလိုက် သည်။ နောက်ထပ် ယုံကြည်လို့ ရပါ့မလား..။

ညွှန်း ရင်ထဲက စိုးရိမ်ခြင်းတွေ ရေဆူမှတ်ထိ တက်လာကြ၏။

ဟို… နားနားဘေးမှာ … နားနားဘေးမှာ … နေချင်လို့ပါ …
… နားနားဘေးမှာ … နားနားဘေးမှာ … ရှိချင်လို့ပါ …
… နင့်ရဲ့အချစ်က … ငါ့အတွက် မဟုတ်တောင် … စာနာပါ …
… သနားတဲ့စိတ်နဲ့ … တစ်နေ့တော့ ငါ့ကို … နင်လေ … ပြန်လည်ချစ်ပါ…

"ရှေ့နည်းနည်းတိုး…"

ကောင်း က ရှေ့ထပ်တိုးပြီး ညွှန်း ရဲ့ ပခုံးလေးနှစ်ဖက်ကို ဆွဲယူ က်သည်။ တစောင်းတည်း ပွပွလေးတင်ထားသည့် ဆံထုံးအောက်မှာ င်တွေကို ပါးပါးလေး ဖြန့်ချထားတာမို့ ဂါဝန်လေးနှင့် ညွှန်း က ရုပ်လေးလို ဝင်းမွတ်နုဖက်နေ၏။ လက်ထပ်မှာမဟုတ်သေးလို့ င်းဆောင်းမတင်ဘူးဆိုတော့ ဆံထုံးလေးရဲ့တစ်ခြမ်းမှာ အပြာရောင် နှင်းလေးတွေ တင်ထားလိုက်သဖြင့် ပြောင်လက်နေတာမဟုတ်ဘဲ ်ရှားမှုတွေဖြစ်မှ ပြိုးခနဲ ပြက်ခနဲ လက်သွားတာမျိုး..။

ထို့ပြင် ဂါဝန်က ပခုံးတစ်ခြမ်းစောင်းဖြစ်ကာ ပခုံးတစ်ဖက်မှာ အပြာရောင်ငွေကြိုးမျှင်မျှင်လေးတွေ အုပ်ပေးထားသဖြင့် မရိုင်းမယဉ် း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံကိုက အပြာရောင်နုနု မိုးသားပြင်မှာ တိမ်မျှင်တွေ ယှ
သိုင်းထားသလို ဒီဇိုင်းကိုက ကောင်းကင်ဆန်နေ၏။

"ဘာကြည့်နေတာလဲ..၊ မြန်မြန်လုပ်လေ..."

ညွှန်း ရှက်နေတာကို ငုံ့မိုးကြည့်ရင်း သူ့ရင်ခုန်သံတွေ ကပြော
ကပြန် ဖြစ်လာသည်။ မိန်းမတစ်ယောက်အပေါ်မှာ သူ ရင်ခုန်တ
တာ ညွှန်း နှင့်ကျမှ..။

ကောင်း က ပင့်သက်ရှိုက်ကာ ညွှန်း နှင့် ရင်ဘတ်ချင်းထိအော
ဆွဲယူလိုက်သည်။ ပြီးတော့ သူ့လက်တွေက ညွှန်း ရဲ့နောက်ကျော
ရောက်သွားပြီး...

"ပြီးပြီလား..."

အသံမတုန်အောင် ပြောလိုက်ကာမှ မေးရိုက်သံကြီးနှင့် တု
သလား မသိ..။ ပန်းလေးကျူ..၊ မျက်နှာလွှဲငုံ့နေရင်း ညွှန်း လက်
တွေတောင် ထုံကျဉ်လာခဲ့သည်။

ကောင်း ရဲ့ကိုယ်နံ့သင်းသင်းက မျက်နှာလွှဲ.. အသက်အောင့်
လည်း မရ..။ ဇာစ်ဆွဲတင်လိုက်တဲ့အသံကို အံကြိတ်နားထောင်
လှုပါ တုန်ခနဲ ဖြစ်သွားသည်။ ကောင်း ရဲ့ဖြေသံကိုတော့ မကြားရ

"ကောင်း..."

ညွှန်း သူ့ရင်ဘတ်ကိုတွန်း၍ နောက်ဆုတ်မလို့ပေမယ့်...

"နင့်ကို ငါ အရမ်းချစ်တယ်"

ကောင်း ရင်ခွင်ထဲမှာ ညွှန်း တစ်ကိုယ်လုံး တင်းကျပ်သွာ
ဘယ်လိုရုန်းရုန်း မလွှတ်ခဲ့ဘဲ စက္ကန့်တွေ တချပ်ချပ် ပြေးလွှားနေ
အတိုင်း..။





အခန်း [၃၀]

"ကိုအောင်..."

"သန့်..."

ဒေါ်ရည်သန့် က အိမ်ထဲကနေ ကတိုက်ကရိုက် ထွက်လာတာ
ကြောင့် ဦးအောင်ကောင်း ကလည်း ကားထိုးရပ်လိုက်ပြီး အရေးကြီး
သည့်မျက်နှာနှင့် ဆင်း၏။

ဒေါ်ရည်သန့် ကတော့ ပွဲတက်ဝတ်စုံဖဲဒါရောင်လေးနှင့် နောက်
ဆံထုံးပုံ့ပုံ့လေးကြောင့် ဧည့်ခံပွဲအတွက် ပြင်ဆင်ထားပြီးဖြစ်မှန်း
ပြောစရာ မလို..။ ထို့ပြင် လက်ကိုင်အိတ်လှလှလေးနှင့် ခေါက်လျက်
သားပဝါကို လက်ပေါ်မှာ ဒီတိုင်း တင်ထား၏။

ဦးအောင်ကောင်း ကျတော့ အလုပ်သွားသည့်ပုံစံနှင့်ပဲဖြစ်လျက်..။
ဝတ်စုံတစ်ရာကို စိုးရိမ်နေတာမှန်း သိသာလောက်အောင် ချွေးစို့နေ
သော မျက်နှာပျက်ပျက်နှင့် ဖြစ်သည်။

"ကိုအောင်..."

ဒေါ်ရည်သန့် ခလုတ်တိုက်မတတ်ဆင်းလာကာ ဦးအောင်ကောင်း
ရှေ့ရောက်တော့ ဟန်မဆောင်နိုင်ဘဲ လက်မောင်းကို ကိုင်လှုပ်၏။

"ကောင်း ဘာလုပ်လိုက်တာလဲ..၊ ဘာတွေဖြစ်ကုန်တာလဲဟင်..
ဒါတွေ ရှင် တကယ် မသိဘူးလား၊ အခု ဒီကို ဘာလာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းမေးပါ သန့် ရယ်..၊ ကောင်း ဘာလုပ်လိုက်တယ်
တာ ကိုယ်လဲ ခုထိ မသိဘူး၊ ဖုန်းဆက်တုန်းကလဲ ပွဲချိန်မီအောင်
ဖို့ပြောတယ်မှတ်လို့ အချိန်ကြည့်ပြီး အမှတ်တမဲ့ ဖြစ်သွားသေးတ

စေ့စပ်ပွဲက ထရိတ်ဒါးမှာ ဖြစ်သည်။ ကောင်း ဖုန်းဆက်တာ
ဆီဒိုးနားကို လာဖို့..၊ ဒါကို အမှတ်တမဲ့ နားထောင်ပြီး ဖုန်းချလိုက်
သည်။ သတိထားလိုက်မိကာမှ ပြန်ခေါ်တော့ ဖုန်းကို ပိတ်ထားလို
ထင်သည်။ ဘယ်လိုခေါ်ခေါ် မရတော့ပေ..။

"အဲဒါကြောင့် ချက်ချင်းကြီး အစီအစဉ် ပြောင်းသွားတာလ
တစ်ခုခုလားဆိုတာ သိရအောင် သန့် ဆီကို တန်းလာခဲ့တာ"

"ဒုက္ခပါပဲ..၊ ကောင်း တစ်ခုခုလုပ်လိုက်တာ သေချာပါပြီ၊
ကလဲ ဖုန်းယူမသွားဘူး၊ ဒီကိစ္စ သမီးသဘောမပါတာ သေချာတယ်
ရှင်... ရှင်... တကယ် မသိဘူးဆိုတာ..."

ဒေါ်ရည်သန့် ၏မျက်လုံးတွေ သံသယများစွာနှင့် ဝေ့လာ

"ကိုယ် မြှောက်ပေးလိုက်တယ် ထင်လို့လား သန့်..၊ ဟုတ်လာ
မင်း ကိုယ့်ကို အဲဒီလို ထင်လိုက်တာလား"

ဒေါ်ရည်သန့် တင်းခနဲ အံကြိတ်ပြီး မျက်လွှာချသည်။

"သားနဲ့သမီးကို လက်ထပ်ပေးချင်ခဲ့တာ အမှန်ပဲ..၊ ဒါပေ
ဒီလို ကလေးဆန်ဆန် ဖွတ်တရွတ်ရယူဖို့အတွက် ကိုယ် ဘယ်တော့
မတိုက်တွန်းဘူး၊ အမိကက မင်း ငြိုငြင်မယ့်ကိစ္စမျိုးကိုပဲ..."

ဂုဏ်သိက္ခာအတွက် ဒေါ်ရည်သန့် မျက်ဝန်းမှာ မျက်ရည်
စွန်းထင်းလာကြ၏။ ဦးအောင်ကောင်း ဒီလိုလုပ်မှာ မဟုတ်ဘူးဆို
သူမ ယုံလိုက်ပါသည်။ ဒါပေမယ့်...

"ပွဲချိန်မီသေးတယ်လေ၊ လာ... ကိုယ်တို့ သွားကြည့်ရအော
သားကို ကိုယ်ဖျောင်းဖျပါ့မယ်"

ငေးငိုင်နေသည့် ဒေါ်ရည်သန့် လက်ကိုဆွဲပြီး ကားပေါ်တင်လို



သည်။ ပြီးတော့ ခြံထဲကနေ အလျှင်စလို မောင်းထွက်လာခဲ့၏။
ဒေါ်ရည်သန့် ကတော့ နှုတ်ခမ်းလေး တင်းတင်းစေ့လျက်..၊ မျက်နှာ
ပ်လွှဲလွှဲနှင့် ငေးနေ၏။

သူမဆီကို ဖုန်းဆက်တာလဲ ကောင်း ကိုယ်တိုင်ပဲ ဖြစ်သည်။

"အန်တီ ဆီဒိုးနားဟိုတယ်ကို ခုပဲ လိုက်လာခဲ့ပါ၊ ညွှန်း အတွက်
ရေးကြီးတယ်၊ အန်တီ ရောက်လာမှ အကြောင်းစုံ ပြောပြတော့မယ်၊
ပါပဲနော်"

ဒီဘက်က ဘာမှပြန်မမေးလိုက်ရဘဲ ဖုန်းချသွားသည်။ ပြန်ခေါ်
တော့ မရတော့ပေ..။ ဒါ ဘာလုပ်လိုက်တာလဲ..၊ ဆီဒိုးနားကိုသွားပြီး
ဘာလုပ်ကြတာလဲ..။ ခိုးပြေးတယ်ဆိုရင်တောင် လူကြီးတွေ လိုက်လာ
အတွက် လမ်းညွှန်ထားပေးခဲ့မှာ မဟုတ်ပေ..။

ဒီရက်ပိုင်းမှာ ကောင်း ပုံစံ သိသာစွာ ပျော်ရွှင်နေတာကို တွေးမိတော့
င်ထဲမှာ မီးစနှင့်ထိုးသလို ပူခနဲ ဖြစ်သွားသည်။

ပွဲပျက်အောင်ဖျက်ဖို့ ရည်ရွယ်တာလား..၊ သမီးကို အရှက်ဘကွဲ
ဖြစ်စေချင်တာလား..။ မရိုးသားမှုဆိုတာ သိနေလျက်နှင့် ဘာလုပ်တာ
ဲ ဆိုတာကို စဉ်းစားမရတော့။ ခံရခက်နေ၏။

မမြတ် ကလည်း အကြောင်းပြချက် အခိုင်အမာနှင့် စေ့စပ်ပွဲကို
တော့ သူမ ရောက်မလာနိုင်တော့တဲ့အကြောင်း ညက ဖုန်းဆက်သည်။

ဦးအောင်ကောင်း နှင့်ကတော့ သမီးကို စေ့စပ်ဖို့အစီအစဉ် အစ
တည်းက အဆင်မပြေခဲ့တာမို့ ဒီစေ့စပ်ပွဲကို ကောင်း မှလွဲ၍ မိသားစု
ိုက် အလိုမရှိကြခြင်းကို သိခဲ့ရသည်။

ထို့ကြောင့် ခုပြဿနာဟာ ဦးအောင်ကောင်း ရော မမြတ် ပါ
ာမှမသိခဲ့ကြတာ မှန်ကန်ကြောင်း အဖြေထွက်ခဲ့ပြီးဖြစ်၏။ ဒါဆို
ောင်း က အငြိုးအတေး၊ ကလဲ့စားတွေနှင့် အကွက်ချခဲ့ တာပေါ့။

"သန့်..."

www.burmeseclassic.com



ဝေးနေသည့် ဒေါ်ရည်သန့် မျက်ဝန်းတွေ သူ့ဘက်ကို ရွှေ့လျော လာပေမယ့် မျက်နှာကတော့ လှည့်မလာပါ..။

"ကိုယ် တကယ် ဘာမှမသိပါဘူး သန့် ရယ်..၊ မင်းမျက်နှာ အဲသလိုကြီး လုပ်မထားပါနဲ့..၊ သားကိုတွေ့ရင် မင်းကြိုက်သလို နေ ပါ၊ ကိုယ် ကျေနပ်ပါ့မယ်.."

"လောလောဆယ် စီရင်ခံနေရတာက ကျွန်မသမီးပါ.."

"ဟုတ်ပါပြီ..၊ သူတို့ ဘာလုပ်ကြတယ်ဆိုတာ သိရတဲ့အခါ သား ကို မင်း ကြိုက်တဲ့အပြစ် ပေးပါ..၊ ကိုယ့်ကိုရော ကျန်တာ ဘာဖြစ်ဖြစ် လုံးဝ ငဲ့ဖို့ မလိုဘူး"

ဒေါ်ရည်သန့် ဘာမှမပြောဘဲ မျက်နှာကို ဟိုဘက်ထပ်လွှဲပစ်ပြီး ထိုစဉ် လက်ကိုင်အိတ်ထဲက ဖုန်းမြည်လာ၏။ ကားမောင်းနေသည့် ဦးအောင်ကောင်း မျက်လုံးတွေ ဒေါ်ရည်သန့် ဖုန်းထုတ်ယူတဲ့ဆီ ရောက် သွားသည်။

"ဟလို..၊ ဒေါ်ရည်သန့် ပါ"

"... ... ..."

"လာမယ် မောင်မြင့်မား..၊ သိပ်နောက်မကျပါဘူး"

"... ... ..."

"မလာနဲ့..၊ လူချင်းလွဲသွားမှာစိုးလို့..."

"... ... ..."

"ဟုတ်တယ်..၊ သမီးကို သွားခေါ်ရမှာလေ"

"... ... ..."

"ဟုတ်တယ်..၊ 'ကောင်းဖက်ရှင်'မှာ..."

"... ... ..."

"မင်း အဲဒီမှာပဲ နေပါ၊ တကယ်လို့ နောက်ကျရင်တောင် တစ် ယောက်ရှိနေမှ ဖြစ်မှာပေါ့"





ဖုန်း ပြန်ပိတ်လိုက်ပြီး ဒေါ်ရည်သန့် ငိုင်နေပြန်သည်။

ပွဲချိန်က လိုသေးပေမယ့် ဒီအချိန်ဆို ဟိုမှာ လူစုံသင့်ပါပြီ။ မြင့်မား ဘက်က လူကြီးတွေ ဘယ်လောက်မျှော်နေကြသည်ဆိုတာကိုလည်း ဖုန်းထဲကနေ ကြားခဲ့ရသည်။

သူတို့ ဟိုဘက်ရောက်သွားရင် ဘယ်လိုအခြေအနေတွေ ဖြစ်နေ နိုင်မလဲ..၊ ညွှန့်ကို ခဏလေးခေါ်ဝှက်ထားပြီး လူကြီးတွေကို ကျီစယ် တာတော့ မဖြစ်နိုင်..။

"စိတ်ကို နည်းနည်းလျှော့ထားလိုက်ပါ သန့် ရယ်..၊ တကယ်လို့ ကောင်း ကြောင့် ဒီပွဲပျက်သွားမယ်ဆိုရင် မြင့်မား က နေမျိုးထွတ် ရဲ့ ညီ ဖြစ်နေတဲ့အတွက် သမီး မေမြတ် လဲ မျက်နှာပျက် အရှက်ရမှာပဲ..."

ဒါပေမယ့် မား နှင့် ညွှန့် စေ့စပ်မှာကိုတော့ မေမြတ် ဝမ်းမြောက် ဝမ်းသာ မဖြစ်ခဲ့ဘူးဆိုတာ ဒေါ်ရည်သန့် ခံစားမိနေသည်။

ဦးအောင်ကောင်း က ကားကို အရှိန်ချလိုက်ပြီး ပြေလည်ဖို့ ကြိုး စားနေ၏။

"ကောင်း ဒီလိုလုပ်ရင် ကိုယ် တကယ် ခွင့်မလွှတ်ဘူး"

"ဘယ်လိုလုပ်တယ်လို့ ရှင် ထင်သလဲ ကိုအောင်..."

ရှင်တွေ..၊ ကျွန်မတွေနှင့် မျက်နှာကိုတင်းထားတတ်တိုင်း ဦးအောင် ကောင်း ရင်နင့်ရပါ၏။ သို့သော် ဒီအချိန်မှာ သူ ရသင့်တာ ဒါပဲရှိနိုင် တာမို့ ဘေးဖယ်ထားလိုက်ရသည်။

"ကိုယ် မသိဘူး..၊ ဒါပေမယ့် ကောင်း က ထင်ရာလုပ်တတ် တယ်၊ မြင့်မား နဲ့ ဖုန်းပြောတဲ့အခါ တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေ ဖြစ်နေကြတာကိုလဲ ကိုယ် ခန့်မှန်းမိတယ်၊ ဒီပွဲကို ဖျက်ဖို့ သက်သက်နဲ့ မိုက်ရိုင်းတာဆိုရင် မင်းရှေ့မှာပဲ ကိုယ် ဆုံးမမယ်၊ အဲဒါ ကတိပါ.."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၂]

"မဝတ်ဘူး..၊ သွား..."

"မဝတ်လို့ မရဘူး၊ ငြိမ်ငြိမ်နေနော်"

ဘာဖြစ်ဖြစ် ခေါင်းခါနေမိပေမယ့် တစ်ခုမှလည်း လိုက်လျောခဲ့တာ မရှိ..။ ကောင်း က စိန်တစ်ရစ်..၊ နီလာတစ်ရစ်ကို ညွှန့် လည်တိုင်နုနုလေးမှာ သေချာဆွဲပေးသည်။

ပြီးတော့ စံပယ်ပွင့်ပုံနားကပ်ကလည်း စိန်နှင့်နီလာ ရောထားတာမို့ ကောင်းကင်ဆန်အောင် ခြယ်မှုန်းထားသည့် ညွှန်း ရဲ့အလှဟာ တဖိတ်ဖိတ်တလက်လက်နှင့် ပို၍ တောက်ပနေခဲ့၏။

ဒါပေမယ့် ကောင်း က စိတ်ရှည်လက်ရှည် ဆင်ပေးနေသမျှ ညွှန်းက မျက်ရည်စက်တွေ တွင်တွင်ချွေနေခဲ့ရာ...

"ညွှန်း နော်..၊ နင့်ကို ငါ ဒီလောက် ချော့နေတာ စိတ်မရှည်တော့ဘူး၊ တောက်..,"

"စိတ်မရှည်ရင် ဘာလုပ်ချင်လို့လဲ..၊ လုပ်လေ..၊ နင်က ထင်ရာလုပ်ခွင့်ရနေပြီ၊ ငါကတော့ မိဘကို ဂုဏ်သရေထိခိုက်အောင်..၊ လူ့အလယ်မှာ အရှက်ရအောင်လုပ်တဲ့ သမီး..."





"ဘာအရှက်ရစရာရှိသလဲ..၊ နင်နဲ့ သူ လက်ထပ်မှာ မဟုတ်ဘူး၊ စေ့စပ်ပွဲပျက်တာ ဘာဖြစ်သွားနိုင်လို့လဲ.."

"စေ့စပ်ပွဲပေမယ့် လူတွေအများကြီး ဖိတ်ပြီး အကြီးအကျယ်လုပ်ထားတာ..."

"ဒါ သူ မရိုးသားတာလေ..၊ စေ့စပ်ရုံပဲဟာကို တစ်နိုင်ငံလုံး သိအောင် ကြေညာချင်တာ ခံပေါ့"

"သူ ခံရမှာမဟုတ်ဘူး..၊ မေမေကပဲ မိုက်မဲတဲ့သမီးတစ်ယောက်ကို မွေးတဲ့အမေအဖြစ် အရှက်ရမှာ..."

"ဘာမိုက်မဲတာလဲ..၊ နင် ငါ့နောက်ကို ခိုးရာလိုက်ခဲ့လို့လား၊ ဟိုမှာ စေ့စပ်တာကို သဘောမတူဘူး၊ ငါနဲ့ စေ့စပ်တယ်၊ အဲဒါ ဘာဖြစ်လဲ..."

"ကောင်း..၊ နင်..."

ညွှန်း ထိန်းချုပ်မထားနိုင်တော့ဘဲ ဟီးခနဲ ငိုချပစ်လိုက်၏။

"ဟား!... ကုန်ပါပြီကွာ..၊ ညွှန်း..."

"ကောင်း... မလုပ်နဲ့လေ.."

ညွှန်း ပခုံးကို ဆောင့်ဆွဲပစ်လိုက်တော့ ရတု တို့ ပြေးလာကြသည်။

"မင်းကလဲ ဒီလိုကြီး ရုတ်တရက်ဖြစ်တာကို သူ ဘယ်လက်ခံနိုင်မလဲ..၊ ဟိုဘက်မှာ ရင်ဆိုင်ရမှာတွေလဲ မင်း ပြန်ကြည့်ဦး"

"ငါလဲ မိဘကို ကန့်လန့်တိုက်တဲ့ကောင် ဖြစ်ရတာပဲ၊ ဒီပွဲနှစ်ခုတစ်ခုပျက်သွားတာနဲ့ ငါက လူတကာရဲ့ ရှုမုန်းစရာကောင် ဖြစ်ရဦးမှာ..၊ ဒီမှာ ညွှန်း..၊ ငါ နင့်ကိုချစ်လို့ ရအောင်ယူတာ၊ တခြား ဘာစိတ်ယုတ်မှ မရှိဘူး၊ နင်က ဘာတွေဝမ်းနည်းပြီး ဒီလောက်ဖြစ်နေတာလဲ..."

"ငါ ပြောပြီးပြီးပဲ..၊ ဒါ စေ့စပ်တာပဲ ရှိသေးတယ်..၊ နင်နဲ့ငါ အဲဒါတွေ အေးဆေး ဆွေးနွေးလို့ရသေးတယ်"

"ဘာပြောတယ်.."

ဒေါသနှင့်အတူ လှွဲကန်ပစ်လိုက်တော့ ဘေးမှာရှိနေသည့် တီပွဲခုံ



www.burmeseclassic.com

www.burmeseclassic.com



က သနားစရာဖြစ်သွား၏။ ခွမ်းခနဲ ပြုတ်ကျကွဲကြေကုန်လျှင် ညွှန်း ငိုနေရာကနေ အထိတ်တလန့် မော့ကြည့်၏။

"အေးဆေးဆွေးနွေးမယ် ဟုတ်လား..၊ သူများနဲ့ စေ့စပ်ပြီးတဲ့ မိန်းမကို ငါက တကောက်ကောက်လိုက်..၊ သူများ လူပါးဝပြောတာကို ခံ..၊ ဒီလိုလား..၊ မရဘူး ညွှန်း..၊ အဲဒီကောင် နင့်ကို ကြည့်တာလဲ မကြိုက်ဘူး၊ ထိတာလဲ မကြိုက်ဘူး၊ သူနဲ့ စေ့စပ်ပြီးသားဆိုတဲ့ နောက် တစ်ရက်ကိုလဲ မပေးနိုင်ဘူး၊ အဲဒါကြောင့် နင် စေ့စပ်တော့မယ်ဆို ကတည်းက ငါလဲ စေ့စပ်ဖို့ ပြင်ဆင်ခဲ့တာ၊ ဆိုးသွားတာက ငါ စေ့စပ်မယ့်မိန်းမက သူ့ရဲ့သတို့သမီးလောင်း ဖြစ်နေတာပဲ.."

"ကဲ... တော်ကြပါတော့ကွာ..၊ ဆိုင်မှာကတည်းက ရန်ဖြစ်လာတာ၊ ဟိုတယ်ရောက်တဲ့အထိ မပြီးနိုင်ဘူး၊ ညွှန်း ကလဲ ထပ်မငိုပါနဲ့တော့၊ ဒီအစီအစဉ်အတိုင်းပဲ သွားဖို့ သဘောတူပြီးပြီပဲဟာ"

"မသိဘူး..၊ ညွှန်း ငိုချင်နေတာပဲ သိတယ်၊ မေမေ ရောက်လာရင် မေ့မေ့မျက်နှာကို ဘယ်လိုကြည့်ရမလဲ၊ မေမေ့ကို ညွှန်း ကြောက်တယ်"

"ရတယ်..၊ ပြန်လိုက်သွား..၊ နင် ဘယ်ဘက်ကိုသွားသွား စေ့စပ်ပွဲက တစ်ချိန်တည်းမှာဆိုတော့ နောက်မကျဘူး.."

"ဟာ!... ကောင်း..."

ကောင်း ချာခနဲ လှည့်ထွက်သွားတော့ ရတု နှင့် သီဟ က ပြေးလွှားလိုက်ဆွဲကာ...

"မင်း ဘာလုပ်မလို့လဲ"

"အရက် သွားသောက်မယ်၊ တစ်နေကုန် မိုးအလင်း သောက်မယ် အဲဒါမှ အားလုံးကို မေ့သွားမှာ..."

"မေ့မှာ မဟုတ်ဘူး၊ မင်း သေသွားမှာ..."

"အေးလေ..၊ အစီပွာယ်မရှိ မင်းကလဲ..၊ မပြေလည်တာကို ပြေလည်ဖို့ မကြိုးစားဘူး"





"မလိုတော့ဘူး..၊ ပွဲချိန်လဲ နီးနေပြီ၊ ဒီလောက်ငိုနေတာ ဘာမှလုပ်လို့မရတော့ဘူး"

ကောင်း က ဖွတ်ထွက်ဖို့ ခြေလှမ်းရွေ့သည်။ ရတု တို့က အတင်းလိုက်ပိတ်၏။ ညွှန်း ကို ဝိုင်းဆွဲစေချင်သည့်အကြည့်တွေနှင့် လှမ်းကြည့်ကြ၏။

ညွှန်း က နှုတ်ခမ်းပေါ်မှာ လက်ခုံလေးနှင့်ကပ်၍ ကြိတ်ရှိုက်နေဆဲ...

"ကောင်း ရာ..၊ အရက်ဆိုတာ မင်းနဲ့ အများကြီး စိမ်းသက်ခဲ့တဲ့အရာ၊ တအားသောက်ရင် မင်း သေသွားမှာပေါ့၊ လာပါ... ညွှန်း နဲ့ မင်းက သံယောဇဉ်ရှိကြပြီးသားတွေပဲ..."

"ငါ လိုချင်တာ သံယောဇဉ် မဟုတ်ဘူး"

ခက်ပါလား..။ ရတု တို့ ကောင်း ကို မလွှတ်ရဲဘဲ နောက်ကိုပဲ ပြန်ကြည့်နေမိ၏။ တစ်ယောက်ကလည်း ဖွတ်..၊ တစ်ယောက်ကလည်း မလာ..။ ကောင်း မျက်နှာက ပိုမိုတင်းမာသွားခဲ့ပြီး...,

"ဖယ်ကွာ..."

"ဟာ!... ဟေ့ကောင်..."

ကောင်း ဟာကယ်ထွက်သွားတော့မှ ညွှန်း ရှိုက်သံလေး ရပ်သွား၏။

"ကောင်း..."

သတိလက်လွှတ် တအားခေါ်ပစ်လိုက်ပြီးမှ ရှိုက်သံတွေ ပြန်ထွက်လာကာ...

"နင် ငါ့ကို အနိုင်ယူ သိလား..၊ အဲဒီလိုပဲလုပ်..၊ လာပါ... ငါ့ကို တစ်ခါတည်း သတ်သွားလိုက်ပါ"

တံခါးဝမှာ ကောင်း ပြန်ရောက်လာသည်။ ပြီးတော့ မျက်မှောင်ကြုတ် အံကြိတ်လျက် တစ်လှမ်းချင်း ဝင်လာ၏။

"ဟူး..."

ရတု သက်ပြင်းရှည်ကြီးချကာ နာရီကို ငုံ့ကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းချမ်းရေးရရင်လဲ မြန်မြန်ထွက်ခဲ့ကြကွာ..၊ အချိန် မရှိတော့ဘူး"

သူတို့ထွက်သွားကြ၏။ ကောင်း က ညွှန်း ရှေ့မှာ ခြေစုံရပ်လျက်–

"ငါက အနိုင်ယူတယ် ဟုတ်လား"

"ဟုတ်တယ်..၊ အခုလဲ နိုင်တာပဲလေ..၊ ငါမှ မနေနိုင်တာ"

"တစ်ခါတလေ ကိုယ်က တစ်ဖက်သတ်လို့ ထင်နေခဲ့တဲ့အရာဟာ ကိုယ် မသိလိုက်တဲ့အချိန်မှာ ညီမျှခြင်းဖြစ်နေတတ်တယ်၊ နင် ထားတဲ့ မေတ္တာမျိုး ငါ့မှာ မရှိဘူးလို့ နင် ပြောနိုင်သလား..."

ညွှန်း မျက်နှာလေး မော့လာ၏။ အခါခါ ငို..၊ အခါခါပြင်နှင့် ကောင်း စိတ်ရှည်သည်းခံနေခဲ့သမျှ ပြင်ပေးထားသည့် မိတ်ကပ်တွေလည်း ဘာမှမရှိတော့ပါ..။

"ငါ ထားခဲ့တာကု အဖြူရောင်သံယောဇဉ်..၊ အဲဒီ သံယောဇဉ်တွေနဲ့ နင့်ကို ဘယ်တော့မှ အပြစ်မမြင်ခဲ့တာ၊ နင် ဘာလုပ်လုပ် မမုန်းနိုင်တာ..."

ကောင်း က ညွှန်း မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နှင့် ပင့်ကိုင်လိုက်ရင်း ပါးပြင်လေးတွေကို လက်မနဲ့ ဖွဖွလေး ပွတ်သည်။

"မုန်းစရာတွေ ထပ်ရှိလာဦးမှာပဲ ညွှန်း..၊ မုန်းသင့်ရင် မုန်းစမ်းပါ။ ငါ ဂရုမစိုက်ဘူး..၊ သံယောဇဉ်တွေတော့ မထားနဲ့၊ အဖြူဆိုရင် အဖြူရောင်တောင် ငါ မကြိုက်ဘူး"

ညွှန်း သည် ဘာကိုမှန်းမသိဘဲ ခေါင်းတွင်တွင်ခါလျက်...

"ငါ့မှာ အဲဒါပဲရှိတာ..၊ ငါ နင့်ကို ပြန်ချစ်ဖို့..."

"မကြိုးစားပါနဲ့..၊ ငါ ရအောင် ယူမယ်"

ညွှန်း လက်ကလေးကိုဆွဲသွားကာ ပါးပြင်လေးတွေကို မျက်ရည်ခြောက်အောင် ပြုပြင်သည်။ ကရင်မ်ပတ်ဖ်လေး ထပ်ရိုက်ပြီး နှုတ်ခမ်းနီဆိုးဖို့ နှုတ်ခမ်းသားလေးကို လက်မနှင့် မထိတထိကိုင်တွယ်၍...





"ဟင့်အင်း..."

ညွှန်း မျက်နှာလွှဲပစ်လိုက်တော့ ကောင်း နှုတ်ခမ်းက နားသယ်စပ်ဆံစလေးတွေဆီမှာ မျက်တောင်ခတ်သွားသည်။

ကောင်း က ပြုံးလိုက်ကာ...

"ရှုံးပါ၊ ခြေပါဆိုတာတွေကို ဥပေက္ခာထားပစ်ခဲ့လို့ ငါ ဝင့်လိုက်တာ ဖြစ်မယ်"

ရယ်သံစွက်၍ပြောရင်း ညွှန်း နှုတ်ခမ်းနီဆိုးဖို့ကို ပြန်ချော့ရသည်။ ညွှန်း မျက်ဝန်းလေးတွေမှာ မျက်ရည်ရောင်တွေ လဲ့နေတာ မြင်နေရသဖြင့် မျက်ရည်မြစ်တွေ ဖြစ်ထွန်းမလာအောင် အမျိုးမျိုး ချော့မော့နှစ်သိမ့်ရင်း...

"လူကြီးတွေရှေ့မှာ မငိုနဲ့နော်"

"မသိဘူး..၊ ငိုချင်လာရင်တော့ မျက်ရည်က ကျလာမှာပဲ"

"ဒါဆိုလဲ ကျပေါ့..၊ လူတွေရှေ့မှာပဲ ဖက်နမ်းပြီး မျက်ရည်သုတ်ဆေးမယ်"

ညွှန်း မျက်ခုံ မော့ကြည့်တော့ သူ ပြုံးလိုက်သည်။

လူတွေ အံ့သြကြမှာပါ။ အချစ်တွေ သူ့လောက် ပေါများနေတဲ့သူဟာ သူမလေးကိုမှ မရမနေ ခိုးယူပိုင်ဆိုင်ဖို့ ကြိုးစားခဲ့သည်။"

အချစ်ဟာ ရှားပါးပစ္စည်းတစ်ခုလိုလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၃]

ညည့်သည်တွေက နည်းနည်းပါးပါးလေး မဟုတ်..။

မင်္ဂလာခန်းမထဲကို ခြေချလိုက်တာနှင့် ဒေါ်ရည်သန့် အံ့သြခြင်းတွေ အားအင်ဆုတ်ခန်းသွားခြင်းတွေ ရင်ထဲမှာ စုပြုံဖြစ်ထွန်းသွား၏။

ဦးအောင်ကောင်း ကိုယ်တိုင် ပွင့်ဟသွားသည့် နှုတ်ခမ်းတွေကို ပြန်စေ့ဖို့ မေ့နေခဲ့သည်။ လူငယ်တစ်ယောက်က စီစဉ်ထားတာပေမယ့် ဧည့်ခံပွဲထဲမှာ လူကြီးတွေရော လူငယ်တွေရော ပရိသတ်အင်အားက မနည်း..။

ဧည့်ခံနေသည့် လူငယ်တွေက 'ကောင်းဖက်ရှင်'က ဝန်ထမ်းတွေများကာ မျက်နှာစိမ်းတချို့တလေပဲ ပါသည်။

"ဟော... အန်ကယ်တို့ လာပြီ"

"ဒါဆို ကောင်း တို့ကို သွားခေါ်လေ..."

လူငယ်တွေက ပျာပျာသလဲနှုတ်ဆက်၍ လှုပ်ရှားကြ၏။

ဦးအောင်ကောင်း သတိလက်လွတ်နှင့် ကိုယ့်ပုံစံကို ပြန်ငုံ့ကြည့်မိသည်။ အလုပ်ထဲကနေ တန်းထွက်လာတာမို့ ပွဲထိုင်အဝတ်အစား တော့ မဟုတ်ပေ။





ဒါပေမယ့် ဒေါ်ရည်သန့် ကတော့ ပြင်ဆင်ပြီးထွက်လာတာကြောင့် သူတို့နှစ်ယောက်က သားသမီးတွေကို သဘောတူ စေ့စပ်ပေးဖို့လာကြသည့် မိဘနှစ်ပါးပဲ ဖြစ်သွားခဲ့၏။

ဒေါ်ရည်သန့် ကလည်း ကောင်း ဖန်တီးလိုက်သည့်အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်သည်။ ခြေချပြီးသည့်နောက်မှာ ပြန်လည် ဆုတ်ခွာဖို့ကလည်း မဖြစ်နိုင်တော့ပေ..။

ဒါပေမယ့် သူမတို့ ရောက်လာတာကလည်း ဒီစေ့စပ်ပွဲကို ဂုဏ်ပြု ချီးမြှင့်ဖို့ မဟုတ်..။

"ဘယ့်နှယ်လဲ..၊ မိဘတွေက နောက်ကျနေပါလား"

"သမီးရဲ့အမေ ထင်တယ်၊ အရွယ်တင်လိုက်တာနော်၊ အပျိုလေး အတိုင်းပဲ"

ဦးအောင်ကောင်း ကို နှုတ်ဆက်သည့်လူတွေ..၊ ဒေါ်ရည်သန့်ကို ပြုံးပြသူတွေ..။ ဧည့်ခံပွဲထဲရောက်သည်နှင့် လာရောက်ဆုပ်ကိုင်ကြသည့်လက်တွေက ပြန်လည် နှုတ်ဆက်ခွင့် မပေးတော့သလို ဒေါ်ရည်သန့် ဘာမှမပြောနိုင်..။

မား နဲ့ ညွန်း ရဲ့ စေ့စပ်ပွဲအတွက် ဖိတ်ထားတာက စေ့စပ်ပွဲမို့ ချန်တဲ့သူ ချန်..၊ ဖိတ်တဲ့လူ ဖိတ်..၊ မင်္ဂလာပွဲလောက်တော့ လူမစုံခဲ့ပါ..။

ကောင်း ကလည်း သူ့နည်းသူ့ဟန်နှင့် ဒီဘက်မှာ ဖိတ်ကြားခဲ့၏။ ဒီပွဲထဲမှာ ရောက်လာ ချီးမြှင့်သူတွေဟာ စေ့စပ်ပွဲနှစ်ခုစလုံးမှာ သတို့သမီးလောင်းတစ်ယောက်တည်းဖြစ်နေတာကိုတော့ မသိကြဘူးလား..။ သိပေမယ့် မမေးသင့်တဲ့ကိစ္စမို့ မမေးတာလား..။

ဆွဲကိုင်နှုတ်ဆက်ကြသည့်လက်တွေကို ပြန်မကိုင်မိဘဲ ရှက်ရွံ့သည့်စိတ်က တစ်ကိုယ်လုံးကို အထုံအကျဉ်ဖွဲ့နေသလိုပင်..။

"ကောင်း တို့လာပြီ"

လှမ်းကြည့်လိုက်တော့ ညွန်း နှင့် ဒေါ်ရည်သန့် မျက်လုံးချင်းဆုံ



www.burmeseclassic.com

www.burmeseclassic.com



သွားကြ၏။

ကိုယ့်သမီးကိုတောင် မမှတ်မိချင်လောက်အောင် ညွှန်း တစ်ကိုယ်လုံး အရောင်ဖျော့ဖျော့လေးနှင့် လင်းနေကာ ပြိုးခနဲ ပြက်ခနဲ လင်းတာလေးတွေကလည်း မရှိင်း..။

လက်စသတ်တော့ ညွှန်း အတွက် ကိုယ်တိုင် ဒီဇိုင်နာ လုပ်ပါ့မယ်ဟု အားလုံးနှင့် အတိုက်အခံလုပ်၍ တာဝန်ယူချင်ခဲ့သည့် ကောင်း ရဲ့ ရည်ရွယ်ချက်တွေက ဒီလိုဖြစ်ဖို့ကိုး..။

ဒေါ်ရည်သန့် အားလုံးသော မြင်ကွင်းတွေကို မမြင်တော့ဘဲ ညွှန်း ဆီကို တရွေ့ရွေ့ တိုးသွားသည်။ ထိုစဉ် လက်ကိုင်အိတ်ထဲက ဖုန်းမြည် လာ၏။

ဒေါ်ရည်သန့် ခန္ဓာကိုယ် နေရာမှာပဲ ရပ်တန့်သွားကာ ရင် တရက် အသက်ရှူရပ်သွားသည့်နှယ်..။ ဖုန်းမြည်သံက ရပ်သွား နောက်ထပ် ပြန်ပေါ်လာမှ ထူတ်ယူလိုက်ကာ..

"ဟလို..."

"အန်တီလား..၊ ကျွန်တော် 'ကောင်းဖက်ရှင်'ကို ရောက်နေ အပေါ်နှစ်ထပ်လုံး ပိတ်ထားတယ်၊ ညွှန်း က ဘယ်မှာလဲ.."

ဒေါ်ရည်သန့် မျက်လုံးအကြောင်သားနှင့် လက်တွေ တဆ ဆတ် တုန်လာခဲ့၏။

"ကိုယ့်ကိုပေး..."

ဦးအောင်ကောင်း က ဖျတ်ခနဲ လာယူသွားကာ အပြင်ဘက် ထွက်သွား၏။ ထိုအချိန်လေးမှာ လူတစ်ကိုယ်လုံးက သေးငယ်ကြုံ သွားသလို ဒေါ်ရည်သန့် သိမ်ငယ်စိတ်များနှင့် မျက်ရည်တွေ စီး သည်။ သူမမျက်ဝန်းများက ညွှန်း လျှောက်လာနေတာကို မမြင်ဘေ ဘဲ ငွေရောင်စာလုံးများနှင့် တလက်လက် တောက်ပနေသည့် ကန့်လ ကာပေါ်က နာမည်တွေကိုသာ..။





ဖေးင်းသင့်တော်ကောင်း နှင့် မရည်ရွယ်ညွှန်း

တို့၏

စေ့စပ်မင်္ဂလာပွဲ အခမ်းအနား

"မေမေ..."

မငိုပါနဲ့လို့ တတွတ်တွတ်မှာနေသည့် ကောင်း ရဲ့နားက ထွက် လာခဲ့ပေမယ့် မေမေ့ရှေ့မှာ ရပ်မိသည်နှင့် ညွှန်း မျက်ဝန်းမှာ မျက်ရည် တွေပြည့်ပြီး ဖြစ်နေခဲ့သည်။

သားအမိနှစ်ယောက် ငေးစိုက်ကြည့်နေမိကြဆဲ...

"အန်တီနဲ့ ညွှန်း တို့ စကားပြောရအောင် ဟိုဘက်သွားလိုက်ပါ လား"

ရတု တို့က လျှင်သည်။

ဒေါ်ရည်သန့် နှင့် ညွှန်း ကို လူတွေမရှိပ်မိခင် ကွယ်ရပ်လေး တစ်နေရာဆီ ခေါ်သွားခဲ့ကြ၏။

ဒီအစီအစဉ်တွေကို ရေးဆွဲကြ၊ အကောင်အထည်ဖော်ကြနှင့် သူတို့အားလုံး အပန်းတကြီး ကြိုးစားခဲ့ကြတာ ဖြစ်သည်။

ထို့ကြောင့် ဘာကြောင့်မှ ပွဲပျက်မခံနိုင်အောင် မျက်စိတွေ၊ နား တွေကို အလုပ်ပေးထားခဲ့၏။ ဖုန်းကိုင်ပြီး ပြန်ဝင်လာသည့် ဦးအောင် ကောင်း ကလည်း ကောင်း မျက်နှာကို စူးစူးစိုက်စိုက်...

"အန်ကယ်..၊ ကောင်း ကို နောက်မှ ဆူပါနော်၊ ညွှန်း နဲ့ ကောင်း လဲ ဆွေးနွေးပြီးပါပြီ၊ အန်တီ နဲ့ ညွှန်း တို့ ပြဿနာမဖြစ်ရအောင် ကျွန်တော်တို့ ထိန်းနေကြတုန်းမှာ အန်ကယ့်ကို တောင်းပန်တာပါ"

"ဟုတ်ပါတယ်..၊ ကောင်း က ညွှန်း ကို ဘယ်လိုမှ ဆုံးရှုံးမခံနိုင် လို့ ဒီလိုလုပ်ယူလိုက်တာပါ၊ လောလောဆယ် ပရိသတ်တွေရှေ့မှာ ဘာမှ မပေါက်ကွဲလိုက်ပါနဲ့..."

ကြည့်စမ်း..၊ ပေါင်းထားလိုက်တဲ့ သူငယ်ချင်းတွေ။ ဒါမျိုးကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ တော်တော် ညီညွတ်နေကြပါလား..။

ဒါသနှင့် ခြေလှမ်းတွေက ကောင်း ရှေ့မှာ မားမားမတ်
ရောက်ရှိသွားလျှင်...

"ဒီပွဲမဖြစ်ခင် မင်း ဘယ်မှာသွားအိပ်နေလဲ၊ ဒီပွဲပြီးတဲ့အထိ
နေလိုက်တော့ရော ဘာဖြစ်သွားမှာမို့လို့လဲ၊ မိဘကို အရှက်သိက္ခာ
အောင်လုပ်ဖို့ မင်း တော်တော် ဝါသနာပါသလား ကောင်း..."

အံကြိတ်သံနှင့် နှုတ်ခမ်းလှုပ်ရုံ ကပ်ကြိမ်းသည်။ ကောင်း
အေးစက်စက်မျက်ဝန်းများနှင့် ညွန်း တို့ဝင်သွားသည့်ဘက်ကို
ချက်ကြည့်ပြီးမှ...

"ဒီပွဲမဖြစ်ခင်က သူက ကျွန်တော့်မိန်းကလေး၊ ဒီပွဲပြီးသွား
သူများရဲ့မိန်းကလေး ဖြစ်သွားမှာ..၊ ညွန်း ကို တစ်စုံတစ်ယောက်
တစ်နည်းနည်းနဲ့ ပတ်သက်ခွင့်ရှိသွားတဲ့အဖြစ်ကို မလိုချင်လို့.."

"ဩော်... ဩော်..."

ရှင်းသွားပါပြီဆိုသော ခပ်ရွဲ့ရွဲ့မျက်နှာနှင့် ဦးအောင်ကောင်း
ခေါင်းညိတ်၏။

"ညွန်း ကို မင်း အနိုင်ကျင့်ထားပြန်ပြီပေါ့"

"ဒယ်ဒီ သွားမေးကြည့်ပါ..."

စကားကတော့ အဆုံးမသတ်သေးပါ။ ဒါပေမယ့် ဧည့်သည်
တချို့ လာနှုတ်ဆက်ကြသဖြင့် ပြောလက်စတွေ ပျောက်ဆုံးသွားခဲ့
ကောင်း က လူလစ်သည်နှင့် ညွန်း တို့ရှိသည့်ဘက်ကို လစ်ထွက်
သွားသည်။ ဒါကို ဦးအောင်ကောင်း လှမ်းမြင်လိုက်သဖြင့် ခြေလှမ်း
များနှင့် မီအောင်လိုက်ခဲ့၏။

သားအမိချင်း ပြောချင်တာတွေ ပြောကြမည်။ ဆူချင်ဆူ..၊ ရိုက်
ချင်ရိုက်မည်။ ထိုအနားကို ကောင်း ရောက်သွားလို့ မဖြစ်ပါ။

သို့သော် တခါးတစ်ချပ်၏ ဒီဘက်မှာ ကောင်း က ဆက်မသွား





အဲ ရပ်နေသဖြင့် သူပါ ရောယောင်ရပ်သွားမိလျှင်...

"ဘာမှမလိုတော့ဘူး ညွန်း..၊ မေမေ မေးတာကို တစ်ခွန်းပဲ ဖြေ..၊
ဒီပွဲက ကောင်း တစ်ဖက်သတ် စီစဉ်လိုက်တာမို့လား၊ ညည်းဆန္ဒ
သုံးဝမရှိခဲ့ဘူး ဟုတ်တယ်မို့လား၊ ပြော..."

"ဟုတ်ပါတယ် မေမေ..၊ ဒါပေမယ့်..."

"ရပြီ..၊ ဒါပေမယ့်ကို မေမေ မလိုချင်ဘူး၊ ညည်း အခု မေမေနဲ့
ပြန်လိုက်ခဲ့..."

"သမီးကို ခွင့်လွှတ်ပါ မေမေ..၊ သမီး အဲဒီလို မလုပ်နိုင်ဘူး"

"ဘာ!... ဘာပြောတယ် ညွန်း..."

"သမီး ဘာမှမသိခဲ့ဘဲ ကောင်း စွတ်စီစဉ်ထားတဲ့ပွဲ မှန်ပါတယ်၊
ဒါပေမယ့် သမီး ထွက်သွားရင် ကောင်း အရှမ်းခံစားရမှာ..."

"ညည်းအမေ အရှက်တကွဲ မျက်နှာပျက်ရမှာကျတော့ရော..."

"ဦးကလဲ မေမေ့အတွက် ငဲ့သင့်တဲ့လူပါဝဲ မေမေ၊ ကိုမား ကို
ရွေးချယ်ခဲ့ပေမယ့် ကောင်း ကို သမီး သံယောဇဉ်ဖြတ်ခဲ့တာမှ မဟုတ်
တာ..၊ မချစ်ခဲ့တဲ့ယောကျ်ားနှစ်ယောက်မှာ ကောင်း က သမီး သိပ်ချစ်ခဲ့
တဲ့ သူငယ်ချင်း၊ ပြီးတော့ ကောင်း မျက်နှာပျက်နေရင်တောင် သမီး
နေတတ်တာ၊ အကြီးအကျယ် စိတ်သောကရောက်အောင် ဘယ်လို
လုပ်ရမလဲ"

"နေပါဦး..၊ သူကတော့ ညည်းကို ချစ်နေပါတယ်ဆိုတာကို ယုံ
ကိုက်တာလား"

"သူ သမီးကို ဘယ်တော့မှ ဒုက္ခမပေးဘူးဆိုတာကို ယုံကြည်တယ်"

"ရည်ရွယ်ညွန်း..."

"သမီးကို ရိုက်ပါ မေမေ..၊ သမီး မှားပါတယ်၊ ရိုက်ပါ..၊ ကောင်း
ကို ဒုက္ခပေးဖို့တော့ မခိုင်းပါနဲ့၊ သမီးလေ..။ ကောင်း ရဲ့ကိုယ်ဟာ
သမီးရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုနဲ့ တွဲစပ်နေသလို ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် သမီးရဲ့ နှလုံးသားတစ်ခြမ်းက သူ့ရင်ဘတ်ထဲရောက်နေတာမျိုး ကောင်း ကို အဲဒီလောက်ထိ ခင်တွယ်ခဲ့တာ၊ သူ့ကို ချစ်သူဖြစ်ဖို့ ဘယ် တုန်းကမှ စိတ်ကူးမကြည့်ခဲ့ဘူးပဲ သံယောဇဉ်က အဲဒီလောက်ထိ ခိုင်မာ ခဲ့တာ..."

"ညည်းက သူ့ကို မေတ္တာထားတာတွေ ငါ့ရှေ့မှာ ပြောရဲနေပြီဆို တော့ မအေတစ်ယောက်လုံးကိုတော့ ဘာဖြစ်ဖြစ်ပေါ့ ဟုတ်လား"

"မဟုတ်ဘူး..၊ အဲဒီလို မဟုတ်ပါဘူး မေမေရယ်..၊ မေမေ ဘယ် လိုမှ သဘောမတူဘူးဆိုရင်လဲ သမီး... သမီး ဒီပွဲကိုတော့ မဖျက်ပါရစေ နဲ့နော်၊ ကောင်း တစ်ခုခု လုပ်သွားမှာစိုးလို့ပါ၊ ဒါပြီးသွားရင် ကောင်း နဲ့သမီး ဆွေးနွေးပါ့မယ်"

"နေစမ်းပါဦး..၊ ဒီပွဲဖြစ်သွားတာကိုပဲ ငါ သဘောမပေါက်နိုင်တာ ကောင်း သက်သက် လူလည်ကျသွားတာလို့ ညည်း မတွေးမိဘူးလား ဟင်၊ ကိုယ့်ကို တကယ်ချစ်တာမဟုတ်ဘဲ..၊ ညည်း ဘာဖြစ်လို့ ဒီလောက် ပျော့ညံ့နေရတာလဲ"

"မသိဘူး..၊ သမီး အချစ်ဆိုတာကို တကယ် မသိခဲ့ပါဘူး၊ ဒါပေ မယ့် ကောင်းကို..."

"တော်စမ်း..."

ဒေါ်ရည်သန့် ၏ဒေါသကို ခန့်မှန်းမိလိုက်တာနှင့် ကောင်း မျက် ခနဲ ခြေလှမ်းရွေ့သည်။

ဦးအောင်ကောင်း က လက်ကို ဆွဲအားလိုက်ကာ...

"ဒီမှာပဲ နေ..."

လို့ ပြောပြီး တံခါးချပ်ကို ဆွဲဖွင့်လိုက်၏။

ဒေါ်ရည်သန့် တို့သားအမိ နှစ်ယောက်စလုံးက တံခါးဘက်ကို အံ့ သြတကြောင်းအနေအထားနှင့် မျက်နှာချင်းဆိုင်ရပ်နေကြတာဖြစ်ကာ သူ့ကို ပြိုင်တူ လှည့်ကြည့်ကြသည်။





"အချစ်ကို သူတို့ မနှစ်သက်သေးပေမယ့် ကိုယ်တို့ နားလည်ပါတယ် နော် ရယ်..၊ ကလေးတွေရင်ထဲမှာ အချစ်ထက်ပိုတဲ့ ခိုင်မာမှုတွေရှိတယ်၊ သူတို့ကို နားလည်ပေးလိုက်ဖို့ သူတို့ကိုယ်စား ကိုယ် တောင်းပန်ပါတယ်"

"ရှင် ပေးခဲ့တဲ့ ကတိစကားတွေက ဒီရောက်ရင် ဒီလိုဖြစ်သွား အောင် တွန်းပို့ဖို့လား..."

လူကြီးတွေ မျက်နှာချင်းဆိုင်မိသည်နှင့် ကောင်း က ထွက်လိုက် ကာ ညွှန်း လက်ကလေးကို ဆွဲခေါ်သွား၏။ ဒေါ်ရည်သန့် စူးရဲ သည့် မျက်လုံးများနှင့် လှည့်ကြည့်လိုက်ပေမယ့် မတားဆီးနိုင်ခဲ့ပေ..။

"ကျွန်မသမီးက တစ်နေ့တည်းမှာ ယောကျ်ားနှစ်ယောက်နဲ့ တစ် ပြိုင်တည်း စေ့စပ်ခဲ့တဲ့မိန်းမ ဖြစ်သွားပြီ၊ ဟိုဘက်မှာ မြင့်မား နဲ့ ရည်ရွယ်ညွှန်း..၊ ဒီဘက်မှာလဲ သင့်တော်ကောင်း နဲ့ ရည်ရွယ်ညွှန်း၊ ဘာကျန်သေးသလဲ..၊ ကျွန်မတို့မှာ ရပ်တည်စရာ ဂုဏ်သိက္ခာ ဘာမှမရှိ တော့ဘူး၊ ရှင် ဘာကို နားလည်ခိုင်းနေတာလဲ..၊ ပြောစမ်းပါ..."

ဒေါ်ရည်သန့် ၏ ပါးပြင်တစ်ဖက်မှာ မျက်ရည်ကြောင်းလေး တစ်ခု စွန်းထင်းသွားခဲ့၏။

ဦးအောင်ကောင်း ရှေ့ကို တိုးလိုက်ပြီးမှ ပြန်ဆုတ်ကာ ကိုးရိုး ကားရားဖြစ်သွားသည့် လက်နှစ်ဖက်ကိုပါ ဖိဆုပ်ထားလိုက်ရပြီး...

"မင်း ထင်သလို ဖြစ်သွားတာ မဟုတ်ဘူး သန့်..၊ လူတစ်ယောက် ကို နှစ်ကိုယ်ခွဲလို့ မရသလို ညွှန်း ရပ်တည်လိုက်တာ ကောင်း ဘက် မှာ..၊ ညွှန်း က တစ်ယောက်နဲ့ပဲ စေ့စပ်ခဲ့တာပါ၊ ပပဝတီ မိဖုရားကို အောင် ခုနစ်ပြည်ထောင်မင်းတွေ ခုနစ်ပိုင်းပိုင်းပြီး ခွဲဝေယူဖို့ ကြိုးစားခဲ့ တယ်၊ ဒါက မိန်းမတစ်ယောက်ရဲ့ ကြီးမားတဲ့တန်ဖိုးပါ၊ ဒီ့ထက်ပိုတာ က မင်းရဲ့ဂုဏ်သိက္ခာ၊ ဘယ်တုန်းက ဘယ်ပတ်ဝန်းကျင်မှာမှ မပျက်စီး ခဲ့ဖူးခဲ့ဘဲ ငါ့ရင်ထဲမှာ အမြဲတမ်း မင်းက ထိပ်ထား..၊ မင်းကသာ အရှင်သခင်ပါ.."

www.burmeseclassic.com



ဒေါ်ရည်သန့် ပါးတစ်ဖက်ကို လက်ခုံနှင့် အသာလေး ကပ်သု
လိုက်ပြီး နေရာမှ ချာခနဲ လှည့်ထွက်သွား၏။ ဦးအောင်ကောင်း
လက်ကို လှမ်းဆွဲလိုက်ကာ...

"စေ့စပ်ပွဲကို မဖျက်ပါနဲ့.."

ဒေါ်ရည်သန့် က လက်ကို ခါထုတ်ပစ်လိုက်၏။ ဦးအော
ကောင်း ရှေ့ကို ဖျတ်ခနဲ တိုးလိုက်ရင်း...

"မင်းရင်ထဲမှာ အငြိုးအတေးတွေ တကယ် မရှိခဲ့ဘူးဆိုရင် သာ
အဖ နှစ်ယောက်စလုံးကို ရင်ကွဲနာကျအောင် မလုပ်ပါနဲ့၊ သားကို
သမီးနဲ့ ကြည်ဖြူလိုက်ဖို့ ကိုယ် တောင်းပန်ပါတယ်"

ဒေါ်ရည်သန့် နားလည်သည်။ ခြေလှမ်းတိုင်းဟာ သူမအတွ
သဘောမတူခြင်း,တူခြင်းကြားမှာ ရပ်တည်ခွင့် မရနိုင်သည့် ခြေလှ
များသာ ဖြစ်သည်။

စေ့စပ်ပွဲကြီး တခမ်းတနားစီစဉ်ထားပြီးမှ မိဘနှစ်ပါးစလုံး ရော
လာအောင် သေချာ အကွက်ရွှေ့ထားသည့် ကြံစည်မှုမှာ သူမကလည်
စုံပဝါဘယ်ညာချ၍ စနစ်တကျ ရောက်လာခဲ့သည်။

သဘောမတူလျှင် လှည့်ပြန်သွား..၊ ရပ်တည်ပေးခြင်းအား
ကြည်ဖြူတဲ့သူ ဖြစ်ရမည်။

သူမ လှည့်ပြန်မသွားနိုင်ခဲ့သည့်နောက်..။





အခန်း [၃၄]

"ဒီမှာပဲ ပြောပါ ကိုမား ရယ်..၊ ညွှန်း မလိုက်ချင်ဘူး"

"ကောင်း ကြောင့်လား..၊ ကိုယ်ကလဲ သူနဲ့ ရင်မဆိုင်ချင်ပါဘူး၊ ဒါပေမယ့် မင်းနဲ့ကိုယ် ချည်နှောင်ဖို့ကြိုးစားခဲ့တဲ့ ကြိုးတွေဟာ မင်းဘက်က ပြေလျော့နေပေမယ့် ကိုယ်က မရမကကြိုးစားခဲ့ရတာမို့ ခုချိန်ထိ ရှုပ်ထွေးနေတုန်းပဲ ညွှန်း ရယ်..၊ ကိုယ့်ကို ခဏလောက် စကားပြောခွင့်ပေးပါ"

ညွှန်း နာရီကိုကြည့်၍ ဘာပြောရမှန်းမသိ ဖြစ်နေသည်။ သူ ရောက်လာတာနှင့် ဂျူတီပြီးတဲ့အချိန်က ကွက်တိဖြစ်နေသည်မို့ လှမ်းပြီးသားခြေလှမ်းကို ပြန်ရုတ်ရလည်း ခက်..၊ ရှေ့လည်း မတိုးချင်..။

"စေ့စပ်ပွဲကိစ္စနဲ့ပတ်သက်တာတွေ နှင် ဘာမှ ရှင်းဖို့မလိုဘူးနော်၊ မြင့်မား ရောက်လာရင် လက်ခံစကားမပြောနဲ့.."

လိုက်ပို့ရင်းနှင့် ကောင်း က တရုရှမှာသွားသည်။ ကောင်း မှာ သွားလို့မဟုတ်ဘဲ မြင့်မား ကို မမြင်မတွေ့ချင်လောက်အောင် စိတ်ပျက်တာမျိုးလည်း မဟုတ်ပါဘဲ စေ့စပ်ပွဲနှင့်ပတ်သက်ပြီး ဘာမှမပြောချင်တာ ဖြစ်သည်။

"ညွှန်း..."

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com



"ညွှန်း ရယ်..၊ မနေ့ကနဲ့ ဒီနေ့လောက်အချိန်လေးမှာ စိမ်းသွားလိုက်တာ၊ စေ့စပ်ပွဲနဲ့ပတ်သက်ပြီး မပြောနဲ့ဆို မပြောပါဘူး၊ ဒါပေမယ့် ဘာမှ မပတ်သက်ခဲ့ဖူးသလိုကြီး နေပစ်လိုက်တာတော့ ရက်စက်လွန်းပါတယ်"

ဂျူတီကုတ် အဖြူရောင်လေးကို ချွတ်ဖို့ မေ့နေကာ ချွေးစို့လာမှ သတိရသည်။ သူမ ဒီတိုင်းပဲ ခဏခဏ ဖြစ်တတ်ခဲ့၏။

အာရုံတစ်ခု ဝင်စားသွားပြီဆို ပြီးခဲ့တာကိုရော မပြီးသေးတာကိုရော ခဏတစ်ဖြုတ်တော့ မေ့တတ်လေသည်။

"ခဏတော့ လိုက်ခဲ့မယ်မို့လားဟင်"

"စိတ်မကောင်းပါဘူး ကိုမား ရယ်..၊ ကိုမား က မမေးဘူး၊ မပြောဘူးဆိုပေမယ့် ညွှန်း ရဲ့ ဆရာ၊ ဆရာမတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကြားမှာ မေးခွန်းတွေအများကြီး ဖြစ်သွားခဲ့တယ်၊ မေးခွန်းက မပြင်းထန်ပေမယ့် ကောင်း နဲ့ ကိုမား တို့နှစ်ယောက်အကြောင်းတွေပဲ..၊ ညွှန်း အရမ်းကို စိတ်ညစ်နေရပြီ"

မြင့်မား က မချိတရိပြုံးသည်။ မိုးပြာရောင် ရှပ်အကျီပွပွ..၊ ဘောင်းဘီရှည်နက်ပြာရင့်နှင့် ဆံပင်တွေကိုလည်း ခါတိုင်းလိုပဲ သူ ပုံမပျက် သပ်ရပ်အောင် ဖြီးခဲ့ပါသည်။ ဒါပေမယ့် လောင်မြိုက်ခြင်းတို့နှင့် အတိပြီးနေသည့် ရင်ထဲမှာတော့ အထဲနှင့်အပြင် လုံးဝ ခြားနေ၏။

ညွှန်း ကို သူ မြတ်နိုးသည်။ ရယူပိုင်ဆိုင်လိုသည်။ တတ်နိုင်သမျှလည်း ကြိုးစားခဲ့၏။ သူ ကြိုးစားသမျှဟာ သင့်တော်ကောင်း အပြုံးမပျက် သက်ပြင်းရှိုက်လိုက်ခြင်းတစ်ရပ်မှာပဲ မျှောလွင့်ပျက်စီးခဲ့ရ၏။

ကိုယ်ညံ့လို့ ကိုယ်ခံရတာလို့ အံကြိတ်ပြီး ဘယ်လိုဖြေဖြေ နာရီစက္ကန့်နဲ့အမျှ ရင်ထဲမှာ နာကျင်နေသည်။ နောက်ဆုံး ဖြေရာရှာမိသည်က စေ့စပ်ထားပြီးပေမယ့် သူ့မှာ ကြိုးစားခွင့် ရှိသေးသည်။

"ဒါဆို ဒီနားမှာပဲ ခဏတော့ ပြောရအောင်ပါ၊ ကိုယ့်ကို တစ်ခုလောက် အမှန်အတိုင်း ဝန်ခံပေးပါ"





ညွှန်း က သူပြောလာမှာကို စိုးရိမ်မကောင်းစွာ နားစွင့်နေခဲ့၏။

ဆေးရုံကြီး၏ ကောရစ်ဒါအစွန်းလေးမှာမို့ ဘေးမှာ လူသွားလာရှင်းနေပေမယ့် သူနှင့် စကားရပ်ပြောနေရခြင်းမှာ စိတ်ဆင်းရဲကြီးစွာဖြစ်နေသည့် ညွှန်း မျက်နှာလေးက မကြည်လင်..။

မဖြေနိုင်သည့် မေးခွန်းတွေကို တစ်မနက်လုံး ဖြေနေခဲ့ရပြီးပြီ။ နောက်ထပ်ပြီး ကြားလည်း မကြားချင်၊ ဖြေချင်စိတ်လည်း မရှိတော့ပေ။ ထို့ပြင် လူတွေ အရမ်းစိတ်ဝင်စားနေချိန်မှာ ကောင်း က မနက်ကလာပို့သွားပြီး သူက နေ့လယ်ပိုင်းမှာ ရောက်လာသည်ဆိုတော့...

"ညွှန်း ကိုယ်ပြောတာ ကြားလားဟင်"

"ဟုတ်ကဲ့ ပြောပါ"

"စေ့စပ်ပွဲနဲ့ပတ်သက်တဲ့ နောက်ဆုံးမေးခွန်းပါ..၊ ခွင့်လွှတ်ပါနော်" မား က နောက်ထပ် တောင်းပန်ပြီးမှ...

"ပွဲချိန်စတော့မယ့် နောက်ဆုံးမိနစ်တွေအထိ အန်တီ ကိုယ့်ကို အကောင်းတိုင်း ဖြေနေသေးတယ်၊ ကောင်း ရဲ့ဒယ်ဒီ ဦးအောင်ကောင်းကြားဝင်မဖြေခင်အချိန်ထိ..."

သူ စိုက်ကြည့်နေမှန်းသိသည်မို့ အားနာတာတွေရော..၊ အနေခက်ခြင်းတွေပါဖြစ်လျက် ညွှန်း မျက်နှာလေး တစ်ဖက်လွှဲထားခဲ့သည်။

"အဲဒါကြောင့် ကိုယ် ထင်တယ်၊ ညွှန်း ကိုယ်တိုင် ဘာမှမသိခဲ့တဲ့ကောင်း တစ်ဖက်သတ် မရိုးသား ကြံစည်သွားတာမို့လား"

ညွှန်း မဖြေပါ..။

"ပြောပါဦး ညွှန်း ရယ်..၊ ကိုယ် အဲဒါလေးကို သိပါရစေ၊ ကိုယ်နဲ့ စေ့စပ်တာကို မလိုလားလို့ ကောင်း ရင်ခွင်ထဲကို မင်း ပြေးဝင်လိုက်တာ မဟုတ်ဘူးမို့လား၊ ဖြေစမ်းပါ"

မဖြေဘဲ နေလို့မရနိုင်တော့တာကို သိလိုက်သည်။ ညွှန်း စိတ်ခိုင်မာအောင် တင်း၍ သူ့ကို ရင်ဆိုင်ကြည့်ဖို့ကြိုးစားရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အမှန်ပဲ ကိုမား..၊ မိဘက ဒါကိုလုပ်ပါလို့ ချမှတ်လိုက်တာကို နာခံခဲ့ပြီးမှ ညွန့်း ကိုယ့်သဘောနဲ့ကိုယ် ထင်ရာလုပ်ဖို့ ဘယ်တော့မှ မကြိုးစားဘူး"

"ဒါဆို..."

"ခု အားလုံး ပြီးသွားပါပြီ..၊ အားလုံး ငြိမ်းချမ်းစွာနဲ့ပါ"

"မဟုတ်ဘူးလေ ညွန့်း ရယ်..၊ စေ့စပ်တာက လက်ထပ်တာမှ မဟုတ်သေးတာ၊ သူ ထင်တိုင်းလုပ်တာကို ညွန့်း နဲ့ လူကြီးတွေအားလုံးက မျိုသိပ်ပြီးဆုံးဖို့ မလိုပါဘူး"

"မျိုသိပ်လိုက်ကြတာ မဟုတ်ဘူး ကိုမား၊ ကျေနပ်နိုင်တာ..၊ မေမေကလဲ ကောင်း ကို ချစ်ခဲ့တဲ့သူ..."

"ညွန့်း ကရော..."

"ငယ်ငယ်လေးကတည်းက အနစ်နာခံ ပေါင်းသင်းခဲ့ကြတဲ့ သူငယ်ချင်းတွေ၊ သူ ဘာအပြစ်တွေလုပ်နေနေ ညွန့်း ဘက်က ခွင့်မလွှတ်နိုင်တာ ဘာမှမရှိဘူး"

"ရှင်းရှင်းပြောပါကွာ..၊ ညွန့်း သူ့ကို မချစ်ခဲ့ဘူးလို့ ကိုယ် သိထားတာ"

"အချစ်နဲ့ပတ်သက်တာတွေထက် လေးနက်မယ်ထင်တယ်၊ သူနဲ့ ပတ်သက်ရင် ဒေါသတွေရှိရင် ရှိမယ်၊ စိတ်နာမုန်းတီးလို့ ဘယ်တုန်းကမှ မရခဲ့ဘူး"

"ကိုယ် နားမလည်ခဲ့ဘူး ညွန့်း..၊ ဘာမှမတော်စပ်ကြတဲ့ မိန်းကလေးနဲ့ ယောကျ်ားလေး ဘယ်လိုရိုးသားစွာ တွယ်တာနိုင်သလဲ၊ ဘယ်အချိန်မှာ ဖောက်ပြန်ပျက်စီးနိုင်သလဲ၊ အဲဒါတွေ ကိုယ် မသိဘူး၊ ဘယ်သူနဲ့မှလဲ အဲဒီလိုပုံစံနဲ့ ကိုယ် မတွယ်တာခဲ့ဖူးဘူး၊ အဲဒါကြောင့် ဒီထက်ရှင်းရှင်း ပြောပြစမ်းပါ၊ ညွန့်း သူ့ကို ချစ်နေတာ မဟုတ်ဘဲနဲ့ သူ့အပြစ်ကို ခွင့်လွှတ်နိုင်တယ်ဆိုရင် ကိုယ်က သူ့လိုပဲ ပြန်ကြိုးစားခွင့် ရှိသေးတယ်၊ ဒီလိုပုံစံ ကိုယ်က ပြန်ရယူခဲ့ရင် ညွန့်း ခွင့်လွှတ်မှာလား..."





"ဘယ်ခွင့်လွှတ်မလဲ..၊ မင်းက ငါမှ မဟုတ်တာ"

ထောင့်မျိုးအကွယ်ကနေ ကောင်း ရုတ်တရက်ပေါ်လာတော့ ညွန့်း မျက်နှာပျက်သွား၏။ ယောကျ်ားနှစ်ယောက်၏အလယ်မှာ သူမကို လူတွေ ဘယ်လိုမြင်ကုန်ပြီလဲ..။ မား က မျက်နှာကြီး ရဲတက်လာလျက်...

"မင်း ယဉ်ကျေးမှုမရှိဘူးလား ကောင်း..."

"ဘာ!... ငါက ဟုတ်လား"

ကောင်း က မှောင်လဲ့နေသည့် နက်ပြာရောင်မျက်မှန်ကို အသာလေး ဆွဲချွတ်လိုက်ပြီး ညွန့်း ရဲ့ဘေးမှာ ပခုံးချင်း ထပ်ရပ်သည်။

"ဒီနေရာမှာ ညွန့်း ရဲ့သိက္ခာအတွက် မင်းနဲ့ငါ အပြုံးမပျက် ပြောနိုင်မှဖြစ်မှာ..၊ ဒါပေမယ့် လက်သီးက ယားနေတယ်ကွ၊ မင်းမျက်နှာကို ကြာကြာမြင်နေရလို့ မဖြစ်ဘူး"

ကောင်း က ရှေ့တိုးလိုက်တော့ မြင့်မား နှင့် အသာချင်းထိမတတ် နီးကပ်သွားကာ...

"မင်းရဲ့ပွဲ ပျက်သွားတဲ့အတွက် မင်းတို့ ခင်းကျင်းကုန်ကျထားတာတွေထက် သုံးဆကို နာရီပိုင်းအတွင်း ငါ လျော်လိုက်တယ်.."

ဒါ ညွန့်း မသိသေးတဲ့ကိစ္စပါ။ မား မျက်နှာ ညိုမှောင်သွားခဲ့၏။

"အဲဒါ လူကြီးတွေ ဖြေရှင်းကြတဲ့ကိစ္စ..."

"ဟုတ်တယ်..၊ မင်းလဲ လူကြီးတွေအားကိုးနဲ့ စေ့စပ်ဖို့ထိ ကြိုးစားအောင်မြင်ခဲ့တာပဲ၊ လူကြီးတွေက ပြီးပြီဆို ပြီးလိုက်ပေါ့၊ လျော်ကြေးယူပြီးရင် ရတာလေးနဲ့ ဝ,အောင်စားရတယ်"

"မင်း..."

"ငြိမ်ငြိမ်နေပါ"

မား လက်သီးဆုပ်လိုက်ပြီး လှုပ်ရှားဖို့ပြင်လိုက်တာနှင့် ကောင်း က ထိုလက်ကို ဖမ်းဆုပ်ထားလိုက်၏။ လူတွေသတိမထားမိအောင် နှစ်ဖက် ဆုပ်ထားသည့်လက်တွေကို ခန္ဓာကိုယ်နှစ်ခုနှင့် ကပ်ကွယ်ထားလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ အေးဆေးနေဖို့ ပြောပြီးသား"

ဟုပြော၍ လက်ကို သတိပေးသလို တစ်ချက်ဖျစ်လိုက်ပြီးမှ လွှတ်သည်။ ပြီးတော့...

"ဒီမှာ မြင့်မား..၊ ညွန့် ကို စေ့စပ်ဖို့ ကြိုးစားခဲ့တဲ့ ငါ့အရင်းအနှီး မင်းကို ပေးလျော်ခဲ့ရတဲ့ သုံးဆဆိုတဲ့ငွေ..၊ အဲဒါတွေအားလုံး ငါ့ရဲ့ ကိုယ်ပိုင်ငွေတွေချည်းပဲ.."

မြင့်မား အံကြိတ်နေ၏။ သူကတော့ ငွေတွေ ရှာနိုင်ပေမယ့် အိမ်ထောင်မရှိသူတို့ လမ်းစဉ်အတိုင်း မိဘ၊ အကြီးအကဲတို့လက်ထဲကို အပ်ခဲ့တာပါ..။

ကောင်း ဆိုတဲ့ကောင် ဘယ်လိုရှာ..၊ ဘယ်လို စုနေလို့ ဒီလိုကျော် နုတ်ပြောနိုင်နေတာလဲ..။ ကောင်း က စိုက်ကြည့်ပြီး မထိတထိပြုံး၏။

"စဉ်းစားမရဘူးလား..၊ မင်း ငါ့လိုမဟုတ်တာ..၊ ငါက မင်း မဟုတ်လို့ပေါ့၊ လောကမှာ တစ်ယောက်နဲ့တစ်ယောက် စိတ်ကူးချင်း တူညီနေရင် ကမ္ဘာကြီး လုံးသလား၊ ပြားသလားဆိုတာ ဒီနေ့ထိ ခွဲခြား နိုင်မှာ မဟုတ်ဘူး၊ မင်း အေးဆေး ပြန်စဉ်းစားလိုက်..."

ကောင်း က ညွန့် လက်ကလေးကိုဆွဲ၍ နေရာမှ ထွက်ခွာသွား ခဲ့၏။ မြင့်မား နင့်သီးစွာခံစားရင်း ကျန်ရစ်လေသည်။ ဤကဲ့သို့ ဤသို့ သော ကျော်လွှားခြင်းမျိုးနှင့် ကောင်း သူ့ရှေ့ကနေ အောင်နိုင်စွာ ထွက် သွားခဲ့တာ တစ်ကြိမ်၊ နှစ်ကြိမ်မကပါ..။

ညွန့် သည်လည်း သူ့ကို ဘယ်လိုပဲ ခေါင်းခါနေပါစေ၊ ကောင်း လက်ကို ဆွဲမိပြီဆိုတာနှင့် ခေါင်းညိတ်ရုပ်လေးတစ်ရုပ်လို..။

မတူညီတာတွေမှာ ဤကဲ့သို့.. ဤသို့သော..။





## အခန်း [၃၅]

အိမ်မေးလ်တွေပို့လိုက်တိုင်း သူမဘက်က သတိတရ ချက်ချင်း ပြန်ပို့တယ်ဆိုတာ မရှိ။ VZOမှာတွေ့ဖို့ ရှာကြည့်တိုင်းလည်း မရှိတာ ကပဲ အမြဲတမ်းလိုလို..။

စိတ်မရှည်တတ်သည့်ရင်ဘတ်က ရက်လရှည်စွာ သည်းခံစောင့် စားနေရခြင်းကို ခါးသီးစွာ စီးကရက်တွေချည်း ဖိသောက်နေမိသည်။

နေ့နေ့ညည ကွန်ပျူတာရှေ့မှာ ထိုင်လိုက်မိတိုင်း ကြည်နူးပျော် ရွှင်စွာ ပြီးဆုံးခဲ့ရတယ်ဆိုတာ မရှိသလောက်ပါလား..။

ညဉ့်၏တိတ်ဆိတ်ခြင်းကို တုပြိုင်ရင်း ဒီတိုင်း ငုတ်တုတ်ထိုင်နေမိ တာ အချိန်တွေ ဘယ်လောက်ကုန်သွားမှန်းမသိ..။

"မောင်လေး မအိပ်သေးဘူးလား"

"မအိပ်ချင်သေးလို့.."

"တစ်နာရီထိုးနေပြီ"

မျိုသိပ်နေရသည့် ခံရခက်ခြင်းကို မေမြတ် က အချိန်နာရီတွေ တွက်ပြပြီး တူးဆွနေသလိုပင်..။

ကောင်း မျက်ခုံးတွေ တွန့်တုတ်သွားလျက် မီးညှိပြီးစ စီးကရက် ကို ဒီတိုင်း ခွက်ထဲ ဖိချေထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ပညာကြိုးစားတဲ့သူဆိုတာ မောင်လေး သိသားနဲ့..၊ ကိုယ် သတိရတိုင်း တွေ့ချင်နေတာကို မတွေ့ရတဲ့အခါ ဒေါသမထွက်နဲ့လေ"

"မတွေ့ရတဲ့အခါချည်းပဲ..၊ တကယ် နေနိုင်တယ်..၊ ကျွတ်!..."

ကောင်း ဆံလည်ကုလားထိုင်ကို ပက်ခနဲ မှီချလိုက်ပြီး ဆံပင်တွေ ကို ဖွသည်။

နောက်ထပ် စီးကရက်ထုတ်တော့ မေမြတ် က အနားကပ်လာကာ လက်ကို ကိုင်ထားလိုက်၍...

"တော်ရောပေါ့ မောင်လေးရယ်..၊ ညွှန်း က ပညာသင်သွားတာ ပြီးတော့ အရမ်းကို ရိုးသားအေးချမ်းတယ်၊ သူ့ဘက်က နေနိုင်တယ် ဆိုတာလဲ ပညာကြိုးစားနေလို့ပဲဆိုတာ မောင်လေး နားလည်လိုက်ပါ၊ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိနေကြရင်..."

"သစ္စာရှိနေရင် ပြီးတာပဲလို့ သဘောထားနိုင်ရင် မိန်းမရုပ်တစ်ရုပ် ဝယ်ပြီး အခန်းထဲ ထည့်ထားလိုက်မှာပေါ့..၊ သူ ရိုးသားနေပေမယ့် ကျွန်တော် ဒီမှာ ဘာတွေလုပ်နေမလဲလို့ မပူတော့ဘူးလား၊ သူ အဲ့ အလျော့နေနိုင်တာကို ဒီကောင် ကျေနပ်ပါ့မလားလို့ရော မတွေးမိတော့ ဘူးလား၊ ဒီပုံနဲ့ သည်းခံလာခဲ့ရတာ နှစ်နှစ်ပြည့်တော့မယ်"

"ဟုတ်တယ်လေ..၊ သူလဲ ပြန်လာတော့မှာဥစ္စာ၊ ပြန်ခါနီးပြီဆိုပြီး စာတွေ အရေးကြီးလို့ ဖိကြိုးစားနေရတာ ဖြစ်မှာပါ၊ အင်း... မောင်လေး အဲဒီလောက် ခံစားနေရမယ်မှန်းသိရင် မသွားခင်ကတည်းက လက်ထပ် ဖြစ်အောင် မမ ကြိုးစားပေးမိမှာ..."

"မလိုပါဘူး"

ကောင်း မျက်နှာက ဟိုတုန်းကလို ဂျစ်ကန်ကန်ပုံစံ ပြန်ဖြစ်လာ၏။ ခါးကို မတ်မတ်ပြန်ထိုင်ကာ VZO ထဲ ပြန်ဝင်၏။

မေမြတ် ဒီတိုင်းရပ်ကြည့်နေရင်း သက်ပြင်းရှည်ကြီးချသည်။ ကောင်း နောက်ထပ်ရှာကြည့်ပေမယ့် ညွှန်း က မရှိ-။





နောက်ဆုံး ကလစ်တစ်ချက်နှိပ်ပြီး နေရာမှ ထရပ်လိုက်လျှင်—

"နေဦး..၊ မမ လိမ္မော်ကျူးစ် လုပ်ပေးမယ်"

"မလုပ်နဲ့တော့"

မေမြတ် က ကောင်း ထွက်သွားသည့် ဝရန်တာဘက်ကို နောက် က လိုက်သွား၏။ စကားလေးဘာလေးပြောရင်း ညဥ့်နက်သန်းခေါင် ထိ ထိုင်မနေဖြစ်အောင် ပြန်ခေါ်ဖို့ ဖြစ်သည်။

သူမမှာလည်း ကိုထွတ် သဘောတကျသွားတိုင်း မိဘအိမ်မှာပဲ ပြန်နေဖို့ ကြိုးစားခဲ့ရတာ မောင်လေးကြောင့် အမိကပါ..။

မောင်လေးနှင့်ဒယ်ဒီ နှစ်ယောက်တည်းနေတာထက် သူမ ရှိနေ ခြင်းက ပိုအဆင်ပြေမှာကို သိသည်။

အထူးသဖြင့် ကောင်း အခုလိုမျိုး နေချင်သလိုနေတတ်သည့်အခါ မေမြတ် က ကောင်း ရပ်လိုက်သည့် ရှေ့မှာ မျက်နှာချင်းဆိုင် ရပ် လိုက်ပြီး...

"ကိုယ် ဒီလောက်ထိ ချစ်နေတာပဲ၊ ဘာဖြစ်လို့ ဟန်ဆောင်ချင် တာလဲ မောင်လေးရယ်..၊ ချစ်ရင် အတူနေချင်ကြတာပဲ၊ ဘာလဲ မောင်လေးက ညွှန်း နဲ့လက်ထပ်ဖို့ကို အချိန်ဆွဲထားဦးမှာလား.."

"ဘယ်သူက ဟန်ဆောင်နေလို့လဲ..၊ အချိန်ဆွဲနေတာရော ဘယ် သူလဲ..၊ ဒီမှာ ဗုန်းဗုန်းလဲသေပြနေတာတောင် အဲဒီပညာတော်သင်ကို သွားဖြစ်အောင် သွားတယ်"

"ဟုတ်တယ်လေ..၊ ဒါပေမယ့် မောင်လေးပဲ ခွင့်ပြုခဲ့တာ မဟုတ် ဘူးလား"

"ဒါချည်းပဲ တောင်းဆိုနေတာကို ဘယ်လိုလုပ် တားမလဲ..၊ စေ့စပ် တုန်းက ဖွတ်တရွတ်လုပ်ခဲ့မိလို့ အဲဒီအတွက် ပြန်လျှော့ပေးလိုက်တာ၊ ဘာပဲဖြစ်ဖြစ် ဘယ်နိုင်ငံရောက်နေနေ နေ့တိုင်း ပြောနေလို့ရတယ်၊ နေ့တိုင်း မြင်နေလို့ရတယ်၊ သူ့မှာ လွမ်းတတ်ဆွေးတတ်တဲ့စိတ် နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းမှ မဖြစ်ဘဲ နန်းဂီတာ ဘယ်လောက် အသည်းယားဖို့ကောင်းလဲ"

"ညွန်း က မောင်လေးကို အရမ်းကို နားလည်တဲ့သူပါ"

ရှုံ့မဲ့သွားသည့် ကောင်း မျက်နှာကို ဝရန်တာအပြင်မှာရှိနေသည့် မီးလုံးအဖြူလေး၏ အလင်းရောင်မှာ မြင်နေရ၏။ ကောင်လေးဆိုသည့် အရွယ်တုန်းကလို နုဖုံရျောမွေ့နေတာ မဟုတ်တော့ပေမယ့် ကောင်း မျက်နှာဟာ အပြစ်အနာအဆာ ဘာမှမထင်သည့်မျက်နှာမျိုး ဖြစ်သည်။

ဆံပင်တွေ ပခုံးကျော်အောင် ရှည်ကျနေလျက် နှုတ်ခမ်းမွေး ထင်နေတာတွေက စိမ်းညို့နေသည်။

တစ်ခါတလေ နှုတ်ခမ်းမွေးငုတ်စလေးတွေ ထွက်လာတဲ့အခါ ဘားတာတ်သဖြင့် ရိတ်ပစ်ဖို့ကို မေမြတ် ပဲ ပြောရသည်။

သွားလာနေပြီဆို ဆံပင်ကို ဒီဝိုင်း ချထားလိုက်၊ နောက်မှာ စည်းထားလိုက်နှင့်..။ ညွန်း မရှိသည့်နောက်ပိုင်းမှာ ကောင်း ဒေါသ တွေကြီး တတ်လာသလို အားလုံးက မယုံနိုင်အောင် ပြောင်းလဲသွား ခဲ့၏။

သူမကတော့ ကိုယ့်မောင်လေးအပေါ်မှာ အမြဲတမ်း အရိပ်တ ကြည့်နေခဲ့သူမို့ ပြောင်းလဲတာ၊မပြောင်းလဲတာ အားလုံးကို နားလည် ပါသည်။

"ဘာပဲဖြစ်ဖြစ် ညွန်း ပြန်လာရင်တော့ အရွဲ့တိုက်ချင်တာတွေ ရန်ဖြစ်ချင်တာတွေ မလုပ်နဲ့တော့နော်၊ အမြန်ဆုံး အတူနေနိုင်အော ကြိုးစား..၊ မမ ထင်တာ ယ်သိလား၊ ညွန်း နဲ့မောင်လေး လက်မထပ်သေ သရွေ့ ညွန်း ဘက်က မောင်လေးလိုချင်တဲ့ ရွှေးဘွေးမှုမျိုး ရနိုင်မှ မဟုတ်ဘူး"

မေမြတ် ပြောလိုက်သည့်စကားက ကောင်း ရင်ထဲကို တိုက်ရိုက် ထိလေသည်။ ကောင်း မျက်နှာ ဒီဘက်လှည့်လာ၏။ သူ အားမငေ အားမရ ဖြစ်နေရခြင်းတွေကို မမ သိနေသည်ပဲ..။





"ဟုတ်တယ်..၊ ဒီနေ့ထိ သူ ကျွန်တော့်ကို ချစ်တယ်လို့ တစ်ခါမှ မပြောဘူး"

"မောင်လေးကရော သူ့ကို ချစ်တဲ့အကြောင်း ပြောပြီးပြီလား"

ကောင်း မျက်နှာ မသိမသာ လွှဲသွားတော့ မေမြတ် က ပြုံးသည်။

အဖြူနှင့် မိုးပြာရောင်ရောသော ရုပ်အင်္ကျီအကွက်လက်တိုကို ကြင်ဘတ်တစ်ဝက်ဖွင့်ပြီး ဝတ်ထားသည်။ ဒူးအောက်ထိရှည်သော ညဝတ် ဘောင်းဘီပွပွနှင့်..။

ဟိုအရင်က ချောလွန်းလို့ ဂျိုပုန်းလို့တောင် အထင်ခံခဲ့ရပြီး ခုလို ဖြင်မဆင် ဖြစ်လိုနေတော့လည်း ယောက်ျားပီသသည့် ရုပ်သွင်မျိုးနှင့် ချောနေပြန်၏။

"မရှိမပဋိပဒါ ဆိုတာကို နားမှမလည်တာ၊ မြင်လိုက်ရရင် အစွန်း ရောက်..၊ တစ်နေရာရာမှာ ထော်လော်ကန့်လန့်..၊ ဆုံးမချင် တ်ကို ရှိတော့ဘူး"

ဟု ဒယ်ဒီ စိတ်ပျက်သလို ပြောခဲ့ဖူးသည်။ ပြောင်းလဲသွားပြီဆို တော့လည်း ပီကေကို ပါးစောင်မှာကပ်ထားပြီး စီးကရက်ကို ာက်က ချ။ တစ်ခါတလေ ဘီယာသောက်လာတတ်သေးသည်။

နှုတ်ခမ်းမွေး ငုတ်တိုငုတ်စရှိတဲ့အခါများဆို ဆံပင်တွေ နောက်မှာ ည်းထားပေမယ့် ဆံနှစ်ဖက်မှာ မသေမသပ် ပြိုကျနေတာတွေ..။

စီးကရက်မီးခိုးငွေ့တွေ နှုတ်ခမ်းမှာ တလွန့်လွန့်နှင့် အင်္ကျီရင်ဘတ်ကွဲ တ်ထားတတ်တာက ရှိသေးသည်။ မိန်းကလေးတွေ ပါးစပ်များမှာ တော့ 'အရမ်းမိုက်တယ်'ဆိုသည့် 'ခိုက်သ်'၊ 'ကြိုက်သံ'တွေ ထွက်ခဲ့သော် ည်း ဒယ်ဒီက ပြောသည်။

"သေချာတယ်..၊ မကြာခင် နောက်ထပ် အရေခွံလဲဦးမှာ"ဟု..။ မြတ် သိပါသည်။ နောက်ထပ် ကောင်း ပြောင်းလဲဖို့ရှိနေတာက ည်ရွယ်ညွန်း ရဲ့လက်ထဲမှာပဲ ဖြစ်လိမ့်မည်ဆိုတာ..။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတာက ထိန်းသိမ်းစောင့်စည်းရတဲ့ အမျိုး မောင်လေးက ပြောနေမှ အချစ်ဆိုတာကို သူ ခံစားမိလာမှာပေါ့၊ သူ မောင်လေးက ငယ်ငယ်လေးကတည်းက သူငယ်ချင်းလို၊ မောင်နှမ လက်ပွန်းတတီးနေခဲ့ကြတာ..၊ ပြီးတော့ မောင်လေးက သူ့ထက် အလှအပမက်နေခဲ့တော့ သူ လက်ခံထားတဲ့အသိထဲမှာ မောင်နှမ မဟုတ်ဘဲ ညီအစ်မလို...,"

"တော်ပါတော့ဗျာ..၊ မမ ပြောမှပဲ တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့် စိတ် ပေါက်လာပြီ"

"မောင်လေး သတိထားမိအောင် ပြောတာပါ၊ ညွန်း ရဲ့စိတ် နားလည်ဖို့မကြိုးစားရင် မင်းပဲ ပင်ပန်းမှာ..၊ ပြီးတော့ သူနဲ့တွေ့ အရင်လို ရန်ဖြစ်ဖို့၊ စကားနိုင်လုဖို့တွေ ဖယ်ထားပြီး ချစ်နေတာ ပြော..၊ သူ့အချစ်ကို ရယူဖို့ကြိုးစား..၊ သူ့ရင်ထဲမှာ မောင်လေးကို ချစ် မှာပါ၊ ဒါကို သူ့ကိုယ်သူ မသိတာလဲ ဖြစ်နိုင်တယ်၊ ကိုယ်တိုင် စိတ် စားတဲ့အတွက် ခေါင်းထဲ မထည့်တာလဲ ဖြစ်နိုင်တာပဲ၊ လိုချင်တဲ့သူ ကြိုးစားရမှာပေါ့၊ မြင့်မား နဲ့တုန်းက မောင်လေးဘက်က သူ ရှိခဲ့ပေ ခုချိန်ထိ သူ့အချစ်ကို မရခဲ့ဘူးလို့ မောင်လေး ခံစားနေရတယ်မို့လား

"ရမှမရခဲ့တာ..."

"အဲဒါ မောင်လေး ကြိုးစားလေ..၊ သူ့စိတ်ကို နားလည်လိုက် အေးချမ်းသွားမှာပါ၊ မမကတော့ ညွန်း ပြန်လာရင် အမြန်ဆုံး လ ထပ်စေချင်တယ်၊ ညွန်း က ငြင်းနေရင်ဖြစ်ဖြစ်၊ အေးစက်စက်ဖြစ် တယ်လို့ပဲ ထင်ထင်၊ မောင်လေးက မခံချင်ဒေါသတွေ မဖြစ်နဲ့တော့ ညွန်း နဲ့ မောင်လေးရဲ့ မပြေလည်မှုတိုင်းဟာ ဒယ်ဒီ့အတွက်လဲ အရေး ကြီး အရေးကြီးတယ်၊ အဲဒါ မောင်လေး သိလား"

ရကောင်း က 'မသိဘူး'ဆိုသည့်မျက်နှာနှင့် ကြည့်၏။ မေမြ က ဝရန်တာမှာ လက်ပိုက်လေး မှီလိုက်ကာ...





"တကယ်ဆို ဟိုအရင် မိသားစုနှစ်စု ငြိမ်းချမ်းနေတဲ့ကာလမှာ တည်းက မောင်လေး ညွန်း ကို စိတ်ဝင်စားခဲ့မယ်ဆိုရင် မြင့်မား ပြဿနာရော..၊ လူကြီးချင်း မျက်နှာပျက်ရတာတွေရော.. ဘာမှရှိခဲ့မှာ ဟုတ်ဘူး"

"ခုလဲ အန်တီနဲ့ ဒယ်ဒီ ခေါ်ပြောမပျက်ရှိကြတာပဲ"

"ပျက်လို့မရတော့တဲ့ ပတ်သက်မှုတွေ ရှိခဲ့လို့လေ..၊ တလွဲတွေဖြစ် မှ ပြန်ပြီးချိတ်ဆက်ဖို့ ကြိုးစားခဲ့ရတာမျိုး၊ ဒယ်ဒီ အန်တီ့တို ဘယ် သက်မျှော်လင့်နေသလဲ၊ မင်း သိရဲ့သားနဲ့.."

ကောင်း မျက်နှာမှာ ညိုသထက်ညိုကာ ပြုံတော့မယ်မိုးလို ဖြစ် သွားခဲ့၏။

"ရှုပ်ကုန်ပြီ မမရာ..၊ သွားပါတော့..၊ တကယ် ညစ်တယ်"

စိတ်တွေရှုပ်ထွေးကာ ညွန်း ကိုပဲ တမ်းတနေမိသည့်စိတ်ကို အရာ ပစ္စည်းတစ်ခုလို ဆွဲထုတ်ပစ်လိုက်ချင်သည်။ သူမလို အေးချမ်း ောင် မနေတတ်ခဲ့တာ ဘယ်သူ့အပြစ်လဲ..၊ သတိရလာလေ မနေ တ်လေ..။

ဒေါသတွေဖြစ်လာတိုင်း 'မင်းကို ချစ်တယ်'လို့ စိဂ်ရှိလက်ရှိ ာ်ပြီး ပေါက်ကွဲပစ်ချင်တာပဲ သိသည်။

နဂိုလို မနေမိလို့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၆]

ပြန်လာမယ့်ရက်ကို စောင့်စားရင်း ဒေါ်သတွေ ရေဆူအမှတ်... ရောက်သွားတာလား..၊ ဒါမှမဟုတ် အလွမ်းရင့်ပြီး ပရက်ရှာကျ... တာလား မသိ..။

ညွန့်း ကို သွားကြိုကြတော့ ကောင်း ကိုယ်ပူကျကာစ မျက်လုံး... မှာ ရီတီတီနှင့်...

"မောင်လေး အဖျားကျကာစ နေခဲ့ပါလား၊ ညွန့်း ကို ဒီခေါ်လာ... မယ်လေ"

"ရပါတယ်"

လွမ်းဖျားဖျားသည်ဟု အားလုံးရှေ့မှာ အနောက်ခံထားရသ... ကောင်း မျက်နှာက မှုန်ကုပ်ကုပ်..။ သူတို့တွေ စောစောထွက်... ဒေါ်ရည်သန့် ကို ဝင်ခေါ်မည်။ အဲဒီကနေမှ လေဆိပ်ကိုသွားကြ... စီစဉ်ထားခဲ့၏။

ကောင်း က အပြုရောင်လည်ကပ်ဆွယ်တာလက်ရှည်ကို ... အကျီအနက်နှင့် ဝတ်ထားကာ ဘောင်းဘီရှည်အနက်နှင့် မောင်း... နေရာမှာ ဝင်ထိုင်လိုက်၏။

"မင်း ဖြစ်ရဲ့လား.."





"ရပါတယ်"

ဦးအောင်ကောင်း က သားဖြစ်သူကို သေချာကြည့်နေပြီးမှ ...ားမှာ သွားထိုင်၏။ ပြီးတော့ မသိမသာ ထပ်ကြည့်မိသည်။

ညွန့်း ကို တော်တော်ကို နှစ်သက်မြတ်နိုးနေပုံပါလား..၊ နီး...ကျက်ကျက် ဝေးတသက်သက်ဆိုတာလို ညွန့်း ပညာတော်သင် ...ွက်သွားပြီးကာမှ ကောင်း အလူးအလိမ့် ဖြစ်နေခဲ့တာကို မသိသလို ...နခဲ့ပေမယ့် အားလုံးကို သိနေခဲ့သည်။

ပြန်ရောက်ရောက်ချင်း လက်ထပ်ပေးရဖို့ ရှိပေမယ့် ညွန့်း က ...ခါင်းညိတ်ဦးမှ..၊ နောက်ပြီး သန့် က သမီးအလိုအတိုင်း နေပါစေဆို...ရင် ခက်ပြီ..။

ဒေါ်ရည်သန့် ကို ဝင်ခေါ်ပြီး လေဆိပ်ရောက်တော့ သိပ်မကြာခင် ...ာ လေယာဉ်ဆိုက်လာခဲ့သည်။ မင်္ဂလာကိစ္စ၊ တိုးတိုးကပ်ပြောကြည့်ဖို့ ...တ်ကူးက ဆိုင်းငံ့ဖြစ်သွားခဲ့ရ၏။

ကောင်း မျက်လုံးတွေက ပညာသင်အဖွဲ့နှင့်အတူ ပါလာသည့် ညွန့်း ဆီကို တန်းတန်းမတ်မတ် ရောက်သွားသည်။

VZO ထဲမှာ မကြာခဏ မြင်နေရပေမယ့် ခုမှမြင်ဖူးသလို မျက်...တောင်ခတ်ဖို့ မေ့နေခဲ့၏။

ဆံပင်တွေ တင်ပါးထက်မှာ ဝဲဖြာနေလျက် ဆံမြိတ်တိုမရှိသော ညွန့်း မျက်နှာလေး က မေးဖျားသွယ်သွယ်လေးနှင့် လိုက်ဖက်သည်။

သူ့လိုပဲ ဆွယ်တာလည်ကပ်အပြုလေးနှင့်ဖြစ်ကာ လောင်းကုတ် ...ျတော့ ညွန့်း က အပြုရောင်လေးဖြစ်၏။ ထဘီ အဖြူခံအနက်ပွင့် ...လေးပဲ မပြောင်းမလဲရှိပြီး ခါးမတ်မတ် ခြေလှမ်းကျဲလာတာက အရင်လို ...သိမ်းလျှောက်ပုံမျိုး မဟုတ်တာ သေချာ၏။

ညွန့်း အများကြီး ပြောင်းလဲသွားခဲ့သည်။ ခပ်ချောင်ချောင် ဝင်း...့ ...ခန့် မျက်နှာလေးသည် နီမြန်းတင်းပြည့်နေ၏။ ဟိုအရင် မသိသာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ပါးပြင်လေးမှာ ခုတော့ ပါးချိုင့်ရှည်ရေးရေးထင်လျက် ပြုံးနေ လိုက်တာ သွားတန်းလေးတွေတောင် ပေါ်နေသည်။

"ညွှန်း အရမ်းလှလာတယ်နော်၊ ကြည့်စမ်း..."

"ဟုတ်တယ်..၊ မျက်နှာလေးပြည့်ပြီး ရှမ်းသွေးစပ်ထားသလို ပါး လေးတွေ နီရဲနေတာ"

အနားမှာ ရှိနေကြသည့် ဒေါက်တာ ကြယ်စင်လင်း နှင့် သူငယ် ချင်းတွေထံမှ အသံတွေ ထွက်လာ၏။ ညွှန်း ကို လာကြိုကြတာ မိတ် ဆွေ၊ အသိုင်းအဝိုင်းတွေကချည်းပဲ မနည်းမနော ဖြစ်သည်။

"အန်တီ..၊ ညွှန်း အရမ်းလှတာပဲနော်၊ အားကျလိုက်တာ"

"သမီးတို့လဲ လာမယ့်နှစ်မှာ ပါနိုင်ပါတယ်ကွယ်"

ဒေါ်ရည်သန့် မျက်နှာကြီးကတော့ မိန့်မိန့်ခန့်ခန့်ကြီးပင်။ ဝေ ဆိပ်အဆောက်အအုံထဲ ရောက်နေတာတောင် ညွှန်း သူတို့နားကို တော်တော် ရောက်မလာသေး..။

ဆင်းလာသည့်အဖွဲ့တွေနှင့် ကြိုဆိုသူတွေ ဝိုင်းဝိုင်းလည်နေသည့် ကြားမှာ လည်ပင်းရှည်လာလိုက်၊ လက်ပြလိုက်နှင့် တော်တော်ကြာ သည်။

"ပညာရဲ့ဂုဏ်ရှိန်များ ထည်ဝါလိုက်တာနော် ဒယ်ဒီ"

မေမြတ် မချိတရိလေးငေးရင်း ဦးအောင်ကောင်း ကို ကပ်ပြော သည်။

"ဒါပေါ့ သမီးရယ်..၊ မိဘကတော့ ပေးနိုင်သမျှ ပေးခဲ့တာပဲ ယူတတ်ဖို့ လိုတာလေ..၊ သားကောင်းသမီးကောင်း ရတယ်ဆိုတာထဲ မိဘကံပါပဲ သမီးရယ်"

ဦးအောင်ကောင်း က မျက်မှောင်ကြုတ်နှင့် အားလုံးရဲ့နောက်နား မှာ ရပ်နေသည့် ကောင်း ဆီ အကြည့်တစ်ချက်ဝေ့ရင်း ပြောသည်။

ကောင်း ကလဲ ကြားပါသည်။ ပီကေ ထည့်ထားသည့် နှုတ်ခမ်း





အစုံက တင်းကပ်နေလျက် မသိမသာ မဲ့သွားသည်။

"မေမေ.."

"သမီးလေး..."

သူတို့လူစုဆီ ညွှန်း ရောက်လာတော့ ဒေါ်ရည်သန့် ရဲ့ရင်ခွင်၊ မေမြတ် ရဲ့ရင်ခွင်ထဲမှာ ညွှန်း ပါးလေးတစ်ဖက် ဖေးကပ်နေတဲ့အထိ မြုပ်ဝင်နေခဲ့သည်။

ရယ်နေတာတွေလည်း မပြီးနိုင်..။ 'ကောင်း...'လို့ လှမ်းခေါ်ပြီး အနားရောက်လာကာ သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်၏။

"အရပ်ကြီး ပိုမြင့်လာသလိုပဲ ကောင်း ရယ်..၊ နှုတ်ခမ်းမွေးတွေနဲ့ မျက်နှာပိုရင့်သွားတယ်"

"ဟုတ်တယ်..၊ ဗီလိန်လုပ်ရဦးမှာရှိလို့ သဘာဝကျအောင် ထား တာ"

"ဟင်!..."

"မောင်လေးကလဲ ညွှန်း ကို ခရီးရောက်မဆိုက် စ,နေပြန်ပြီ"

သေချာ မှာထားတာတောင်မှ..၊ မေမြတ် မျက်နှာလေး တစ်ချက် ပျက်သွားပြီးမှ ကောင်း နှင့် ညွှန်း ရဲ့ဆီကို ပြုံးပြုံးရွှင်ရွှင်ပုံစံလေးနှင့် တိုးသွားကာ...

"အဲဒီလိုပဲ ညီမလေးရယ်..၊ သူ့နှုတ်ခမ်းမွေးကို ကဲ့ရဲ့တိုင်း ပြော လိုက်ရင် ပြေပြေပြစ်ပြစ် မရှိဘူး၊ လာ.. ပစ္စည်းတွေ ရပြီ၊ သွားရအောင်"

"ကောင်း က သိပ်နေမကောင်းဘူးမို့လား"

ဒေါ်ရည်သန့် ကလည်း ဖေဖေးမမတော့ ပြောပေးဖော်ရ၏။ စေ့စပ်တာတွေရှုပ်ပြီး ဆက်ဆံရေးတွေ ကမောက်ကမဖြစ်သွားခဲ့ပြီး နောက်မှာ 'သား'လို့ခေါ်တာ သိပ်မရှိတော့သော်လည်း ကောင်း အပေါ် မှာ နူးညံ့နေဆဲ ဖြစ်သည်။

"ကောင်း နေမကောင်းဘူး ဟုတ်လား..၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ညွန့် က ကောင်း လက်ဖဝါးကို ဆုပ်ကိုင်လိုက်ပြီး စိုးရိမ်သည့် မျက်နှာလေး ချက်ချင်းဖြစ်သွား၏။

"ညတိုင်း ညဥ့်နက်သန်းခေါင်ကျမှ အိပ်တယ်လေ၊ မနက်ကျ တော့လဲ သူ့ဆိုင်ကိုလဲ ပစ်ထားလို့မရ..၊ စိန်တိုက်အသစ်ဖွင့်ထားတဲ့ဆီ ပြေးရနဲ့ ဘယ်မှာ နားချိန်ရှိလို့လဲ..၊ ကြာတော့ ဖြစ်ပြီပေါ့"

ပြောပြရင်း မေမြတ် က ဦးအောင်ကောင်း ကို လှည့်ကြည့်လိုက် သေးသည်။ အလုပ်လုပ်ဖို့ ပြောတာကတော့ ပြောတာပဲပေါ့။ သားကို ပြောင်းလဲစေချင်တာလည်း ချက်ချင်း ဖန်ဆင်းလိုက်သလို သွားဆိုသွား မှ..၊ လုပ်ဆိုလုပ်မှ..။

ကောင်း ဒီရက်ပိုင်းမှာ ခပ်ချောင်ချောင်ဖြစ်နေတာလည်း သူမ ပြောပြထားခဲ့သည်။ 'မင်း နေမကောင်းရင် နားဦးလေ' ဆိုတာမျိုးတော့ မရှိသင့်ဘူးလား..။ ဒယ်ဒီက နေနိုင်လွန်းတာတော့ အမှန်ပင်..။

ကောင်း က သူ့အပြစ်နှင့်သူ ကတိအတိုင်း အလုပ်ကို အလုပ်နှင့် တူအောင် ကြိုးစားသည်။ ဒါကို ဒီတိုင်း ကြည့်နေခဲ့၏။ အဖေဖြစ်သူက ခပ်မာမာ၊ သားက အလျှော့မပေးချင်တဲ့သူ..။

ဒေါ်ရည်သန့် တို့သားအမိကတော့ မေမြတ် ပြောချင်နေသည့် ဆိုလိုရင်းကို ရုတ်တရက် သဘောမပေါက်ကြပါ။

"ဒါဆို ထူးခြားသွားတာပေါ့..၊ ညွန့် မြန်မာပြည်ပြန်ရောက် ရောက်ချင်း ပထမဆုံး ဆေးကုပေးရမယ့်လူမမာက သင့်တော်ကောင်း တဲ့"

ပြောပြီး ရယ်လိုက်တော့ နီမြန်းသည့်ပါးမို့လေးတွေက ပိုရဲသွား သလိုလို..၊ အပြန်မှာ လေဆိပ်နှင့်ပိုနီးသည့် ကောင်း တို့အိမ်ကို အရင် ဝင်ကြသည်။

"ကဲ... အလိုက်မသိဘူးပဲ ပြောပြော သားအမိ နောက်မှ စကား အေးအေးဆေးဆေး ပြောကြနော်၊ ဒီမှာ တစ်ထောက်နားပြီးမှပဲ ပြန်





ရမယ်"

"ကောင်းသားပဲ..၊ သမီးက သမီးအစ်မတွေအတွက် လက်ဆောင် တွေ ပါလာတယ်မို့လား၊ အဲဒါတွေလဲ ပေးရအောင်..."

ဒေါ်ရည်သန့် က သဘောတူလိုက်တော့ မေမြတ် ဝမ်းသာသွား ကာ...

"အမယ်လေး ဘာလက်ဆောင် လိုသေးလို့လဲ..၊ ညွန့် ဆိုတဲ့ ညီမလေးလိုချစ်ရတဲ့ ယောက်မချောလေး ရတော့မှာဥစ္စာ..."

မေမြတ် က ဦးအောင်ကောင်း ဆက်လိမ့်သွားလို့ရအောင် ရယ် ရယ်မောမောနှင့်ပဲ စကားလမ်းခင်းပေးလိုက်၏။ ဒေါ်ရည်သန့် နှင့် ညွန့် မျက်လုံးချင်းဆုံသွား၏။

ပြီးတော့ ကောင်း ဆီ ညွန့် မျက်လုံးရောက်သွားသည်။ ကောင်း က ကုတ်အကျီချွတ်ပစ်လိုက်ပြီး ဘယ်သူ့ကိုမှမကြည့်ဘဲ အထဲ တန်း ဝင်၏။

"ညီမလေးရေ..၊ လာပါ... ညီမလေးရဲ့သူငယ်ချင်းကို ကျန်းမာ ရေးလေး စစ်ကြည့်ပေးပါဦး"

မေမြတ် က ညွန့် လက်ကလေးကို ဆွဲခေါ်သွား၏။ ဦးအောင် ကောင်း က ဒေါ်ရည်သန့် ကို စိုက်ကြည့်၍...

"သမီးလေး ခရီးရောက်မဆိုက်ဘဲ ပြောပါရစေ သန့် ရယ်..၊ စောစပ်ထားခဲ့တာလဲ ကြာပါပြီ၊ သမီးလဲ သူလိုချင်တဲ့ဘွဲ့တွေကို ယူခဲ့ပြီ ဆိုတော့ ကလေးတွေလက်ထပ်ဖို့ကိစ္စကို အမြန်ဆုံး စီစဉ်လိုက်ချင် တယ်၊ သန့် ဘက်က ကန့်ကွက်စရာများ ရှိနေမလား..."

ဒေါ်ရည်သန့် က ပြုံးလိုက်ပြီး ခဏကြာမှ ခေါင်းခါ၏။

"မရှိပါဘူး ကိုအောင်..၊ ဒါပေမယ့် သမီး ဆန္ဒရှိမှဖြစ်မယ်၊ သူ ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်နိုင်တဲ့အရွယ် ရောက်နေပြီဆိုတော့ သန့် အမိန့်မပေးချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ချင်း သံယောဇဉ်ကြီးကြပါတယ်၊ ကိုယ့်သားဘက်က ထားတဲ့မေတ္တာကိုလဲ အခု ကိုယ် အာမခံနိုင်တယ်၊ သမီးကို မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ ပေါင်းဖက်မယ့်သူပါ.."

"ကာယကံရှင်ချင်း ခံစားမိမှာပါ၊ သူ့စိတ် ဘယ်မှာရှိမှန်းမသိဘဲ သန့် ကောင်းမယ်ထင်သလို စီစဉ်ခဲ့မိလို့ တစ်ခါ အရှက်ရခဲ့ပြီပြီ၊ နောက်ထပ် မမှားချင်တော့ဘူး"

"သန့် ရယ်..၊ အဲဒီ မှားယွင်းမှုက အမှန်တရားအတွက်ပါ၊ သူတို့နှစ်ယောက်ရင်ထဲမှာ သူတို့ချင်းကလွဲပြီး တခြား ဘယ်သူမှ ကြားမဝင်နိုင်ဘူး"

"သူတို့ တမ်းတတဲ့အတိုင်း ဖြစ်ရစေမှာပါ ကိုအောင်..၊ စိတ်ချပါ၊ သားကို သန့် မေတ္တာမပျက်ခဲ့ပါဘူး၊ သမီး ဆုံးဖြတ်နိုင်ဖို့အတွက်တော့ သူ ကြိုးစားနိုင်မှာပါ"

ဦးအောင်ကောင်း ကျေနပ်သွားသည်။ ဒီလောက်တော့ ကိုယ့်သားမညံ့လောက်ဘူးထင်၏။ သားအဖနှစ်ယောက်၏ သောကကလည်း မသေးကွေးပါ..။

ဦးအောင်ကောင်း အပြင်မှာ စည်းရုံးရေးဆင်းနေသလို ကောင်းရဲ့အိပ်ခန်းထဲမှာ မေမြတ် လည်း ဒီနှစ်ယောက် ရန်ထမဖြစ်အောင် လိုတိုးပိုလျှော့ပြော၍ အကွက်ရွှေ့နေရတာ ရင်မောနေပြီ..။

"နေဦး မမ..၊ ညွန့်း အိတ်သွားယူလိုက်ဦးမယ်"

"ဘာလဲ..၊ ဘာမှမယူနဲ့၊ ဒီလူမမာက ပရက်ရှာတိုင်းဖို့လဲ မလိုဘူး၊ ရင်ခုန်သံနားထောင်ဖို့လဲ မလိုဘူး၊ ညွန့်း အနားမှာရှိရင် ချက်ချင်း သက်သာသွားမှာ..."

ကောင်း က အဲကွန်းသွားဖွင့်နေရင်း လှည့်ကြည့်ကာ...

"ဒီအခန်းထဲဝင်လာဖို့ အဲလောက်ထိ စည်းရုံးနေရတာလား၊ မလိုဘူး၊ ပြန်ခေါ်သွား..."





"တွေ့လား..၊ အဲဒါပဲ ညီမလေးနဲ့ VZO မှာတွေ့ဖို့ ညတိုင်း ငုတ်တုတ်ထိုင်စောင့်..၊ မိုးလင်းမှ အိပ်ရာဝင်လို့ဝင်၊ ကျန်းမာရေး ထိခိုက်ပြီး သူ့ပဲ စိတ်ဆိုး၊ သူပဲ ဒေါသထွက်..."

မေမြတ် က ညွန့်း လက်ကလေးကိုဆွဲ၍ ကောင်း နားကိုရောက်အောင် တွန်းပို့လိုက်ရင်း...

"ဒယ်ဒီတို့ မင်္ဂလာကိစ္စ ပြောနေကြတယ်ထင်တယ်၊ သွားနားထောင်လိုက်ဦးမယ်၊ အေးဆေး စကားပြောကြဦး"

လို့ပြောကာ တံခါးပြန်စေ့ထားခဲ့၏။

"မျက်နှာကြီးက ဘာဖြစ်နေတာလဲ..၊ အဲဒါ..."

"ဘာဖြစ်နေတာလို့ ထင်လဲ.."

ကောင်း က ပြန်လှည့်လာပြီး စားပွဲပေါ်က စီးကရက်ဘူးနှင့်မီးခြစ်ကို တစ်ဖက်စီကောက်ယူကာ ကုလားထိုင်ခြေထောက်ကို ခြေဦးထိပ်နှင့် ကန်ပစ်လိုက်၏။

ပြီးမှ မွေ့ရာစွန်းမှာ ထိုင်လိုက်၍...

"တော်တော်လှလာတယ်နော်၊ အဟွန်း..."

ညွန့်း ကို အေးစက်စက်ကြည့်ပြီး ပြောသည်။ ညွန့်း က သူ့ကို ကြည့်ပေမယ့် ပြောတာကို စိတ်ဝင်စားပုံမရှိဘဲ စားပွဲပေါ်က စီးကရက်တိုတွေအပြည့်နှင့် ဆေးလိပ်ပြာခွက်ဆီ မျက်လုံးရွှေ့သွား၏။

ထို့နောက် သူ့လက်ထဲက ပစ္စည်းတွေဆီ ပြန်ရောက်လာကာ...

"ကောင်း..၊ နင် အတာတ်ကောင်းတွေ တတ်နေတယ်ဟုတ်လား"

"ဘယ်ကမလဲ..၊ အများကြီး တတ်သေးတယ်"

ခပ်တည်တည်နှင့် စီးကရက် ထုတ်လိုက်သဖြင့် ညွန့်း ဒေါသဖြစ်သွား၏။

"မသောက်ရဘူး..၊ ပေး..."

ချက်ချင်း အနားရောက်သွားပြီး စီးကရက်ကို ဆွဲလွှင့်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်း မျက်မှောင်ကြုတ်သွားလျက်...

"ဘာကိုလုပ်တာလဲ"

"လွှင့်ပစ်လိုက်တာလေ..၊ လူက နာခေါင်းသံတွေပါနေတုန်း စီးကရက် လက်ကမချဘူး၊ ဘာဖြစ်လို့ မဟုတ်တာတွေချည်း လုပ်တတ်နေရတာလဲ"

"ဟုတ်တာက ဘာလဲ..၊ ပြောကြည့်စမ်းပါ..၊ မိဘဆွေမျိုး ချစ်ရခင်ရမယ့်သူ အားလုံးကို လုံးဝ မေ့ထားနိုင်ပြီး စာကြိုးစားတာမျိုးလား"

ဒီလို မေးခွန်းထုတ်လာမည်မထင်သောကြောင့် ညွန့် ကြောင်သွားမိ၏။

"ဘဝတစ်ခုမှာ ဒီဂရီတွေ တစ်သီကြီးနှင့် ပန်းဝင်နိုင်ဖို့အဓိကနဲ့ ဥပေက္ခာထားတာမျိုးလား"

သူ့ရှေ့မှာရှိနေရင်း ညွန့် ဘာမှမဖြေနိုင်ဘဲ ရှိခဲ့၏။

"ငါ တစ်ညလုံးထိုင်ပြီး ကွန်ပျူတာရှေ့မှာ ငုတ်တုတ်ငိုက်ခဲ့ရတဲ့ညတွေ..၊ အဲဒီညတွေမှာ နင့်အတွက် စာအုပ်ထူကြီးတွေနဲ့ ကျေနုပ်နေခဲ့သလို၊ သူတို့ကပဲ ငါ့အတွက်အဖော်..."

"ကောင်း ရယ်..."

ညွန့် ကောင်း ရဲ့အားမှာ တုင်ပါးလွှဲလေးဝင်ထိုင်လိုက်ကာ...

"အဲဒီလို မပြောပါနဲ့..၊ ငါ့မှာ အပြစ်ရှိတာ မှန်ပါတယ်၊ ဒါပေမယ့် ငါ နင့်ကို မေ့ခဲ့တာ မဟုတ်ပါဘူး၊ ကျန်ခဲ့တဲ့လူအားလုံးရယ်..၊ စာတွေရယ် ငါ့ခေါင်းထဲမှာ ရှိတယ်၊ စာကို လိုချင်လို့ ချစ်တဲ့သူတွေကို ခွဲခွာထွက်လာပြီးနေမှ အဲဒီအချိန်မှာ ပညာရဖို့က အဓိကအရေးကြီးလို့ နှလုံးသွင်းပြီး သတိရတာတွေ၊ လွမ်းတာတွေကို မျိုသိပ်သိမ်းဆည်းထားခဲ့တာပါ၊ ငါ ဝန်ခံပါတယ် ကောင်း ရယ်..၊ အဲဒီမှာလေ ငါ့အတွက် တစ်နာရီဆို တစ်နာရီ အရမ်းကို အရေးကြီးနေခဲ့တာပါ"

ရှင်းပြနေတာက ဒေါသကိုမပြေစေဘဲ ပိုပြီး နာကျင်စေတာမှန်း၊





သူမ မသိတတ်ဆိုးရွားစွာ...

"ငါ ပြန်တဲ့အခါ နင် ကျေနပ်အောင် တောင်းပန်မယ်လို့ ဆုံးဖြတ်ပြီး စာထဲမှာပဲ စိတ်နှစ်ထားခဲ့ရတယ်၊ ငါ့ကို ခွင့်လွှတ်ပါနော်"

ကောင်း က အံကြိတ်ထားသည့်မျက်နှာနှင့် ပြန်ငဲ့ကြည့်၏။

ညွန့် အရင်လို မျက်မှန်အမြဲတပ်ထားဖို့ မလိုတော့ကြောင်း၊ မျက်လုံးအထူးကုဆရာဝန်ကြီးတွေ စမ်းသပ်ကုသပေးလိုက်တာကို လေဆိပ်ကအပြန်လမ်းမှာ ပြောလာကြတာမို့ သူ ကြားပြီးပါပြီ..။

ဟိုတုန်းကတည်းက မျက်မှန်တပ်ထားတိုင်း မဲ့မဲ့ရွဲ့ရွဲ့နှင့် သူ ဆွဲဖြုတ်ပစ်တတ်တာ၊ ညွန့် ကို ဒီတိုင်းလေးနေမှ ပိုလှတယ်ထင်လို့ပါ..။

ခုတော့ သူ ဖြုတ်ပစ်ဖို့မလိုတော့ပေ..။ ဝင်းဖန့်ဖန့်လေးပဲ ရှိခဲ့သည့်မျက်နှာလေးက ပန်းနုရောင်လွှင်နေကာ မျက်ဝန်းလေးတွေ ပိုတောက်လာသည်။ မျက်ခုံးတန်းလေးတွေ ပိုထင်းပြီး နက်မှောင်နေ၏။ သူက လှလို့ စိုက်ကြည့်နေပေမယ့် ညွန့် ကတော့ သူ ခွင့်လွှတ်ခြင်း၊ မလွှတ်ခြင်းကို စောင့်နေခဲ့တာဖြစ်ရာ...

"ဒီလောက်ထိ တောင်းပန်နေတာကို မရဘူးလား"

ကောင်း က ပြုံးလိုက်၏။ အမြဲတမ်း သူကချည်းဝဲ အနိုင်နှင့်မိုင်းခဲ့တာမှန်လျှင် ဒီတစ်ခါ သူ့အလှည့်ရောက်ပြီ ထင်သည်။ ညွန့် ကို ကြာကြာစိတ်ဆိုးဖို့ ရင်ဘတ်က ငြင်းဆန်နေ၏။

"ကောင်း..."

"ဘာလဲ.."

"နင် ငါ့ကို စိမ်းသွားသလိုပဲ"

"လာသေးတယ်"

သူမှ အပြောကောင်း..၊ ကောင်း မျက်နှာ မချိုမချဉ်ဖြစ်သွားသည်။

"ဟုတ်တယ်..၊ ငါ လေဆိပ်မှာ နှုတ်ဆက်တော့လဲ ပြုံးမပြုံးကား



www.burmeseclassic.com

www.burmeseclassic.com



မပြောနဲ့…"

"လိုလို့လား..၊ နင့်ဘေးမှာ ဝိုင်းဝိုင်းလည်နေတာ…"

"ဟုတ်ပါတယ်..၊ နင့်ပုံစံကို မြင်လိုက်ကတည်းက ငါ သိပါတယ်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့ ဟိုတုန်းက ကောင်း နဲ့ တခြားစီပဲ"

"အဲဒီတုန်းကကောင် ပြန်ဖြစ်စေချင်တာလား"

ညွန်း က သူ တစောင်းလှည့်မေးနေသည့်မျက်နှာကို စူးစူးလေး ကြည့်ကာ…

"မသိဘူး..၊ ငါ ဝမ်းနည်းသွားတာတော့ အမှန်ပဲ..၊ ငါ့ကိုလဲ မခေါ် မပြောဘဲ နေသေးတယ်၊ အဲဒီနှုတ်ခမ်းမွေးတွေ ရိတ်ပစ်လိုက်စမ်းပါ"

"မရိတ်ဘူး..၊ လေဆိပ်မှာ ငါပြောခဲ့တာ နင် မကြားဘူးလား၊ ဗီလိန်လုပ်ဖို့ တမင် မွေးမြူထားတာ"

"ဘာ!…"

"မိန်းမတစ်ယောက်ကို အကြမ်းဖက် ပေါင်းသင်းရဖို့ ရှိတယ်၊ မကျေနပ်တဲ့လူတွေရှိလာရင် အားလုံး တန်းစီထုတ်ပြီး တစ်လောကလုံး နဲ့ ရန်ဖြစ်ဖို့လဲ ဆုံးဖြတ်ပြီးသား…"

"နင် ဘာတွေပြောနေတာလဲ ကောင်း..၊ ငါက နင့်ကို ဗီလိန်ရုပ် ပေါက်နေတယ်လို့ပြောတာ မဟုတ်ဘူး၊ နဖတ်နေတော့လဲ နင်ပဲ၊ ကြမ်းပုံကြမ်းတမ်းဖြစ်ပြီဆိုတော့လဲ တကယ်ပဲ အံ့သြတယ်"

"အဲဒါတွေကို တမင်တကာ မွေးမြူနေတယ်လို့ ထင်လို့လား"

"ဘာဖြစ်ဖြစ် ရိတ်ပစ်လိုက်ပါ၊ ဆံပင်ကြီးက ရှည်..၊ နှုတ်ခမ်းမွေး က တစ်မျိုး…"

"လူကြမ်းလုပ်မှာဆိုတော့ မင်းသားနဲ့ တူနေလို့ ဘယ်ဖြစ်မလဲ"

"လာပြန်ပြီ.."

ညွန်း တကယ် စိတ်ဆိုးသွားသည်။ ကောင်း ဘာဖြစ်လို့ စကား အကောင်းပြောမရ ဖြစ်နေတာလဲ..။





"ရှင်းရှင်းပြောစမ်းပါ..၊ နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲမို့လား၊ ငါ ကျတော့ နင့်ကို အမြဲတမ်း နားလည်ခဲ့ရတာ…"

မျက်နှာ စူပုတ်ပုတ်လေးဖြစ်သွားတာကို ကောင်း က ရယ်ချင်နေ သည့်မျက်နှာနှင့် စိုက်ကြည့်နေ၏။ ညွန်း က သူ့စကားနှင့်သူ မျက်လွှာ ချနေလျက် ဆံပင်တွေ မျက်နှာဘေးနှစ်ဖက်မှာ ကျနေတာကို လက်နှင့် ဟိုဘက်ကသိမ်း၊ ဒီဘက်ကသပ်တင်နှင့် အလုပ်ရှုပ်လို့ကောင်းနေသည်။

"ငါက နင်ပို့တဲ့ အီးမေးလ်တွေကို ချက်ချင်း မဖတ်ဖြစ်ဘူး၊ အားကာမှ ဖွင့်ကြည့်တော့ နင်ပို့ထားတာတွေ အများကြီးဖြစ်နေရော..၊ အဲဒီ ကျမှ ပြန်ပို့ရင်လဲ ခုမှဖတ်ဖြစ်ရလားဆိုပြီး နင်က စိတ်ဆိုးမှာပဲ၊ ဟိုနဲ့ဒီ အချိန်တွေက မတူ၊ ငါ အားလို့ Vzo chat ထဲဝင်ပြန်တော့လဲ အွန်လိုင်း မှာ နင် မရှိဘူး"

"နှစ်ဆယ့်လေးနာရီမှာ တစ်နာရီလောက်ပဲ မရှိတဲ့လူကို မတွေ့ဘူး ဆိုတော့ တော်တော်ကို တိုက်ဆိုင်တာပဲ"

"ငါ့ကို မငေါ့ပါနဲ့..၊ ဖွင့်လိုက်ပြီးမှ နင် မရှိရင် တခြားလူတွေနဲ့…"

"အပျွန်း…"

ညွန်း စကားမှားသွားတာကို မျက်တောင်ဖျားတွေ မေးစင်းကြည့် ပြီး ပြုံးပုံက သူ့ခိုးဖမ်းတာမျိုး..။

"တော်တော် များပုံပဲနော်"

"ရိုးရိုးခင်တဲ့လူတွေပါ..၊ ဒါပေမယ့် ငါ မပြောချင်လို့ မဖွင့်ဖြစ်ရင်း နဲ့ အဲဒီလိုတွေဖြစ်ကုန်တာ..၊ ဒီလောက် ပြောပြနေတာတောင် မယုံဘူး လားဟင်.."

"မယုံဘူး"

"အဲဒါ ဘာလုပ်ပေးရမလဲ"

ညွန်း ဝေါက်ဆတ်ဆတ်မေးရင်း ထရပ်လိုက်၏။ ကောင်း က နောမကြည့်ဘဲ ညွန်း လက်ကောက်ဝတ်လေးကို ပြန်ဖိဆွဲလိုက်လျှင်…



www.burmeseclassic.com

www.burmeseclassic.com



"အား..."

လက်နှာအသွားသဖြင့် ဆွဲချလိုက်သည့်အရှိန်နောက်ပါကာ ညွန်း အိပ်ရာပေါ် ပုံလျက်သားလေး ပြန်ကျသွား၏။

"ငါ လွမ်းခဲ့ရတာတွေ နင် ပြန်ပေးရမယ်..."

"အို!... ကောင်း..."

ကောင်း က ညွန်း ကို မွေ့ဖက်၍ အိပ်ရာထက်ကို လှဲချလိုက်ရာ ပြန်ရုန်းဖို့ကြိုးစားရင်း ညွန်း သူ့ကျောပြင်ကို ပြန်ဖက်ထားလိုက်သလို ဖြစ်သွားလေသည်။

"ဟင့်အင်း..၊ အဲဒီလို မလုပ်နဲ့၊ ကောင်း ဖယ်ပေးပါ"

မွေ့ရာနနမှာ ညွန်း ကျောပြင်လေး ကပ်မိသွားလျှင် ကောင်း မျက်နှာ သူမမျက်နှာထက်မှာ စီးမိုးလျက်...

"အရမ်း လွမ်းတာပဲ ညွန်း ရယ်..၊ နင့်ကို ငါ သိပ်ချစ်တယ်"

"အို!..."

ကောင်း ငုံ့နမ်းလိုက်တော့ ညွန်း မျက်နှာလွှဲပစ်လိုက်သည်။

"ငါ... ငါ တောင်းပန်ပါတယ် ကောင်း ရယ်..နော်..၊ မလုပ်ပါနဲ့"

"ဘာလုပ်နေလို့လဲ.."

"လွှတ်ပါ..၊ ဟင့်အင်း... ငါ ကြောက်တယ်"

ကောင်း မျက်နှာ ငုံ့ကျလာတိုင်း လွှဲရှောင်နေရင်း ညွန်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်အိုင်လာသည်။ ရုန်းဖယ်နေသည့် သူမလက်ချောင်းကို မွေ့ရာထက်မှာ ဖိကပ်ချုပ်ထားလိုက်တော့ မျက်ရည်က အင်တိုင်အားတိုက်ကျ၏။

"ငိုလိုက်ရင် ရမှန်းသိလို့လား..၊ ဒီတစ်ခါ မရဘူး၊ မငိုတတ်ပေမယ့် ငါလောင်မြိုက်ခဲ့ရတာတွေ နှစ်နဲ့ချီခဲ့တာ၊ တန်ရာတန်ကြေးပေါ့"

ကောင်း က ညွန်း မျက်နှာလေးကို တစိမ့်စိမ့်ငေးရင်း တစ်ခွန်းချင်း ပြော၍ နိုပ်စက်သည်။





"အဲဒါကြောင့် နင့်ကို အရင်တုန်းက ကောင်း နဲ့မတူတော့ဘူးလို့ ပြောတာ"

ငိုသံပါလေးနှင့် ပြောသည့် ညွန်း မျက်နှာလေးက သနားစရာပါ။ ကောင်း ကတော့ အလျှော့မပေးဖို့ ဆုံးဖြတ်ထားသည့်အတိုင်း...။

"မတူအောင် တမင်လုပ်ထားတာလေ..၊ ဟိုတုန်းက ကောင်း ဆိုတဲ့ကောင်ကို နင် ဘယ်တော့မှ သူငယ်ချင်းထက် မပိုနိုင်ဘူးဆိုတာ နားလည်သွားလို့..."

"ငါက မပိုနိုင်ဘူးလို့ ပြောရသေးလို့လား၊ ငါ့ရင်ထဲမှာ နင်တစ်ယောက်တည်း ရှိခဲ့တာ..."

"ကြောက်လန့်ပြီး ထွက်ကျလာတဲ့ စကားတွေလား"

"ဖယ်ပါ..၊ ငါ့ကို လွှတ်ပါ.."

"ဒါဆိုရင် ဖြေ..၊ ငါ့ကို ချစ်လား"

ကောင်း ရဲ့မေးဖျားက ကိုယ့်ရဲ့ ရင်ညွန့်လေးထက်မှာ မထိတထိ ကျီစယ်နေသဖြင့် ညွန်း ဘယ်လိုမှ ဣန္ဒြေမဆည်နိုင်အောင် ထိတ်လန့်နေရကာ...

"ငါ့ကိုလွှတ်လေ..၊ ခုပဲ ပြန်ရော ်လာတဲ့ဟာ..၊ ဘာဖြစ်လို့ ရှုတ်ဖြစ်နေရတာလဲ.."

"ဒီတိုင်းလုပ်ဖို့ တစ်ညလုံး ထိုင်ပြီး စဉ်းစားထားခဲ့တာ..၊ ချစ်သလားလို့မေးတာကို ဖြေရင် ဖြေ..၊ မဖြေရင်လဲ လက်ထပ်ယူနိုင်အောင် ကြိုးစားမှာပဲ.."

"ဘာ!..."

"လွမ်းရတဲ့ဒုက္ခကို လန့်သွားပြီ၊ နောက်ထပ် ငါ့နားကနေ ဘယ်မှ သွားခွင့်မပြုနိုင်တော့ဘူး"

"ကောင်း ရယ်..၊ ငါ... ငါလေ နင့်ကို ဒီပုံစံကြီးနဲ့မြင်ရတာ သူစိမ်းတစ်ယောက်ယောက်လို့ပဲ ခံစားနေရတယ်၊ မနက်ဖြန်ကျမှ နင့်ရှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



မွေးတွေ၊ ဆံပင်ရှည်တွေ ရိတ်ပစ်ရင် ဆက်ဆွေးနွေးရအောင်နော်.."

ကောင်း က ခပ်လွန့်လွန့်ပြုံးလိုက်ပြီး ခေါင်းခါသည်။

"လက်ထပ်ပြီးမှ အဲဒါတွေကို စွန့်လွှတ်မှာ..၊ ဘာဖြစ်လို့လဲဆို တော့ နင်ကိုလွမ်းပြီး ကြမ်းတမ်းလာခဲ့တဲ့ ငါ့စိတ်ရဲ့ပြယုဂ်တွေလေ..၊ တကယ်ဆို ဒါက နင့်အတွက်ပဲ..."

"ဟင့်အင်း..၊ ဟင့်အင်း.. အား..."

ညွန်း မျက်လုံးစုံမှိတ်၍ လန့်ဖျပ်အော်လိုက်မိသည်။ ထိုစဉ်...

"ဟယ်!..."

အမှတ်တမဲ့ တံခါးဖွင့်လိုက်မိသည့် မေမြတ် မျက်လုံးပြူးသွား၏။ အိပ်ရာပေါ်မှာ လုံးထွေးနေသည့် ကောင်း တို့လည်း ရုတ်ရုတ်သဲသဲ ထ,ထိုင်လိုက်ကြလျှင်...

"ဆောရီး..၊ ဆောရီး..."

မေမြတ် မျက်နှာပူပူနှင့် နောက်ပြန်လှည့်လိုက်ပြီးမှ...

"အဲ... မဟုတ်ပါဘူး.."

ကယောင်ကတမ်း ပြန်လှည့်လာကာ...

"အဲဒီလို မလုပ်ရဘူး..၊ ဟိုလေ... မောင်လေးတို့ကို လက်ထပ်ပေး တော့မှာ၊ မှားကုန်လိမ့်မယ်"

"ကျွန်တော်က ဘာလုပ်နေလို့လဲ.."

"အေးပါ.. အေးပါ..."

ပြောစရာရှိတာလေး ဝမ်းသာအားရပြောဖို့ ပြေးလာပေမယ့် ဘာမှ မပြောဖြစ်ဘဲ မေမြတ် ကသုတ်ကရက် ပြန်ထွက်ခဲ့ရသည်။ ကောင်း ဆံပင်တစ်ချက်ဖွပစ်ကာ ကျွတ်ခနဲ ဖြစ်၏။

ညွန်း က ပြေးထွက်ဖို့ ထရပ်လိုက်သဖြင့် လက်ကို ဆွဲထားလိုက် ကာ...

"ပြန်ထိုင်ဦး..."





"ကောင်း နော်.."

"ခင်ဗျားကို ဘာတွေ လုပ်နေလို့လဲ..၊ ထိုင်ဆို ထိုင်..."

ညွန်း က မထိုင်ဘဲ အတင်းရုန်းနေသဖြင့် သူပါ ထ,ရပ်လိုက်ရ ကာ...

"လက်ထပ်မယ်.."

ညွန်း စိတ်ညစ်သည့်မျက်နှာလေးနှင့် မော့ကြည့်ပြီး ဘာမှမပြော..။ ကောင်း သည် ညွန်း ၏ မျက်နှာလေးပေါ်က ဆံစတချို့ကို ဖယ်ရှားပစ် လိုက်ပြီး မြတ်နိုးသည့်မျက်ဝန်းများနှင့် ငေးမောနေရင်း...

"လူကြီးတွေ စီစဉ်မှာကို နာခံတာမျိုး မဟုတ်ဘူး..၊ ငါ တောင်းဆို တာကို နင်ကိုယ်တိုင် ကြည်ကြည်ဖြူဖြူ လက်ခံ ခေါင်းညိတ်တာမျိုး..."

ညွန်း က ဒေါသမပါဘဲ သေချာစိုက်ကြည့်ပြီးမှ မျက်စောင်းထိုး ကာ...

"ချစ်ဖို့မကောင်းတဲ့ရုပ်ကြီး..၊ ဟွန်း..."

ကောင်း က ရယ်သည်။ ညွန်း ကိုယ်လေးကို တယုတယ ပွေ့ဖက် ထားလိုက်၏။

"အရမ်း ချစ်မိသွားတယ် သိလား..၊ တကယ်..."

လှိုက်လှိုက်လှဲလှဲ ပြောသည်။ ညွန်း က ရင်ခွင်ထဲမှာ ငြိမ်သက်နေ ရင်း ပြုံးသည်။

အချစ်ထက် အရေးပါတာတွေရှိနေတာ သူ မသိဘူးလား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၇]

မင်္ဂလာပွဲကို ထူးထူးခြားခြားဖြစ်အောင် စီစဉ်လိုက်သည်က ချောင်းသာဟိုတယ်မှာဖြစ်ကာ နှစ်ဖက်မိတ်အားလုံးကို စုံလင်အောင် ဖိတ်ကြားမည်။

ဖျော်ဖြေရေးအတွက် ရုပ်ရှင်သရုပ်ဆောင်တချို့နှင့် အဆိုတော်တွေလည်း ပါမည်။ ဒါက ကောင်း ဘက်က အသိုင်းအဝိုင်းဖြစ်သည်။ မင်းသား၊ မင်းသမီးတချို့၏ ဒီဇိုင်နာဖြစ်နေသည်မို့ မင်္ဂလာကိစ္စကို မတိုင်ခင်ကတည်း ဂျာနယ်အစောင်စောင်မှာ မြင်နေရ၏။

'ကောင်းဖက်ရှင်'၏ဒီဇိုင်နာ သင့်တော်ကောင်း ဆိုတာ ဒီလောက်ထိ ရေပန်းစားနေမှန်း မြန်မာပြည်နှင့် နှစ်နှစ်လောက် အဆက်ပြတ်သွားသည့် ညွန်း တကယ် မသိခဲ့ပေ..။

သူမနှင့် အတူတွဲသွား..၊ တွဲလာ၊ ရန်ဖြစ်လိုက်၊ ပြန်တည့်လိုက် အချိန်တွေမှာ ကောင်း က ဝါသနာရှင်တစ်ယောက်၏ အောင်မြင်မှု အတိုင်းအတာ..။ ခုကျတော့ တကယ့် ပညာရှင်..။

ညွန်း နိုင်ငံခြားရောက်သွားတုန်းမှာ ကောင်း ကလည်း ဒီဇိုင်နာ သင်တန်းတက်ဖို့အတွက် လူငယ်တွေကို နိုင်ငံခြားလွှတ်ပြီး မျက်ခြည်မပြတ် ကြိုးစားခဲ့သည်။ သူကိုယ်တိုင်ကျတော့ ဘယ်နိုင်ငံရောက်ရောက် ဖင်ပူအောင်မနေဟု ပြောပြပြီး မေမြတ် က ရယ်နေသေးသည်။





ဘာပဲဖြစ်ဖြစ် ကောင်း ကလည်း မင်းသားတွေလောက် နာမည်ကျော်တဲ့သူပဲ ဖြစ်သည်။ ကောင်း လက်ထပ်မည်ဆိုတော့ အုံကြွပွထလာသည့်မိတ်ဆွေ၊ အသိုင်းအဝိုင်းတွေ နည်းတာမဟုတ်..။ ထို့ကြောင့် မင်္ဂလာပွဲကို တက်ရောက်ဖို့အတွက် ဖိတ်ထားသည့်လူအားလုံး တက်ကြွနေကြ၏။

ဒီလိုကျတော့လည်း ရင်ခုန်စရာကောင်းအောင် ဆွဲဆောင်နိုင်တဲ့ မင်္ဂလာပွဲပါ။ ခေါ်ရည်သန့် သမီးလေးအတွက် ကျေနပ်သွားခဲ့သည်။

ကောင်း ကို သမီးအပေါ် ဒီလောက်ထိ မြတ်နိုးနိုင်တဲ့သူလို့ မထင်ခဲ့မိတာတောင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင်သည်။

အကယ်၍သာ ကောင်း ဖွတ်တရွတ် မကြိုးစားခဲ့လျှင် သူမ မချစ်မနှစ်သက်သောရင်ခွင်တစ်ခုမှာ သမီးလေးရဲ့အိမ်ထောင်ရေးဟာ ဖျင်းရိငြိုးငွေ့ဖွယ်ရှိနေမည်လား..၊ ဒါမှမဟုတ် စိတ်ပျက်ဆင်းရဲဖွယ်တွေ ဖြစ်လာမည်လား..။

ဘာပဲဖြစ်နေနေ ကိုယ် စီစဉ်ပေးခဲ့တဲ့ အိမ်ထောင်ရေးဟာ အဆင်မပြေတော့ဘူးဆိုတာနှင့် ပထမဆုံး စိတ်ဆင်းရဲရမှာက ကိုယ်ပဲ ဖြစ်သည်။

စိန်တိုက်ပိုင်ရှင် သူဌေး..၊ ပြီးတော့ ကျော်ကြားသည့် ဒီဇိုင်နာတစ်ယောက်..။

သမီးလေး ဘဝလေးအတွက် တင့်တယ်သွားပါပြီ။ ထို့ပြင် ကောင်းနဲ့ ညွန်း လောက် တစ်ယောက်ကိုတစ်ယောက် နားလည်ချစ်ကြင်နိုင်မယ့်စုံတွဲမျိုး ရှားလိမ့်မည်။ ကြည်နူးချမ်းမြေ့စရာတွေချည်း တွေးနေမိရင်း နှုတ်ခမ်းတို့မှာ ပြုံးယောင်သမ်းနေခဲ့၏။ ဒါပေမယ့် မျက်ဝန်းမှာတော့ မျက်ရည်ဝေ့ခဲ့သည်။

သမီးလေးနှင့် သူမက နှစ်ယောက်တစ်ဘဝ နေခဲ့ကြတာပါ၊ အချိန်တန်ရင် ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာပဲဆိုပေမယ့် သမီး ပင် ချဲ့လက်ထဲ ထည့်ပေးလိုက်ရတော့မည်ဆိုသည့်အသိကတော့ ရင်

www.burmeseclassic.com



ကိုနှင့်စေ၏။

ခုတလော မင်္ဂလာကိစ္စ နီးကပ်နေပြီမို့ သူ့အိမ်သွားလိုက်၊ ကိုယ့်အိမ်လာလိုက်နှင့် နှစ်အိမ်စလုံးမှာ စည်ကားနေခဲ့သည်။ အနားမှာ တစ်ယောက်မှမရှိတုန်း လွတ်လပ်စွာတွေးနေရင်း ဒေါ်ရည်သန့် မျက်တောင်တဖျပ်ဖျပ်ခတ်၍ မျက်ရည်သိမ်းရသည်။

ညွန့် ရှိနေလျှင် ဒီလိုတွေးငေးပြီး မျက်ရည်ကျတာမျိုး မလုပ်မိအောင် နေရသည်။

"မေမေ တစ်ယောက်တည်း ကျန်ခဲ့မှာနော်"

လို့ မေးပြီး အိမ်ထောင်ပြုဖို့ကိစ္စကို နောက်ဆံတင်းသလို မျက်နှာလေး ပျက်သွားတတ်လို့ပါ။ တစ်ယောက်တည်းရှိပေမယ့်လည်း မျက်ရည်လည်မိတာကို စိတ်မလုံသလိုရှိကာ စားပွဲအောက်ခင်းပေါ်မှာ စီရီတင်ထားသည့် ဂျာနယ်အသစ်တွေကို အထပ်လိုက် ငုံ့ဆွဲလိုက်သည်။

ကောင်း နဲ့ ညွန့် ရဲ့ မင်္ဂလာသတင်းတွေကိုပဲ ရွေးဖတ်ကာ ပွဲမစရသေးဘဲ နာမည်ကျော်နေသည့်အဖြစ်ကြောင့် ပြုံးလိုက်မိပြန်သည်။

မင်္ဂလာအစီအစဉ်က မနက်ပိုင်းတစ်ခါ၊ ညပိုင်းတစ်ခါ အစားအသောက်တွေက အလျှံပယ်ဖြစ်၏။ ဂျာနယ်မှာ ဖိတ်ကြားလွှာ အစီအစဉ်ကို ဖတ်နေရင်း ညနေပိုင်းအသစ်ရောက်လာသည့်ဂျာနယ်ကို ထယူလိုက်သည်။

ဒီမှာလည်း မင်္ဂလာသတင်းပါဦးမှာပဲဆိုတာ တွေးမိပြီး အပေါ်စာမျက်နှာကိုလှန်၍ နောက်ပြန်ဝင်လာခဲ့စဉ်...

"မေမေ..."

ကားဝင်လာခြင်းနှင့်အတူ ညွန့် ခေါ်သံလေးက အရေးတကြီးပုံစံ..။

"ဘာလဲ သမီး..."

ဒေါ်ရည်သန့် ချက်ချင်း ပြန်လှည့်ထူးကာ...





"ဘာဖြစ်လာကြတာလဲ.."

ညွန့် က ကားပေါ်ကဆင်းလာပြီး ဒေါ်ရည်သန့် ကိုင်ထားသည့် ဂျာနယ်ကို လက်ပြောင်းယူလိုက်ပြီး...

"ပြောစရာရှိလို့ပါ"

"ဘာလဲ..၊ အထဲရောက်မှ ပြောလဲရတဲ့ဟာကို.."

ကားပေါ်က ဆင်းလိုက်လာသည့် ကောင်း ကိုလည်း လှမ်းကြည့်မိသည်။ မနက်ဖြန်ပဲ ဧည့်သည်တွေရောအတူတူ ရန်ကုန်ကနေ စ,ထွက်ကြမှာ ဖြစ်သည်။

မေမြတ် ဦးဆောင်ပြီး စီစဉ်ထားတာ အားလုံး အဆင်သင့်ဖြစ်နေပြီသား။ အမောတကောဖြစ်လောက်အောင် စိတ်ပင်ပန်းစရာ ဘာမှမလိုတော့ဘဲ ညွန့် အသက်ရှူရမှားနေတော့ ကောင်း ကို့ပါ ကြည့်လိုက်မိတာ ဖြစ်၏။

ကောင်း က ဘာမှမပြောဘဲ သူ့ဘာသာ အိမ်ထဲဝင်သွားပြီး ရေသွားသောက်နေသည်။

"အိမ်ထဲရောက်မှ ပြောလို့ရပေမယ့် မေမေက ဂျာနယ်ဖတ်မိရင် စကားပြောတာလဲ မကြိုက်..၊ မပြီးဘဲလဲ မထတော့၊ မဖတ်ခင် အမီအရခေါ်ရတာလေ"

ညွန့် က ထပ်ရှင်းပြရင်း ဂျာနယ်တို့ကို သွားသိမ်းဝှက်လိုက်သည်။ ဒေါ်ရည်သန့် ကတော့ ညွန့် ပုံစံ ဘာတွေထူးခြားနေတာကို သတိမထားမိပေ..။

"ပြောပါဦး..၊ ဘာမို့လို့လဲ"

"ဟိုလေ..."

ပြောစရာကို ဖျတ်ခနဲ သတိရသွားကာ—

"ကိုမား လေ..."

"ဟင်!... မား... မား ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူလဲ လက်ထပ်တော့မှာ..."

"ဟုတ်လား..၊ ဘယ်သူနဲ့လဲ..၊ ဘယ်တော့လဲ..."

"ဒေါက်တာ ခင်မြတ်နိုး တဲ့..၊ သူ့ထက် အသက်နည်းနည်းကြီး ပေမယ့် အရမ်းချမ်းသာတာတဲ့..."

ဒေါ်ရည်သန့် ခေါင်းညိတ်လိုက်သည်။ သမီးကို မရပေမယ့် ဆရာဝန်တစ်ယောက်ကို အချိန်မရွေး ကောက်ယူနိုင်သည်ဆိုတာကို ဆာမင် လုပ်ပြတာ ဖြစ်နိုင်သည်။

"ကောင်းတာပေါ့ သမီးရယ်..၊ သမီးကို ဖိတ်လိုက်လို့လား"

ညွှန်း က ဆံပင်တစ်ဖက်ကို မျက်နှာလေးမော့၍ ခါထုတ်လိုက်ရင်း...

"ဖိတ်လဲ သမီး သွားနိုင်မှာ မဟုတ်ဘူး၊ သူက သမီးနဲ့ တစ်ချိန်တည်း တစ်နေ့ရာတည်းလုပ်မှာ..."

"ဟင်!... ချောင်းသာမှာ..."

ညွှန်း က ခေါင်းညိတ်လိုက်ပြီး ဒေါ်ရည်သန့် ဘေးမှာ ထိုင်လိုက်သည်။

"ဒါပေမယ့် ဟိုတယ်မှာ သမီးတို့ ညှိသည်တွေ အရမ်းများတော့ သူ မလုပ်ဖြစ်ဘူးလို့ ပြောတယ်၊ ကြားထဲက မမမေ မျက်နှာငယ်ရတာပေါ့..၊ သူ့အတွက်က မောင်အရင်းနဲ့ မတ်တော်တဲ့လူလေ..."

ဒေါ်ရည်သန့် နားလည်လိုက်သည်။ ထွတ် ' ် ့မမြတ် ရဲ့မင်္ဂလာ ပွဲကတည်းက ထွတ် တို့ဘက်က ဘယ်လောက ...ျ အတိုက်အခံစိတ် တွေ ပြင်းထန်နေခဲ့ကြတာကို သိပြီးသား..။

ညွှန်း နှင့် မား ရဲ့ကိစ္စမှာ သူတို့ဘက်က ရှုံးနိမ့်သူဖြစ်ရသည့် အတွက် ကျေနပ်နိုင်မည်မထင်..။

"ဒါဆို သူတို့က သမီးတို့နဲ့ တစ်ရက်တည်း လုပ်မယ်ထင်တယ်"

"ဟုတ်တယ်.."





"သမီးမြတ် အနေခက်မှာပဲ"

"မခက်ပါဘူး"

ကောင်း က ရေတစ်ခွက်ကိုင်လာပြီး ညွှန်း ကိုပေး၍ အနားမှာ ထိုင်သည်။

"ကိုထွတ် က ကျွန်တော်နဲ့ အဆင်ပြေပါတယ်၊ မမနဲ့လဲ ပြဿနာ မရှိဘူး"

"ဩော်..ကွယ်...၊ ယောက္ခမ၊ ယောက်မတွေရှေ့မှာ ခများ မျက်နှာ ငယ်မှာပေါ့"

"မငယ်ပါဘူး...၊ မမက တစ်ခုပဲ ပြောတယ်၊ မင်္ဂလာပွဲချိန်တူနေရင် တော့ ကိုထွတ် ကလဲ ဟိုဘက်မှာ အစ်ကိုဖြစ်နေတဲ့အတွက် နည်းနည်း စဉ်းစားဖို့ လိုတယ်တဲ့၊ ကိုထွတ် က နားလည်တတ်တဲ့လူပါ"

ဒေါ်ရည်သန့် ခေါင်းညိတ်ရင်း တစ်ခုခုကို စဉ်းစားသလို ငြိမ်နေ သည်။

"သား ထမင်းစားပြီးမှ ပြန်မှာမို့လား"

"ဟုတ်.."

"အားလုံး ရှိတယ်၊ နည်းနည်း ပြန်နွေးရုံပဲ"

ဒေါ်ရည်သန့် ထ,ထွက်သွားတော့ ညွှန်း က ဂျာနယ်ကို အဟောင်း တွေထဲ ထည့်ပစ်လိုက်ပြီး သက်ပြင်းချသည်။ ကောင်း က ရယ်လျက်—

"ပူမနေပါနဲ့ကွာ..၊ ဒီကိစ္စက လုံးဝ အေးဆေး ပြီးမြောက်သွားမှာ..."

ညွှန်း က မျက်မှောင်ကြုတ်၍ လှည့်ကြည့်ကာ—

"အဲဒါက အခြေအနေတစ်ခုနဲ့ အကျပ်အတည်း လုပ်ယူရမှာလေ..၊ မေမေ့အကြောင်းကို နင် သိရဲ့သားနဲ့—"

"မသိပါဘူး..၊ သူ့သမီးအကြောင်းတောင် သေချာမသိလို့ ဒီလောက် ဖတ်ဖတ်မောအောင် ကြိုးစားခဲ့ရတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်..၊ ပါလာပြီ"

ညွန်း က ထ,သွားဖို့လုပ်တော့ ကောင်း က ပခုံးကို ဖက်ထား လိုက်ကာ...

"ညှိသည်ကိုထားပြီး ဘယ်လဲ..."

"ထမင်းစားဖို့ မေမေနဲ့ သွားဝိုင်းကူမယ်လေ"

"မသွားနဲ့..၊ ဘာနဲ့ကျွေးကျွေး စားမယ်၊ မင်းရှိနေရင် ဖွယ်ဖွယ် ရာရာတွေ မလိုဘူး"

မင်းတွေ၊ ကိုယ်တွေနှင့် သုံးတတ်လာသည့် ကောင်း ကို ပြန်ငဲ့ ကြည့်ပြီး ညွန်း က ပြုံးသည်။ ဟုတ်တော့ ဟုတ်ပါသည်။ အိမ်ထောင် သည်ဖြစ်သွားကြပြီဆိုလျှင် နင်တွေ၊ ငါတွေ ပြောနေဖို့ မသင့်တော့..။

ထို့ပြင် နှုတ်ခမ်းမွေးစစ၊ ဆံပင်ဆံရှည်နှင့် ကောင်း ပုံစံက တကယ့်ယောကျ်ားကြီးတစ်ယောက်လို ရင့်ကျက်တည်ငြိမ်မှုတွေနှင့် ဖြစ်နေပြီ..။

"ဘာကြည့်နေတာလဲ..၊ ဒီဘက်တိုးပါဆို..."

"ကောင်း ဘယ်လိုဖြစ်နေတာလဲ..၊ မေမေ မြင်သွားလိမ့်မယ်"

ကောင်း က လှမ်းဖက်လိုက်..၊ ညွန်း က ဖယ်ချပစ်လိုက်နှင့်..။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။

ကောင်း က ညွန်း လက်မောင်းတစ်ဖက်ကို အငိုက်ဖမ်းဆွဲကာ သူ့ဘက်ကို ယိုင်သွားကာမှ ခေါင်းချင်းတိုက်ပစ်၏။

"အား... သေပါပြီ..၊ ကောင်း... ကဲ:. ကဲ... အဲဒါလုပ်ဦး"

ဒေါသလည်း မဟုတ်ဘဲ အတင်း ထုရိုက်နေမိရင်း..၊ ပြီးတော့ ရယ်သံတွေ လွှင့်သွား၏။

ကမ္ဘာကြီးက ဤကဲ့သို့ ငြိမ်းချမ်းလှစွာ..။





အခန်း (၃၈)

"မနေ့က ဂျာနယ်မှာတောင် ပါသေးတယ်လေ..၊ တို့တွေက နှစ်ခွဲ လုံးအတွက် ဂုဏ်ပြုချင်တာနော်"

"မဟုတ်တာ..."

ခြိမ့်ခြိမ့်သဲကျင်းပသည့် မင်္ဂလာပွဲကို ညဘက်မှာ ကမ်းခြေနောက်ခံ နှင့် ရောင်စုံမီးတွေကြောင့် ပိုလှနေ၏။ ပြီးတော့ ပျော်ဖြေရေးအစီအစဉ် တွေကလည်း ကောင်းသည်။

ပရိသတ်၏ ရယ်မောသံတွေကြားမှာ သမီးအတွက် ကြည်နူးရ မယ့်အစား ဒေါ်ရည်သန့် အသက်ရှူမှားအောင် ဖြစ်သွားခဲ့၏။

"ဦးအောင် နဲ့ သန့် က လိုက်ဖက်ပါတယ်"

"ဟိုတုန်းကတည်းက ငယ်ရည်းစားတွေဆို..."

"သန့် တို့ မိသားစုနှစ်စုက ထူးဆန်းတယ်နော်၊ အရှမ်းချစ်ကြ တာပဲ"တဲ့..။ မနက်ကတည်းက ဘာလိုလိုပြောသံတွေ ကြားခဲ့ရတာ.. ညဘက် ညစ်ခံပွဲကျတော့ ကိုယ်တိုင် မေးလာခဲ့ကြသည်။

"ဘယ်တုန်းက လက်ထပ်လိုက်တာလဲ"

"အရမ်းလျှို့တာပဲ"

"မရဘူး..၊ ဒီပွဲမှာ နှစ်ပွဲစာ ကျွေးရမှာ"ဆိုတာတွေ..။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာလုပ် ခဲ့လို့လဲ..၊ ဘာတွေ ပြောနေကြတာလဲ..၊ ဒေါ်ရည်သန့် ညှိသည်တွေကို ရှောင်ရှားကာ ဦးအောင်ကောင်း ကို လိုက်ရှာ၏။

သူလည်း မသိခဲ့ဘူးဆိုတော့ မယုံနိုင်..။

"သားနဲ့သမီး ဂျာနယ်ထဲမှာ ထည့်ထားကြတာ၊ ကိုယ် တကယ် မသိရပါဘူး သန့် ရယ်..၊ ယုံပါ..၊ အဲဒီလို ရယူချင်မှဖြင့် အစကတည်းက ကိုယ် ဖန်တီးယူမှာပေါ့၊ မင်းရဲ့အမုန်းကို ကိုယ် ဘယ်လောက် ကြောက်တာ မင်း သိပါတယ်"

ဦးအောင်ကောင်း ပျာပျာသလဲ ရှင်းသည်။ ပြီးတော့ ဂျာနယ် ဆိုတာကို လိုက်ရှာကြည့်တော့...

ဖေဖေ ဦးအောင်ကောင်း နဲ့ မေမေ ဒေါ်ရည်သန့်
တို့၏
မင်္ဂလာအစဉ်အလာအတိုင်း
ကျွန်တော်၊ ကျွန်မတို့၏ မင်္ဂလာပွဲကို ပြည့်စုံအေးချမ်းစွာ
ခမ်းနားသန်းပြားသော အစီအစဉ်များနဲ့ ကျင်းပမည် ဖြစ်ပါသည်။

ဒေါ်ရည်သန့် မျက်လုံးတွေ ပြူးကျယ်သွား၏။ နောက်ထပ် စာတွေကို မမြင်တော့ဘဲ ဦးအောင်ကောင်းကို ဆတ်ခနဲ မော့ကြည့်မိ၏။

"ကိုယ် တကယ်ပြောတာ..၊ ဒီဂျာနယ်ထွက်လာမှ ကိုယ် သိတာပါ၊ စိတ်မဆိုးပါနဲ့ သန့် ရယ်..."

"စိတ်ဆိုးတာ မဟုတ်ဘူး ကိုအောင်..၊ ဒီအသက်အရွယ်တွေကျမှ ကျွန်မ ရှက်တယ်၊ ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ညှိခံပွဲက စည်ကားလွန်းသဖြင့် ပရိသတ်အလယ်မှာ ညွန်း နှင့် ကောင်း ကို ဆွဲထုတ်မေးမြန်းဖို့က မလွယ်..။ ဒေါ်ရည်သန့် ခေါင်းတခါခါဖြစ်နေသမျှ ဦးအောင်ကောင်း က ဖြေရှင်းဖို့ကြိုးစားရင်း ညခွံနက်နက် လူတွေ အိပ်ရာဝင်လောက်ကျမှ...





"မဟုတ်ပါဘူး မေမေရယ်..၊ ဟိုလေ... သမီးဘက်ကလဲ ခေါင်းပဲရှိတာ..၊ ကောင်း မှာလဲ ဦးပဲ ရှိတာလေ..၊ သမီးတို့ရဲ့ မိဘနှစ်ပါးအမြဲ ခေါင်းစဉ်တပ်ထားတာပါ၊ ပြီးတော့..."

"ဒါ ခေါင်းစဉ်တပ်သင့်တဲ့ကိစ္စလား သမီးရယ်..ဟင်..၊ နောက်ပြီး ဒီမှာ မင်္ဂလာအစီအစဉ်အတိုင်းဆိုတာ ပါသေးတယ်၊ အဲဒါ တမင်လုပ်ထားတာ မဟုတ်ဘူးလား"

ဂျာနယ်ကိုင်ရင်း ဆတ်ဆတ်တုန်နေတော့ မေမေ့ကိုကြည့်ပြီး ညွန်း စိတ်မကောင်းဖြစ်သွားသည်။ မေမေ ဒီလိုဖြစ်သွားမယ်ဆိုတာ ထင်တော့ ထင်ပေမယ့်...

"တမင်ဟုတ်ရင်တောင် သမီး မေမေ့ကို သိက္ခာကျ အရှက်ရအောင် မလုပ်ပါဘူး မေမေ..၊ သမီးမရှိတဲ့အခါ မေမေတစ်ယောက်တည်း အထီးကျန်ဖြစ်ကျန်ခဲ့မှာ စိုးလို့ပါ၊ ဦးနဲ့ မေမေရဲ့ ဟိုတုန်းက အချစ်တွေကိုလဲ သမီး သိထားခဲ့လို့၊ မေမေ ချစ်တဲ့သူနဲ့ အေးအေးချမ်းချမ်း ဖြစ်သွားစေချင်တာ..."

ဒေါ်ရည်သန့် ပါးစပ်ပြင်ပြီးမှ တစ်ချက်တော့ ငိုင်သွားခဲ့သည်။ ဒါကြောင့် ဒီကိုထွက်မလာခင်နေ့က ဂျာနယ်ကို သူမ မဖတ်မိစေအောင် ညွန်း ကမန်းကတန်း ပြေးဆွဲခဲ့သည်ပဲ..။ ခုကျမှ ဆက်စပ်တွေးလိုက်မိကာ...

"မေမေတို့အရွယ်တွေမှာ အထီးကျန်တာတွေ၊ ငြီးငွေ့တာတွေက အဓိကမကျတော့ဘူး သမီး၊ မေမေ့အတွက်ကိုလဲ မလိုဘူး"

"အချစ်ဆိုတာ လိုအပ်မှ ထုတ်ယူသုံးစွဲတဲ့ပစ္စည်းတစ်ခု မဟုတ်ဘူး အန်တီ.."

အုန်းဝင်တွေကြားထဲက ကောင်း ထွက်လာသည်။ ကောင်းရဲ့ နောက်မှာ ဦးအောင်ကောင်း...

"ကျွန်တော်တို့လူငယ်တွေက မိဘနှစ်ပါးနေရာမှာထားပြီး ထာဝရ



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ဖို့ ကြိုးစားတာပါ၊ အန်တီလဲ ဒယ်ဒီ့ကို သံယောဇဉ်ရှိသလို ဒယ်ဒီ့ဘက်က မျှော်လင့်ချက်တွေကိုလဲ သိမှာပါ၊ အခု အားလုံးလဲ သိသွားကြပြီ၊ လက်ထပ်ထားပြီးပြီလို့ သတ်မှတ်လိုက်ကြတဲ့လူတွေကို အန်တီက လိုက်ဖြေရှင်းမှာလား..၊ ရရော ရမှာမို့လို့လား..."

ဒေါ်ရည်သန့် ဂျာနယ်ကို ဖိဆုပ်ကိုင်ရင်း ကောင်း နှင့် ဦးအောင်ကောင်း ကို မမြင်ဖူးခဲ့သူတွေလို ငေးကြည့်နေခဲ့၏။ ကောင်း က အားလုံးကို ဝေ့ကြည့်ကာ...

"မင်္ဂလာပွဲပြီးနေမှ အားလုံး စိတ်မချမ်းမသာဖြစ်ကြရမှာ မကောင်းပါဘူး"

လို့ပြော၍ ညွန်း လက်ကလေးကို ဆွဲခေါ်လာခဲ့၏။

တစ်လှမ်းချင်း တိုးလျှောက်သွားသည့် ဦးအောင်ကောင်း နှင့် မေမေ မျက်နှာချင်းဆိုင်ဖြစ်သွားတဲ့အထိ ညွန်း နောက်ကို သမင်လည်ပြန်ကြည့်ရင်း ပါသွားခဲ့၏။

"ဟူး..."

အခန်းတံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ပစ်လိုက်ကာ ကောင်း က လည်စည်းကို ပြေလျော့သွားအောင် ဆွဲလှည့်ပစ်၏။ ပြီးတော့ နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်ကို ပက်ခနဲ လှဲချလိုက်ပြီး...

"တော်တော် မာနကြီးတဲ့ သားအမိတွေကွာ..၊ တို့သားအဖကိုက ကံတူဝဋ်ကြွေးတူပါ"

"ဘာ..."

ညွန်း က သူ့အတွက် ညဝတ်အင်္ကျီတွေထုတ်နေရင်း ပြန်လှည့်လာ၏။

"ဝဋ်ကြွေး ဟုတ်လား..၊ နင်က အဲဒီလို တွေးနေတယ်ပေါ့"

ကောင်း က အိပ်ရာထက်မှာ ပက်လက်ကြီးလှဲနေရာကနေ ဝေါက်ခနဲ ထ,ထိုင်ကာ...

"ဟုတ်တယ်..၊ မင်္ဂလာဦးညမှာ နှစ်နာရီထိုးတဲ့အထိ အိပ်ခွင့်မရ





သေးတဲ့ သတို့သား ကြားဖူးလား"

နာရီကို မြှောက်ပြပြီး မကြည်လင်သည့်မျက်နှာနှင့်...

"ကိုယ်တစ်ယောက်တည်း မိန်းမနား မကပ်ရတာလား မှတ်တယ် ဒယ်ဒီ့ဒုက္ခက တစ်မျိုး..."

"ဒါကတော့ မလွယ်ကူနိုင်ဘူးလို့ ငါ ပြောသားနဲ့ နင် ဖွတ်သွတ်တာလေ"

"အဲဒါလဲ ခင်ဗျားကြောင့်ပဲလေ..၊ လက်ထပ်ဖို့ကို ဘာမှအကြောင်းပြစရာမရှိတော့ မေမေ့ကို တစ်ယောက်တည်း မထားခဲ့ရက်ဘူး—တဲ့"

"အဲဒါ ခုလိုလုပ်ဖို့ပြောတာမှ မဟုတ်တာ"

"ဒါပေမယ့် ဒါ အကောင်းဆုံးပဲလေ..၊ ဒယ်ဒီကလဲ ရင်တွဲနာထူပြီး သေဖို့ပဲ ရှိတော့တာ..."

"တိုးတိုးပြောစမ်းပါ၊ ညဥ့်နက်နေမှ..."

"ပြောမှာပဲ..၊ ကိုယ်တို့သားအဖ အဲဒီလိုအဖြစ်ဆိုးနေကြတာ သားအမိနှစ်ယောက်စလုံး သနားရမှန်း သိလို့လား"

ကောင်း က မှုန်ကုတ်ကုတ်မျက်နှာနှင့် ညွန်း မျက်နှာကို မျက်လွှာပင့်ကြည့်၏။ မိတ်ကပ်တွေ ဖျက်ထားစမို့ ပို၍ နီမြန်းမြန်းလေးဖြစ်နေပြီး ပိုလှနေသည်။

ဆံပင်တွေ ဖြန့်ချထားတော့ နဖူးပြေပြေလေးက မဟာဆန်သည်။ သူ့မှာသာ ရင့်သွားသည်..၊ ကြမ်းသွားသည် အပြောခံနေရပြီး ညွန်းကျတော့ လှလိုက်တာ၊ ဟိုတုန်းကနှင့် လုံးဝ မတူဘူးတဲ့၊ ဟုတ်တာပေါ့ လွမ်းဖျားလွမ်းနာကျပြီး တလိမ့်ခေါက်ကွေး သေအောင် ခံစားနေရတာက သူပဲ..။ သူမကတော့..."

"ပြောပါဦး..၊ ကျွန်တော် ဒီတိုင်းပဲ ထိုင်ကြည့်နေရမှာလား"

ရုတ်တရက် စကားဖြတ်မေးလိုက်တော့ ရှေ့မှာ ရပ်နေသည့် ညွန်း ကိုယ်လေး မသိမသာ နောက်တွန့်သွားသည်။ ကောင်း က မှ၍...

www.burmeseclassic.com



"ဒီတိုင်းနေရမယ်ဆိုရင်တော့ အပြင်ပဲ ထွက်အိပ်တော့မယ်"

ညွန့်း က ခေါင်းလေးကုတ်လိုက်ပြီး ရွှေထုတ်ပြီးသား ညဝတ်အင်္ကျီနှင့်ဆောင်းဘီကို သွားယူသည်။ ပြီးတော့ တစ်လှမ်းချင်း ပြန်လှည့်လာပြီး...

"အဲဒါ နင်လဲ ငါ့ကို ဒုက္ခပေးဖို့ ကြံစည်ခဲ့တာလေ..၊ ငါ မကြိုက်ပါဘူးဆိုတာကို ဒါနဲ့ပဲ နေတယ်၊ ဧည့်ခံပွဲထဲမှာ ဆံပင်ကြီးက ဒီတိုင်း၊ နှုတ်ခမ်းမွေးနဲ့..."

"ဘာဖြစ်လဲ..၊ ဒါ ဒီခေတ်ရဲ့ဒီဇိုင်းပဲ"

"မဟုတ်ဘူး..၊ နှုတ်ခမ်းမွေးတွေထွက်လာအောင် ငါ့ နှိပ်စက်တာဆိုပြီးတော့ ဒီလိုပဲ နေဦးမယ်လို့ နင်ကိုယ်တိုင် ပြောခဲ့တာ..."

ကောင်း က လှစ်ခနဲပြုံးကာ သူမ မမြင်ခင် မျက်နှာကို ပြန်တင်း၍...

"ဒါလဲ တရားမျှတတာပဲ..၊ ငါ သေအောင် လွမ်းနေရတဲ့အချိန်မှာ နင် ငါ့လို မဖြစ်ခဲ့ဘူး၊ အဲဒါကို မကျေနပ်လို့..."

ညွန့်း က မျက်နှာလေး ခပ်မဲ့မဲ့နှင့်လျှောက်လာပြီး ကောင်း ပေါင်ပေါ်ကို အင်္ကျီတွေ ပစ်ချလိုက်ကာ...

"ငါက နင့်လို မကျေနပ်တဲ့ အငြိုးအတေးတွေနဲ့ မဟုတ်ဘူး၊ နှုတ်ခမ်းမွေးတွေနဲ့ ကြည့်လို့ကို မရဘူး၊ ပြီးတော့..."

ညွန့်း ဆက်မပြောတော့ ကောင်း က မေးဖျားလှုပ်သွားရုံလေး ပြုံးကာ...

"ဘာဖြစ်လဲ ဆက်ပြော..."

"မပြောဘူး.."

ညွန့်း က ချာခနဲ ပြန်လှည့်၏။ ကောင်း က ညွန့်း တစ်ကိုယ်လုံးကို ဆွဲပွေ့လိုက်ပြီး မွေ့ရာပေါ်မှာ ပစ်လှဲချလိုက်သည်။

"ဘာလုပ်တာလဲ..၊ လူကို လွှတ်နော်..၊ အဲဒီ နှုတ်ခမ်းမွေးတွေနဲ့ ငါ့နားကို လုံးဝ မကပ်ရဘူး"

"ကပ်တော့ ဘာဖြစ်လဲ..၊ ကပ်ချင်လို့ ရအောင်ယူထားတာ"





ကောင်း က အတင်းနမ်းဖို့ ကြိုးစား၏။ ညွန့်း က အသည်းအသန် တွန်းဖယ်ရုန်းနေလျက်...

"နှုတ်ခမ်းမွေးတွေနဲ့ ငါ့ကို မနှိပ်စက်နဲ့ သိလား..၊ ဘယ်လောက်ယားတယ်မှတ်လဲ..၊ မရဘူး၊ လွှတ်...၊ အဲဒါတွေ သွားရိတ်ပစ်လိုက်..."

ညွန့်း လက်ကလေးတွေကို ဖမ်းချုပ်ဖို့ကြိုးစားရင်း ကောင်း က ရယ်နေ၏။

"ကောင်း နော်..."

"ဘာလဲကွာ..၊ သန်းခေါင်ကျော်နေမှ နှုတ်ခမ်းမွေး သွားရိတ်ရမလား"

"အဲဒါကြောင့် နင့်ကို အစောကြီးကတည်းက ငါပြောနေတာ၊ နင် သက်သက် အနိုင်ယှဉ်ချင်လို့ ရွဲ့တာ..၊ မုန်းတယ် သိလား၊ ငါ့ကိုဆို ဘယ်တော့မှ အလျှော့ပေးတာမရှိခဲ့ဘူး"

ညွန့်း ငိုသံလေးဖြစ်လာတော့ ကောင်း က နမ်းဖို့ မကြိုးစားတော့ဘဲ ကလေးချော့သလို မြတ်နိုးစွာ ငုံ့မိုးကြည့်နေလျက်...

"စ,နေတာကို တကယ်ဆိုးတယ် ညွန့်း ရာ..၊ ငါ ဒီလောက်ချစ်နေတဲ့မိန်းမကို ဘာဖြစ်လို့ ရွဲ့ရမှာလဲ၊ တမင် စိတ်တိုအောင် ပြောတတ်တာက အစကတည်းက အကျင့်လေ..၊ မသိဘူးလား"

"မသိဘူး"

"ခု သိလိုက်တော့..၊ ဒီနှုတ်ခမ်းမွေးက နင့်ကို ငါ တစိမ့်စိမ့် တသိမ့်သိမ့် မြတ်နိုးစွဲလမ်းလာခဲ့ရတဲ့ သင်္ကေတ..၊ ဒါတောင် လူမြင်မကောင်းမှာစိုးလို့ ရိတ်ခဲ့ရတာတွေ ရှိသေးတယ်၊ နင့်ကို မြင်ကို မြင်စေချင်တာ လက်ထပ်ပြီးတဲ့အထိ ဒီတိုင်းကို နေချင်တာ၊ အဲဒီလို ရှုးသွပ်နေရတာတွေက နင့်ကို ဘယ်လောက် ချစ်သလဲဆိုတာတွေပဲ၊ မယုံဘူးလား"

ညွန့်း ရုန်းနေတာတွေ ရပ်တန့်သွားသည်။ မျက်ဝန်းထောင့်မှာ ချက်ရည်စတွေ တင်နေပေမယ့် စီးကျခြင်းတော့ မဖြစ်ခဲ့ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အရမ်းရူးတာ သိရဲ့လား"

ဟု ရှက်သည့်မျက်နှာလေးနှင့်ပြောပြီး တစ်ဖက်လှည့်ပစ်သည်။ ခေါင်းအုံးပေါ်မှာ ရှည်လျားသောဆံနွယ်တွေ ပုံကျလျက်၊ နှမ့်တိနီမြန်းနေသည့်မျက်နှာလေးကို ကောင်း တစိမ့်စိမ့်ကြည့်လို့မဝ..။

"မနက်ကျရင် လုံးဝ ရှင်းပစ်လိုက်မယ်၊ ရမလား.."

ညွှန်း နှုတ်ခမ်းလေးကို ကိုက်ပစ်လိုက်ပြီး ငြိမ်သက်နေ၏။ ကောင်း က ညွှန်း ရဲ့ဆံပင်တွေကို တယုတယ ပွတ်သပ်ကိုင်တွယ်ရင်း...

"ကိုယ့်ရင်တွေ အရမ်းခုန်နေတာ နားထောင်မလား"

"ဟင့်အင်း..."

"မင်းရော..."

"မသိဘူး"

"နားထောင်ကြည့်မယ်"

"ဟင့်အင်း..၊ အို!..."

ညွှန်း ရင်တွေ ခုန်းခနဲ ဆောင့်ခုန်သွား၏။ တစ်ကိုယ်လုံး ကျင်ခဲသွားကာ အသက်ရှူရစ်မတတ် ဖြစ်သွားတာ တကယ့်ကို ကယောင်ချောက်ချား..။ ဘယ်လို အဘိဓာန်တွေထဲမှာ အချစ်နှင့်အနမ်းကို ထပ်တူပြု တင်ပြထားခဲ့ကြတာလဲ..။ ထို့ပြင် သဘာဝပဲဆိုသည့် သဘောတရားတွေနှင့် ဘယ်လို ဖြတ်ကျော်အောင်မြင်ခဲ့ကြသလဲ..။

သူမအတွက်ကတော့ သွေးပျက်ဖွယ် ညပါ။ ကောင်း ရဲ့ရင်ခွင်ထဲမှာ ကစဉ့်ကလျား လှိုက်ခုန်မေ့မူးရင်း မိုးလင်းခဲ့ရပြီး...

"ညက ဒယ်ဒီတို့ဆွေးနွေးကြတာ ဘယ်လိုအဖြေထွက်မယ် ထင်လဲ"

"ဘယ်သိမလဲ..၊ လက်တွေ ဖယ်ပါ၊ မျက်နှာသစ်မလို့.."

ကောင်း က ညွှန်း ကိုမလွှတ်ဘဲ အတင်း စောင်ထဲပြန်သွင်းထားကာ...

"မိုးတောင်မလင်းသေးဘဲနဲ့ ဘာလုပ်မှာလဲ..၊ ကိုယ် စဉ်းစားမိ





တယ် သိလား..၊ ဒယ်ဒီ တဘ်နိုင်မယ်လို့.."

"မေမေက အလွယ်တကူတော့ ခေါင်းညိတ်မှာ မဟုတ်ဘူး"

ညွှန်း က စကားပြောရင်း ကောင်း လက်တွေကို တွန်းချပစ်နေသဖြင့် ကောင်း က မဖယ်တော့ လက်ဝံတွေ ရှုပ်ယှက်ခတ်နေ၏။

"ညွှန်း ဘယ်လိုဖြစ်နေတာလဲကွာ..၊ ဒါ မင်္ဂလာဦးည..."

"မဟုတ်တော့ဘူး၊ မိုးလင်းနေပြီ"

"လင်းသွားလဲ မင်္ဂလာဦးနေ့ပဲ၊ ငြိမ်ငြိမ်နေနော်..၊ သနားလို့ ချမ်းသာပေးထားတာ"

"အဲဒါကြောင့် မုန်းတာ..."

လို့ပြောပြီး ညွှန်း က ကောင်း ရဲ့ဗိုက်ကို လိမ်ဆွဲပစ်၏။ ကောင်း မျက်နှာ ရှုံ့မဲ့သွားကာ...

"အား!... သေပါပြီ၊ အမေရေ..၊ အမေ့သမီး ကျွန်တော့်ကို..."

"ကြည့်စမ်း..၊ ကောင်း..."

တကယ် အကျယ်ကြီး ထအော်သဖြင့် ညွှန်း ကမန်းကတန်း ပါးစပ်လိုက်ပိတ်သည်။ ကောင်း က ညွှန်း လက်ဖဝါးလေးတွေကို မနာအောင် ဖိကိုက်ပစ်လိုက်ပြီး...

"ထပ်လုပ်ရင် အော်ဦးမှာ..၊ ငြိမ်ငြိမ်နေ..."

ညွှန်း စိတ်ညစ်သည့်မျက်နှာလေးနှင့် ငြိမ်နေလိုက်ရတော့ ကောင်း က ရယ်သည်။

"ဒယ်ဒီနဲ့ အန်တီကို အဆင်မပြေစေချင်ဘူးလား"

"ပြေစေချင်တာပေါ့..၊ ဖြစ်စေချင်လို့ပဲ လုပ်ခဲ့တဲ့ဟာ"

"ဒါဆို..၊ ဒီမနက် သူတို့ ဘယ်လိုပုံစံတွေ ဖြစ်နေကြမယ်ထင်လဲ"

"ဘယ်လိုလုပ် သိမှာလဲ..၊ ညက ဘာတွေပြောဖြစ်ကြသလဲမှ မသိတာ"

"ပြေလည်သွားပြီပဲ မှတ်လိုက်ကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေကတော့ လက်မခံနိုင်ရင် ရန်ကုန် တန်းပြန်သွားဖို့များတယ်"

"သေချာတယ်..၊ ဒယ်ဒီ လိုက်သွားမှာပဲ"

ညွန့် က ကောင်း သေချာကြီး ပြောနေတာကို မယုံသလိုလေး မော့ကြည့်၏။

"ဘာကြည့်တာလဲ..၊ မင်းအမေ ဘယ်လောက် မာနကြီးကြီး ကိုယ့်ဒယ်ဒီရဲ့ အရည်အချင်းပေါ်မှာ မူတည်တယ်၊ သူ ဘယ်လိုမှ ဒီတစ်ခါ မာနကြီးနိုင်မှာ မဟုတ်ဘူး၊ အဓိက ဖိအားက ပတ်ဝန်းကျင်ရယ်..၊ ရှိခဲ့ကြတဲ့အချစ်တွေရယ်..."

ညွန့် မျက်နှာလေး ပြုံးသွားသည်။ ထိုမျက်နှာလေးကို ကောင်း က မော့ယူလိုက်ကာ..

"မတုန်မလှုပ်နဲ့ မာနတွေပြနေတဲ့ သူ့သမီးလေးတောင် အခု ကိုယ့်ရင်ခွင်ထဲ ရောက်နေပြီ"

"သွားပါ၊ ဟွန့်..."

"ကိုယ့်ကို မင်း ချစ်တယ်မို့လား.."

"ဘယ်တုန်းက ပြောခဲ့လို့လဲ.."

ပြုံးနေသည့် နှုတ်ခမ်းလေးတွေကို ကောင်း က အမြတ်တနိုး နမ်းလိုက်ပြီး...

"သူတို့လဲ ချစ်သွားကြမှာပါ"

လို့ တိုးတိုးလေး မှတ်ချက်ချသည်။ သေချာပြီးသည့် အကြောင်းအရာနှင့် မသေချာသေးသောအကြောင်းတို့ ရှိခဲ့သည့်အနက်..။

သူတို့... သူတို့၏ ချစ်ခြင်းများဟာ...

ဤကဲ့သို့ ... ဤကဲ့သို့..။

# လရောင်ကျူးရှင့်

ရွှေသမင်စာပေ